# ၁။ ဆရာလမ်းညွှန်စာအုပ် အသုံးပြုပုံ

## ၁.၁။ ရည်ရွယ်ချက်

ဤဆရာလမ်းညွှန်စာအုပ်သည် စတုတ္ထတန်းသင်ကြားသော အခြေခံပညာမှ ဆရာများအတွက် ကာယပညာဘာသာရပ် သင်ကြားရာတွင် လွယ်ကူစေရန် ရည်ရွယ်၍ ပြင်ဆင်ထားခြင်းဖြစ်ပါသည်။ ကစားခြင်းဖြင့်သင်ယူခြင်းသည် မူလတန်းအရွယ် ကလေးများအတွက် ထိရောက်သော သင်ကြားသင်ယူမှုနည်းလမ်းတစ်ခုဖြစ်ပါသည်။ ဤလမ်းညွှန်စာအုပ်ကို အသုံးပြုသင်ကြားခြင်းဖြင့် ဆရာများသည် သင်ခန်းစာများကို ထိရောက်စွာသင်ကြားပေးနိုင်မည်ဖြစ်ပြီး ကလေးများလည်း ပျော်ရွှင်လွယ်ကူစွာ သင်ယူနိုင်မည်ဖြစ်ပါသည်။

ကလေးများကို ကာယပညာသင်ကြားပေးခြင်းဖြင့် သင်ကြားသင်ယူလိုစိတ်ထက်သန်စေရန်လှုံ့ဆော်ပေးခြင်း၊ စိတ်ရောကိုယ်ပါ ကျန်းမာကြံ့ခိုင်စေခြင်း၊ မိမိကိုယ်ကိုယုံကြည်မှုရှိစေခြင်း စသည့်အကျိုးကျေးဇူးများနှင့် တစ်ဦးနှင့်တစ်ဦးလေးစားတန်ဖိုးထားတတ်ခြင်း၊ အများနှင့်ပူးပေါင်းဆောင်ရွက်တတ်ခြင်း၊ အသင်းအဖွဲ့များတွင်ပါဝင်ဆောင်ရွက်တတ်ခြင်း၊ အခြားသူများ၏လုပ်ဆောင်ချက်၊ ထင်မြင်ယူဆချက်နှင့် အပြုအမူ၊ အပြောအဆိုမတူညီချက်များအပေါ် နားလည်လက်ခံတတ်ခြင်း၊ တစ်ဦးနှင့်တစ်ဦးအပေးအယူမျှတစွာကစားတတ်ပြီး အကြံဉာဏ်ကောင်းများပေးတတ်ခြင်း၊ ကစားဖော်များ၏အောင်မြင်မှုအပေါ် အပြုသဘောဆောင်တုံ့ပြန်တတ်ခြင်း စသည့်အပြုအမူကောင်းများကို ရရှိလာမည်ဖြစ်သည်။

## ၁.၂။ ဖွဲ့စည်းပြင်ဆင်ထားမှု

ဤဆရာလမ်းညွှန်စာအုပ်ကို အပိုင်း ၉ ပိုင်းဖြင့်ဖွဲ့စည်းထားပါသည်။




ဆရာလမ်းညွှန်စာအုပ်ဖွဲ့စည်းပုံ

# ၁။ ဆရာလမ်းညွှန်စာအုပ် အသုံးပြုပုံ

## ၁.၁။ ရည်ရွယ်ချက်

ဤဆရာလမ်းညွှန်စာအုပ်သည် စတုတ္ထတန်းသင်ကြားသော အခြေခံပညာမှ ဆရာများအတွက် ကာယပညာဘာသာရပ် သင်ကြားရာတွင် လွယ်ကူစေရန် ရည်ရွယ်၍ ပြင်ဆင်ထားခြင်းဖြစ်ပါသည်။ ကစားခြင်းဖြင့်သင်ယူခြင်းသည် မူလတန်းအရွယ် ကလေးများအတွက် ထိရောက်သော သင်ကြားသင်ယူမှုနည်းလမ်းတစ်ခုဖြစ်ပါသည်။ ဤလမ်းညွှန်စာအုပ်ကို အသုံးပြုသင်ကြားခြင်းဖြင့် ဆရာများသည် သင်ခန်းစာများကို ထိရောက်စွာသင်ကြားပေးနိုင်မည်ဖြစ်ပြီး ကလေးများလည်း ပျော်ရွှင်လွယ်ကူစွာ သင်ယူနိုင်မည်ဖြစ်ပါသည်။

ကလေးများကို ကာယပညာသင်ကြားပေးခြင်းဖြင့် သင်ကြားသင်ယူလိုစိတ်ထက်သန်စေရန်လှုံ့ဆော်ပေးခြင်း၊ စိတ်ရောကိုယ်ပါ ကျန်းမာကြံ့ခိုင်စေခြင်း၊ မိမိကိုယ်ကိုယုံကြည်မှုရှိစေခြင်း၊ စည်းကမ်းတကျ သည့်အကျိုးကျေးဇူးများနှင့် တစ်ဦးနှင့်တစ်ဦးလေးစားတန်ဖိုးထားတတ်ခြင်း၊ အများနှင့်ပူးပေါင်းဆောင်ရွက်တတ်ခြင်း၊ အသင်းအဖွဲ့များတွင်ပါဝင်ဆောင်ရွက်တတ်ခြင်း၊ အခြားသူများ၏လုပ်ဆောင်ချက်၊ ထင်မြင်ယူဆချက်နှင့် အပြုအမူ၊ အပြောအဆိုမတူညီချက်များအပေါ် နားလည်လက်ခံတတ်ခြင်း၊ တစ်ဦးနှင့်တစ်ဦးအပေးအယူမျှတစွာကစားတတ်ပြီး အကြံဉာဏ်ကောင်းများပေးတတ်ခြင်း၊ ကစားဖော်များ၏အောင်မြင်မှုအပေါ် အပြုသဘောဆောင်တုံ့ပြန်တတ်ခြင်း စသည့်အပြုအမူကောင်းများကို ရရှိလာမည်ဖြစ်သည်။

## ၁.၂။ ဖွဲ့စည်းပြင်ဆင်ထားမှု

ဤဆရာလမ်းညွှန်စာအုပ်ကို အပိုင်း ၉ ပိုင်းဖြင့်ဖွဲ့စည်းထားပါသည်။




ဆရာလမ်းညွှန်စာအုပ်ဖွဲ့စည်းပုံ

DRAFT BOX

## (၁) သင်ကြားရမည့်သင်ခန်းစာ (ကျောင်းသုံးစာအုပ် နမူနာပုံစံ)

သင်ကြားသင်ယူမှုလွယ်ကူစေရန်အတွက် သင်ကြားရမည့်သင်ခန်းစာများကို ထည့်သွင်းထားပါသည်။ သင်ကြားသင်ယူမှု လုပ်ငန်းစဉ်တွင် ပါဝင်သင့်သော သင်ကြားရေးလုပ်ငန်းများကိုလည်း ရုပ်ပုံများဖြင့် ကျောင်းသုံးစာအုပ်တွင် ထည့်သွင်းဖော်ပြထားသည်။ ဥပမာ- ကစားကွင်းသန့်ရှင်းရေးပြုလုပ်နေပုံ၊ ဆရာက ကစားနည်းစည်းမျဉ်းများကို ရှင်းပြနေပုံ၊ ကလေးများအုပ်စုလိုက်ဆွေးနွေးနေပုံ၊ ကလေးများအုပ်စုလိုက်လေ့ကျင့်နေပုံ။

စတုတ္ထတန်းကျောင်းသုံးစာအုပ်တွင် စာသင်ချိန်အလိုက် အလေးပေးသင်ကြားရမည့် အဓိကသင်ယူမှုနယ်ပယ်များကို ရုပ်ပုံများဖြင့် ချိတ်ဆက်ဖော်ပြထားသည်။ ခံစားမှုဆိုင်ရာအကျိုးသက်ရောက်မှုနယ်ပယ်တို့ကို အလေးပေးသင်ကြားရမည်ဆိုပါက ကလေးများအချင်းချင်းပူးပေါင်းဆောင်ရွက်နေမှုနှင့် သရုပ်ဖော်ပုံများတွင် ကလေးများပြုံးရွှင်နေသော မျက်နှာအနေအထားဖြင့် ထည့်သွင်းဖော်ပြထားပါသည်။

## (၂) ဖွဲ့စည်းပြင်ဆင်ထားမှု

သင်ကြားရမည့် အခန်းနှင့် ၎င်းအခန်း၏စာသင်ချိန်ကို ဖော်ပြထားပါသည်။

## (၃) သင်ယူမှုဦးတည်ချက်များ

စာသင်ချိန်တစ်ချိန်စီတွင် ဖော်ပြထားသောသင်ယူမှုဦးတည်ချက်များ ပေါက်မြောက်အောင်သင်ကြားရန် အရေးကြီးပါသည်။ ထို့ကြောင့် သင်ယူမှုဦးတည်ချက်များကို စာသင်ချိန်တိုင်းတွင် ဖော်ပြထားပါသည်။ စာသင်ချိန်တစ်ချိန်စီတွင် သင်ယူမှုနယ်ပယ် ၂ ခုကို အဓိကထားဖော်ပြထားသည်။ ခံစားမှုဆိုင်ရာနယ်ပယ်နှင့် လူမှုရေးဆိုင်ရာနယ်ပယ်တို့ကို စာသင်ချိန်(၁)တွင် အများအားဖြင့် ဖော်ပြလေ့ရှိပြီး သိမှုဆိုင်ရာနယ်ပယ်နှင့် လှုပ်ရှားမှုဆိုင်ရာနယ်ပယ်ကို နှစ်ယောက်တွဲ၊ အုပ်စုလိုက် လေ့ကျင့်သော စာသင်ချိန်များတွင် အလေးပေးဖော်ပြထားသည်။

## (၄) သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

စာသင်ချိန်တစ်ချိန်အတွက် လိုအပ်သောသင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများကို ဖော်ပြထားပါသည်။ အချို့သင်ခန်းစာများတွင် ဖော်ပြထားသော သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများအတွက် သင်ခန်းစာနှင့် သင့်လျော်သောပစ္စည်းများကို ဆရာကတီထွင်အသုံးပြုနိုင်ပါသည်။

DBE Box

## (၅) သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

ကာယပညာ သင်ခန်းစာများကို အောက်ဖော်ပြပါ သင်ကြားသင်ယူမှုလုပ်ငန်းစဉ်အဆင့်ဆင့်အတိုင်း သင်ကြားရမည်ဖြစ်ပါသည်။

| | |
|---|---|
| အဆင့်(၁) | သင်ခန်းစာ၏ ရည်ရွယ်ချက်များနှင့် စစ်ဆေးအကဲဖြတ်ရမည့်အချက်များကို ရှင်းလင်းပြောကြားခြင်း။ |
| အဆင့်(၂) | ဘေးကင်းလုံခြုံမှုရှိစေရန်လုပ်ဆောင်ခြင်း။(ကစားမည့်နေရာကို ရှင်းလင်းခြင်းနှင့် မကစားမီလုပ်ဆောင်ရမည့်လေ့ကျင့်ခန်းများပြုလုပ်ခြင်း) |
| အဆင့်(၃) | သရုပ်ပြခြင်း။ |
| အဆင့်(၄) | လေ့ကျင့်ခြင်း။ (နှစ်ယောက်တွဲ၊ အုပ်စုလိုက်) |
| အဆင့်(၅) | အုပ်စုဖွဲ့ ဆွေးနွေးတိုင်ပင်ခြင်း။ |
| အဆင့်(၆) | သရုပ်ပြခြင်း၊ စုပေါင်းကစားခြင်း သို့မဟုတ် ယှဉ်ပြိုင်ခြင်း။ |
| အဆင့်(၇) | ကစားပြီးလုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများပြုလုပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း။ |

**အဆင့်(၁)** ဆရာက သင်ခန်းစာ၏ ရည်ရွယ်ချက်များနှင့် စစ်ဆေးအကဲဖြတ်ရမည့်အချက်များကို ရှင်းလင်းပြောကြားရမည်။ ကလေးများ၏ ကျန်းမာရေးအခြေအနေကို မေးမြန်းခြင်း၊ တန်းစီခြင်း၊ အုပ်စုဖွဲ့ပေးခြင်းနှင့် အတန်းစီမံခန့်ခွဲမှုနှင့်ဆိုင်သော စည်းကမ်းများကို သတ်မှတ်ခြင်း စသည်တို့ကို ရည်ရွယ်ချက်များ ရှင်းလင်းမပြောကြားမီ ပြုလုပ်ရမည်။

**အတန်းစီမံခန့်ခွဲမှုအတွက် ခရာအသုံးပြုပုံ**



- ပထမခရာသံကြားလျှင် မိမိလုပ်ဆောင်နေသည်များကိုရပ်တန့်ပြီး ဆရာပြောစကားကို အာရုံစိုက်နားထောင်ရမည်။
- ဒုတိယခရာသံကြားလျှင် ဆရာ၏ညွှန်ကြားချက်အတိုင်း လုပ်ဆောင်ရမည်။
- ကလေးများ အန္တရာယ်ရှိနိုင်သည့်လှုပ်ရှားမှုများ ပြုလုပ်နေလျှင် ဆရာက ခရာဖြင့် အကြိမ်များစွာဆက်တိုက်မှုတ်ပြီး သတိပေးရမည်။
- ကျောင်းသားများ လှုပ်ရှားမှုများပြုလုပ်နေချိန်တွင် ၁၊ ၂၊ ၃၊ ၄၊ . . . အမှတ်စဉ်ဆိုခြင်းကို ခရာဖြင့် အချက်ပေးနိုင်သည်။
- ဆရာနှင့်ကလေးများ တိုင်ပင်ဆွေးနွေးကာ မိမိအတန်းအတွက် သင့်လျော်သော စည်းကမ်းများ ချမှတ်နိုင်သည်။

**အဆင့်(၂)** ဘေးကင်းစေရန် ကစားမည့်နေရာကို ရှင်းလင်းပြီး မကစားမီလုပ်ဆောင်ရမည့်လေ့ကျင့်ခန်းများ (သွေးပူလေ့ကျင့်ခန်းများ)ကို လုပ်ဆောင်စေရမည်။ မကစားခင် ဆရာနှင့် ကျောင်းသားများက သင့်လျော်သည့် သင်ထောက်ကူပစ္စည်းများကို အသုံးပြုကာ ကစားကွင်းကိုပြင်ဆင်ရမည်။ သွေးပူလေ့ကျင့်ခန်းများပြုလုပ်ခြင်းဖြင့် ကြွက်သားများလှုပ်ရှားနိုင်ရန် လုံလောက်သောသွေးလည်ပတ်မှုကို ရရှိစေပြီး ကြွက်သားများ ထိခိုက်နာကျင်မှုကို ကာကွယ်ပေးပါသည်။ သွေးပူလေ့ကျင့်ခန်းများ ပြုလုပ်ရာတွင် ပထမတန်း အခန်း(၂)၊ ဒုတိယတန်း အခန်း(၁)၊ တတိယတန်း အခန်း(၁)၊ စတုတ္ထတန်း အခန်း(၂)နှင့် အခန်း(၃)တို့တွင် ဖော်ပြထားသောလေ့ကျင့်ခန်းများကို ကိုးကား၍ သင့်လျော်သလို အသုံးပြုသင်ကြားနိုင်သည်။

DBEBox

**အဆင့်(၃)** သရုပ်ပြသင်ကြားရာတွင် ကလေးများ ရှင်းလင်းလွယ်ကူစွာနားလည်စေရန် ဆရာကပထမဦးစွာ လုပ်ရှားမှုများကို တစ်ဆင့်ပြီးတစ်ဆင့် အနှေးသရုပ်ပြရမည်။ ၎င်းနောက် လှုပ်ရှားမှုများကို အစမှအဆုံး ပြန်လည်သရုပ်ပြပြီး ကလေးများကို ကြည့်ရှုလေ့လာစေရမည်။ ဆရာနှင့်ကလေးများ အတူတကွလုပ်ဆောင် ရမည်။ ထို့နောက် ကလေးများကိုလုပ်ဆောင်စေပြီး ၎င်းတို့၏လုပ်ဆောင်ချက်များကို ဆရာကကြည့်ရှု လေ့လာ၍ အမှန်သို့ရောက်အောင် ပြုပြင်ပေးရမည်။

**အဆင့်(၄)** ကလေးများကို နှစ်ယောက်တစ်တွဲ သို့မဟုတ် အဖွဲ့လိုက် လေ့ကျင့်စေရမည်။ ကလေးများ လေ့ကျင့်နေ ချိန်တွင် ဆရာက ကလေးတစ်ဦးချင်း၏ လုပ်ဆောင်နေမှုကို ကြည့်ရှုလေ့လာပြီး အားပေးတုံ့ပြန်ချက်များ ပေး၍ အမှန်သို့ရောက်အောင် ပြုပြင်ပေးရမည်။

**အဆင့်(၅)** အုပ်စုဖွဲ့ဆွေးနွေးတိုင်ပင်ရာတွင် သင်ကြားမည့်သင်ခန်းစာ၏ သင်ယူမှုနယ်ပယ်အပေါ် မူတည်၍ လှုပ်ရှားမှုအဆင့်ဆင့်၊ နည်းစနစ်များ၊ ကစားနည်းအဆင့်ဆင့်၊ ကစားနည်းစည်းမျဉ်းများ၊ ကစားရန်နည်းလမ်းများနှင့် ကစားနည်း နည်းပရိယာယ်များ စသည်တို့ကို အုပ်စုတွင်းဆွေးနွေးပြီး ကစားရာတွင်တွေ့ရှိရသည့် အခက်အခဲများကို မည်သို့ဖြေရှင်းရမည်ကို အချင်းချင်းတိုင်ပင်ဆွေးနွေးပြီး ကစားစေရမည်။ ကလေးများ အုပ်စုလိုက် တိုင်ပင်ဆွေးနွေးနေချိန်တွင် ဆရာက အဖွဲ့အားလုံးကို လိုက်လံကြည့်ရှုပြီး လိုအပ်သည်များကို ရှင်းလင်းပြောပြပေးရမည်။ အကယ်၍ မိမိဒေသနှင့် ကိုက်ညီမည့် ကစားနည်းများကို ပြောင်းလဲသင်ကြားမည်ဆိုပါက ကစားနည်းစည်းမျဉ်းများနှင့် ကစားရန်နည်းလမ်းများကို ကလေးများအား ဆွေးနွေးတိုင်ပင်စေပြီး ၎င်းတို့၏ ဆွေးနွေးညှိနှိုင်းချက်များကို ရယူကာ ဆရာက လိုအပ်သောညွှန်ကြားချက်များနှင့် ကူညီလမ်းညွှန်မှုများကို ပေးရမည်။ သို့သော် မူလသင်ခန်းစာ၏ သင်ယူမှုဦးတည်ချက်နှင့် ကိုက်ညီရမည်။

**အဆင့်(၆)** သရုပ်ပြသရန်၊ စုပေါင်းကစားရန် သို့မဟုတ် ယှဉ်ပြိုင်ကစားရန်အတွက် အုပ်စုဖွဲ့ရာတွင် ကလေးများ၏ လုပ်ဆောင်နိုင်မှုအရည်အသွေးနှင့် ကြံ့ခိုင်မှုစွမ်းရည်ပေါ် မူတည်ပြီး ကလေးအရေအတွက်ကို ကျား၊ မ ညီမျှမှုရှိအောင် ဖွဲ့ထားရမည်။ ကလေးများ၏ လုပ်ဆောင်နိုင်မှုနှင့် တိုးတက်မှုရလဒ်များကို စစ်ဆေး အကဲဖြတ်နိုင်ရန်အတွက် အုပ်စုတွင်းပါဝင်သော ကလေးများကို မပြောင်းလဲဘဲထားရမည်။ ထို့ပြင် ယှဉ်ပြိုင်မှုမစတင်မီနှင့် ယှဉ်ပြိုင်မှုအပြီးတွင် ဒိုင်လူကြီးနှင့် ကစားသမားများ၊ ကစားသမားများအချင်းချင်း အပြန်အလှန်အရိုအသေပေးခြင်းနှင့် လက်ဆွဲနှုတ်ဆက်ခြင်းတို့ကို ပြုလုပ်စေရမည်။

**အဆင့်(၇)** ကစားပြီးတိုင်းတွင် ကစားပြီးလုပ်ဆောင်ရမည့်လေ့ကျင့်ခန်းများ (သွေးအေးလေ့ကျင့်ခန်းများကို လုပ်ဆောင်စေရမည်။ သွေးအေးလေ့ကျင့်ခန်းများ ပြုလုပ်ခြင်းသည် ခန္ဓာကိုယ်အပူချိန်ကို လျော့ကျ စေခြင်းနှင့် နှလုံးခုန်နှုန်းကို ပုံမှန်အနေအထားသို့ တဖြည်းဖြည်းရောက်အောင် ကူညီပေးပါသည်။ သွေးအေးလေ့ကျင့်ခန်းကိုပြုလုပ်ရာတွင် ပထမတန်း အခန်း(၂)၊ ဒုတိယတန်း အခန်း(၁)၊ တတိယတန်း အခန်း(၁)၊ စတုတ္ထတန်း အခန်း(၂)နှင့် အခန်း(၃) အကြောလျှော့ လေ့ကျင့်ခန်းတို့တွင် ဖော်ပြ ထားသောလေ့ကျင့်ခန်းများကို ကိုးကား၍ သင့်လျော်သလို အသုံးပြုသင်ကြားနိုင်သည်။ ၎င်းနောက် ကလေးများကို သင်ကြားရမည့်သင်ခန်းစာတွင် ပါဝင်သော သင်ယူမှုဦးတည်ချက်များပေါ် အခြေခံကာ အားပေးတုံ့ပြန်ချက်များ၊ ချီးမွမ်းအားပေးစကားများ ပြောကြားပေးရမည်။ သင်ခန်းစာတစ်ခုပြီးတိုင်းတွင် သင်ခန်းစာတွင်ပါဝင်သော မေးခွန်းများကိုအသုံးပြု၍ ကလေးများ မိမိကိုယ်ကိုစစ်ဆေးအကဲဖြတ်ရန် ဆရာက ကူညီလမ်းညွှန်ပေးရမည်။ မိမိကိုယ်ကိုစစ်ဆေးအကဲဖြတ်ရာတွင် နောက်ဆက်တွဲ(ခ)နှင့် ကျောင်းသားအချင်းချင်း စစ်ဆေးအကဲဖြတ်ခြင်းအတွက် နောက်ဆက်တွဲ(ဂ)ကို အသုံးပြုနိုင်ရန် ဆရာက စီစဉ်ပေးရမည်။

မှတ်ချက်။ (၁) အတန်းတွင်း၌ မသန်စွမ်းကလေးများရှိခဲ့ပါက ၎င်းတို့၏ စွမ်းဆောင်နိုင်သောအရည်အချင်းကို လိုက်၍ စတုတ္ထတန်းသင်ခန်းစာများအားလုံးတွင် အခြားသောကလေးများနှင့်အတူ ပူးပေါင်းပါဝင် ကစားနိုင်အောင် ဆရာက အခွင့်အလမ်းဖန်တီးပေးရမည်။ ဥပမာ- အခန်း(၇) ဘောလုံးဖြင့်ကစားခြင်း သင်ခန်းစာတွင် မသန်စွမ်းကလေးတစ်ဦး ဝှီးချဲပေါ်တွင်ထိုင်၍ ဘောလုံးပစ်ပေးနေပုံကို ကျောင်းသုံး စာအုပ်တွင် ထည့်သွင်းထားပါသည်။ မသန်စွမ်းကလေးကစားနေစဉ် ဆရာက ကလေး၏ ဘေးကင်းလုံခြုံရေးအတွက် ဂရုစိုက်ရမည်။ ဥပမာ- ဝှီးချဲအသုံးပြုရသော မသန်စွမ်း ကလေးဖြစ်လျှင် ခါးပတ် ပတ်ထားခြင်း ရှိ၊ မရှိကို ဆရာက သတိထားစစ်ဆေးရမည်။

(၂) ကစားကွင်းမရှိလျှင်သော်လည်းကောင်း၊ ရာသီဥတုဆိုးရွားနေလျှင်သော်လည်းကောင်း စာသင်ခန်းအတွင်း သင်ကြားနိုင်သော သင်ခန်းစာများကို ဆရာကသင့်လျော်သလို ပြောင်းလဲသင်ကြားနိုင်ပါသည်။

(၃) သင်ကြားရမည့်သင်ခန်းစာကို သင်ကြားသင်ယူမှုလုပ်ငန်းစဉ်တွင် ပါဝင်သောရုပ်ပုံများနှင့် ပတ်သက်သောရှင်းလင်းချက်များနှင့် ချိတ်ဆက်သင်ကြားရမည်။

(၄) သင်ကြားသင်ယူမှုလုပ်ငန်းစဉ် အဆင့်(၇)ဆင့်ကို သင်ခန်းစာများတွင် ထည့်သွင်းထားသည်။

(၅) မီနီဘောလီဘော၊ မီနီဘတ်စကက်ဘောနှင့် ဘောလုံးပွဲငယ်ကစားနည်းများသည် မူလကစားနည်းများကို ကလေးများ၏အသက်အရွယ် လက်တွေ့လုပ်ဆောင်နိုင်မှုတို့အပေါ် မူတည်၍ ဘေးကင်းပျော်ရွှင်စွာ ကစားနိုင်ရန် ပြုပြင်ရေးဆွဲထားပါသည်။ သို့ဖြစ်၍ ကစားနည်းများတွင် ကွင်းအတိုင်းအတာ၊ ကစားရာတွင်ပါဝင်သည့် ကလေးဦးရေ၊ ကစားနည်းစည်းမျဉ်းတို့သည် မူလကစားနည်းများနှင့် ကွဲပြားမည်ဖြစ်ပါသည်။ ဆရာက ကလေးများအား နောင်လာမည့်အတန်းများတွင် မူလကစားနည်းများကို သင်ကြားကြရမည်ဖြစ်ကြောင်း အသိပေးပြောကြားရမည်ဖြစ်ပါသည်။

**(၆) ရုပ်ပုံများနှင့်ပတ်သက်သော ရှင်းလင်းချက်များ**

သင်ကြားရာတွင်လွယ်ကူစေရန် ရုပ်ပုံများနှင့်ပတ်သက်သော ရှင်းလင်းချက်များကို ရှင်းပြထားပါသည်။

**(၇) စစ်ဆေးအကဲဖြတ်ရန် လမ်းညွှန်ချက်များ**

သင်ခန်းစာများအားလုံးကို စစ်ဆေးအကဲဖြတ်ရာတွင် နယ်ပယ် ၄ ခုစလုံးပါဝင်အောင် စစ်ဆေးရမည်။ သို့သော်လည်း စာသင်ချိန်အလိုက် အလေးပေးစစ်ဆေးရမည့်နယ်ပယ်များကို သက်ဆိုင်ရာစာသင်ချိန်များတွင် ဖော်ပြထားပါသည်။ စာသင်ချိန်တစ်ချိန်တွင် နယ်ပယ် ၂ ခု စစ်ဆေးရမည်ဖြစ်ပြီး မည်သို့စစ်ဆေးရမည်ကို ဖော်ပြပေးထားပါသည်။

**(၈) သတိပြုရန်အချက်များ**

ကစားကွင်း၏ အတိုင်းအတာများ၊ ကလေးတစ်ဦးနှင့်တစ်ဦး နေရာယူရမည့် အကွာအဝေးများ၊ သင်ထောက်ကူပစ္စည်းများ၏ အရွယ်အစား စသည်တို့ကို သင်ခန်းစာအချို့တွင် ဖော်ပြထားပါသည်။

[မှတ်ချက်။ အကယ်၍ ကျောင်းတွင် ကစားရန်မြေနေရာမရှိပါက ဆရာက ကျောင်းနေရာအကျယ်အဝန်း၊ ကလေးဦးရေ၊ ကလေးအသက်အရွယ်နှင့် သင့်လျော်သလို စီစဉ်နိုင်ပါသည်။ (ဥပမာ- အခန်း(၂၃) လက်ဆင့်ကမ်းပြေးခြင်းကစားနည်းတွင် ပြေးရမည့်အကွာအဝေးကို မီတာ ၅၀ ဟု သတ်မှတ်ထားသော်လည်း မိမိကျောင်းတွင် ဤမျှအကွာအဝေးမရှိပါက ကလေးများကို ၂၅ မီတာ ၂ ခေါက်ပြေးစေနိုင်သည်။)]

**(၉) အားပေးတုံ့ပြန်ချက်များ**

ဆရာက ကလေးများ၏လုပ်ဆောင်ချက်များအပေါ် မည်ကဲ့သို့ အားပေးတုံ့ပြန်ချက်ပေးရမည်ကိုသိရှိစေရန် နမူနာ ထည့်သွင်းထားပါသည်။

(မှတ်ချက်။ ဆရာက မိမိကလေးများ၏ လုပ်ဆောင်ချက်နှင့်ကိုက်ညီသည့် သင့်လျော်သော အားပေးတုံ့ပြန်ချက်များကို ပြောင်းလဲပေးနိုင်ပါသည်။ သင်ကြားနေစဉ်နှင့် သင်ကြားအပြီး သင့်လျော်သောအချိန်တိုင်းတွင် ပြောကြားနိုင်ပါသည်။)

## ၂။ ကာယပညာဘာသာရပ် သင်ကြားရခြင်း၏ ရည်ရွယ်ချက်များ

- ကိုယ်ကာယလှုပ်ရှားမှုများကို ပြုလုပ်ခြင်းဖြင့် ကျန်းမာကြံ့ခိုင်ပျော်ရွှင်ပြီး မိမိကိုယ်ကိုယုံကြည်မှုရှိရန်၊ ကာယလှုပ်ရှားမှုများတွင် အပြုသဘောဆောင် တုံ့ပြန်တတ်ရန်။
- ကျန်းမာကြံ့ခိုင်ရေးနှင့်ပတ်သက်သည့် အခြေခံကိုယ်ကာယလှုပ်ရှားမှုများကို နေ့စဉ်ဘဝတွင် အသုံးချတတ်ရန်။
- ကိုယ်ကာယလှုပ်ရှားမှုဆိုင်ရာ အခြေခံဗဟုသုတများကို သိရှိနားလည်ပြီး ကာယလှုပ်ရှားမှုများဆောင်ရွက်ရာတွင် ကြုံတွေ့နိုင်သည့် ပြဿနာများဖြေရှင်းရာ၌ အသုံးချတတ်ရန်။
- ကိုယ်ကာယလှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ခြင်းဖြင့် အများနှင့်ပူးပေါင်းဆောင်ရွက်တတ်ခြင်း၊ တစ်ဦးနှင့်တစ်ဦး လေးစားတန်ဖိုးထားတတ်ခြင်း စသည့်စိတ်ဓာတ်များ ဖွံ့ဖြိုးတိုးတက်လာရန်။

DBEBox

(၂) ကစားကွင်းမရှိလျှင်သော်လည်းကောင်း၊ ရာသီဥတုဆိုးရွားနေလျှင်သော်လည်းကောင်း စာသင်ခန်းအတွင်း သင်ကြားနိုင်သော သင်ခန်းစာများကို ဆရာကသင့်လျော်သလို ပြောင်းလဲသင်ကြားနိုင်ပါသည်။

(၃) သင်ကြားရမည့်သင်ခန်းစာကို သင်ကြားသင်ယူမှုလုပ်ငန်းစဉ်တွင် ပါဝင်သောရုပ်ပုံများနှင့် ပတ်သက်သောရှင်းလင်းချက်များနှင့် ချိတ်ဆက်သင်ကြားရမည်။

(၄) သင်ကြားသင်ယူမှုလုပ်ငန်းစဉ် အဆင့်(၇)ဆင့်ကို သင်ခန်းစာများတွင် ထည့်သွင်းထားသည်။

(၅) မီနီဘောလီဘော၊ မီနီဘတ်စကက်ဘောနှင့် ဘောလုံးပွဲငယ်ကစားနည်းများသည် မူလကစားနည်းများကို ကလေးများ၏အသက်အရွယ် လက်တွေ့လုပ်ဆောင်နိုင်မှုတို့အပေါ် မူတည်၍ ဘေးကင်းပျော်ရွှင်စွာ ကစားနိုင်ရန် ပြုပြင်ရေးဆွဲထားပါသည်။ သို့ဖြစ်၍ ကစားနည်းများတွင် ကွင်းအတိုင်းအတာ၊ ကစားရာတွင်ပါဝင်သည့် ကလေးဦးရေ၊ ကစားနည်းစည်းမျဉ်းတို့သည် မူလကစားနည်းများနှင့် ကွဲပြားမည်ဖြစ်ပါသည်။ ဆရာက ကလေးများအား နောင်လာမည့်အတန်းများတွင် မူလကစားနည်းများကို သင်ကြားကြရမည်ဖြစ်ကြောင်း အသိပေးပြောကြားရမည်ဖြစ်ပါသည်။

**(၆) ရုပ်ပုံများနှင့်ပတ်သက်သော ရှင်းလင်းချက်များ**

သင်ကြားရာတွင်လွယ်ကူစေရန် ရုပ်ပုံများနှင့်ပတ်သက်သော ရှင်းလင်းချက်များကို ရှင်းပြထားပါသည်။

**(၇) စစ်ဆေးအကဲဖြတ်ရန် လမ်းညွှန်ချက်များ**

သင်ခန်းစာများအားလုံးကို စစ်ဆေးအကဲဖြတ်ရာတွင် နယ်ပယ် ၄ ခုစလုံးပါဝင်အောင် စစ်ဆေးရမည်။ သို့သော်လည်း စာသင်ချိန်အလိုက် အလေးပေးစစ်ဆေးရမည့်နယ်ပယ်များကို သက်ဆိုင်ရာစာသင်ချိန်များတွင် ဖော်ပြထားပါသည်။ စာသင်ချိန်တစ်ချိန်တွင် နယ်ပယ် ၂ ခု စစ်ဆေးရမည်ဖြစ်ပြီး မည်သို့စစ်ဆေးရမည်ကို ဖော်ပြပေးထားပါသည်။

**(၈) သတိပြုရန်အချက်များ**

ကစားကွင်း၏အတိုင်းအတာများ၊ ကလေးတစ်ဦးနှင့်တစ်ဦး နေရာယူရမည့် အကွာအဝေးများ၊ သင်ထောက်ကူပစ္စည်းများ၏ အရွယ်အစား စသည်တို့ကို သင်ခန်းစာအချို့တွင် ဖော်ပြထားပါသည်။

[မှတ်ချက်။ အကယ်၍ ကျောင်းတွင် ကစားရန်မြေနေရာမရှိပါက ဆရာက ကျောင်းနေရာအကျယ်အဝန်း၊ ကလေးဦးရေ၊ ကလေးအသက်အရွယ်နှင့် သင့်လျော်သလို စီစဉ်နိုင်ပါသည်။ (ဥပမာ- အခန်း(၂၃) လက်ဆင့်ကမ်းပြေးခြင်းကစားနည်းတွင် ပြေးရမည့်အကွာအဝေးကို မီတာ ၅၀ ဟု သတ်မှတ်ထားသော်လည်း မိမိကျောင်းတွင် ဤမျှအကွာအဝေးမရှိပါက ကလေးများကို ၂၅ မီတာ ၂ ခေါက်ပြေးစေနိုင်သည်။)]

**(၉) အားပေးတုံ့ပြန်ချက်များ**

ဆရာက ကလေးများ၏လုပ်ဆောင်ချက်များအပေါ် မည်ကဲ့သို့ အားပေးတုံ့ပြန်ချက်ပေးရမည်ကိုသိရှိစေရန် နမူနာ ထည့်သွင်းထားပါသည်။

(မှတ်ချက်။ ဆရာက မိမိကလေးများ၏ လုပ်ဆောင်ချက်နှင့်ကိုက်ညီသည့် သင့်လျော်သော အားပေးတုံ့ပြန်ချက်များကို ပြောင်းလဲပေးနိုင်ပါသည်။ သင်ကြားနေစဉ်နှင့် သင်ကြားအပြီး သင့်လျော်သောအချိန်တိုင်းတွင် ပြောကြားနိုင်ပါသည်။)

## ၂။ ကာယပညာဘာသာရပ် သင်ကြားရခြင်း၏ ရည်ရွယ်ချက်များ

- ကိုယ်ကာယလှုပ်ရှားမှုများကို ပြုလုပ်ခြင်းဖြင့် ကျန်းမာကြံ့ခိုင်ပျော်ရွှင်ပြီး မိမိကိုယ်ကိုယုံကြည်မှုရှိရန်၊ ကာယလှုပ်ရှားမှုများတွင် အပြုသဘောဆောင် တုံ့ပြန်တတ်ရန်။
- ကျန်းမာကြံ့ခိုင်ရေးနှင့်ပတ်သက်သည့် အခြေခံကိုယ်ကာယလှုပ်ရှားမှုများကို နေ့စဉ်ဘဝတွင် အသုံးချတတ်ရန်။
- ကိုယ်ကာယလှုပ်ရှားမှုဆိုင်ရာ အခြေခံဗဟုသုတများကို သိရှိနားလည်ပြီး ကာယလှုပ်ရှားမှုများဆောင်ရွက်ရာတွင် ကြုံတွေ့နိုင်သည့် ပြဿနာများဖြေရှင်းရာ၌ အသုံးချတတ်ရန်။
- ကိုယ်ကာယလှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ခြင်းဖြင့် အများနှင့်ပူးပေါင်းဆောင်ရွက်တတ်ခြင်း၊ တစ်ဦးနှင့်တစ်ဦး လေးစားတန်ဖိုးထားတတ်ခြင်း စသည့်စိတ်ဓာတ်များ ဖွံ့ဖြိုးတိုးတက်လာရန်။

## အတန်းလိုက်ရည်ရွယ်ချက်များ

| | ခံစားမှုဆိုင်ရာအကျိုးသက်ရောက်မှုနယ်ပယ် | လုပ်ရှားမှုဆိုင်ရာကျွမ်းကျင်မှုနယ်ပယ် |
|---|---|---|
| **ပထမတန်း** | သီဆိုလှုပ်ရှားကစားနည်းများ၊ ကျန်းမာကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ၊ စုပေါင်းကစားနည်းများနှင့် ယှဉ်ပြိုင်ကစားနည်းများကို လုပ်ဆောင်ခြင်းဖြင့် ပျော်ရွှင်မှုရှိရန်နှင့် အထက်ပါကစားနည်းများအပေါ် အပြုသဘောဆောင်သော သဘောထားများရှိရန်။ | ကျန်းမာကြံ့ခိုင်ရေးနှင့်ပတ်သက်သည့် အခြေခံကိုယ်ကာယလှုပ်ရှားမှုများ တတ်မြောက်ပြီး နေ့စဉ်ဘဝတွင် အသုံးချတတ်ရန်။ |
| **ဒုတိယတန်း** | သီဆိုလှုပ်ရှားကစားနည်းများ၊ ကျန်းမာကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ၊ စုပေါင်းကစားနည်းများနှင့် ယှဉ်ပြိုင်ကစားနည်းများကို ပါဝင်လုပ်ဆောင်ခြင်းဖြင့် စိတ်ရောကိုယ်ပါ တက်ကြွပျော်ရွှင်မှုရှိရန်နှင့် အထက်ပါကစားနည်းများအပေါ် အပြုသဘောဆောင်သော သဘောထားများရှိရန်။ | ကျန်းမာကြံ့ခိုင်ရေးနှင့်ပတ်သက်သည့် အခြေခံကိုယ်ကာယလှုပ်ရှားမှုများ တတ်မြောက်ပြီး နေ့စဉ်ဘဝတွင် အသုံးချတတ်ရန်။ |
| **တတိယတန်း** | သီဆိုလှုပ်ရှားကစားနည်းများ၊ ကျန်းမာကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ၊ စုပေါင်းကစားနည်းများနှင့် ယှဉ်ပြိုင်ကစားနည်းများတွင် ကိုယ်ကာယလှုပ်ရှားမှုများနှင့် ၎င်းတို့ကို ပေါင်းစပ်ထားသောလှုပ်ရှားမှုများကို ပါဝင်လုပ်ဆောင်ခြင်းဖြင့် စိတ်ရောကိုယ်ပါ တက်ကြွပျော်ရွှင်မှုရှိရန်နှင့် အထက်ပါကစားနည်းများအပေါ် အပြုသဘောဆောင်သော သဘောထားများရှိရန်။ | မှန်ကန်သောအခြေခံလှုပ်ရှားမှုများနှင့် ၎င်းတို့ကိုပေါင်းစပ်ထားသောလှုပ်ရှားမှုများကို စနစ်တကျလုပ်ဆောင်တတ်ပြီး ကိုယ်ကာယလှုပ်ရှားမှုဆိုင်ရာအခြေခံကောင်းများနှင့် ကစားနည်းကျွမ်းကျင်မှုများ ရရှိလာရန်။ |
| **စတုတ္ထတန်း** | ကျန်းမာကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ၊ စုပေါင်းကစားနည်းများနှင့် ယှဉ်ပြိုင်ကစားနည်းများတွင် ကိုယ်ကာယလှုပ်ရှားမှုများနှင့် ၎င်းတို့ကိုပေါင်းစပ်ထားသောလှုပ်ရှားမှုများကို ပါဝင်လုပ်ဆောင်ခြင်းဖြင့် စိတ်ရောကိုယ်ပါ တက်ကြွပျော်ရွှင်မှုရှိရန်နှင့် ကိုယ်ကာယဆိုင်ရာလှုပ်ရှားမှုများလုပ်ဆောင်ရာတွင် မိမိကိုယ်ကို ယုံကြည်မှုရှိရန်။ | မှန်ကန်သောအခြေခံလှုပ်ရှားမှုများနှင့် ၎င်းတို့ကိုပေါင်းစပ်ထားသောလှုပ်ရှားမှုများကို စနစ်တကျလုပ်ဆောင်တတ်ပြီး ကိုယ်ကာယလှုပ်ရှားမှုဆိုင်ရာအခြေခံကောင်းများနှင့် ကစားနည်းကျွမ်းကျင်မှုများ ရရှိလာရန်။ |
| **ပဉ္စမတန်း** | ကျန်းမာကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ၊ စုပေါင်းကစားနည်းများနှင့် ယှဉ်ပြိုင်ကစားနည်းများတွင် ကိုယ်ကာယလှုပ်ရှားမှုများနှင့် ၎င်းတို့ကိုပေါင်းစပ်ထားသောလှုပ်ရှားမှုများကို ပါဝင်လုပ်ဆောင်ခြင်းဖြင့် စိတ်ရောကိုယ်ပါ တက်ကြွပျော်ရွှင်မှုရှိရန်နှင့် ကိုယ်ကာယဆိုင်ရာလှုပ်ရှားမှုများလုပ်ဆောင်ရာတွင် မိမိကိုယ်ကို ယုံကြည်မှုရှိရန်။ | မှန်ကန်သောလှုပ်ရှားမှုအမျိုးမျိုးနှင့် ၎င်းတို့ကိုပေါင်းစပ်ထားသောလှုပ်ရှားမှုများကို စနစ်တကျလုပ်ဆောင်တတ်၍ ကိုယ်ကာယလှုပ်ရှားမှုဆိုင်ရာအခြေခံကောင်းများနှင့် ကစားနည်းကျွမ်းကျင်မှုများ ရရှိလာပြီး ကြံ့ခိုင်မှုစွမ်းရည် တိုးတက်လာရန်။ |

DBE BOX

| သိမှုဆိုင်ရာနားလည်အသုံးချမှုနယ်ပယ် | လူမှုရေးဆိုင်ရာနယ်ပယ် |
| --- | --- |
| ကိုယ်ကာယလှုပ်ရှားမှုများလုပ်ဆောင်ရာတွင် လိုက်နာရမည့်အခြေခံအချက်များ၊ ကစားနည်းစည်းမျဉ်းများနှင့် ကစားနည်းအဆင့်ဆင့်ကို ရှင်းလင်းစွာရှင်းပြတတ်ပြီး ကျန်းမာရေးနှင့်ဘေးကင်းလုံခြုံရေးကို ဂရုပြုတတ်ရန်။ | ကိုယ်ကာယလှုပ်ရှားမှုများလုပ်ဆောင်ရာတွင် အခြားသူများ၏ မတူညီချက်များကို လက်ခံတတ်ရန်နှင့် အများနှင့်ရင်းနှီးစွာ ပြောဆိုဆက်ဆံတတ်ရန်။ |
| ကိုယ်ကာယလှုပ်ရှားမှုများလုပ်ဆောင်ရာတွင် လိုက်နာရမည့်အခြေခံအချက်များ၊ ကစားနည်းစည်းမျဉ်းများနှင့် ကစားနည်းအဆင့်ဆင့်၊ ကစားနည်း နည်းပရိယာယ်များကို ရှင်းလင်းစွာရှင်းပြတတ်ပြီး ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးကို ဂရုပြုတတ်ရန်။ | ကိုယ်ကာယလှုပ်ရှားမှုများလုပ်ဆောင်ရာတွင် ကစားဖော်အချင်းချင်း ပူးပေါင်းဆောင်ရွက်တတ်သည့်အလေ့အကျင့်ကောင်းများရှိရန်နှင့် အများနှင့်ရင်းနှီးစွာ ပြောဆိုဆက်ဆံတတ်ရန်။ |
| ကိုယ်ကာယလှုပ်ရှားမှုများလုပ်ဆောင်ရာတွင် လိုက်နာရမည့်အခြေခံအချက်များ၊ ကစားနည်းစည်းမျဉ်းများနှင့် ကစားနည်းအဆင့်ဆင့်၊ ကစားနည်း နည်းပရိယာယ်များကို နားလည်သဘောပေါက်ပြီး ကိုယ်ကာယ လှုပ်ရှားမှုများကို ပျော်ရွှင်စွာဖန်တီးဖော်ဆောင်တတ်ရန်နှင့် ကျန်းမာရေးနှင့်ဘေးကင်းလုံခြုံရေးကို ဂရုပြုတတ်ရန်။ | ကိုယ်ကာယလှုပ်ရှားမှုများလုပ်ဆောင်ရာတွင် ပူးပေါင်းဆောင်ရွက်တတ်ရန်၊ အသင်းနှင့် အပေးအယူမျှတစွာလုပ်ဆောင်တတ်ရန်၊ အခြားသူများ၏ မတူညီချက်များကိုလက်ခံတတ်ရန်နှင့် ကစားဖော်များ၏ အောင်မြင်မှုအပေါ် အပြုသဘောဆောင်တုံ့ပြန်တတ်ရန်။ |
| ကိုယ်ကာယလှုပ်ရှားမှုများလုပ်ဆောင်ရာတွင် လိုက်နာရမည့်အခြေခံအချက်များ၊ ကစားနည်းစည်းမျဉ်းများနှင့် ကစားနည်းအဆင့်ဆင့်ကို ရှင်းလင်းစွာရှင်းပြတတ်ပြီး စည်းမျဉ်းများ၊ ကစားရန်နည်းလမ်းများ၊ နည်းပရိယာယ်များကို ပိုမိုကောင်းမွန်အောင်လုပ်ဆောင်တတ်ရန်၊ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးကို ဂရုပြုတတ်ရန်။ | ကိုယ်ကာယလှုပ်ရှားမှုများလုပ်ဆောင်ရာတွင် စိတ်ရောကိုယ်ပါ ပူးပေါင်းဆောင်ရွက်တတ်ရန်၊ အခြားသူများ၏မတူညီချက်များကို လက်ခံတတ်ရန်၊ ကျရာတာဝန်ကို လက်ခံတတ်ရန်၊ မျှတမှုကို တန်ဖိုးထားတတ်ရန်နှင့် ကစားဖော်များ၏အောင်မြင်မှုအပေါ် အပြုသဘောဆောင် တုံ့ပြန်တတ်ရန်။ |
| ကိုယ်ကာယလှုပ်ရှားမှုများလုပ်ဆောင်ရာတွင် လိုက်နာရမည့်အခြေခံအချက်များ၊ ကစားနည်း စည်းမျဉ်းများနှင့် ကစားနည်းအဆင့်ဆင့်ကို ရှင်းလင်းစွာရှင်းပြတတ်ပြီး စည်းမျဉ်းများ၊ ကစားရန်နည်းလမ်းများ၊ နည်းပရိယာယ်များကို ပိုမိုကောင်းမွန်အောင်လုပ်ဆောင်တတ်ရန်၊ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးကို ဂရုပြုတတ်ရန်။ | ကိုယ်ကာယလှုပ်ရှားမှုများလုပ်ဆောင်ရာတွင်စိတ်ရောကိုယ်ပါပူးပေါင်းဆောင်ရွက်တတ်ရန်၊ အခြားသူများ၏မတူညီချက်များကိုလက်ခံတတ်ရန်၊ ကျရာတာဝန်ကိုကျေပွန်စွာထမ်းဆောင်တတ်သည့်အလေ့အကျင့်ကောင်းများရရှိရန်၊ မျှတမှုကိုတန်ဖိုးထားတတ်ရန်နှင့် ကစားဖော်များ၏အောင်မြင်မှုအပေါ် အပြုသဘောဆောင်တုံ့ပြန်တတ်ရန်။ |

## ၃။ ကာယပညာဘာသာရပ်၏ အဓိကသင်ယူမှုနယ်ပယ်ကြီး ၃ ခု၏ ရည်ရွယ်ချက်များ

စတုတ္ထတန်းကာယပညာဘာသာရပ်တွင် အဓိကသင်ယူမှုနယ်ပယ်ကြီး ၃ ခု ခွဲခြားထားပါသည်။ ကျောင်းသုံးစာအုပ်တွင် ၎င်းသင်ယူမှု နယ်ပယ်ကြီး ၃ ခု၏ သင်ခန်းစာခေါင်းစဉ်များကို အရောင်ခွဲခြားဖော်ပြထားသည်။ ကျန်းမာကြံ့ခိုင်ရေးလေ့ကျင့်ခန်းများတွင် ခရမ်းရောင်၊ စုပေါင်းကစားနည်းများတွင် အပြာရောင်နှင့် ယှဉ်ပြိုင်ကစားနည်းများတွင် မရမ်းရောင်ဖြင့် ဖော်ပြထားသည်။ ၎င်းသင်ယူမှု နယ်ပယ်ကြီး ၃ ခု၏ ရည်ရွယ်ချက်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

**ကျန်းမာကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ၏ ရည်ရွယ်ချက်များ**

- ကိုယ်ကာယလှုပ်ရှားမှုဆိုင်ရာအခြေခံများနှင့် ၎င်းတို့ကိုပေါင်းစပ်ထားသောလှုပ်ရှားမှုများကို လုပ်ဆောင်ခြင်းဖြင့် စိတ်ရောကိုယ်ပါ ပျော်ရွှင်မှုရရှိရန်နှင့် ၎င်းတို့အပေါ် အကောင်းမြင်သဘောထားများရှိရန်။
- ကိုယ်ကာယလှုပ်ရှားမှုဆိုင်ရာအခြေခံကောင်းများရရှိလာရန်နှင့် ၎င်းတို့ကိုပေါင်းစပ်ထားသောလှုပ်ရှားမှုများကို အဆင်ပြေ ချောမွေ့စွာလုပ်ဆောင်တတ်ပြီး ကစားနည်းကျွမ်းကျင်မှုများရရှိလာရန်။
- ကိုယ်ကာယလှုပ်ရှားမှုများလုပ်ဆောင်ရာတွင် လိုက်နာရမည့်အချက်များကို နားလည်သဘောပေါက်ကာ လှုပ်ရှားမှုများကို ဖန်တီးလုပ်ဆောင်ပြီး ကျန်းမာရေးနှင့်ဘေးကင်းလုံခြုံရေးကို ဂရုပြုတတ်ရန်။
- ကစားရာတွင် ပူးပေါင်းဆောင်ရွက်ခြင်းအလေ့အကျင့်ကောင်းများ ဖြစ်ပေါ်လာစေရန်နှင့် အခြားသူများ၏ မတူညီသော လုပ်ဆောင်ချက်၊ ထင်မြင်ယူဆချက်နှင့် အပြုအမူ၊ အပြောအဆို မတူညီချက်များကို နားလည်လက်ခံတတ်ပြီး ကစားဖော်များ၏ အောင်မြင်မှုအပေါ် အပြုသဘောဆောင်တုံ့ပြန်တတ်ရန်။

**စုပေါင်းကစားနည်းများ၏ ရည်ရွယ်ချက်များ**

- စုပေါင်းကစားနည်းများကို ပါဝင်လုပ်ဆောင်ခြင်းဖြင့် စိတ်ရောကိုယ်ပါပျော်ရွှင်မှုရရှိရန်နှင့် ကစားနည်းများအပေါ် အကောင်းမြင် သဘောထားများရှိရန်။
- ကိုယ်ကာယလှုပ်ရှားမှုဆိုင်ရာအခြေခံများကိုအသုံးပြု၍ စုပေါင်းကစားနည်းများကို အဆင်ပြေချောမွေ့စွာလုပ်ဆောင်တတ်ပြီး ကစားနည်းကျွမ်းကျင်မှုများရရှိလာရန်။
- ကစားနည်းစည်းမျဉ်းများနှင့် ကစားနည်းအဆင့်ဆင့်ကို နားလည်သဘောပေါက်ပြီး ကိုယ်ကာယလှုပ်ရှားမှုများကို ပျော်ရွှင်စွာ ဖန်တီးဖော်ဆောင်တတ်ရန်၊ ကျန်းမာရေးနှင့်ဘေးကင်းလုံခြုံရေးကို ဂရုပြုတတ်ရန်။
- ကစားရာတွင် ပူးပေါင်းဆောင်ရွက်ခြင်း အလေ့အကျင့်ကောင်းများဖြစ်ပေါ်လာရန်နှင့် အခြားသူများ၏ လုပ်ဆောင်ချက်၊ ထင်မြင်ယူဆချက်နှင့် အပြုအမူ၊ အပြောအဆို မတူညီချက်များကို နားလည်လက်ခံတတ်ပြီး ကစားဖော်များ၏အောင်မြင်မှုအပေါ် အပြုသဘောဆောင်တုံ့ပြန်တတ်ရန်။

**ယှဉ်ပြိုင်ကစားနည်းများ၏ ရည်ရွယ်ချက်များ**

- ယှဉ်ပြိုင်ကစားနည်းများကို ပါဝင်လုပ်ဆောင်ခြင်းဖြင့် စိတ်ရောကိုယ်ပါပျော်ရွှင်မှုရရှိရန်နှင့် ကစားနည်းများအပေါ် အကောင်းမြင် သဘောထားများရှိရန်။
- ကိုယ်ကာယလှုပ်ရှားမှုဆိုင်ရာအခြေခံများကိုအသုံးပြု၍ ယှဉ်ပြိုင်ကစားနည်းများကို အဆင်ပြေချောမွေ့စွာ လုပ်ဆောင်တတ်ပြီး ကစားနည်းကျွမ်းကျင်မှုများရရှိလာရန်။
- ကစားနည်းစည်းမျဉ်းများ၊ ကစားနည်းအဆင့်ဆင့်၊ ကစားနည်း နည်းပရိယာယ်များကို နားလည်သဘောပေါက်ပြီး ကိုယ်ကာယ လှုပ်ရှားမှုများကို ပျော်ရွှင်စွာဖန်တီးဖော်ဆောင်တတ်ရန်၊ ကျန်းမာရေးနှင့်ဘေးကင်းလုံခြုံရေးကို ဂရုပြုတတ်ရန်။
- ကစားရာတွင် အခြားသူများ၏လုပ်ဆောင်ချက်၊ ထင်မြင်ယူဆချက်နှင့် အပြုအမူ၊ အပြောအဆို မတူညီချက်များကို နားလည်လက်ခံ တတ်ပြီး ပူးပေါင်းဆောင်ရွက်ခြင်းအလေ့အကျင့်ကောင်းများဖြစ်ပေါ်လာရန်၊ ကစားဖော်များ၏ အောင်မြင်မှုကို လက်ခံတတ်ရန်နှင့် အခြားသူများ၏ အောင်မြင်မှုအပေါ် အပြုသဘောဆောင်တုံ့ပြန်တတ်ရန်။

စတုတ္ထတန်း သိမှုဆိုင်ရာနားလည်အသုံးချမှုနယ်ပယ်၏ ရည်ရွယ်ချက်များတွင် ကြောင်းကျိုးဆက်စပ်တွေးခေါ်မှု၊ ပြဿနာ ဖြေရှင်းခြင်းဆိုင်ရာများကို စုပေါင်းကစားနည်းများနှင့် ယှဉ်ပြိုင်ကစားနည်းများတွင် အဓိကထည့်သွင်းထားပါသည်။ ဥပမာအားဖြင့် အခန်း(၁၈) သနားစရာ ငါးမျှားကစားနည်း၊ အခန်း(၂၀) သုံးကွက်တန်းကစားနည်းများတွင် အောင်နိုင်ရေးအတွက် ကလေးများ တိုင်ပင်ဆွေးနွေးကာ နည်းပရိယာယ်များဖြင့် ပြဿနာကို စုပေါင်းဖြေရှင်းကစားရမည်။

## ၄။ စတုတ္ထတန်းတွင် အသစ်ထည့်သွင်းထားသော နယ်ပယ်များ

စတုတ္ထတန်းတွင် သင်ယူမှုနယ်ပယ်တစ်ခုပြောင်းလဲထားပါသည်။ သီဆိုလှုပ်ရှားမှုကစားနည်းသည် စတုတ္ထတန်းတွင် မပါဝင်သော်လည်း ကျန်းမာကြံ့ခိုင်ရေးလေ့ကျင့်ခန်းဖြစ်သော အေးရိုးဗစ်သင်ခန်းစာတွင် သီဆိုလှုပ်ရှားမှုကစားနည်း၏အခြေခံ ရည်ရွယ်ချက်များ ပါဝင်သည်။

## ၅။ လိုအပ်သောစွမ်းရည်များရရှိရန် သင့်လျော်သောသင်ကြားသင်ယူမှုပုံစံ

စတုတ္ထတန်း ကျောင်းသားများအတွက် လိုအပ်သော သင်ကြားသင်ယူမှုပုံစံကို (၁.၂) ဆရာလမ်းညွှန်ဖွဲ့စည်းပြင်ဆင်ထားမှုနှင့် **စာမျက်နှာ (၃)ရှိ (၅) သင်ကြားသင်ယူမှုလုပ်ငန်းစဉ်များ**တွင် ဖော်ပြထားပြီးဖြစ်သည်။ ထို့ပြင် အောက်ဖော်ပြပါအချက်များကို ထည့်သွင်းစဉ်းစားကာ သင်ကြားရမည်။

- အုပ်စုတွင်းပူးပေါင်းဆောင်ရွက်ခြင်းသည် ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်းတို့နှင့် နှိုင်းယှဉ်လျှင် စတုတ္ထတန်းတွင် အလွန်အရေးကြီးသော အခန်းကဏ္ဍတွင်ပါဝင်သည်။ ကစားရာတွင် အသင်းအောင်နိုင်ရေးအတွက် ကလေးများအချင်းချင်း တိုင်ပင်ဆွေးနွေးကာ နည်းပရိယာယ်များဖြင့် လုပ်ဆောင်နိုင်ရန် ရည်ရွယ်သည်။ အခြေခံအားဖြင့် အဖွဲ့တစ်ဖွဲ့တွင် ကလေး ၄ ယောက်ဖြင့်ဖွဲ့ကာ စာသင်ချိန်အစမှ သင်ခန်းစာ ပြီးဆုံးသည်အထိ အုပ်စုဖွဲ့ကစားစေသည်။ ထိုသို့ကစားခြင်းဖြင့် အသင်းအဖွဲ့စိတ်ဓာတ်နှင့် အသင်းအုပ်ချုပ်စီမံရာတွင် ပိုမိုကောင်းမွန်သော အကျိုးသက်ရောက်မှုရှိသည်။
- လူမှုရေးဆိုင်ရာနယ်ပယ်အတွက် သင်ခန်းစာနှင့် သင်ကြားသင်ယူမှုလုပ်ငန်းစဉ်ကို ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့်သင်ယူမှုပုံစံ (cooperative learning model) ကို အခြေခံထားသည်။ ဥပမာ ပုံစံအမျိုးမျိုးနှင့်အရည်အသွေးအမျိုးမျိုးရှိသော ကလေးများကို အုပ်စုငယ်များတွင် (heterogeneous small group) ပါဝင်အောင်ဖွဲ့စည်းပြီး ပူးပေါင်းဆောင်ရွက်ရသော လုပ်ငန်းများပေးခြင်းဖြင့် သင်ကြားသည်။ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့်သင်ယူမှုပုံစံတွင် အဖွဲ့အတွင်း တစ်ဦးနှင့်တစ်ဦး အပြုသဘောဆောင်သော အပြန်အလှန်မှီခိုခြင်း (Positive Interdependence) မျိုးရှိရမည်။ ထို့ပြင် အဖွဲ့၏ပန်းတိုင်အတွက် ကောင်းသော ကြိုးစားအားထုတ်မှု ရှိရမည်။ ဤကဲ့သို့ တစ်ဦးတစ်ယောက်ချင်းစီ၏ တာဝန်ယူမှု (Individual Accountability) အတွက် အဖွဲ့အတွင်း မှတ်တမ်းရေးမှတ်သူ၊ ဒိုင်လူကြီး၊ အဖွဲ့ခေါင်းဆောင်၊ အားပေးသူ စသည့်တာဝန်များခွဲဝေပေးရမည်။ အဖွဲ့အတွင်း ကျရာတာဝန်ကို သူငယ်ချင်းများ နှင့်ပူးပေါင်းလုပ်ဆောင်ခြင်း၊ အပြန်အလှန်အကြံဉာဏ်ကောင်းများပေးခြင်း၊ အားပေးတုံ့ပြန်ချက်များပေးခြင်းဖြင့် ပေါင်းသင်း ဆက်ဆံမှုဆိုင်ရာ အရည်အသွေးနှင့် ပြဿနာဖြေရှင်းခြင်းဆိုင်ရာ အရည်အသွေးများတိုးတက်လာမည်။ ကျောင်းသားအချင်းချင်း စစ်ဆေးအကဲဖြတ်ခြင်းနှင့် အုပ်စုလိုက်ဆွေးနွေးခြင်းများကို သင်ခန်းစာနိဂုံးချုပ်တွင် ပြန်လည်သုံးသပ်ခြင်း ပြုလုပ်ရာ၌ အသုံးပြုနိုင်သည်။ ပြန်လည်သုံးသပ်ရာတွင် ကလေးများသည် တစ်ဦးချင်းစဉ်းစားပြီး နှစ်ယောက်တစ်တွဲဆွေးနွေးခြင်း၊ အုပ်စုတွင်း မျှဝေခြင်း စသည့် အစီအစဉ်အတိုင်း ပြုလုပ်စေရမည်။ ဤသို့ပြုလုပ်ခြင်းဖြင့် ဆရာသည် ကလေးများ၏ တုံ့ပြန်ချက်များကို နားထောင်ကာ ၎င်းတို့၏တိုးတက်မှုအခြေအနေကို သိရှိနိုင်သည်။
- စတုတ္ထတန်းတွင် ကျောင်းသုံးစာအုပ်နှင့် ဆရာလမ်းညွှန်စာအုပ်တို့တွင် ပါဝင်သော အချို့ဖော်ပြချက်များနှင့် အကြောင်းအရာများသည် ပညာရေးသဘောတရားဆိုင်ရာ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့်သင်ယူမှုပုံစံ (Cooperative Learning Model)၊ နားလည်မှုရရှိရန် ကစားနည်းဖြင့်သင်ကြားမှုပုံစံ (Teaching Game for Understanding Model-TGfU) နှင့် အားကစားပညာကို သင်ကြားမှုပုံစံ (Sport Education Model) တို့ကို အခြေခံထားသည်။ TGfU Model ကို ဥပမာပေးရလျှင် ကလေးများကို ဦးစွာ အချိန်အနည်းငယ်ကစားစေရမည်။ ကစားရာမှ တွေ့ရှိရသော အခက်အခဲများကို ဖြေရှင်းနိုင်ရန် နည်းလမ်းများအား အုပ်စုလိုက် ဆွေးနွေးစေပြီး လိုအပ်သော လေ့ကျင့်မှုများပြုလုပ်စေရမည်။ ရှာဖွေတွေ့ရှိသော နည်းလမ်းများကို အသုံးပြုကာ အုပ်စုလိုက် စုပေါင်းကစားခြင်းနှင့် ယှဉ်ပြိုင်ကစားခြင်းတို့ကို နောက်ဆုံးစာသင်ချိန်တွင် ပြန်လည်ကစားသည့်နည်းကို ကျောင်းသုံးစာအုပ်တွင် သရုပ်ဖော်ထားပြီး ဆရာလမ်းညွှန်စာအုပ်တွင် ရှင်းလင်းထားပါသည်။

## ၆။ သင်ကြားရာတွင် သတိပြုရမည့် အချက်များ

စာသင်ချိန်တစ်ချိန်ချင်းစီအတွက် သင်ကြားသင်ယူမှုလုပ်ငန်းစဉ်ကို ဆရာလမ်းညွှန်တွင်ဖော်ပြထားသည်။ ဆရာက တစ်ခါတစ်ရံ ကလေးများကိုရှင်းပြရန်အတွက် စာသင်ချိန်၏ အချိန်များစွာကို အသုံးပြုလိုက်သဖြင့် ကလေးများ ကာယလှုပ်ရှားမှုပြုလုပ်ရန်နှင့် လေ့ကျင့်ရန်အတွက် အချိန်ခွဲဝေမှု နည်းပါးတတ်သည်။ ထို့သို့မဖြစ်စေရန် ဆရာက ကလေးများကို ကာယလှုပ်ရှားမှု လေ့ကျင့်ခြင်းအတွက် အချိန်လုံလောက်စွာရရှိရန် သေချာစွာ အချိန်ခွဲဝေမှု ပြုလုပ်ရမည်။

DBE-BOX

## ၄။ စတုတ္ထတန်းတွင် အသစ်ထည့်သွင်းထားသော နယ်ပယ်များ

စတုတ္ထတန်းတွင် သင်ယူမှုနယ်ပယ်တစ်ခုပြောင်းလဲထားပါသည်။ သီဆိုလှုပ်ရှားမှုကစားနည်းသည် စတုတ္ထတန်းတွင် မပါဝင်သော်လည်း ကျန်းမာကြံ့ခိုင်ရေးလေ့ကျင့်ခန်းဖြစ်သော အေးရိုးဗစ်သင်ခန်းစာတွင် သီဆိုလှုပ်ရှားမှုကစားနည်း၏အခြေခံ ရည်ရွယ်ချက်များ ပါဝင်သည်။

## ၅။ လိုအပ်သောစွမ်းရည်များရရှိရန် သင့်လျော်သောသင်ကြားသင်ယူမှုပုံစံ

စတုတ္ထတန်း ကျောင်းသားများအတွက် လိုအပ်သော သင်ကြားသင်ယူမှုပုံစံကို (၁.၂) ဆရာလမ်းညွှန်ဖွဲ့စည်းပြင်ဆင်ထားမှုနှင့် **စာမျက်နှာ (၃)ရှိ (၅) သင်ကြားသင်ယူမှုလုပ်ငန်းစဉ်များ**တွင် ဖော်ပြထားပြီးဖြစ်သည်။ ထို့ပြင် အောက်ဖော်ပြပါအချက်များကို ထည့်သွင်းစဉ်းစားကာ သင်ကြားရမည်။

- ➢ အုပ်စုတွင်းပူးပေါင်းဆောင်ရွက်ခြင်းသည် ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်းတို့နှင့် နှိုင်းယှဉ်လျှင် စတုတ္ထတန်းတွင် အလွန်အရေးကြီးသော အခန်းကဏ္ဍတွင်ပါဝင်သည်။ ကစားရာတွင် အသင်းအောင်နိုင်ရေးအတွက် ကလေးများအချင်းချင်း တိုင်ပင်ဆွေးနွေးကာ နည်းပရိယာယ်များဖြင့် လုပ်ဆောင်နိုင်ရန် ရည်ရွယ်သည်။ အခြေခံအားဖြင့် အဖွဲ့တစ်ဖွဲ့တွင် ကလေး ၄ ယောက်ဖြင့်ဖွဲ့ကာ စာသင်ချိန်အစမှ သင်ခန်းစာ ပြီးဆုံးသည်အထိ အုပ်စုဖွဲ့ကစားစေသည်။ ထိုသို့ကစားခြင်းဖြင့် အသင်းအဖွဲ့စိတ်ဓာတ်နှင့် အသင်းအုပ်ချုပ်စီမံရာတွင် ပိုမိုကောင်းမွန်သော အကျိုးသက်ရောက်မှုရှိသည်။
- ➢ လူမှုရေးဆိုင်ရာနယ်ပယ်အတွက် သင်ခန်းစာနှင့် သင်ကြားသင်ယူမှုလုပ်ငန်းစဉ်ကို ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့်သင်ယူမှုပုံစံ (cooperative learning model) ကို အခြေခံထားသည်။ ဥပမာ ပုံစံအမျိုးမျိုးနှင့်အရည်အသွေးအမျိုးမျိုးရှိသော ကလေးများကို အုပ်စုငယ်များတွင် (heterogeneous small group) ပါဝင်အောင်ဖွဲ့စည်းပြီး ပူးပေါင်းဆောင်ရွက်ရသော လုပ်ငန်းများပေးခြင်းဖြင့် သင်ကြားသည်။ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့်သင်ယူမှုပုံစံတွင် အဖွဲ့အတွင်း တစ်ဦးနှင့်တစ်ဦး အပြုသဘောဆောင်သော အပြန်အလှန်မှီခိုခြင်း (Positive Interdependence) မျိုးရှိရမည်။ ထို့ပြင် အဖွဲ့၏ပန်းတိုင်အတွက် ကောင်းသော ကြိုးစားအားထုတ်မှု ရှိရမည်။ ဤကဲ့သို့ တစ်ဦးတစ်ယောက်ချင်းစီ၏ တာဝန်ယူမှု (Individual Accountability) အတွက် အဖွဲ့အတွင်း မှတ်တမ်းရေးမှတ်သူ၊ ဒိုင်လူကြီး၊ အဖွဲ့ခေါင်းဆောင်၊ အားပေးသူ စသည့်တာဝန်များခွဲဝေပေးရမည်။ အဖွဲ့အတွင်း ကျရာတာဝန်ကို သူငယ်ချင်းများ နှင့်ပူးပေါင်းလုပ်ဆောင်ခြင်း၊ အပြန်အလှန်အကြံဉာဏ်ကောင်းများပေးခြင်း၊ အားပေးတုံ့ပြန်ချက်များပေးခြင်းဖြင့် ပေါင်းသင်း ဆက်ဆံမှုဆိုင်ရာ အရည်အသွေးနှင့် ပြဿနာဖြေရှင်းခြင်းဆိုင်ရာ အရည်အသွေးများတိုးတက်လာမည်။ ကျောင်းသားအချင်းချင်း စစ်ဆေးအကဲဖြတ်ခြင်းနှင့် အုပ်စုလိုက်ဆွေးနွေးခြင်းများကို သင်ခန်းစာနိဂုံးချုပ်တွင် ပြန်လည်သုံးသပ်ခြင်း ပြုလုပ်ရာ၌ အသုံးပြုနိုင်သည်။ ပြန်လည်သုံးသပ်ရာတွင် ကလေးများသည် တစ်ဦးချင်းစဉ်းစားပြီး နှစ်ယောက်တစ်တွဲဆွေးနွေးခြင်း၊ အုပ်စုတွင်း မျှဝေခြင်း စသည့် အစီအစဉ်အတိုင်း ပြုလုပ်စေရမည်။ ဤသို့ပြုလုပ်ခြင်းဖြင့် ဆရာသည် ကလေးများ၏ တုံ့ပြန်ချက်များကို နားထောင်ကာ ၎င်းတို့၏တိုးတက်မှုအခြေအနေကို သိရှိနိုင်သည်။
- ➢ စတုတ္ထတန်းတွင် ကျောင်းသုံးစာအုပ်နှင့် ဆရာလမ်းညွှန်စာအုပ်တို့တွင် ပါဝင်သော အချို့ဖော်ပြချက်များနှင့် အကြောင်းအရာများသည် ပညာရေးသဘောတရားဆိုင်ရာ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့်သင်ယူမှုပုံစံ (Cooperative Learning Model)၊ နားလည်မှုရရှိရန် ကစားနည်းဖြင့်သင်ကြားမှုပုံစံ (Teaching Game for Understanding Model-TGfU) နှင့် အားကစားပညာကို သင်ကြားမှုပုံစံ (Sport Education Model) တို့ကို အခြေခံထားသည်။ TGfU Model ကို ဥပမာပေးရလျှင် ကလေးများကို ဦးစွာ အချိန်အနည်းငယ်ကစားစေရမည်။ ကစားရာမှ တွေ့ရှိရသော အခက်အခဲများကို ဖြေရှင်းနိုင်ရန် နည်းလမ်းများအား အုပ်စုလိုက် ဆွေးနွေးစေပြီး လိုအပ်သော လေ့ကျင့်မှုများပြုလုပ်စေရမည်။ ရှာဖွေတွေ့ရှိသော နည်းလမ်းများကို အသုံးပြုကာ အုပ်စုလိုက် စုပေါင်းကစားခြင်းနှင့် ယှဉ်ပြိုင်ကစားခြင်းတို့ကို နောက်ဆုံးစာသင်ချိန်တွင် ပြန်လည်ကစားသည့်နည်းကို ကျောင်းသုံးစာအုပ်တွင် သရုပ်ဖော်ထားပြီး ဆရာလမ်းညွှန်စာအုပ်တွင် ရှင်းလင်းထားပါသည်။

## ၆။ သင်ကြားရာတွင် သတိပြုရမည့် အချက်များ

စာသင်ချိန်တစ်ချိန်ချင်းစီအတွက် သင်ကြားသင်ယူမှုလုပ်ငန်းစဉ်ကို ဆရာလမ်းညွှန်တွင်ဖော်ပြထားသည်။ ဆရာက တစ်ခါတစ်ရံ ကလေးများကိုရှင်းပြရန်အတွက် စာသင်ချိန်၏ အချိန်များစွာကို အသုံးပြုလိုက်သဖြင့် ကလေးများ ကာယလှုပ်ရှားမှုပြုလုပ်ရန်နှင့် လေ့ကျင့်ရန်အတွက် အချိန်ခွဲဝေမှု နည်းပါးတတ်သည်။ ထို့သို့မဖြစ်စေရန် ဆရာက ကလေးများကို ကာယလှုပ်ရှားမှု လေ့ကျင့်ခြင်းအတွက် အချိန်လုံလောက်စွာရရှိရန် သေချာစွာ အချိန်ခွဲဝေမှု ပြုလုပ်ရမည်။

DBE BOX

## ၄။ စတုတ္ထတန်းတွင် အသစ်ထည့်သွင်းထားသော နယ်ပယ်များ

စတုတ္ထတန်းတွင် သင်ယူမှုနယ်ပယ်တစ်ခုပြောင်းလဲထားပါသည်။ သီဆိုလှုပ်ရှားမှုကစားနည်းသည် စတုတ္ထတန်းတွင် မပါဝင်သော်လည်း ကျန်းမာကြံ့ခိုင်ရေးလေ့ကျင့်ခန်းဖြစ်သော အေးရိုးဗစ်သင်ခန်းစာတွင် သီဆိုလှုပ်ရှားမှုကစားနည်း၏အခြေခံ ရည်ရွယ်ချက်များ ပါဝင်သည်။

## ၅။ လိုအပ်သောစွမ်းရည်များရရှိရန် သင့်လျော်သောသင်ကြားသင်ယူမှုပုံစံ

စတုတ္ထတန်း ကျောင်းသားများအတွက် လိုအပ်သော သင်ကြားသင်ယူမှုပုံစံကို (၁. ၂) ဆရာလမ်းညွှန်ဖွဲ့စည်းပြင်ဆင်ထားမှုနှင့် **စာမျက်နှာ (၃)ရှိ (၅) သင်ကြားသင်ယူမှုလုပ်ငန်းစဉ်များ**တွင် ဖော်ပြထားပြီးဖြစ်သည်။ ထို့ပြင် အောက်ဖော်ပြပါအချက်များကို ထည့်သွင်းစဉ်းစားကာ သင်ကြားရမည်။

- အုပ်စုတွင်းပူးပေါင်းဆောင်ရွက်ခြင်းသည် ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်းတို့နှင့် နှိုင်းယှဉ်လျှင် စတုတ္ထတန်းတွင် အလွန်အရေးကြီးသော အခန်းကဏ္ဍတွင်ပါဝင်သည်။ ကစားရာတွင် အသင်းအောင်နိုင်ရေးအတွက် ကလေးများအချင်းချင်း တိုင်ပင်ဆွေးနွေးကာ နည်းပရိယာယ်များဖြင့် လုပ်ဆောင်နိုင်ရန် ရည်ရွယ်သည်။ အခြေခံအားဖြင့် အဖွဲ့တစ်ဖွဲ့တွင် ကလေး ၄ ယောက်ဖြင့်ဖွဲ့ကာ စာသင်ချိန်အစမှ သင်ခန်းစာ ပြီးဆုံးသည်အထိ အုပ်စုဖွဲ့ကစားစေသည်။ ထိုသို့ကစားခြင်းဖြင့် အသင်းအဖွဲ့စိတ်ဓာတ်နှင့် အသင်းအုပ်ချုပ်စီမံရာတွင် ပိုမိုကောင်းမွန်သော အကျိုးသက်ရောက်မှုရှိသည်။
- လူမှုရေးဆိုင်ရာနယ်ပယ်အတွက် သင်ခန်းစာနှင့် သင်ကြားသင်ယူမှုလုပ်ငန်းစဉ်ကို ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့်သင်ယူမှုပုံစံ (cooperative learning model) ကို အခြေခံထားသည်။ ဥပမာ ပုံစံအမျိုးမျိုးနှင့်အရည်အသွေးအမျိုးမျိုးရှိသော ကလေးများကို အုပ်စုငယ်များတွင် (heterogeneous small group) ပါဝင်အောင်ဖွဲ့စည်းပြီး ပူးပေါင်းဆောင်ရွက်ရသော လုပ်ငန်းများပေးခြင်းဖြင့် သင်ကြားသည်။ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့်သင်ယူမှုပုံစံတွင် အဖွဲ့အတွင်း တစ်ဦးနှင့်တစ်ဦး အပြုသဘောဆောင်သော အပြန်အလှန်မှီခိုခြင်း (Positive Interdependence) မျိုးရှိရမည်။ ထို့ပြင် အဖွဲ့၏ပန်းတိုင်အတွက် ကောင်းသော ကြိုးစားအားထုတ်မှုရှိရမည်။ ဤကဲ့သို့ တစ်ဦးတစ်ယောက်ချင်းစီ၏ တာဝန်ယူမှု (Individual Accountability) အတွက် အဖွဲ့အတွင်း မှတ်တမ်းရေးမှတ်သူ၊ ဒိုင်လူကြီး၊ အဖွဲ့ခေါင်းဆောင်၊ အားပေးသူ စသည့်တာဝန်များခွဲဝေပေးရမည်။ အဖွဲ့အတွင်း ကျရာတာဝန်ကို သူငယ်ချင်းများ နှင့်ပူးပေါင်းလုပ်ဆောင်ခြင်း၊ အပြန်အလှန်အကြံဉာဏ်ကောင်းများပေးခြင်း၊ အားပေးတုံ့ပြန်ချက်များပေးခြင်းဖြင့် ပေါင်းသင်း ဆက်ဆံမှုဆိုင်ရာ အရည်အသွေးနှင့် ပြဿနာဖြေရှင်းခြင်းဆိုင်ရာ အရည်အသွေးများတိုးတက်လာမည်။ ကျောင်းသားအချင်းချင်း စစ်ဆေးအကဲဖြတ်ခြင်းနှင့် အုပ်စုလိုက်ဆွေးနွေးခြင်းများကို သင်ခန်းစာနိဂုံးချုပ်တွင် ပြန်လည်သုံးသပ်ခြင်း ပြုလုပ်ရာ၌ အသုံးပြုနိုင်သည်။ ပြန်လည်သုံးသပ်ရာတွင် ကလေးများသည် တစ်ဦးချင်းစဉ်းစားပြီး နှစ်ယောက်တစ်တွဲဆွေးနွေးခြင်း၊ အုပ်စုတွင်း မျှဝေခြင်း စသည့် အစီအစဉ်အတိုင်း ပြုလုပ်စေရမည်။ ဤသို့ပြုလုပ်ခြင်းဖြင့် ဆရာသည် ကလေးများ၏ တုံ့ပြန်ချက်များကို နားထောင်ကာ ၎င်းတို့၏တိုးတက်မှုအခြေအနေကို သိရှိနိုင်သည်။
- စတုတ္ထတန်းတွင် ကျောင်းသုံးစာအုပ်နှင့် ဆရာလမ်းညွှန်စာအုပ်တို့တွင် ပါဝင်သော အချို့ဖော်ပြချက်များနှင့် အကြောင်းအရာများသည် ပညာရေးသဘောတရားဆိုင်ရာ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့်သင်ယူမှုပုံစံ (Cooperative Learning Model)၊ နားလည်မှုရရှိရန် ကစားနည်းဖြင့်သင်ကြားမှုပုံစံ (Teaching Game for Understanding Model-TGfU) နှင့် အားကစားပညာကို သင်ကြားမှုပုံစံ (Sport Education Model) တို့ကို အခြေခံထားသည်။ TGfU Model ကို ဥပမာပေးရလျှင် ကလေးများကို ဦးစွာ အချိန်အနည်းငယ်ကစားစေရမည်။ ကစားရာမှ တွေ့ရှိရသော အခက်အခဲများကို ဖြေရှင်းနိုင်ရန် နည်းလမ်းများအား အုပ်စုလိုက် ဆွေးနွေးစေပြီး လိုအပ်သော လေ့ကျင့်မှုများပြုလုပ်စေရမည်။ ရှာဖွေတွေ့ရှိသော နည်းလမ်းများကို အသုံးပြုကာ အုပ်စုလိုက် စုပေါင်းကစားခြင်းနှင့် ယှဉ်ပြိုင်ကစားခြင်းတို့ကို နောက်ဆုံးစာသင်ချိန်တွင် ပြန်လည်ကစားသည့်နည်းကို ကျောင်းသုံးစာအုပ်တွင် သရုပ်ဖော်ထားပြီး ဆရာလမ်းညွှန်စာအုပ်တွင် ရှင်းလင်းထားပါသည်။

## ၆။ သင်ကြားရာတွင် သတိပြုရမည့် အချက်များ

စာသင်ချိန်တစ်ချိန်ချင်းစီအတွက် သင်ကြားသင်ယူမှုလုပ်ငန်းစဉ်ကို ဆရာလမ်းညွှန်တွင်ဖော်ပြထားသည်။ ဆရာက တစ်ခါတစ်ရံ ကလေးများကိုရှင်းပြရန်အတွက် စာသင်ချိန်၏ အချိန်များစွာကို အသုံးပြုလိုက်သဖြင့် ကလေးများ ကာယလှုပ်ရှားမှုပြုလုပ်ရန်နှင့် လေ့ကျင့်ရန်အတွက် အချိန်ခွဲဝေမှု နည်းပါးတတ်သည်။ ထို့သို့မဖြစ်စေရန် ဆရာက ကလေးများကို ကာယလှုပ်ရှားမှု လေ့ကျင့်ခြင်းအတွက် အချိန်လုံလောက်စွာရရှိရန် သေချာစွာ အချိန်ခွဲဝေမှု ပြုလုပ်ရမည်။

DBE BOX

## ၇။ စစ်ဆေးအကဲဖြတ်ခြင်း

စတုတ္ထတန်း ကာယပညာဘာသာရပ်တွင် သင်ယူစဉ်စစ်ဆေးအကဲဖြတ်ခြင်းကိုသာ အဓိကထည့်သွင်းထားပါသည်။ သင်ကြားသင်ယူနေစဉ်တွင် ဆရာက ကလေးများ၏လုပ်ဆောင်ချက်များကို စာသင်ချိန်အလိုက်ဖော်ပြထားသော သင်ကြားသင်ယူမှုဦးတည်ချက်များအပေါ် အခြေခံ၍ စစ်ဆေးအကဲဖြတ်ခြင်းဇယားကိုစစ်ဆေးနိုင်ပြီး တစ်ဦးချင်း အကောင်းမြင်တုံ့ပြန်ချက်များပေးရမည်။ ကလေးအများစုသည် စစ်ဆေးခြင်းရလဒ်အရ သင်ခန်းစာဦးတည်ချက်ကို မရောက်ရှိပါက ဆရာက သင်ခန်းစာအစီအစဉ်များကို ပြန်လည်သုံးသပ်ပြီး ပြန်လည်သင်ကြားပေးရမည်။

စစ်ဆေးအကဲဖြတ်ခြင်းတွင် မေးခွန်းများမေး၍ မိမိကိုယ်ကိုစစ်ဆေးအကဲဖြတ်ခြင်း၊ ကျောင်းသားအချင်းချင်းစစ်ဆေးအကဲဖြတ်ခြင်းနှင့် ဆရာကကြည့်ရှုလေ့လာခြင်းဖြင့်စစ်ဆေးအကဲဖြတ်ခြင်းဟူ၍ စစ်ဆေးအကဲဖြတ်ခြင်းအမျိုးမျိုးကိုထည့်သွင်းထားပါသည်။ ကလေးများ မိမိကိုယ်ကိုစစ်ဆေးအကဲဖြတ်နိုင်ရန် မေးခွန်းများကို ကျောင်းသုံးစာအုပ်တွင် သင်ခန်းစာအခန်းတစ်ခန်းချင်းစီ၏နောက်ဆုံး၌ ဖော်ပြထားပါသည်။ ကျောင်းသားအချင်းချင်းစစ်ဆေးအကဲဖြတ်ရာတွင် ဆရာလမ်းညွှန်၏ စာသင်ချိန်တစ်ခုချင်းစီတွင် ဖော်ပြထားသော စစ်ဆေးအကဲဖြတ်ခြင်းလမ်းညွှန်ချက်ဇယားပါ စစ်ဆေးအကဲဖြတ်ရမည့်အချက်များကို အခြေခံကာ ဆရာက ကလေးများနားလည်လွယ်ကူစေသော စကားလုံးများဖြင့်ရှင်းပြ၍ သူငယ်ချင်းများ၏လုပ်ဆောင်ချက်ကို ကြည့်ရှုလေ့လာစေကာ အားဖြည့်သုံးသပ်ချက်များပေးခြင်းဖြင့် ကူညီပံ့ပိုးခြင်းများပြုလုပ်စေရမည်။ ဆရာကလေ့လာခြင်းဖြင့်စစ်ဆေးအကဲဖြတ်ရာတွင် ဆရာလမ်းညွှန်၏ စာသင်ချိန်တစ်ခုချင်းစီတွင် ဖော်ပြထားသော စစ်ဆေးအကဲဖြတ်ခြင်းလမ်းညွှန်ချက်ဇယားပါ စစ်ဆေးအကဲဖြတ်ရမည့်အချက်များကို အခြေခံကာ စစ်ဆေးအကဲဖြတ်ရမည်။ စစ်ဆေးအကဲဖြတ်ရာတွင် အရေးကြီးဆုံးအချက်မှာ ဆရာနှင့်ကျောင်းသားများကြားတွင် စစ်ဆေးအကဲဖြတ်ရမည့်အချက်ကို နှစ်ဦးစလုံး ကောင်းစွာနားလည် သဘောပေါက်ရမည်။

စစ်ဆေးအကဲဖြတ်ခြင်းပုံစံအမျိုးမျိုးကို ဆရာလမ်းညွှန်စာအုပ်တွင် နောက်ဆက်တွဲများဖြင့် ဖော်ပြထားပါသည်။ နောက်ဆက်တွဲ(က) စစ်ဆေးခြင်းရမှတ်ဇယားသည် ဆရာကလေ့လာခြင်းဖြင့်စစ်ဆေးအကဲဖြတ်ရာတွင် အသုံးပြုနိုင်ရန် ထည့်သွင်းထားပါသည်။ ဆရာက ကျောင်းသားတစ်ဦးချင်းစီ၏လုပ်ဆောင်ချက်များကို ကြည့်ရှုလေ့လာကာ စစ်ဆေးခြင်းရမှတ်ဇယားတွင် မှတ်တမ်းတင်ထားနိုင်သည်။ ကျောင်းသားများအခက်အခဲဖြစ်နေလျှင် ဆရာကကူညီလမ်းညွှန်ပေးရမည်။ ကျောင်းသားများ၏ လုပ်ဆောင်ချက်များကို စစ်ဆေးရာတွင် အကျိုးသက်ရောက်မှုနယ်ပယ်ကြီး ၄ ခုစလုံးအား စစ်ဆေးသင့်သည်။ အောက်ဖော်ပြပါ စစ်ဆေးအကဲဖြတ်ခြင်းဇယားတွင် အကျိုးသက်ရောက်မှု နယ်ပယ်ကြီး ၄ ခုအား မည်သို့စစ်ဆေးရမည်ကို ဖော်ပြထားပါသည်။ ထိုစစ်ဆေးအကဲဖြတ်ရမည့် လမ်းညွှန်ချက်ဇယားကို ကလေးများမိမိကိုယ်ကို စစ်ဆေးအကဲဖြတ်ခြင်းနှင့် ကျောင်းသားအချင်းချင်း စစ်ဆေးအကဲဖြတ်ခြင်းတို့အတွက် စစ်ဆေးအကဲဖြတ်ရမည့်အချက်များအနေဖြင့် အသုံးပြုရမည်။ စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ လမ်းညွှန်ချက်ဇယားများကို စာသင်ချိန်တစ်ခုချင်းစီတွင် ဖော်ပြထားသည်။

### စစ်ဆေးအကဲဖြတ်ခြင်းဇယား

| နယ်ပယ် | အကဲဖြတ်မည့် အချက်အလက်များ |
|---|---|
| ခံစားမှုဆိုင်ရာ အကျိုးသက်ရောက်မှုနယ်ပယ် | သင်ကြားသင်ယူနေစဉ်နှင့်သင်ကြားခြင်းအပြီးတွင် ကလေးများ၏ပျော်ရွှင်မှုနှင့် သင်ခန်းစာတွင် တက်ကြွစွာပါဝင်မှု ရှိ၊ မရှိကို ကြည့်ရှုလေ့လာပြီး အကဲဖြတ်ရမည်။ |
| လှုပ်ရှားမှုဆိုင်ရာ ကျွမ်းကျင်မှုနယ်ပယ် | အုပ်စုလိုက်လေ့ကျင့်နေချိန်နှင့် ယှဉ်ပြိုင်နေချိန်တွင် ကလေးများ၏ ကစားနည်းများနှင့်ပတ်သက်သည့် လှုပ်ရှားမှုများကို ကလေးများ မှန်ကန်စွာလုပ်ဆောင်နိုင်မှု ရှိ၊ မရှိ ကိုကြည့်ရှုလေ့လာပြီး အကဲဖြတ်ရမည်။ |
| သိမှုဆိုင်ရာ နားလည်အသုံးချမှုနယ်ပယ် | ကိုယ်ကာယလှုပ်ရှားမှုများဆောင်ရွက်ရာတွင် ကစားနည်းစည်းမျဉ်းများကို နားလည်သဘောပေါက်ပြီး ကစားရာတွင် တွေ့ရှိရသည့်အခက်အခဲများကို အုပ်စုလိုက်ဆွေးနွေးပြီး ဖြေရှင်းနိုင်ခြင်း ရှိ၊ မရှိကို ကြည့်ရှုလေ့လာပြီး အကဲဖြတ်ရမည်။ |
| လူမှုရေးဆိုင်ရာနယ်ပယ် | ကလေးများအချင်းချင်း တစ်ဦးနှင့်တစ်ဦး လေးစားတန်ဖိုးထားတတ်ခြင်း၊ အခြားသူများ၏ လုပ်ဆောင်နိုင်မှု၊ ထင်မြင်ယူဆချက်နှင့် အပြုအမူ၊ အပြောအဆို မတူညီချက်များကို လက်ခံတတ်ခြင်း၊ လုပ်ဆောင်မှုအားနည်းသူကို အားပေးကူညီတတ်ခြင်း၊ အများနှင့်ပူးပေါင်း ဆောင်ရွက်တတ်ခြင်းစသည့် အပြုအမူများကို ကြည့်ရှုလေ့လာအကဲဖြတ်ရမည်။ |

နောက်ဆက်တွဲ(ခ)သည် မိမိကိုယ်ကိုစစ်ဆေးအကဲဖြတ်ခြင်းအတွက်ဖြစ်ပြီး ဆရာက မိတ္တူကူး၍ဖြစ်စေ၊ ဆရာကိုယ်တိုင်ပြုလုပ်၍ဖြစ်စေ ကျောင်းသားများအားပေးရမည်။ ဆရာက ကျောင်းသုံးစာအုပ်ပါ မေးခွန်းများကို ကလေးများအားဖတ်စေရမည်။ မိမိကိုယ်ကို စစ်ဆေးအကဲဖြတ်ခြင်းတွင် ကျောင်းသားများက ဖော်ပြပါမျက်နှာရုပ်ပုံများဖြစ်သည့် (ကြိုးစားဆဲကာလပုံများ၊ ကျေနပ်နှစ်သိမ့်မှုအဆင့်ပုံများ၊ အကောင်းဆုံးပုံများ)တွင် မိမိတို့၏အမြင်ကို အမှန်(✔)ခြစ်ရမည်။ ကျောင်းသားများက မိမိတို့၏အမြင်ကို ဖြေကြားပြီးနောက် ဆရာက ကျောင်းသားများအား အားဖြည့်သုံးသပ်ချက်များပေးရမည်။

သင်ခန်းစာတစ်ခုပြီးဆုံးတိုင်း နောက်ဆက်တွဲ(က)နှင့် နောက်ဆက်တွဲ(ခ)ကို နောက်ဆက်တွဲ(ဂ)ရှိ သက်ဆိုင်ရာ ကော်လံများတွင် စစ်ဆေးအကဲဖြတ်ခြင်းအနှစ်ချုပ်အဖြစ်ဆရာကဖြည့်သွင်းရမည်။ နောက်ဆက်တွဲ(ဂ)သည် သင်ခန်းစာတစ်ခုစီအတွက် မိမိကိုယ်ကို စစ်ဆေးအကဲဖြတ်ခြင်းမှတ်တမ်းနှင့် ဆရာကကြည့်ရှုလေ့လာခြင်းဖြင့်စစ်ဆေးအကဲဖြတ်ခြင်းများကို ဖော်ပြထားပါသည်။ ဆရာက ကျောင်းသားတစ်ယောက်ချင်းစီအတွက် သုံးသပ်ချက်များကို နောက်ဆက်တွဲ(ဂ)တွင် ရေးသားနိုင်သည်။ ၎င်းမှတ်တမ်းကို နောက်သင်ခန်းစာများ သင်ကြားရာတွင် ပိုမိုကောင်းမွန်အောင် မှတ်တမ်းတင်ရာ၌လည်းကောင်း၊ ပညာရည်အကဲဖြတ်မှတ်တမ်း (QRC) နှင့် ဘက်စုံပညာအရည်အချင်းမှတ်တမ်းချုပ် (CPR) မှတ်တမ်းတင်ထားရှိရာတွင် အသုံးပြုနိုင်သည်။

ကျောင်းသားအချင်းချင်းစစ်ဆေးအကဲဖြတ်ခြင်းအတွက် မှတ်တမ်းတင်ရန်မထားဘဲ ဆရာက ဆရာလမ်းညွှန်၏ သင်ခန်းစာတစ်ခုချင်းစီတွင်ဖော်ပြထားသော စစ်ဆေးအကဲဖြတ်ခြင်းလမ်းညွှန်ချက်ဇယားများကို အခြေခံကာ ကျောင်းသားများအချင်းချင်း တစ်ဦးကိုတစ်ဦး ကြည့်ရှုလေ့လာစေခြင်းဖြင့် ကူညီပံ့ပိုးစေရမည်။

## ၈။ စာသင်ချိန်ခွဲဝေမှုဇယား

တစ်နှစ်တာစာသင်ချိန် ၈၉ ချိန်ဖြစ်ပြီး အရန်စာသင်ချိန် ၃၁ ချိန်ဖြစ်ပါသည်။ ပထမတန်း၊ ဒုတိယတန်းနှင့် တတိယတန်းတို့အတွက် ကာယပညာ စာသင်ချိန် တစ်ပတ် ၂ ချိန်မှ စတုတ္ထတန်းတွင် တစ်ပတ် ၃ချိန် အဖြစ် တိုးမြှင့်ထားသည်။ တစ်ချိန်လျှင် **မိနစ် ၄၀** ဖြစ်ပါသည်။ ဖော်ပြထားသော လပိုင်းမာတိကာခွဲဝေမှုဇယားသည် နမူနာသာဖြစ်ပါသည်။ ဆရာများက ဒေသဆိုင်ရာ ရာသီဥတု၊ ကျောင်းတွင် ပြုလုပ်မည့် အခမ်းအနားများ အခြေအနေပေါ်မူတည်၍ လပိုင်းမာတိကာကို သင့်လျော်သလို ပြောင်းလဲသင်ကြားနိုင်ပါသည်။

### စစ်ဆေးအကဲဖြတ်ခြင်းဇယား

| စဉ် | လပိုင်းခွဲဝေမှု | နယ်ပယ် | သင်ခန်းစာအမည် | စာသင်ချိန် |
|---|---|---|---|---|
| ၁ | ဇွန်လပထမပတ် | ကျန်းမာကြံ့ခိုင်ရေးလေ့ကျင့်ခန်း | အခန်း(၁) တန်းစီခြင်း | ၁ |
| ၂ | ဇွန်လပထမပတ် | ကျန်းမာကြံ့ခိုင်ရေးလေ့ကျင့်ခန်း | အခန်း(၂) မကစားမီနှင့် ကစားပြီးလုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများ | ၂ |
| ၃ | ဇွန်လ ဒုတိယပတ် | ကျန်းမာကြံ့ခိုင်ရေးလေ့ကျင့်ခန်း | အခန်း(၆) ပြေးခြင်း | ၂ |
| ၄ | ဇွန်လဒုတိယပတ်<br>ဇွန်လတတိယပတ် | စုပေါင်းကစားနည်း | အခန်း(၁၃) နေရာလပ်ဝင်ကစားနည်း | ၂ |
| ၅ | ဇွန်လတတိယပတ် | စုပေါင်းကစားနည်း | အခန်း(၁၆) ဘောလုံးသယ်ကစားနည်း | ၂ |
| ၆ | ဇွန်လစတုတ္ထပတ်<br>ဇူလိုင်လပထမပတ် | ယှဉ်ပြိုင်ကစားနည်း | အခန်း(၂၂) မြွေလိမ်မြွေကောက်ကစားနည်း | ၄ |
| ၇ | ဇူလိုင်လပထမပတ် | ကျန်းမာကြံ့ခိုင်ရေးလေ့ကျင့်ခန်း | အခန်း(၇) ဟန်ချက်ညီမျှမှုလေ့ကျင့်ခန်းများ | ၂ |
| ၈ | ဇူလိုင်လဒုတိယပတ် | စုပေါင်းကစားနည်း | အခန်း(၁၁) နောက်ဆုံးကျန်လျှင် သင်ဘုရင်ကစားနည်း | ၂ |
| ၉ | ဇူလိုင်လဒုတိယပတ်<br>ဇူလိုင်လတတိယပတ် | ကျန်းမာကြံ့ခိုင်ရေးလေ့ကျင့်ခန်း | အခန်း(၃) စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ(အတွဲ-၁) | ၄ |

DBEBOX

နောက်ဆက်တွဲ(ခ)သည် မိမိကိုယ်ကိုစစ်ဆေးအကဲဖြတ်ခြင်းအတွက်ဖြစ်ပြီး ဆရာက မိတ္တူကူး၍ဖြစ်စေ၊ ဆရာကိုယ်တိုင်ပြုလုပ်၍ဖြစ်စေ ကျောင်းသားများအားပေးရမည်။ ဆရာက ကျောင်းသုံးစာအုပ်ပါ မေးခွန်းများကို ကလေးများအားဖတ်စေရမည်။ မိမိကိုယ်ကိုစစ်ဆေးအကဲဖြတ်ခြင်းတွင် ကျောင်းသားများက ဖော်ပြပါမျက်နှာရုပ်ပုံများဖြစ်သည့် (ကြိုးစားဆဲကာလပုံများ၊ ကျေနပ်နှစ်သိမ့်မှုအဆင့်ပုံများ၊ အကောင်းဆုံးပုံများ)တွင် မိမိတို့၏အမြင်ကို အမှန်(✔)ခြစ်ရမည်။ ကျောင်းသားများက မိမိတို့၏အမြင်ကို ဖြေကြားပြီးနောက် ဆရာက ကျောင်းသားများအား အားဖြည့်သုံးသပ်ချက်များပေးရမည်။

သင်ခန်းစာတစ်ခုပြီးဆုံးတိုင်း နောက်ဆက်တွဲ(က)နှင့် နောက်ဆက်တွဲ(ခ)ကို နောက်ဆက်တွဲ(ဂ)ရှိ သက်ဆိုင်ရာ ကော်လံများတွင် စစ်ဆေးအကဲဖြတ်ခြင်းအနှစ်ချုပ်အဖြစ်ဆရာကဖြည့်သွင်းရမည်။ နောက်ဆက်တွဲ(ဂ)သည် သင်ခန်းစာတစ်ခုစီအတွက် မိမိကိုယ်ကိုစစ်ဆေးအကဲဖြတ်ခြင်းမှတ်တမ်းနှင့် ဆရာကကြည့်ရှုလေ့လာခြင်းဖြင့်စစ်ဆေးအကဲဖြတ်ခြင်းများကို ဖော်ပြထားပါသည်။ ဆရာက ကျောင်းသားတစ်ယောက်ချင်းစီအတွက် သုံးသပ်ချက်များကို နောက်ဆက်တွဲ(ဂ)တွင် ရေးသားနိုင်သည်။ ၎င်းမှတ်တမ်းကို နောက်သင်ခန်းစာများ သင်ကြားရာတွင် ပိုမိုကောင်းမွန်အောင် မှတ်တမ်းတင်ရာ၌လည်းကောင်း၊ ပညာရည်အကဲဖြတ်မှတ်တမ်း (QRC) နှင့် ဘက်စုံပညာအရည်အချင်းမှတ်တမ်းချုပ် (CPR) မှတ်တမ်းတင်ထားရှိရာတွင် အသုံးပြုနိုင်သည်။

ကျောင်းသားအချင်းချင်းစစ်ဆေးအကဲဖြတ်ခြင်းအတွက် မှတ်တမ်းတင်ရန်မထားဘဲ ဆရာက ဆရာလမ်းညွှန်၏ သင်ခန်းစာတစ်ခုချင်းစီတွင်ဖော်ပြထားသော စစ်ဆေးအကဲဖြတ်ခြင်းလမ်းညွှန်ချက်ဇယားများကို အခြေခံကာ ကျောင်းသားများအချင်းချင်း တစ်ဦးကိုတစ်ဦး ကြည့်ရှုလေ့လာစေခြင်းဖြင့် ကူညီပံ့ပိုးစေရမည်။

## ၈။ စာသင်ချိန်ခွဲဝေမှုဇယား

တစ်နှစ်တာစာသင်ချိန် ၈၉ ချိန်ဖြစ်ပြီး အရန်စာသင်ချိန် ၃၁ ချိန်ဖြစ်ပါသည်။ ပထမတန်း၊ ဒုတိယတန်းနှင့် တတိယတန်းတို့အတွက် ကာယပညာ စာသင်ချိန် တစ်ပတ် ၂ ချိန်မှ စတုတ္ထတန်းတွင် တစ်ပတ် ၃ချိန် အဖြစ် တိုးမြှင့်ထားသည်။ တစ်ချိန်လျှင် **မိနစ် ၄၀** ဖြစ်ပါသည်။ ဖော်ပြထားသော လပိုင်းမာတိကာခွဲဝေမှုဇယားသည် နမူနာသာဖြစ်ပါသည်။ ဆရာများက ဒေသဆိုင်ရာ ရာသီဥတု၊ ကျောင်းတွင် ပြုလုပ်မည့် အခမ်းအနားများ အခြေအနေပေါ်မူတည်၍ လပိုင်းမာတိကာကို သင့်လျော်သလို ပြောင်းလဲသင်ကြားနိုင်ပါသည်။

### စစ်ဆေးအကဲဖြတ်ခြင်းဇယား

| စဉ် | လပိုင်းခွဲဝေမှု | နယ်ပယ် | သင်ခန်းစာအမည် | စာသင်ချိန် |
|---|---|---|---|---|
| ၁ | ဇွန်လပထမပတ် | ကျန်းမာကြံ့ခိုင်ရေးလေ့ကျင့်ခန်း | အခန်း(၁) တန်းစီခြင်း | ၁ |
| ၂ | ဇွန်လပထမပတ် | ကျန်းမာကြံ့ခိုင်ရေးလေ့ကျင့်ခန်း | အခန်း(၂) မကစားမီနှင့် ကစားပြီးလုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများ | ၂ |
| ၃ | ဇွန်လ ဒုတိယပတ် | ကျန်းမာကြံ့ခိုင်ရေးလေ့ကျင့်ခန်း | အခန်း(၆) ပြေးခြင်း | ၂ |
| ၄ | ဇွန်လဒုတိယပတ်<br>ဇွန်လတတိယပတ် | စုပေါင်းကစားနည်း | အခန်း(၁၃) နေရာလပ်ဝင်ကစားနည်း | ၂ |
| ၅ | ဇွန်လတတိယပတ် | စုပေါင်းကစားနည်း | အခန်း(၁၆) ဘောလုံးသယ်ကစားနည်း | ၂ |
| ၆ | ဇွန်လစတုတ္ထပတ်<br>ဇူလိုင်လပထမပတ် | ယှဉ်ပြိုင်ကစားနည်း | အခန်း(၂၂) မြွေလိမ်မြွေကောက်ကစားနည်း | ၄ |
| ၇ | ဇူလိုင်လပထမပတ် | ကျန်းမာကြံ့ခိုင်ရေးလေ့ကျင့်ခန်း | အခန်း(၇) ဟန်ချက်ညီမျှမှုလေ့ကျင့်ခန်းများ | ၂ |
| ၈ | ဇူလိုင်လဒုတိယပတ် | စုပေါင်းကစားနည်း | အခန်း(၁၁) နောက်ဆုံးကျန်လျှင် သင်ဘုရင်ကစားနည်း | ၂ |
| ၉ | ဇူလိုင်လဒုတိယပတ်<br>ဇူလိုင်လတတိယပတ် | ကျန်းမာကြံ့ခိုင်ရေးလေ့ကျင့်ခန်း | အခန်း(၃) စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ(အတွဲ-၁) | ၄ |

DBE BOX

| စဉ် | လပိုင်းခွဲဝေမှု | နယ်ပယ် | သင်ခန်းစာအမည် | စာသင်ချိန် |
|---|---|---|---|---|
| ၁၀ | ဇူလိုင်လစတုတ္ထပတ်<br>ဩဂုတ်လပထမပတ် | ယှဉ်ပြိုင်ကစားနည်း | အခန်း(၂၁) ကြက်ဥကောက်ကစားနည်း | ၄ |
| ၁၁ | ဩဂုတ်လပထမပတ် | စုပေါင်းကစားနည်း | အခန်း(၁၅) ဖဲကြိုးဖြုတ်ကစားနည်း | ၂ |
| ၁၂ | ဩဂုတ်လဒုတိယပတ် | ကျန်းမာကြံ့ခိုင်ရေးလေ့ကျင့်ခန်း | အခန်း(၄) အေရိုးဗစ်လေ့ကျင့်ခန်းများ | ၆ |
| ၁၃ | ဩဂုတ်လစတုတ္ထပတ် | စုပေါင်းကစားနည်း | အခန်း(၁၈) မီးရထားတွဲကစားနည်း | ၂ |
| ၁၄ | ဩဂုတ်လစတုတ္ထပတ်<br>စက်တင်ဘာလပထမပတ် | ယှဉ်ပြိုင်ကစားနည်း | အခန်း(၂၄) ပိုက်တံဖြင့်ဘောလုံးသယ်ကစားနည်း | ၄ |
| ၁၅ | စက်တင်ဘာလဒုတိယပတ် | စုပေါင်းကစားနည်း | အခန်း(၁၇) သနားစရာငါးမျှားကစားနည်း | ၂ |
| ၁၆ | စက်တင်ဘာလဒုတိယပတ်<br>စက်တင်ဘာလတတိယပတ် | ယှဉ်ပြိုင်ကစားနည်း | အခန်း(၂၅) မိနီဘတ်စကက်ဘောကစားနည်း | ၄ |
| ၁၇ | စက်တင်ဘာလစတုတ္ထပတ် | စုပေါင်းကစားနည်း | အခန်း(၂၀) သုံးကွက်တန်းကစားနည်း | ၂ |
| ၁၈ | စက်တင်ဘာလစတုတ္ထပတ်<br>အောက်တိုဘာလပထမပတ် | ယှဉ်ပြိုင်ကစားနည်း | အခန်း(၂၆) မိနီဘော်လီဘောကစားနည်း | ၄ |
| ၁၉ | အောက်တိုဘာလဒုတိယပတ် | ကျန်းမာကြံ့ခိုင်ရေးလေ့ကျင့်ခန်း | အခန်း(၅) ခုန်ခြင်း | ၂ |
| ၂၀ | အောက်တိုဘာလဒုတိယပတ်<br>အောက်တိုဘာလတတိယပတ် | စုပေါင်းကစားနည်း | အခန်း(၁၀) ပေါင်းစပ်ကစားနည်း | ၂ |
| ၂၁ | အောက်တိုဘာလစတုတ္ထပတ် | စုပေါင်းကစားနည်း | အခန်း(၁၄) လိုဏ်ခေါင်းလျှိုပြေးကစားနည်း | ၂ |
| ၂၂ | နိုဝင်ဘာလပထမပတ်<br>နိုဝင်ဘာလဒုတိယပတ် | ကျန်းမာကြံ့ခိုင်ရေးလေ့ကျင့်ခန်း | အခန်း(၉) ကြိုးခုန်ခြင်း | ၆ |
| ၂၃ | နိုဝင်ဘာလတတိယပတ် | စုပေါင်းကစားနည်း | အခန်း(၁၉) ဟန်ချက်ညီကစားနည်း | ၂ |
| ၂၄ | နိုဝင်ဘာလတတိယပတ်<br>နိုဝင်ဘာလစတုတ္ထပတ် | ယှဉ်ပြိုင်ကစားနည်း | အခန်း(၂၇) ဘောလုံးပစ်ပေးကစားနည်း | ၄ |
| ၂၅ | ဒီဇင်ဘာလပထမပတ် | စုပေါင်းကစားနည်း | အခန်း(၁၂) လူတွဲကစားနည်း | ၂ |
| ၂၆ | ဒီဇင်ဘာလပထမပတ်<br>ဒီဇင်ဘာလဒုတိယပတ် | ယှဉ်ပြိုင်ကစားနည်း | အခန်း(၂၃) လက်ဆင့်ကမ်းပြေးခြင်းကစားနည်း | ၄ |
| ၂၇ | ဒီဇင်ဘာလတတိယပတ်<br>ဇန်နဝါရီလဒုတိယပတ်<br>ဇန်နဝါရီလတတိယပတ် | ကျန်းမာကြံ့ခိုင်ရေးလေ့ကျင့်ခန်း | အခန်း(၈) ဘောလုံးဖြင့်ကစားခြင်း | ၈ |
| ၂၈ | ဇန်နဝါရီလတတိယပတ်<br>ဇန်နဝါရီလစတုတ္ထပတ် | ယှဉ်ပြိုင်ကစားနည်း | အခန်း(၂၈) ဘောလုံးပွဲငယ်ကစားနည်း | ၆ |
| | | | အရန်စာသင်ချိန် | ၃၁ |
| | | | စုစုပေါင်းစာသင်ချိန် | ၁၂၀ |

## အခန်း(၁) တန်းစီခြင်း



မင်္ဂလာပါ ကလေးတို့။ ဆရာက တန်းစီခြင်းကို စနစ်တကျလုပ်ဆောင်တတ်အောင် ဒီနေ့သင်ပေးမယ်။ ကလေးတို့က ပျော်ပျော်ရွှင်ရွှင်နဲ့ မှန်မှန်ကန်ကန် လုပ်ဆောင်ကြရမယ်။ မှန်ကန်တဲ့လှုပ်ရှားမှုတွေကို နားလည်သဘောပေါက်ပြီး ရှင်းပြတတ်ရမယ်။




**မေးခွန်း**

| | | | | |
|---|---|---|---|---|
| ၁ | တန်းစီခြင်းမှာပါတဲ့ လှုပ်ရှားမှုတွေကို လုပ်ဆောင်ရတာ ပျော်ရွှင်ခဲ့ကြသလား။ | | | |
| ၂ | တန်းစီခြင်း အမျိုးမျိုးကို အဆင်ပြေပြေ လုပ်ဆောင်နိုင်ခဲ့ကြသလား။ | | | |
| ၃ | မှန်ကန်တဲ့ လှုပ်ရှားမှုတွေကို ဘယ်လိုလုပ်ရမယ်ဆိုတာ ရှင်းပြနိုင်မလား။ | | | |
| ၄ | သူငယ်ချင်းတွေနဲ့ ညှိနှိုင်းလုပ်ဆောင်ခဲ့ကြသလား။ | | | |

၁

## ရုပ်ပုံများနှင့်ပတ်သက်သောရှင်းလင်းချက်များ

၁ ခြေဖျားစုထားပြီး လက်သီးဆုပ်ကာ လက်နှစ်ဖက်ကို ခန္ဓာကိုယ်ဘေးတွင် ကပ်ထားရမည်။

၂ ဘယ်ခြေကို ပခုံးအကျယ်ခွဲရမည်။ လက်နှစ်ဖက်ကို နောက်ပစ်ထားပြီး ညာလက်ကို လက်သီးဆုပ်ထားကာ ဘယ်လက်ဖြင့် ညာလက်ကောက်ဝတ်ကို ဆုပ်ကိုင်ရမည်။

၃ ရှေ့ဆုံးတန်းတွင် ၄ ယောက်ရှိရမည်။ ညာအစွန်ဆုံးကလေးက ညာလက်ထောင်ပြီး ဘယ်လက်ကို ပခုံးအမြင့်အတိုင်း ဆန့်ထုတ်ရမည်။ ရှေ့ဆုံးတန်းရှိ ကျန်ကလေးများက ဘယ်ညာ လက်ဘေးဆန့်ရမည်။ ဘယ်အစွန်ကလေးသည် ညာဘက်လက်ကို ဆန့်ထုတ်၍ ဘယ်ဘက်လက်သည် ခန္ဓာကိုယ်၏ဘေးတွင် ကပ်ထားရမည်။ နောက်တန်းရှိ ကလေးများက ရှေ့သို့ လက်တစ်ဆန့် ဆန့်ကာတန်းရမည်။

၄ အတန်းလိုက်တန်းစီခြင်းကို ကလေးများ မှန်ကန်စွာ လုပ်ဆောင်ပြီးလျှင် ရပ်လျက်ခုန်ပြီးထိုင်ရမည်။ ထိုင်ရာတွင် မှဆိုဒူးထောက်ပုံစံဖြင့်ထိုင်ရမည်။

၅ အတန်းရှိကလေးများကို အုပ်စု ၂ စုခွဲရမည်။ ဆရာ၏ ညွှန်ကြားချက်အတိုင်း ကလေးများက အုပ်စုလိုက် သရုပ်ပြရမည်။ ဆရာက ၃ ယောက်တန်းဟု ပြောလျှင် ကလေးများက ရှေ့ဆုံးတန်းတွင် ဘေးတိုက် ၃ ယောက်ရှိပြီး ၎င်း ၃ ယောက် နောက်တွင် ကျန်ကလေးများက လက်တစ်ဆန့်တန်း တန်းစီရမည်။

## အခန်း (၁) | စာသင်ချိန် ၁

### သင်ယူမှုဦးတည်ချက်များ

- တန်းစီခြင်းတွင် ပါဝင်လုပ်ဆောင်ခြင်းဖြင့် ပျော်ရွှင်မှုရှိရန်။
- တန်းစီခြင်းကို အုပ်စုလိုက် ညီညီညာညာလုပ်ဆောင်ရာတွင် ပူးပေါင်းဆောင်ရွက်တတ်ရန်။

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

ခရာ၊ စစ်ဆေးအကဲဖြတ်မှုမှတ်တမ်း။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ခန်းစာနှင့်မိတ်ဆက်ပြီး ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခြင်း။ (၃ မိနစ်)

၂။ ကစားမည့်နေရာကို သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် မကစားမီလုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများပြုလုပ်ခြင်း။ ( ၃ မိနစ်)

၃။ ဆရာကလှုပ်ရှားမှုအဆင့်ဆင့်ကိုရှင်းပြခြင်းနှင့် ကလေးများက လက်တွေ့လုပ်ဆောင်ခြင်း။ (၂၀ မိနစ်)
   (က) ခြေဖျားစုအနေအထား
   (ခ) သင်တန်းနားအနေအထား
   (ဂ) အတန်းလိုက်တန်းစီခြင်း
   (ဃ) ခြေခုန်ထိုင်ခြင်း

၄။ ရှေ့နောက်ဘေးတိုက်တန်းစီခြင်းကို အုပ်စုလိုက် သရုပ်ပြခြင်း။ (၁၀ မိနစ်)

၅။ ကစားပြီးလုပ်ဆောင်ရမည့်လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ ချီးမွမ်းခြင်း၊ အားပေးခြင်းနှင့် သင်ခန်းစာကို နိဂုံးချုပ်ခြင်း။ (၄ မိနစ်)

### စစ်ဆေးအကဲဖြတ်ရန်လမ်းညွှန်ချက်များ

| နယ်ပယ် / အဆင့် | ပါဝင်လုပ်ဆောင်ခြင်းဖြင့် ပျော်ရွှင်မှုရှိခြင်း (ခံစားမှုဆိုင်ရာ အကျိုးသက်ရောက်မှုနယ်ပယ်) | ညီညီညာညာလုပ်ဆောင်ရာတွင် ပူးပေါင်းတတ်ခြင်း (လူမှုရေးဆိုင်ရာနယ်ပယ်) |
|---|---|---|
| ၃ | တန်းစီခြင်းတွင် ပါဝင်လုပ်ဆောင်ခြင်းဖြင့် တက်ကြွပျော်ရွှင်မှုရှိသည်။ | တန်းစီခြင်းကို အုပ်စုလိုက် ညီညီညာညာလုပ်ဆောင်ရာတွင် အမြဲတမ်းပူးပေါင်းဆောင်ရွက်သည်။ |
| ၂ | တန်းစီခြင်းတွင် ပါဝင်လုပ်ဆောင်ခြင်းဖြင့် ပျော်ရွှင်မှုရှိသည်။ | တန်းစီခြင်းကို အုပ်စုလိုက် ညီညီညာညာလုပ်ဆောင်ရာတွင် ပူးပေါင်းဆောင်ရွက်သည်။ |
| ၁ | တန်းစီခြင်းတွင် ပါဝင်လုပ်ဆောင်ခြင်းဖြင့် ပျော်ရွှင်မှုရှိရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ | တန်းစီခြင်းကို အုပ်စုလိုက် ညီညီညာညာလုပ်ဆောင်နိုင်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ |

### အားပေးတုံ့ပြန်ချက်များ

- တန်းစီခြင်းကို ပါဝင်လုပ်ဆောင်ရာမှာ ပျော်ရွှင်ခဲ့ကြတယ်။
- အုပ်စုလိုက် ညီညီညာညာလုပ်ဆောင်ရာမှာ ပူးပေါင်းဆောင်ရွက်ခဲ့ကြတယ်။

| အခန်း (၂) | စာသင်ချိန် ၁/၂ |
|---|---|

## သင်ယူမှုဦးတည်ချက်များ

- မကစားမီနှင့် ကစားပြီးလုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများပြုလုပ်ရာတွင် ပျော်ရွှင်မှုရှိရန်။
- သူငယ်ချင်းများ၏ လုပ်ဆောင်ချက်အပေါ် အားပေးကူညီတတ်ရန်။

## သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

ခရာ၊ စစ်ဆေးအကဲဖြတ်မှုမှတ်တမ်း။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ခန်းစာနှင့်မိတ်ဆက်ပြီး ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခြင်း။ (၂ မိနစ်)

၂။ ကစားမည့်နေရာကို သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် မကစားမီလုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများပြုလုပ်ခြင်း။ ( ၃ မိနစ်)

၃။ ဆရာက လှုပ်ရှားမှုအဆင့်ဆင့်ကို ရှင်းပြခြင်းနှင့်သရုပ်ပြခြင်း၊ ဆရာနှင့် ကလေးများလက်တွေ့လုပ်ဆောင်ခြင်း၊ ကလေးများလက်တွေ့လုပ်ဆောင်ခြင်း၊ အုပ်စုလိုက်၊ အတန်းလိုက်သရုပ်ပြခြင်း။ (၃၀ မိနစ်)
(က) လက်ရှေ့ယှက် ခြေနောက်ထုတ်လေ့ကျင့်ခန်း
(ခ) ဒူးမြှောက်လက်ဆွဲချလေ့ကျင့်ခန်း
(ဂ) ခါးရှေ့ကိုင်းလေ့ကျင့်ခန်း

၄။ ကစားပြီးလုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ ချီးမွမ်းခြင်း၊ အားပေးခြင်းနှင့် သင်ခန်းစာကို နိဂုံးချုပ်ခြင်း။ (၅ မိနစ်)

## စစ်ဆေးအကဲဖြတ်ရန်လမ်းညွှန်ချက်များ

| နယ်ပယ် / အဆင့် | လေ့ကျင့်ခန်းများလုပ်ဆောင်ရာတွင်ပျော်ရွှင်မှုရှိခြင်း (ခံစားမှု ဆိုင်ရာ အကျိုးသက်ရောက်မှု နယ်ပယ်) | လုပ်ဆောင်ချက်များအပေါ် ကူညီအားပေးတတ်ခြင်း (လူမှုရေးဆိုင်ရာနယ်ပယ်) |
|---|---|---|
| ၃ | လေ့ကျင့်ခန်းများလုပ်ဆောင်ရာတွင် အလွန်ပျော်ရွှင်သည်။ | သူငယ်ချင်းများ၏ လုပ်ဆောင်ချက်များအပေါ် အမြဲတမ်း ကူညီအားပေးတတ်သည်။ |
| ၂ | လေ့ကျင့်ခန်းများလုပ်ဆောင်ရာတွင် ပျော်ရွှင်သည်။ | သူငယ်ချင်းများ၏ လုပ်ဆောင်ချက်များအပေါ် ကူညီအားပေးတတ်သည်။ |
| ၁ | လေ့ကျင့်ခန်းများလုပ်ဆောင်ရာတွင်ပျော်ရွှင်မှုရှိရန်ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ | သူငယ်ချင်းများ၏ လုပ်ဆောင်ချက်များအပေါ် ကူညီအားပေးတတ်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ |

## အားပေးတုံ့ပြန်ချက်များ

- ကလေးတို့ ပျော်ပျော်ရွှင်ရွှင် လုပ်ဆောင်ခဲ့ကြတယ်။
- သူငယ်ချင်းတွေကို အားပေးကူညီခဲ့ကြတယ်။




## ရုပ်ပုံများနှင့်ပတ်သက်သောရှင်းလင်းချက်များ

၁ (၁) ဘယ်ခြေခွဲ လက်ဘေးဆန့်၊ (၂) လက်ရှေ့ယှက် ညာခြေနောက်ထုတ်၊ (၃) ဘယ်ခြေခွဲ လက်ဘေးဆန့်၊ (၄) လက်ရှေ့ယှက် ဘယ်ခြေနောက်ထုတ်။

၂ (၁) ဘယ်ခြေခွဲ လက်နှစ်ဖက် ၉၀ ဒီဂရီ ကွေး၊ (၂) ညာဒူးမြှောက် လက်နှစ်ဖက်ကို ခါးဘေးဆွဲချ၊ (၃) ခြေခွဲ လက်နှစ်ဖက် ၉၀ ဒီဂရီကွေး (၄) ဘယ်ဒူးမြှောက် လက်နှစ်ဖက် ခါးဘေးဆွဲချ (မှတ်ချက် ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၈၊ ၇၊ ၆၊ ၅၊ ၄၊ ၃ တန်းရပ်စသည်ဖြင့် ရေတွက်ရမည်။

၃ (၁) လက်နှစ်ဖက် လက်ပိုက်သည့်ပုံစံဖြင့် ခါးရှေ့ကိုင်းရမည်။ (၂) ပိုက်ထားသည့်လက်ကို ဖြေချကာ ခြေဖျားအထိ ကုန်းထိရမည်။ (၁ မှ ၁၀ ထိ ဖြည်းဖြည်းရေတွက် ရမည်။)

## သတိပြုရမည့်အချက်များ

လေ့ကျင့်ခန်း နံပါတ် ၁၊ ၂၊ ၃၊ ၄ တို့သည် မကစားမီနှင့် ကစားပြီးတိုင်းတွင် ဆရာက အကြောလျှော့လေ့ကျင့်ခန်းများအဖြစ် ခေါင်း၊ လက်၊ ခါး၊ ခြေ စသည်ဖြင့် အဆင့်ဆင့်လုပ်ဆောင်ရမည်ကိုသိစေလို၍ ထည့်သွင်းပေးထားခြင်းဖြစ်သည်။

အခန်း(၂) မကစားမီနှင့် ကစားပြီးလုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများ

**(၈) ဒူးတစ်ဝက်ထိုင် လေ့ကျင့်ခန်း**




**သတိပြုရမည့်အချက်များ–**
ဒူးပေါ်တွင်ထိုင်ရမည်။
ဒူးကို ၉၀ ဒီဂရီထိုင်ရမည်။
ခါးကို မတ်မတ်ထားရမည်။

**(၉) ခြေရှေ့ကန် လေ့ကျင့်ခန်း**




**သတိပြုရမည့်အချက်များ–**
ကန်သောခြေသည် ရှေ့တည့်တည့်သို့ ခါးအထက် ကျော်အောင် ကန်ရမည်။

**(၁၀) လက်မြှောက် ခါး ဘယ် ညာကိုင်း လေ့ကျင့်ခန်း**




**သတိပြုရမည့်အချက်များ–**
ဒူးဆန့်ထားရမည်။
ခါးကို ဘေးတည့်တည့် ကိုင်းရမည်။

**မေးခွန်း**

| | | | | |
|---|---|---|---|---|
| ၁ | မကစားမီနဲ့ ကစားပြီး လုပ်ဆောင်ရမဲ့လေ့ကျင့်ခန်းတွေကို ပါဝင်လုပ်ဆောင်ရာမှာ ပျော်ရွှင်ခဲ့ကြသလား။ | | | |
| ၂ | မကစားမီနဲ့ ကစားပြီးလုပ်ဆောင်ရမဲ့လေ့ကျင့်ခန်းတွေကို မှန်မှန်ကန်ကန် လုပ်ဆောင်နိုင်ခဲ့ကြသလား။ | | | |
| ၃ | မကစားမီနဲ့ ကစားပြီးလုပ်ဆောင်ရမဲ့လေ့ကျင့်ခန်းတွေရဲ့ နည်းစနစ်တွေကို ရှင်းပြနိုင်မလား။ | | | |
| ၄ | သူငယ်ချင်းရဲ့ လုပ်ဆောင်ချက်အပေါ် အကြံကောင်းတွေ ပေးခဲ့ကြသလား။ | | | |

၃

## ရုပ်ပုံများနှင့်ပတ်သက်သောရှင်းလင်းချက်များ

**၄** အနေအထားအသင့်- ဘယ်ခြေပခုံးအကျယ်ခွဲ၍ လက်နှစ်ဖက်ကို လက်သီးဆုပ်ကာ အလိုက်သင့်ချထားရမည်။ (၁)ဒူးတစ်ဝက်ထိုင်ရမည်။ (၂) ဒူးပြန်ဆန့်ပြီး မတ်တတ်ရပ်ရမည်။ (၃) ဒူးတစ်ဝက်ထိုင်ရမည်။ (၄) ဒူးပြန်ဆန့်ပြီး မတ်တတ်ရပ်ရမည်။

**၅** အနေအထားအသင့်- ဘယ်ခြေပခုံးအကျယ်ခွဲ၍ လက်နှစ်ဖက်ကို လက်သီးဆုပ်ကာ ရင်ဘတ်ရှေ့အလိုက်သင့်ထားရမည်။ (၁) ညာခြေကိုရှေ့သို့ ၄၅ ဒီဂရီ ကန်ရမည်။ (၂) ခြေပြန်ချရမည်။ (၃) ဘယ်ခြေကို ရှေ့သို့ ၄၅ ဒီဂရီ ကန်ရမည်။ (၄) ခြေပြန်ချရမည်။

**၆** အနေအထားအသင့်- ခြေဖျားစု၍ လက်ဖဝါးနှစ်ဖက်ကို ပူးကာ ဦးခေါင်းအပေါ်မြှောက်ထားရမည်။ (၁) ခါးကိုညာသို့ ကိုင်းရမည်။ (၁၀ စက္ကန့်) (၂) ခါးကိုပြန်မတ်ရမည်။ (၃) ခါးကို ဘယ်သို့ ကိုင်းရမည်။ (၁၀ စက္ကန့်) (မှတ်ချက် ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၈၊ ၇၊ ၆၊ ၅၊ ၄၊ ၃ တန်းရပ်စသည်ဖြင့် ရေတွက်ရမည်။ ၁၀ စက္ကန့် ရေတွက်ရာတွင် ၁ မှ ၁၀ အထိ ဖြည်းဖြည်းချင်း ရေတွက်ရမည်။)

### သတိပြုရမည့်အချက်များ

ခါး ဘယ် ညာ ကိုင်း လေ့ကျင့်ခန်းကို လုပ်ဆောင်ရာတွင် ခြေဖျားစုထားခြင်းသည် အမှန်တကယ် လုပ်ဆောင်ရမည့် လေ့ကျင့်ခန်းဖြစ်သော်လည်း ကလေးများ ခန္ဓာကိုယ် ဟန်ချက်ကို ကောင်းကောင်းမထိန်းနိုင်လျှင် ဘယ်ခြေကို ပခုံးအကျယ်ခွဲကာ လုပ်ဆောင်နိုင်သည်။

# အခန်း (၂) — စာသင်ချိန် ၂/၂

### သင်ယူမှုဦးတည်ချက်များ

- လေ့ကျင့်ခန်းများကို မှန်ကန်စွာ လုပ်ဆောင်တတ်ရန်။
- လေ့ကျင့်ခန်းများ၏ လုပ်ရှားမှုအဆင့်ဆင့်ကို ရှင်းပြတတ်ရန်။

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

ခရာ၊ စစ်ဆေးအကဲဖြတ်မှုမှတ်တမ်း။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ခန်းစာနှင့်မိတ်ဆက်ပြီး ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခြင်း။ (၂မိနစ်)

၂။ ကစားမည့်နေရာကို သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် မကစားမီလုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများပြုလုပ်ခြင်း။ ( ၃ မိနစ်)

၃။ ဆရာက လေ့ကျင့်ခန်းများ၏လုပ်ရှားမှုများကို ရှင်းပြခြင်းနှင့်သရုပ်ပြခြင်း၊ ဆရာနှင့်ကလေးများလက်တွေ့လုပ်ဆောင်ခြင်း၊ ကလေးများလက်တွေ့လုပ်ဆောင်ခြင်း၊ အုပ်စုလိုက်၊ အတန်းလိုက်သရုပ်ပြခြင်း။ (၃၀ မိနစ်)

(က) ဒူးတစ်ဝက်ထိုင် လေ့ကျင့်ခန်း

(ခ) ခြေရှေ့ကန် လေ့ကျင့်ခန်း

(ဂ) ခါး ဘယ် ညာကိုင်း လေ့ကျင့်ခန်း

၄။ ကစားပြီးလုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ ချီးမွမ်းခြင်း၊ အားပေးခြင်းနှင့် သင်ခန်းစာကိုနိဂုံးချုပ်ခြင်း။ (၅ မိနစ်)

### စစ်ဆေးအကဲဖြတ်ရန်လမ်းညွှန်ချက်များ

| နယ်ပယ် / အဆင့် | လေ့ကျင့်ခန်းများကို မှန်ကန်စွာ လုပ်ဆောင်တတ်ခြင်း (လှုပ်ရှားမှုဆိုင်ရာကျွမ်းကျင်မှု နယ်ပယ်) | လှုပ်ရှားမှုအဆင့်ဆင့်ကို ရှင်းပြတတ်ခြင်း (သိမှုဆိုင်ရာ နားလည်အသုံးချမှု နယ်ပယ်) |
|---|---|---|
| ၃ | လေ့ကျင့်ခန်းများကိုကျွမ်းကျင်စွာ လုပ်ဆောင်နိုင်သည်။ | လှုပ်ရှားမှုအဆင့်ဆင့်နှင့် သတိပြုရမည့်အချက်များကို ရှင်းလင်းစွာ ရှင်းပြနိုင်သည်။ |
| ၂ | လေ့ကျင့်ခန်းများကို မှန်ကန်စွာ လုပ်ဆောင်နိုင်သည်။ | လှုပ်ရှားမှုအဆင့်ဆင့်ကို ရှင်းပြနိုင်သည်။ |
| ၁ | လေ့ကျင့်ခန်းများကို မှန်ကန်စွာ လုပ်ဆောင်နိုင်ရန် ကျောင်းသားများနှင့် ဆရာ၏အားပေးကူညီမှု လိုအပ်သည်။ | လှုပ်ရှားမှုအဆင့်ဆင့်ကို ရှင်းပြနိုင်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ |

### အားပေးတုံ့ပြန်ချက်များ

- ကလေးတို့အားလုံး လေ့ကျင့်ခန်းတွေကို မှန်မှန်ကန်ကန် လုပ်ဆောင်နိုင်ခဲ့ကြတယ်။
- လေ့ကျင့်ခန်းတွေရဲ့ လှုပ်ရှားမှုအဆင့်ဆင့်ကို ရှင်းပြနိုင်ခဲ့ကြတယ်။

## အခန်း (၃) စာသင်ချိန် ၁/၄

### သင်ယူမှုဦးတည်ချက်များ

- ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများတွင် ပါဝင်လုပ်ဆောင်ခြင်းဖြင့် ပျော်ရွှင်မှုရှိရန်။
- ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ၏ လှုပ်ရှားမှုများကိုမှန်ကန်စွာ လုပ်ဆောင်တတ်ရန်။

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

ခရာ၊ စစ်ဆေးအကဲဖြတ်မှုမှတ်တမ်း။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ခန်းစာနှင့်မိတ်ဆက်ပြီး ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားခြင်း။ (၂ မိနစ်)

၂။ ကစားမည့်နေရာကို သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် မကစားမီလုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများပြုလုပ်ခြင်း။ (၄ မိနစ်)

၃။ ဆရာက လှုပ်ရှားမှုအဆင့်ဆင့်ကို ရှင်းပြခြင်းနှင့် သရုပ်ပြခြင်း၊ ကလေးများ လက်တွေ့လုပ်ဆောင်ခြင်း၊ အုပ်စုလိုက်၊ အတန်းလိုက် သရုပ်ပြခြင်း။ (၃၀ မိနစ်)
(က) သွေးပူလေ့ကျင့်ခန်း
(ခ) ခေါင်းလေ့ကျင့်ခန်း
(ဂ) လက်ရှေ့ခွဲ
(ဃ) ဘယ် ညာ ကိုင်း

၄။ ကစားပြီးလုပ်ဆောင်ရမည့်လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ ချီးမွမ်းခြင်း၊ အားပေးခြင်းနှင့် သင်ခန်းစာကို နိဂုံးချုပ်ခြင်း။ (၄ မိနစ်)

### စစ်ဆေးအကဲဖြတ်ရန်လမ်းညွှန်ချက်များ

| နယ်ပယ် / အဆင့် | ပျော်ရွှင်မှုရှိခြင်း(ခံစားမှုဆိုင်ရာ အကျိုးသက်ရောက်မှုနယ်ပယ်) | လှုပ်ရှားမှုများကိုမှန်ကန်စွာ လုပ်ဆောင်တတ်ခြင်း (လှုပ်ရှားမှုဆိုင်ရာ ကျွမ်းကျင်မှုနယ်ပယ်) |
|---|---|---|
| ၃ | လေ့ကျင့်ခန်းများတွင် ပါဝင်လုပ်ဆောင်ခြင်းဖြင့် အလွန်ပျော်ရွှင်မှုရှိသည်။ | လေ့ကျင့်ခန်းများကိုကျွမ်းကျင်စွာ လုပ်ဆောင်တတ်သည်။ |
| ၂ | လေ့ကျင့်ခန်းများတွင် ပါဝင်လုပ်ဆောင်ခြင်းဖြင့် ပျော်ရွှင်မှုရှိသည်။ | လေ့ကျင့်ခန်းများကို မှန်ကန်စွာ လုပ်ဆောင်တတ်သည်။ |
| ၁ | လေ့ကျင့်ခန်းများတွင် ပါဝင်လုပ်ဆောင်ခြင်းဖြင့် ပျော်ရွှင်မှုရှိရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှုရှိရန် လိုအပ်သည်။ | လေ့ကျင့်ခန်းများကို မှန်ကန်စွာ လုပ်ဆောင်တတ်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ |

### အားပေးတုံ့ပြန်ချက်များ

- ကလေးတို့ ပျော်ပျော်ရွှင်ရွှင်နဲ့ လေ့ကျင့်ခန်းတွေကို လုပ်နိုင်ခဲ့ကြတယ်။
- လေ့ကျင့်ခန်းတွေကို မှန်မှန်ကန်ကန် လုပ်ဆောင်နိုင်ခဲ့ကြတယ်။




### ရုပ်ပုံများနှင့်ပတ်သက်သောရှင်းလင်းချက်များ

① ခြေဖျားစုထားပြီး လက်သီးဆုပ်၍ လက်နှစ်ဖက်ကိုခန္ဓာကိုယ်ဘေးတွင် ကပ်ထားရမည်။
② သွေးပူလေ့ကျင့်ခန်း (၁)ဘယ်ဒူးတစ်ဝက်မြှင့် ညာလက်ရှေ့ ဘယ်လက်နောက်လွှဲ (၂)ညာဒူးတစ်ဝက်မြှင့် ဘယ်လက်ရှေ့ ညာလက်နောက်လွှဲ။
③ ခေါင်းလေ့ကျင့်ခန်း (၁)ဘယ်ခြေဘေးခွဲ လက်ခါးထောက် ခေါင်းငုံ့ (၂)ခေါင်းပြန်မတ် (၃)ခေါင်းမော့ (၄)ခေါင်းပြန်မတ် (၅)ခေါင်းဘယ်စောင်း (၆)ခေါင်းရှေ့ပြန်လှည့် (၇)ခေါင်းညာစောင်း (၈)ခေါင်းရှေ့ပြန်လှည့်။
④ လက်ရှေ့ခွဲ (၁) ဘယ်ခြေဘေးခွဲ လက်ရှေ့ဆန့် (၂)လက်ဘေးခွဲခြင်း (၃) လက်ရှေ့ဆန့် (၄) လက်နောက်လွှဲ။
⑤ ဘယ်ညာကိုင်း (၁) ဘယ်ခြေဘေးခွဲ ခါးဘယ်ကိုင်း (၂) ခါးပြန်မတ် (၃) ခါးညာကိုင်း (၄) ခါးပြန်မတ်။

### သတိပြုရမည့်အချက်များ

၁။ လက်ရှေ့ခွဲခြင်းနှင့်လက်ဘေးဆန့်ခြင်းပြုလုပ်ရာတွင် လက်ကို ပခုံးနှင့်တစ်တန်းတည်းထားရမည်။

၂။ ခါးဘယ်ညာကိုင်းရာတွင်လက်ကိုခန္ဓာကိုယ်နှင့်ကပ်လျက် ဘေးသို့ဆွဲချရမည်။ ခန္ဓာကိုယ်ကို မတ်မတ်ထားရမည်။




## ရုပ်ပုံများနှင့်ပတ်သက်သောရှင်းလင်းချက်များ

က လက်လွှဲထိုင် (၁) ခြေဖျားထောက် လက်ပေါ်လွှဲမြှောက်
(၂) လက်နောက်လွှဲ (၃) လက်ပေါ်မြှောက်လွှဲ
(၄) လက်နောက်လွှဲ။

ခ လက်ဘေးခွဲ (၁)ဘယ်ခြေဘေးခွဲ လက်ရှေ့လွှဲ
(၂) လက်ဘေးလွှဲ (၃) လက်ရှေ့လွှဲ (၄) လက်ဘေးလွှဲ။

ဂ လက်လွှဲလှည့် (၁) ဘယ်ခြေဘေးခွဲ လက်ရှေ့ဆန့်
(၂) လက်ဘယ်လွှဲလှည့် (၃) လက်ရှေ့ဆန့်
(၄) လက်ညာလွှဲလှည့်။

ဃ ဒူးမြှောက် (၁) လက်ဘေးခွဲ ဘယ်ဒူးမြှောက်
(၂) လက်ရှေ့ယှက် ဘယ်ခြေပြန်ချ
(၃) လက်ဘေးခွဲ ညာဒူးမြှောက်
(၄) လက်ရှေ့ယှက် ညာခြေပြန်ချ။

## သတိပြုရမည့်အချက်များ

၁။ လေ့ကျင့်ခန်းများ လုပ်ဆောင်ရာတွင် အမှတ်စဉ် ၁ မှ ၄ တန်းရပ်အထိ အစီအစဉ်လိုက် လုပ်ဆောင်ရမည်။
၂။ ခြေထောက်ခွဲရာတွင် ပခုံးအကျယ်အတိုင်းခွဲရမည်။
၃။ လက်ဘေးခွဲခြင်းနှင့် လက်လွှဲလှည့်ခြင်းတို့ ပြုလုပ်ရာတွင် လက်ကို ပခုံးနှင့် တစ်တန်းတည်းထားရမည်။
၄။ အဆုံးတွင် သတိအနေအထားဖြင့် အဆုံးသတ်ရမည်။

# အခန်း (၃) စာသင်ချိန် ၂/၄

## သင်ယူမှုဦးတည်ချက်များ

- လေ့ကျင့်ခန်းများပြုလုပ်ရာတွင် လှုပ်ရှားမှုများကို လုပ်ဆောင်တတ်ရန်။
- လေ့ကျင့်ခန်းများပြုလုပ်ရာတွင် သူငယ်ချင်းများကို အားပေးကူညီတတ်ရန်။

## သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

ခရာ၊ စစ်ဆေးအကဲဖြတ်မှုမှတ်တမ်း။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ခန်းစာနှင့်မိတ်ဆက်ပြီး ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားခြင်း။ (၂ မိနစ်)
၂။ ကစားမည့်နေရာကို သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် မကစားမီလုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများပြုလုပ်ခြင်း။ (၄ မိနစ်)
၃။ ဆရာက လှုပ်ရှားမှုအဆင့်ဆင့်ကို ရှင်းပြခြင်းနှင့် သရုပ်ပြခြင်း၊ ကလေးများ လက်တွေ့လုပ်ဆောင်ခြင်း၊ အုပ်စုလိုက် အတန်းလိုက်သရုပ်ပြခြင်း။ (၃၀ မိနစ်)
(က) လက်လွှဲထိုင်
(ခ) လက်ဘေးခွဲ
(ဂ) လက်လွှဲလှည့်
(ဃ) ဒူးမြှောက်
၄။ ကစားပြီးလုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ ချီးမွမ်းခြင်း၊ အားပေးခြင်းနှင့် သင်ခန်းစာကို နိဂုံးချုပ်ခြင်း။ (၄ မိနစ်)

## စစ်ဆေးအကဲဖြတ်ရန်လမ်းညွှန်ချက်များ

| နယ်ပယ် / အဆင့် | လေ့ကျင့်ခန်းများကို မှန်ကန်စွာ လုပ်ဆောင်တတ်ခြင်း(လှုပ်ရှားမှုဆိုင်ရာ ကျွမ်းကျင်မှုနယ်ပယ်) | သူငယ်ချင်းများကို အားပေးကူညီတတ်ခြင်း (လူမှုရေးဆိုင်ရာနယ်ပယ်) |
|---|---|---|
| ၃ | လေ့ကျင့်ခန်းများကို ကျွမ်းကျင်စွာ လုပ်ဆောင်တတ်သည်။ | သူငယ်ချင်းများကို အကြံကောင်းများပေးကာ အားပေးကူညီတတ်သည်။ |
| ၂ | လေ့ကျင့်ခန်းများကို မှန်ကန်စွာ လုပ်ဆောင်တတ်သည်။ | သူငယ်ချင်းများကို အားပေးကူညီတတ်သည်။ |
| ၁ | လေ့ကျင့်ခန်းများကို လုပ်ဆောင်တတ်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှုလိုအပ်သည်။ | သူငယ်ချင်းများကို အားပေးကူညီတတ်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှုလိုအပ်သည်။ |

## အားပေးတုံ့ပြန်ချက်များ

- ကလေးတို့အားလုံး လေ့ကျင့်ခန်းတွေကို မှန်မှန်ကန်ကန် လုပ်နိုင်ခဲ့ကြတယ်။
- သူငယ်ချင်းတွေကို အားပေးကူညီခဲ့ကြတယ်။

DBE BOX

## အခန်း (၃) | စာသင်ချိန် ၃/၄

### သင်ယူမှုဦးတည်ချက်များ

- ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ၏ လှုပ်ရှားမှုအဆင့်ဆင့်ကို ရှင်းပြတတ်ရန်။
- လေ့ကျင့်ခန်းများလုပ်ဆောင်ရာတွင် အခြားသူများကို အားပေးကူညီတတ်ရန်။

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

ခရာ၊ စစ်ဆေးအကဲဖြတ်မှုမှတ်တမ်း။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ခန်းစာနှင့်မိတ်ဆက်ပြီး ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားခြင်း။ (၂ မိနစ် )

၂။ ကစားမည့်နေရာကို သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် မကစားမီလုပ်ဆောင်ရမည့်လေ့ကျင့်ခန်းများပြုလုပ်ခြင်း။ (၄ မိနစ် )

၃။ ဆရာက လှုပ်ရှားမှုအဆင့်ဆင့်ကို ရှင်းပြခြင်း၊ သရုပ်ပြခြင်းနှင့် ကလေးများ လက်တွေ့လုပ်ဆောင်ခြင်း။ (၃၀ မိနစ် )
(က) လက်ကွေးဆန့်
(ခ) ခါးရှေ့ကိုင်း
(ဂ) ခါးထောက်ထိုင်
(ဃ) အသက်ရှူ

၄။ ကစားပြီးလုပ်ဆောင်ရမည့်လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ ချီးမွမ်းခြင်း၊ အားပေးခြင်းနှင့် သင်ခန်းစာကို နိဂုံးချုပ်ခြင်း။ (၄ မိနစ်)

### စစ်ဆေးအကဲဖြတ်ရန်လမ်းညွှန်ချက်များ

| နယ်ပယ် / အဆင့် | လှုပ်ရှားမှုအဆင့်ဆင့်ကို ရှင်းပြတတ်ခြင်း (သိမှုဆိုင်ရာနားလည်အသုံးချမှုနယ်ပယ်) | အခြားသူများအား အားပေးကူညီတတ်ခြင်း (လူမှုရေးဆိုင်ရာနယ်ပယ်) |
|---|---|---|
| ၃ | လှုပ်ရှားမှုအဆင့်ဆင့်ကို အခြားသူများ လွယ်ကူစွာနားလည်နိုင်ရန် ရှင်းပြတတ်သည်။ | အခြားသူများအား အကြံကောင်းများပေးကာ အားပေးကူညီတတ်သည်။ |
| ၂ | လှုပ်ရှားမှုအဆင့်ဆင့်ကို ရှင်းပြနိုင်သည်။ | အခြားသူများအား အားပေးကူညီတတ်သည်။ |
| ၁ | လှုပ်ရှားမှုအဆင့်ဆင့်ကို ရှင်းပြနိုင်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှုလိုအပ်သည်။ | အခြားသူများအား အားပေးကူညီတတ်ရန် ကျောင်းသားများနှင့် ဆရာ၏အားပေးကူညီမှု လိုအပ်သည်။ |

### အားပေးတုံ့ပြန်ချက်များ

- လေ့ကျင့်ခန်းလုပ်ရာမှာ လှုပ်ရှားမှုအဆင့်ဆင့်ကို ရှင်းပြနိုင်ခဲ့ကြတယ်။
- အခြားသူတွေကိုလည်း အားပေးကူညီတတ်ကြတယ်။




### ရုပ်ပုံများနှင့်ပတ်သက်သောရှင်းလင်းချက်များ

၁၀ လက်ဘေးဆန့် (၁) ဘယ်ခြေဘေးခွဲ တံတောင်ကွေးဆွဲ (၂) လက်ဘေးဆန့် (၃) တံတောင်ကွေးဆွဲ (၄) လက်ဘေးဆန့်

၁၁ ခါးရှေ့ကိုင်း (၁) ဘယ်ခြေဘေးခွဲ လက်ပေါ်မြောက် (၂)ခါးရှေ့ကိုင်းချ လက်အောက်ထိ (၃)ခါးနည်းနည်းပြန်မတ် ခါးပြန်ကိုင်းချ (၄)ခါးပြန်မတ်

၁၂ ခါးထောက်ထိုင် (၁) လက်ခါးထောက် ခြေဖျားထောက် (၂) ခြေအောက်ထိထိုင် (၃) ဒူးပြန်မတ် ခန္ဓာကိုယ်ပြန်မတ် (၄) ခြေဖနောင့်ပြန်ချ

၁၃ အသက်ရှူ (၁)ဘယ်ခြေဘေးခွဲ လက်ရှေ့မြောက်လွှဲ (၂) လက်နောက်လွှဲ (၃) လက်အပေါ်မြောက်လွှဲ ခြေဖျားထောက် (၄) ခြေဖျားချ လက်နောက်လွှဲ။

### သတိပြုရမည့်အချက်များ

၁။ ခြေထောက်ခွဲရာတွင် ပခုံးအကျယ်အတိုင်းခွဲရမည်။

၂။ လက်ကွေးဆွဲခြင်းနှင့် လက်ဘေးဆန့်ခြင်းတို့ ပြုလုပ်ရာတွင် လက်ကို ပခုံးနှင့်တစ်တန်းတည်းထားရမည်။

၃။ အဆုံးတွင် သတိအနေအထားဖြင့် အဆုံးသတ်ရမည်။

DBE BOX

အခန်း(၃) စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်း(အတွဲအမှတ်-၁)




မေးခွန်း

| | | | | |
|---|---|---|---|---|
| ၁ | ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းတွေကို လုပ်ဆောင်ရာမှာပျော်ရွှင်ခဲ့ကြသလား။ | | | |
| ၂ | ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းတွေကို လုပ်ဆောင်ရာမှာ မှန်မှန်ကန်ကန် လုပ်ဆောင်နိုင်ခဲ့သလား။ | | | |
| ၃ | ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းတွေရဲ့ လှုပ်ရှားမှုအဆင့်ဆင့်ကို ရှင်းပြနိုင်မလား။ | | | |
| ၄ | သူငယ်ချင်းတွေကို အကူအညီပေးပြီး ညီညီညာညာလုပ်ဆောင်ခဲ့ကြသလား။ | | | |

၇

## ရုပ်ပုံများနှင့်ပတ်သက်သောရှင်းလင်းချက်များ

၁၄ လေ့ကျင့်ခန်းများ၏ သတိပြုရမည့်အချက်များကို ဆရာက ကလေးများအားရှင်းပြရမည်။ (လေ့ကျင့်ခန်း ၁ မှ ၁၂ အထိ)

၁၅ ကလေးများ၏ လုပ်ဆောင်ချက်များအပေါ် အားပေး တုံ့ပြန်ချက်ပေးရမည်။

၁၆ ကလေးများအုပ်စုလိုက် သရုပ်ပြရမည်။ ကျန်ကလေး များက ကြည့်ရှုလေ့လာပြီး အားပေးရမည်။

## သတိပြုရမည့်အချက်များ

၁။ ကလေးများ အုပ်စုလိုက် လေ့ကျင့်နိုင်ရန် ဆရာက နေရာ စီစဉ်ပေးရမည်။

၂။ ဆရာက ကလေးများ လေ့ကျင့်နေချိန်တွင် လှည့်လည် ကြည့်ရှု၍ အားပေးရမည်။

## အခန်း (၃) | စာသင်ချိန် ၄/၄

## သင်ယူမှုဦးတည်ချက်များ

- လေ့ကျင့်ခန်းများ၏ သတိပြုရမည့်အချက်များကို ရှင်းပြတတ်ရန်။
- အုပ်စုလိုက်သရုပ်ပြရာတွင် သူငယ်ချင်းများကို အားပေးတတ်ရန်။

## သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

ခရာ၊ စစ်ဆေးအကဲဖြတ်မှုမှတ်တမ်း။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ခန်းစာနှင့်မိတ်ဆက်ပြီး ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားခြင်း။ (၂ မိနစ်)

၂။ ကစားကွင်းကို သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် မကစားမီလုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများပြုလုပ်ခြင်း။ ( ၄ မိနစ်)

၃။ ကလေးများ လေ့ကျင့်ခန်းများ၏ သတိပြုရမည့်အချက်များကို နားလည် သဘောပေါက်မှု ရှိ မရှိ မေးခွန်းများမေးမြန်းခြင်း။ (၅ မိနစ်)

၄။ ကလေးများ လေ့ကျင့်ခန်းများကို အုပ်စုလိုက် လေ့ကျင့်ခြင်းနှင့် တစ်ဦးကို တစ်ဦး ကူညီလမ်းညွှန်ခြင်း။ ( ၁၀ မိနစ်)

၅။ ကလေးများ လေ့ကျင့်ခန်းများကို အုပ်စုလိုက် သရုပ်ပြခြင်း။ (၁၅ မိနစ်)

၆။ ကစားပြီး လုပ်ဆောင်ရမည့်လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ ချီးမွမ်းခြင်း၊ အားပေး ခြင်းနှင့် ကျောင်းသုံးစာအုပ်ပါ မေးခွန်းများဖြေဆိုခြင်း။ (၅ မိနစ်)

## စစ်ဆေးအကဲဖြတ်ရန်လမ်းညွှန်ချက်များ

| နယ်ပယ် / အဆင့် | သတိပြုရမည့်အချက်များကို ရှင်းပြတတ်ခြင်း (သိမှုဆိုင်ရာ နားလည်အသုံးချမှုနယ်ပယ်) | အုပ်စုလိုက်သရုပ်ပြရာတွင် သူငယ်ချင်းများကို အားပေးတတ်ခြင်း (လူမှုရေးဆိုင်ရာနယ်ပယ်) |
|---|---|---|
| ၃ | လေ့ကျင့်ခန်းများ၏ သတိပြုရမည့် အချက်များကို ရှင်းလင်းစွာ ရှင်းပြ နိုင်သည်။ | အုပ်စုလိုက်သရုပ်ပြရာတွင် သူငယ်ချင်းများကို အားပေးကူညီ တတ်ပြီး လုပ်ဆောင်ချက် မတူညီ မှုအပေါ် လက်ခံတတ်သည်။ |
| ၂ | လေ့ကျင့်ခန်းများ၏ သတိပြုရမည့် အချက်များကို ရှင်းပြနိုင်သည်။ | အုပ်စုလိုက်သရုပ်ပြရာတွင် သူငယ်ချင်းများကို အားပေးကူညီ တတ်သည်။ |
| ၁ | လေ့ကျင့်ခန်းများ၏ သတိပြုရမည့် အချက်များကို ရှင်းပြတတ်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှုလိုအပ်သည်။ | အုပ်စုလိုက် သရုပ်ပြရာတွင် သူငယ်ချင်းများကို အားပေးကူညီ တတ်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှုလိုအပ် သည်။ |

## အားပေးတုံ့ပြန်ချက်များ

- လေ့ကျင့်ခန်းတွေရဲ့ သတိပြုရမည့်အချက်တွေကို ရှင်းပြနိုင်ခဲ့ကြတယ်။
- အုပ်စုလိုက်သရုပ်ပြရာမှာ သူငယ်ချင်းတွေကို အားပေးကူညီခဲ့ကြတယ်။



DBE BOX

## အခန်း (၄) စာသင်ချိန် ၁/၆

### သင်ယူမှုဦးတည်ချက်များ

- အေရိုးဗစ်လေ့ကျင့်ခန်းများကိုပြုလုပ်ခြင်းဖြင့် ပျော်ရွှင်မှုရှိရန်။
- အေရိုးဗစ်လေ့ကျင့်ခန်းများကို လုပ်ဆောင်တတ်ရန်။

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

ခရာ၊ စီဒီ၊ စပီကာ၊ စစ်ဆေးအကဲဖြတ်မှုမှတ်တမ်း။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ခန်းစာနှင့် မိတ်ဆက်ပြီး ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားခြင်း။ (၂ မိနစ်)

၂။ ကစားမည့်နေရာကို သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် မကစားမီလုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများပြုလုပ်ခြင်း။ (၄ မိနစ်)

၃။ ဆရာက လှုပ်ရှားမှုအဆင့်ဆင့်ကို ရှင်းပြခြင်းနှင့် သရုပ်ပြခြင်း၊ ကလေးများ လက်တွေ့လုပ်ဆောင်ခြင်း၊ အုပ်စုလိုက်၊ အတန်းလိုက် သရုပ်ပြခြင်း။ (၃၀ မိနစ်)
(က) ခြေဖျားထောက်ကြွ
(ခ) လက်ခုပ်စ
(ဂ) လက်ရှေ့ယှက်ခွဲ
(ဃ) ခြေရှေ့ထုတ်

၄။ ကစားပြီးလုပ်ဆောင်ရမည့်လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ ချီးမွမ်းခြင်း၊ အားပေးခြင်းနှင့် သင်ခန်းစာကို နိဂုံးချုပ်ခြင်း။ (၄ မိနစ်)

### စစ်ဆေးအကဲဖြတ်ရန်လမ်းညွှန်ချက်များ

| နယ်ပယ် / အဆင့် | အေရိုးဗစ်လေ့ကျင့်ခန်းများပြုလုပ်ခြင်းဖြင့် ပျော်ရွှင်မှုရှိခြင်း(ခံစားမှုဆိုင်ရာ အကျိုးသက်ရောက်မှုနယ်ပယ်) | အေရိုးဗစ်လေ့ကျင့်ခန်းများကို မှတ်မိပြီး မှန်ကန်စွာလုပ်ဆောင်တတ်ခြင်း(သိမှုဆိုင်ရာ) |
|---|---|---|
| ၃ | အေရိုးဗစ်လေ့ကျင့်ခန်းများ ပြုလုပ်ခြင်းဖြင့် စိတ်ရောကိုယ်ပါ တက်ကြွ ပျော်ရွှင်မှုရှိသည်။ | အေရိုးဗစ်လေ့ကျင့်ခန်းများကို ကျွမ်းကျင်စွာ လုပ်ဆောင်တတ်သည်။ |
| ၂ | အေရိုးဗစ်လေ့ကျင့်ခန်းများ ပြုလုပ်ခြင်းဖြင့်ပျော်ရွှင်မှုရှိသည်။ | အေရိုးဗစ်လေ့ကျင့်ခန်းများကို လုပ်ဆောင်တတ်သည်။ |
| ၁ | အေရိုးဗစ်လေ့ကျင့်ခန်းများ ပြုလုပ်ရာတွင် ပျော်ရွှင်မှုရှိရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ | အေရိုးဗစ်လေ့ကျင့်ခန်းများကို လုပ်ဆောင်တတ်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ |

### အားပေးတုံ့ပြန်ချက်များ

- အေရိုးဗစ်လေ့ကျင့်ခန်းတွေ လုပ်ဆောင်ရာမှာ ပျော်ရွှင်မှုရှိခဲ့ကြတယ်။
- လေ့ကျင့်ခန်းတွေကို မှန်မှန်ကန်ကန် လုပ်ဆောင်နိုင်ခဲ့ကြတယ်။




### ရုပ်ပုံများနှင့်ပတ်သက်သောရှင်းလင်းချက်များ

(၁) ခြေဖျားထောက်ကြွ (၁နှင့်၂) ဘယ်ခြေနှစ်ကြိမ်နင်း ဘယ်လက်ကို အောက်သို့နှစ်ကြိမ်လျှော့ချ (၃နှင့်၄) ညာခြေ နှစ်ကြိမ်နင်း ညာလက်ကို အောက်သို့နှစ်ကြိမ်လျှော့ချ

(၂) လက်ခုပ်စ (၁) ဘယ်ခြေနင်း လက်ခုပ်တီး ခေါင်းညာကြည့် (၂) လက်နှစ်ဖက်ကို တံတောင်ကွေးဆွဲ (၃) ညာခြေနင်း လက်ခုပ်တီး ခေါင်းဘယ်ကြည့် (၄) လက်နှစ်ဖက်ကို တံတောင်ကွေးဆွဲ

(၃) လက်ရှေ့ယှက်ဆွဲ (၁ နှင့် ၂) လက်နှစ်ဖက်ရှေ့တွင် နှစ်ကြိမ်ယှက် (၃နှင့်၄) လက်နှစ်ဖက်ကို ဘေးသို့ နှစ်ကြိမ်ဆွဲ

(၄) ရှေ့ခြေထုတ် (၁) လက်ခါးထောက် ဘယ်ခြေရှေ့ထုတ် (၂) ဘယ်ဒူးကို ၉၀ ဒီဂရီဆွဲတင် (၃) ညာခြေရှေ့ထုတ် (၄) ညာဒူးကို ၉၀ ဒီဂရီဆွဲတင်

### သတိပြုရမည့်အချက်များ

၁။ လက်နှစ်ဖက်ကို လက်သီးဆုပ်ထားပြီး ဘယ်ခြေနင်းလျှင် ဘယ်လက်အောက်ဆွဲချပြီး ညာလက်ကို ခါးနားအထိ ဆွဲတင်ရမည်။

၂။ ခေါင်း ဘယ် ညာကြည့်ရာတွင် ၄၅ ဒီဂရီ ကြည့်ရမည်။

၃။ လက်ရှေ့ဆန့်တန်းထုတ်ရာတွင် လက်ဖဝါး ပက်လက်လှန်ပြီး ဘယ်လက်အပေါ် ညာလက်အောက် နှစ်ကြိမ်ယှက်ရမည်။ လက်ဘေးဆန့်ရာတွင် လက်ဖဝါး မှောက်ထားရမည်။

## အခန်း (၄) | စာသင်ချိန် ၂/၆

### သင်ယူမှုဦးတည်ချက်များ

- အေရိုးဗစ်လေ့ကျင့်ခန်းများကိုမှန်ကန်စွာလုပ်ဆောင်တတ်ရန်။
- သူငယ်ချင်းများနှင့်အတူ အချင်းချင်းပူးပေါင်းဆောင်ရွက်တတ်ရန်။

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

ခရာ၊ စီဒီ၊ စပီကာ၊ စစ်ဆေးအကဲဖြတ်မှုမှတ်တမ်း။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ခန်းစာနှင့် မိတ်ဆက်ပြီး ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားခြင်း။ (၂ မိနစ်)

၂။ ကစားမည့်နေရာကို သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် မကစားမီလုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများပြုလုပ်ခြင်း။ (၄ မိနစ် )

၃။ ဆရာက လေ့ကျင့်ခန်းများ၏ လှုပ်ရှားမှုများကို ရှင်းပြခြင်းနှင့် သရုပ်ပြခြင်း၊ ကလေးများ လက်တွေ့လုပ်ဆောင်ခြင်း၊ အုပ်စုလိုက်၊ အတန်းလိုက် သရုပ်ပြခြင်း။ (၃၀ မိနစ် )

(က) ခြေဘေးရွှေ့

(ခ) ဘေး နောက် ရှေ့ကွေး

(ဂ) ထောင့်ဖြတ်ခြေလွှဲ

(ဃ) လက်တွန်းဘေးရွှေ့

၄။ ကစားပြီးလုပ်ဆောင်ရမည့်လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ ချီးမွမ်းခြင်း၊ အားပေးခြင်းနှင့် သင်ခန်းစာကို နိဂုံးချုပ်ခြင်း။ (၄ မိနစ်)

### စစ်ဆေးအကဲဖြတ်ရန်လမ်းညွှန်ချက်များ

| နယ်ပယ် / အဆင့် | အေရိုးဗစ်လေ့ကျင့်ခန်းများကို မှန်ကန်စွာလုပ်ဆောင်တတ်ခြင်း (လှုပ်ရှားမှုဆိုင်ရာ ကျွမ်းကျင်မှုနယ်ပယ်) | သူငယ်ချင်းများနှင့်အတူအချင်းချင်း ပူးပေါင်းဆောင်ရွက်တတ်ခြင်း (လူမှုရေးဆိုင်ရာနယ်ပယ်) |
|---|---|---|
| ၃ | အေရိုးဗစ်လေ့ကျင့်ခန်းများကို ကျွမ်းကျင်စွာ လုပ်ဆောင်တတ်သည်။ | သူငယ်ချင်းများနှင့်အတူ အကြံကောင်းများပေးကာ ပူးပေါင်းဆောင်ရွက်တတ်သည်။ |
| ၂ | လေ့ကျင့်ခန်း၏ လှုပ်ရှားမှုများကို မှန်ကန်စွာလုပ်ဆောင်တတ်သည်။ | သူငယ်ချင်းများနှင့်အတူ အချင်းချင်း ပူးပေါင်းဆောင်ရွက်တတ်သည်။ |
| ၁ | အေရိုးဗစ်လေ့ကျင့်ခန်းများကို မှန်ကန်စွာလုပ်ဆောင်တတ်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ | သူငယ်ချင်းများနှင့်အတူ အချင်းချင်း ပူးပေါင်းဆောင်ရွက်တတ်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ |

### အားပေးတုံ့ပြန်ချက်များ

- အေရိုးဗစ်လေ့ကျင့်ခန်းတွေကို မှန်မှန်ကန်ကန် လုပ်တတ်ခဲ့ကြတယ်။
- ကလေးတို့အားလုံး အချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ကြတယ်။


အခန်း(၄) အေရိုးဗစ်လေ့ကျင့်ခန်းများ

(၆) ဘေးနောက်ရှေ့ကွေး

- လက်နှစ်ဖက်ကို ခါးပေါ်တွင် ထား၍ ထောက်ရန်
- ခြေနှစ်ချောင်းကို ခန္ဓာကိုယ် ရပ်တည်နိုင်သော အနေ အထားတွင် ဘေးသို့၊ နောက်သို့၊ ရှေ့သို့ ခွဲထုတ်ရန်

(၇) ထောင့်ဖြတ်ခြေလွှဲ

- လက်နှစ်ဖက်ကို ခါးပေါ်တွင် ထား၍ ထောက်ရန်
- ခြေလွှဲရာတွင် ခြေထောက်ကို တစ်ဆန့်တည်း အဖြောင့်လွှဲ ရန်

(၈) လက်တွန်းဘေးရွှေ့

- ခြေနှစ်ချောင်းကို ခန္ဓာကိုယ် ရပ်တည်နိုင်သော အနေ အထားတွင် ခွဲထုတ်ရန်
- လက်ကို ဘေးသို့တွန်းရာတွင် ပခုံးနှင့် တစ်တန်းတည်းတွန်းပြီး အပေါ်တင်ရာတွင် နားရွက်နား မှကပ်၍ တွန်းတင်ရန်

(၉) ခြေရှေ့နောက်လွှဲ

- လက်နှစ်ဖက်ကို ခါးပေါ်တွင် ထား၍ ထောက်ရန်
- ခြေကို ရှေ့နောက်လွှဲရာတွင် ခြေထောက်ကို တစ်ဆန့်တည်း လွှဲရန်

၉

### ရုပ်ပုံများနှင့်ပတ်သက်သောရှင်းလင်းချက်များ

၅ ခြေဘေးရွှေ့ (၁) ဘယ်ခြေဘေးခွဲလက်နှစ်ဖက်ဘေးဆန့် (၂) ဒူးနှစ်ဖက်ညွတ်လက်နှစ်ဖက်ရှေ့ယှက် (၃) ဘယ်ခြေဘေးခွဲ လက်နှစ်ဖက်ဘေးဆန့် (၄) ဒူးနှစ်ဖက်ညွတ် လက်နှစ်ဖက်ရှေ့ယှက်

၆ ဘေးနောက်ရှေ့ကွေး (၁)လက်နှစ်ဖက်ခါးထောက် ဘယ်ခြေဘေးထုတ် (၂)ဘယ်ခြေနောက်ထုတ် (၃)ဘယ်ခြေရှေ့ထုတ် (၄) ဘယ်ခြေရှေ့ကွေး

၇ ထောင့်ဖြတ်ခြေလွှဲ (၁)လက်ခါးထောက် ဘယ်ခြေကို ရှေ့သို့ ၄၅ ဒီဂရီလွှဲ(၂) ညာခြေကို နောက်သို့ ၄၅ ဒီဂရီ လွှဲ (၃) ဘယ်ခြေကို ရှေ့သို့ ၄၅ ဒီဂရီလွှဲ (၄) မူလအနေအထား ပြန်ရပ်

၈ လက်တွန်းဘေးရွှေ့ (၁)ဘယ်ခြေ ဘယ်ဘက်ရွှေ့ ညာလက်ကို ညာသို့တွန်း (၂) ညာခြေနှင့်ညာလက်သိမ်း (၃) ဘယ်ခြေ လှမ်းခုန် ဘယ်လက် အပေါ်တွန်း ညာခြေ ဘေးဆန့် (၄) ညာခြေသိမ်း ဒူးညွှတ် ဘယ်လက်သိမ်း

### သတိပြုရမည့်အချက်များ

၁။ ဘယ် ညာ တစ်လှည့်စီ ပြုလုပ်ရမည်။

၂။ ရုပ်ပုံများနှင့် ပတ်သက်သော ရှင်းလင်းချက်များသည် အမှတ်စဉ်တစ်ခုချင်းအလိုက် ရှင်းပြထားခြင်းဖြစ်သည်။ ဖော်ပြပါပုံများသည် တစ်ဆက်တည်း လုပ်ဆောင်ရမည့် ပုံများအနေဖြင့် ဖော်ပြထားခြင်းဖြစ်သည်။

**အေရိုးဗစ်လေ့ကျင့်ခန်းများ**

# အခန်း (၄)  စာသင်ချိန် ၃/၆

## သင်ယူမှုဦးတည်ချက်များ

- လေ့ကျင့်ခန်းများကို မှန်ကန်စွာ လုပ်ဆောင်တတ်ရန်။
- လေ့ကျင့်ခန်းများ၏ လှုပ်ရှားမှုအဆင့်ဆင့်ကို ရှင်းပြတတ်ရန်။

## သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

ခရာ၊ စီဒီ၊ စပီကာ၊ စစ်ဆေးအကဲဖြတ်မှုမှတ်တမ်း။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ခန်းစာနှင့် ပတ်သက်ပြီး ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားခြင်း။ (၂ မိနစ် )

၂။ ကစားမည့်နေရာကို သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် မကစားမီလုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများပြုလုပ်ခြင်း။ (၄ မိနစ် )

၃။ ဆရာက လေ့ကျင့်ခန်းများ၏ လှုပ်ရှားမှုများကို ရှင်းပြခြင်းနှင့် သရုပ်ပြခြင်း၊ ကလေးများ လက်တွေ့လုပ်ဆောင်ခြင်း၊ အုပ်စုလိုက်၊ အတန်းလိုက် သရုပ်ပြခြင်း။ (၃၀ မိနစ် )
   (က) ခြေရှေ့နောက်လွှဲ
   (ခ) လက်ရှေ့ဘေးလွှဲ
   (ဂ) လက်ရှေ့ယှက်ဝိုက်
   (ဃ) လက်လွှဲဘေးဝိုင်း

၄။ ကစားပြီးလုပ်ဆောင်ရမည့်လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ ချီးမွမ်းခြင်း၊ အားပေးခြင်းနှင့် သင်ခန်းစာကို နိဂုံးချုပ်ခြင်း။ (၄ မိနစ်)




## ရုပ်ပုံများနှင့်ပတ်သက်သောရှင်းလင်းချက်များ

၉ ခြေရှေ့နောက်လွှဲ(၁)လက်ခါးထောက် ဘယ်ခြေရှေ့လွှဲ (၂) ဘယ်ခြေနောက်လွှဲ (၃)ဘယ်ခြေရှေ့လွှဲ (၄) မူလအနေအထားပြန်ရပ်

၁၀ လက်ရှေ့ဘေးလွှဲ (၁နှင့်၂)ဒူးညွှတ် လက်နှစ်ဖက်ရှေ့လွှဲ (၃နှင့်၄) ဒူးဆန့် လက်နှစ်ဖက်ဘေးဆန့်

၁၁ လက်ရှေ့ယှက်ဝိုက် (၁နှင့်၂) ဒူးညွှတ်လက်နှစ်ဖက်ရှေ့ယှက် (၃နှင့်၄) ဒူးဆန့် လက်နှစ်ဖက်ဘေးဆန့် (၅၊ ၆၊ ၇၊ ၈) လက်နှစ်ဖက်ကို ခန္ဓာကိုယ်ရှေ့မှအပြင်ဝိုက် ရင်ဘတ်ရှေ့ယှက် (၈နှင့်၇) ဒူးညွှတ် လက်နှစ်ဖက်ဘေးဆန့် (၆နှင့်၅) ဒူးညွှတ် လက်နှစ်ဖက် ရင်ဘတ်ရှေ့ယှက် (၄၊ ၃၊ တန်းရပ်) လက်နှစ်ဖက်ကို ခန္ဓာကိုယ်ရှေ့မှ အတွင်းဝိုက် လက်နှစ်ဖက်ဘေးဆန့် (လက်ကို ခန္ဓာကိုယ်ဘေးအောက်မှ ဝိုက်ယူရမည်။)

၁၂ လက်လွှဲဘေးဝိုင်း (၁နှင့်၂) ဒူးညွှတ် လက်နှစ်ဖက် ဘယ်လွှဲ (၃နှင့်၄) ဒူးညွှတ် လက်နှစ်ဖက် ညာလွှဲ (၅၊ ၆၊ ၇၊ ၈) လက်နှစ်ဖက်ကို ဘယ်ဘက်ဝိုက် ညာလွှဲ

## စစ်ဆေးအကဲဖြတ်ရန်လမ်းညွှန်ချက်များ

| နယ်ပယ် / အဆင့် | လေ့ကျင့်ခန်းများကို မှန်ကန်စွာ လုပ်ဆောင်တတ်ခြင်း (လှုပ်ရှားမှုဆိုင်ရာ ကျွမ်းကျင်မှု နယ်ပယ်) | လေ့ကျင့်ခန်းများ၏ လှုပ်ရှားမှု အဆင့်ဆင့်ကိုရှင်းပြတတ်ခြင်း (သိမှုဆိုင်ရာ နားလည်အသုံးချမှု နယ်ပယ်) |
|---|---|---|
| ၃ | လေ့ကျင့်ခန်းများကိုကျွမ်းကျင်စွာ လုပ်ဆောင်တတ်သည်။ | လေ့ကျင့်ခန်းများ၏ လှုပ်ရှားမှု အဆင့်ဆင့်ကို ရှင်းလင်းစွာ ရှင်းပြနိုင်သည်။ |
| ၂ | လေ့ကျင့်ခန်းများကို မှန်ကန်စွာ လုပ်ဆောင်တတ် သည်။ | လှုပ်ရှားမှုအဆင့်ဆင့်ကို ရှင်းပြနိုင် သည်။ |
| ၁ | လေ့ကျင့်ခန်းများကို မှန်ကန်စွာ လုပ်ဆောင်တတ်ရန်ကျောင်းသား များနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ | လေ့ကျင့်ခန်းများ၏ လှုပ်ရှားမှု အဆင့်ဆင့်ကို ရှင်းပြနိုင်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှုလိုအပ်သည်။ |

## သတိပြုရမည့်အချက်များ

၁။ ခြေရှေ့နောက်လွှဲလေ့ကျင့်ခန်းကို ဘယ်ညာ တစ်လှည့်စီ ပြုလုပ်ရမည်။

၂။ လက်ရှေ့ဘေးလွှဲလေ့ကျင့်ခန်းတွင် ဦးခေါင်းကို ဘယ် တစ်လှည့် ညာ တစ်လှည့် ကြည့်ရမည်။

၃။ လက်ရှေ့ယှက်ဝိုက်နှင့် လက်လွှဲဘေးဝိုင်းတို့တွင် ဦးခေါင်းကို လက်လွှဲသည့်ဘက်ကို ကြည့်ရမည်။

## အားပေးတုံ့ပြန်ချက်များ

- ကလေးတို့အားလုံး လေ့ကျင့်ခန်းတွေကို မှန်မှန်ကန်ကန် လုပ်နိုင်ခဲ့ကြတယ်။
- လေ့ကျင့်ခန်းတွေရဲ့ လှုပ်ရှားမှုအဆင့်ဆင့်ကို ရှင်းပြနိုင်ခဲ့ကြတယ်။



DBE


အခန်း(၄) အေရိုးဗစ်လေ့ကျင့်ခန်းများ

(၁၃) ဒူးညွှတ်ဘေးကွေး (တစ်ဝက်)

၁၃

၁/၂ ၃/၄

- လက်နှစ်ဖက်ကို ခါးပေါ်တွင်ထား၍ ထောက်ရန်
- ဘယ်ဒူး နှစ်ကြိမ်ကွေးစဉ် ညာခြေကိုဆန့်ထားရန်
- ခြေဖျားများကို မြေပြင်မှ မလွတ်စေရန်

(၁၄) အောက်ထိ ညွှတ်ကွေး

၁၄

၁/၂ ၃/၄

- လက်နှစ်ဖက်ကို ခါးတွင်ထား၍ ထောက်ရန်
- ညွှတ်ကွေးရာတွင် နောက်ရှိခြေထောက်ကို တစ်ဖြောင့်တည်း ဆန့်ထုတ်ထားရန်
- ကွေးထားသော ခြေထောက်ရှိ ခြေဖျားကို ထောက်ထားရန်

(၁၅) လူလှည့် လက်တွန်း

၁၅

၁/၂ ၃/၄

- လှည့်ရာတွင် နောက်တွင်ကျန်ခဲ့သော ခြေထောက်ကို ဆန့်ထားရန်
- လှည့်တွန်းသောဘက်မှ ခြေထောက်ကို အလိုက်သင့်ကွေး၍ တွန်းရန်

(၁၆) လူလှည့်အောက်ထိကွေး

၁၆

၁ ၂/၃/၄

- ဆန့်တန်းသော လက်နှစ်ဖက်ကို ပခုံးနှင့်တစ်တန်းတည်း ဆန့်တန်းရန်
- ခြေနှစ်ဖက်ကို လှည့်ကွေးရာတွင် တစ်ဝက်သာ ကွေးရန်

(၁၇) ခြေရှေ့ကန်

၁၇

၁/၂ ၃/၄ ၅/၇ ၆/၈

- ခြေကန်ရာတွင် ရှေ့သို့ဆန့်တန်း၍ ကန်တင်ရန်နှင့် ကန်သောအချိန်တွင် လက်နှစ်ဖက်ကို တစ်ဖက်က ရှေ့၊ တစ်ဖက်က ဘေးသို့ ပခုံးနှင့်တစ်တန်းတည်း ဆန့်တန်းထားရန်

၁၁

## ရုပ်ပုံများနှင့်ပတ်သက်သောရှင်းလင်းချက်များ

**၁၃** ဒူးညွှတ်ဘေးကွေး (၁နှင့်၂) လက်ခါးထောက်ဘယ်ခြေဘေးခွဲ ဘယ်ဒူးကို နှစ်ချက် ညွှတ်ကွေး (၃နှင့်၄) ညာဒူးကို နှစ်ချက်ညွှတ်ကွေး

**၁၄** အောက်ထိညွှတ်ကွေး (၁)လက်ခါးထောက် ဘယ်ခြေဘေးခွဲ (၂) ဒူးအောက်ထိညွှတ်ကွေး (၃နှင့်၄) ဒူး ပြန်ဆန့် (၅နှင့်၆) ညာသို့ ဒူးအောက်ထိ ညွှတ်ကွေး (၇နှင့်၈) ဒူးပြန်ဆန့်

**၁၅** လူလှည့်လက်တွန်း (၁နှင့်၂) ဘယ်ခြေဘေးခွဲ လက်နှစ်ဖက်ကို ဘယ်နှစ်ကြိမ်တွန်း (၃နှင့်၄) လက်နှစ်ဖက် ကို ညာဘက်သို့ နှစ်ကြိမ်တွန်း

**၁၆** လူလှည့်အောက်ထိကွေး (၁) ဘေးတိုက် ဘယ်လှည့် လက်နှစ်ဖက် ဘေးဆန့် (၂ ၊ ၃ ၊ ၄) ဒူးကို အောက်ထိညွှတ် (၅ ၊ ၆ ၊ ၇ ၊ ၈) ဒူးကို ဖြည်းဖြည်းချင်း ပြန်မတ် (၈ ၊ ၇ ၊ ၆ ၊ ၅) ဒူးကို အောက်ထိပြန်ညွှတ် (၄၊ ၃၊ တစ်ဖက်ပြောင်း) ဒူးကို ဖြည်းဖြည်းချင်း ပြန်မတ် (ညာဘက်ပြောင်းလုပ်ရမည်။)

## သတိပြုရမည့်အချက်များ

၁။ လေ့ကျင့်ခန်းများ လုပ်ဆောင်ရာတွင် ကျန်သော ခြေထောက်ကို ဖြောင့်ထားရမည်။

၂။ အောက်ထိညွှတ်ကွေး လေ့ကျင့်ခန်းလုပ်ဆောင်ရာတွင် ထိုင်လျှင် ပခုံးနှစ်ဖက်ရှေ့သို့ ဝိုက်ပြီး ပြန်ထလျှင် ပခုံးနှစ်ဖက်ကို နောက်သို့ ဝိုက်ရမည်။

# အခန်း (၄) | စာသင်ချိန် ၄/၆

## သင်ယူမှုဦးတည်ချက်များ

- လေ့ကျင့်ခန်းများကို မှန်ကန်စွာ လုပ်ဆောင်တတ်ရန်။
- သူငယ်ချင်းများ၏ လုပ်ဆောင်ချက်အပေါ် အကြံဉာဏ်များပေးတတ်ရန်။

## သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

ခရာ၊ စီဒီ၊ စပီကာ၊ စစ်ဆေးအကဲဖြတ်မှုမှတ်တမ်း။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ခန်းစာနှင့် မိတ်ဆက်ပြီး ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားခြင်း။ (၂ မိနစ်)

၂။ ကစားမည့်နေရာကို သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် မကစားမီလုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများပြုလုပ်ခြင်း။ (၄ မိနစ် )

၃။ ဆရာက လှုပ်ရှားမှုအဆင့်ဆင့်ကို ရှင်းပြခြင်းနှင့် သရုပ်ပြခြင်း၊ ကလေးများ လက်တွေ့လုပ်ဆောင်ခြင်း၊ အုပ်စုလိုက်၊ အတန်းလိုက် သရုပ်ပြခြင်း။ (၃၀ မိနစ် )
(က) ဒူးညွှတ်ဘေးကွေး
(ခ) အောက်ထိညွှတ်ကွေး
(ဂ) လူလှည့်လက်တွန်း
(ဃ) လူလှည့်အောက်ထိကွေး

၄။ ကစားပြီးလုပ်ဆောင်ရမည့်လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ ချီးမွမ်းခြင်း၊ အားပေးခြင်းနှင့် သင်ခန်းစာကို နိဂုံးချုပ်ခြင်း။ (၄ မိနစ်)

## စစ်ဆေးအကဲဖြတ်ရန်လမ်းညွှန်ချက်များ

| | လေ့ကျင့်ခန်းများကို မှန်ကန်စွာ လုပ်ဆောင်တတ်ခြင်း (လှုပ်ရှားမှုဆိုင်ရာ ကျွမ်းကျင်မှုနယ်ပယ်) | သူငယ်ချင်းများ၏ လုပ်ဆောင်ချက်အပေါ် အကြံဉာဏ်များ ပေးတတ်ခြင်း (လူမှုရေးဆိုင်ရာ နယ်ပယ်) |
|---|---|---|
| ၃ | လေ့ကျင့်ခန်းများကို ကျွမ်းကျင်စွာ လုပ်ဆောင်တတ်သည်။ | သူငယ်ချင်းများ၏လုပ်ဆောင်ချက်အပေါ် အကြံဉာဏ်ကောင်းများ ပေးတတ်သည်။ |
| ၂ | လေ့ကျင့်ခန်းများကို မှန်ကန်စွာ လုပ်ဆောင်တတ်သည်။ | သူငယ်ချင်းများ၏ လုပ်ဆောင်ချက်အပေါ် အကြံဉာဏ်များ ပေးတတ်သည်။ |
| ၁ | လေ့ကျင့်ခန်းများကို မှန်ကန်စွာ လုပ်ဆောင်တတ်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ | သူငယ်ချင်းများ၏လုပ်ဆောင်ချက်အပေါ် အကြံဉာဏ်များ ပေးတတ်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ |

## အားပေးတုံ့ပြန်ချက်များ

- ကလေးတို့အားလုံး လေ့ကျင့်ခန်းတွေကို မှန်မှန်ကန်ကန် လုပ်နိုင်ခဲ့ကြတယ်။
- သူငယ်ချင်းတွေရဲ့ လုပ်ဆောင်ချက်တွေအပေါ် အကြံဉာဏ်တွေပေးပြီး အကောင်းဆုံး လုပ်ဆောင်နိုင်ခဲ့ကြတယ်။

## အခန်း (၄) စာသင်ချိန် ၅/၆

### သင်ယူမှုဦးတည်ချက်များ

- လှုပ်ရှားမှုအဆင့်ဆင့်ကို အခြားသူများအား ရှင်းပြတတ်ရန်။
- လေ့ကျင့်ခန်းများကို ပြုလုပ်ရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်တတ်ရန်။

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

ခရာ၊ စီဒီ၊ စပီကာ၊ စစ်ဆေးအကဲဖြတ်မှုမှတ်တမ်း။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ခန်းစာနှင့် မိတ်ဆက်ပြီး ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားခြင်း။ (၂ မိနစ်)

၂။ ကစားမည့်နေရာကို သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် မကစားမီလုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများပြုလုပ်ခြင်း။ (၄ မိနစ် )

၃။ ဆရာက လေ့ကျင့်ခန်းများ၏ လှုပ်ရှားမှုများကို ရှင်းပြခြင်းနှင့် သရုပ်ပြခြင်း၊ ကလေးများလက်တွေ့လုပ်ဆောင်ခြင်း၊ အုပ်စုလိုက်၊ အတန်းလိုက် သရုပ်ပြခြင်း။ (၃၀ မိနစ် )
(က) ခြေရှေ့ကန်
(ခ) ခြေဘေးကန်
(ဂ) ခြေနောက်ကန်
(ဃ) ခြေဝိုက်ကန်

၄။ ကစားပြီးလုပ်ဆောင်ရမည့်လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ ချီးမွမ်းခြင်း၊ အားပေးခြင်းနှင့် သင်ခန်းစာကို နိဂုံးချုပ်ခြင်း။ (၄ မိနစ်)

### စစ်ဆေးအကဲဖြတ်ရန်လမ်းညွှန်ချက်များ

| နယ်ပယ် / အဆင့် | လှုပ်ရှားမှုအဆင့်ဆင့်ကို အခြားသူများအား ရှင်းပြတတ်ခြင်း (လှုပ်ရှားမှုဆိုင်ရာနားလည်အသုံးချမှု နယ်ပယ်) | လေ့ကျင့်ခန်းများ ပြုလုပ်ရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်တတ်ခြင်း (လူမှုရေးဆိုင်ရာ နယ်ပယ်) |
|---|---|---|
| ၃ | လှုပ်ရှားမှုအဆင့်ဆင့်ကို ရှင်းလင်းစွာ ရှင်းပြတတ်သည်။ | လေ့ကျင့်ခန်းများပြုလုပ်ရာတွင် အမြဲတမ်း ပူးပေါင်းဆောင်ရွက်တတ်သည်။ |
| ၂ | လှုပ်ရှားမှုအဆင့်ဆင့်ကို ရှင်းပြတတ်သည်။ | လေ့ကျင့်ခန်းများပြုလုပ်ရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်တတ်သည်။ |
| ၁ | လှုပ်ရှားမှုအဆင့်ဆင့်ကို ရှင်းပြတတ်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှုလိုအပ်သည်။ | လေ့ကျင့်ခန်းများပြုလုပ်ရာတွင် ပူးပေါင်းဆောင်ရွက်တတ်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှုလိုအပ်သည်။ |

### အားပေးတုံ့ပြန်ချက်များ

- လှုပ်ရှားမှုအဆင့်ဆင့်ကို အခြားသူများအား ရှင်းပြနိုင်ခဲ့ကြတယ်။
- လေ့ကျင့်ခန်းတွေပြုလုပ်ရာမှာ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ခဲ့ကြတယ်။




### ရုပ်ပုံများနှင့်ပတ်သက်သောရှင်းလင်းချက်များ

၁၇ ခြေရှေ့ကန် (၁၊၂၊ ၃၊ ၄) ဘယ် ညာ တစ်လှည့်စီ ခြေဖျားထောက်ကြွ (၅) လက်ခုပ်တီး (၆) ဘယ်ခြေရှေ့ကန် (၇) လက်ခုပ်တီး (၈) ညာခြေရှေ့ကန်

၁၈ ခြေဘေးကန် (၁၊ ၂၊ ၃၊ ၄) ဘယ် ညာ တစ်လှည့်စီ ခြေဖျားထောက်ကြွ (၅) လက်ခုပ်တီး (၆) ဘယ်ခြေဘေးကန် (၇) လက်ခုပ်တီး (၈) ညာခြေဘေးကန်

၁၉ ခြေနောက်ကန် (၁၊ ၂၊ ၃၊ ၄) ဘယ် ညာ တစ်လှည့်စီ ခြေဖျားထောက်ကြွ (၅) လက်ခုပ်တီး (၆) ဘယ်ခြေနောက်ကန် (၇) လက်ခုပ်တီး (၈) ညာခြေနောက်ကန်

၂၀ ခြေဝိုက်ကန် (၁ ၊ ၂) ညာ ဘယ် တစ်လှမ်းရှေ့တက် (၃၊၄) ညာခြေဝိုက်ကန် (၅ ၊ ၆) ဘယ် ညာ တစ်လှမ်းရှေ့တက် (၇ ၊ ၈) ဘယ်ခြေဝိုက်ကန်

### သတိပြုရမည့်အချက်များ

၁။ လက်ခုပ်တီးရာတွင် ဒူးအနည်းငယ် ညွှတ်ရမည်။

၂။ ခြေကန်ရာတွင် ကန်သောခြေကို ဆန့်ကန်ရမည်။

၃။ ခြေရှေ့ကန်ရာတွင် ကန်သောခြေနှင့် ဆန့်ကျင်ဘက်လက်ကို ရှေ့ထုတ်ပြီး ကျန်လက်ကို ဘေးသို့ ပခုံးနှင့် တစ်တန်းတည်း ဆန့်ထားရမည်။

၄။ ခြေဘေးကန်ရာတွင် ကန်သောခြေနှင့် ဆန့်ကျင်ဘက်လက်ကို ၄၅ ဒီဂရီ မြှောက်ထားပြီး ကျန်လက်ကို ကန်သောခြေတွင် ကပ်ထားရမည်။


အခန်း(၄) အေရိုးဗစ်လေ့ကျင့်ခန်းများ



**မေးခွန်း**

| | | | | |
|---|---|---|---|---|
| ၁ | အေရိုးဗစ်လေ့ကျင့်ခန်းကို လုပ်ရာမှာ ပျော်ရွှင်မှုရှိခဲ့သလား။ | | | |
| ၂ | လေ့ကျင့်ခန်း တစ်ခုနဲ့တစ်ခု ကူးပြောင်းတဲ့အခါ အချိတ်အဆက်မိမိ လုပ်နိုင်ခဲ့သလား။ | | | |
| ၃ | လေ့ကျင့်ခန်းတွေကို ဘယ်လိုလုပ်ရမလဲဆိုတာ ရှင်းပြနိုင်မလား။ | | | |
| ၄ | လေ့ကျင့်ခန်းတွေကို သူငယ်ချင်းတွေနဲ့ ညီညီညာညာစုပေါင်းလုပ်နိုင်ခဲ့ကြသလား။ | | | |

၁၃

## အခန်း (၄) | စာသင်ချိန် ၆/၆

### သင်ယူမှုဦးတည်ချက်များ

- လုပ်ရှားမှုများကို သံစဉ်ဖြင့် လုပ်ဆောင်ခြင်းဖြင့် တက်ကြွပျော်ရွှင်မှုရှိရန်။
- သူငယ်ချင်းများနှင့် ညီညီညာညာပူးပေါင်းဆောင်ရွက်တတ်ရန်။

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

ခရာ၊ စီဒီ၊ စပီကာ၊ စစ်ဆေးအကဲဖြတ်မှုမှတ်တမ်း။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ခန်းစာနှင့် မိတ်ဆက်ပြီး ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားခြင်း။ (၂ မိနစ်)

၂။ ကစားမည့်နေရာကို သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် မကစားမီ လုပ်ဆောင်ရမည့်လေ့ကျင့်ခန်းများ ပြုလုပ်ခြင်း။ (၄ မိနစ်)

၃။ လုပ်ရှားမှုများ၏ သတိပြုရမည့်အချက်များကို ဆရာက ဆွေးနွေးမေးမြန်းခြင်း။ (၅ မိနစ်)

၄။ ကလေးများ အုပ်စုလိုက် သတိပြုရမည့်အချက်များကို တိုင်ပင်ဆွေးနွေးပြီး သံစဉ်ဖြင့် လေ့ကျင့်ခြင်း။ (၁၀ မိနစ်)

၅။ အုပ်စုလိုက် သံစဉ်ဖြင့် သရုပ်ပြခြင်း။ (၁၅ မိနစ်)

၆။ ကစားပြီးလုပ်ဆောင်ရမည့်လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ ချီးမွမ်းခြင်း၊ အားပေးခြင်းနှင့် ကျောင်းသုံးစာအုပ်ပါ မေးခွန်းများဖြေဆိုခြင်း။ (၄ မိနစ်)

### ရုပ်ပုံများနှင့်ပတ်သက်သောရှင်းလင်းချက်များ

- ၂၁ သင်ခန်းစာတွင် သတိပြုရမည့်အချက်များကို ဆရာက ကလေး များအားရှင်းပြရမည်။ (လေ့ကျင့်ခန်း ၁ မှ ၁၂ အထိ)
- ၂၂ ကလေးများ သတိပြုရမည့်အချက်များကို တိုင်ပင်ဆွေးနွေးပြီး သံစဉ်ဖြင့် လေ့ကျင့်ရမည်။
- ၂၃ ကလေးများ အုပ်စုလိုက် သရုပ်ပြရမည်။ ကျန်ကလေးများက ကြည့်ရှုလေ့လာပြီး အားပေးရမည်။ ကလေးများ၏ လုပ်ဆောင်ချက်များအပေါ် အားပေးတုံ့ပြန်ချက်ပေးရမည်။

### သတိပြုရမည့်အချက်များ

၁။ ကလေးများ အုပ်စုလိုက် လေ့ကျင့်နိုင်ရန် ဆရာက နေရာစီစဉ်ပေးရမည်။

၂။ ဆရာက ကလေးများ လေ့ကျင့်နေချိန်တွင် လှည့်လည်ကြည့်ရှု၍ အားပေးရမည်။

### စစ်ဆေးအကဲဖြတ်ရန်လမ်းညွှန်ချက်များ

| | တက်ကြွပျော်ရွှင်မှုရှိခြင်း (ခံစားမှုဆိုင်ရာ အကျိုးသက်ရောက်မှု နယ်ပယ်) | ညီညီညာညာ ပူးပေါင်းဆောင်ရွက်တတ်ခြင်း (လူမှုရေးဆိုင်ရာ နယ်ပယ်) |
|---|---|---|
| ၃ | လုပ်ရှားမှုများကို သံစဉ်ဖြင့် လုပ်ဆောင်ရာတွင် အလွန်တက်ကြွပျော်ရွှင်မှုရှိသည်။ | သူငယ်ချင်းများနှင့် အမြဲတမ်း ညီညီညာညာပူးပေါင်းဆောင်ရွက်တတ်သည်။ |
| ၂ | လုပ်ရှားမှုများကို သံစဉ်ဖြင့်လုပ်ဆောင်ရာတွင် တက်ကြွပျော်ရွှင်မှုရှိသည်။ | သူငယ်ချင်းများနှင့် ညီညီညာညာ ပူးပေါင်းဆောင်ရွက်တတ်သည်။ |
| ၁ | လုပ်ရှားမှုများကို သံစဉ်ဖြင့် လုပ်ဆောင်ရာတွင် တက်ကြွပျော်ရွှင်မှုရှိရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ | သူငယ်ချင်းများနှင့် ညီညီညာညာ ပူးပေါင်းဆောင်ရွက်တတ်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ |

### အားပေးတုံ့ပြန်ချက်များ

- ကလေးတို့အားလုံး လုပ်ရှားမှုတွေကို သံစဉ်နဲ့လုပ်ဆောင်ရာမှာ တက်ကြွပျော်ရွှင်ခဲ့ကြတယ်။
- သူငယ်ချင်းတွေနဲ့ ညီညီညာညာ ပူးပေါင်းဆောင်ရွက်ခဲ့ကြတယ်။

DBE BOX

| အခန်း (၅) | စာသင်ချိန် ၁/ ၂ |
|---|---|

## သင်ယူမှုဦးတည်ချက်များ

- တန်းကျော်ခုန်ခြင်းနည်းစနစ်များအတိုင်း ပါဝင်လုပ်ဆောင်နိုင်ခြင်းဖြင့် ပျော်ရွှင်မှုရှိရန်။
- တန်းကျော်ခုန်ခြင်း၏ နည်းစနစ်များကို ရှင်းပြတတ်ရန်။

## သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

ခရာ၊ ကတော့ချွန် (အနိမ့်)၊ တန်းကျော် (ကြိုးနှင့်တိုင်)၊ စစ်ဆေးအကဲဖြတ်မှုမှတ်တမ်း

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ခန်းစာနှင့်မိတ်ဆက်ပြီး ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခြင်း။ (၂မိနစ်)

၂။ ကစားမည့်နေရာကို သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် မကစားမီ လုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများပြုလုပ်ခြင်း။ ( ၃ မိနစ်)

၃။ ဆရာနှင့် ကလေးများ တန်းကျော်ခုန်ခြင်း၏နည်းစနစ်များကို ဆွေးနွေးမေးမြန်းခြင်းနှင့် ပြန်လည်ရှင်းပြခြင်း။ (၅ မိနစ်)

၄။ ဆရာက လုပ်ရှားမှုများကို ရှင်းပြခြင်းနှင့် သရုပ်ပြခြင်း၊ ကလေးများက လက်တွေ့လုပ်ဆောင်ခြင်း။ (၂၅ မိနစ်)

(က) ကတော့ချွန် (အနိမ့်) ၃ ခု အသုံးပြုလေ့ကျင့်ခြင်း။
(ခ) တန်းကျော် ၂ ခုကို အသုံးပြုလေ့ကျင့်ခြင်း။
(ဂ) တန်းကျော် ၃ ခုကို အသုံးပြုလေ့ကျင့်ခြင်း။

၅။ ကစားပြီးလုပ်ဆောင်ရမည့်လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ ချီးမွမ်းခြင်း၊ အားပေးခြင်းနှင့် သင်ခန်းစာကိုနိဂုံးချုပ်ခြင်း။ (၅ မိနစ်)

## စစ်ဆေးအကဲဖြတ်ရန်လမ်းညွှန်ချက်များ

| နယ်ပယ် / အဆင့် | ပါဝင်လုပ်ဆောင်ခြင်းဖြင့် တက်ကြွပျော်ရွှင်မှုရှိခြင်း (ခံစားမှုဆိုင်ရာ အကျိုးသက်ရောက်မှု နယ်ပယ်) | တန်းကျော်ခုန်ခြင်း၏ နည်းစနစ်များကို ရှင်းလင်းစွာ ရှင်းပြတတ်ခြင်း(သိမှုဆိုင်ရာ နားလည်အသုံးချမှုနယ်ပယ်) |
|---|---|---|
| ၃ | တန်းကျော်ခုန်ခြင်း၏ နည်းစနစ်များအတိုင်း လုပ်ဆောင်တတ်ခြင်းဖြင့် စိတ်ရောကိုယ်ပါ တက်ကြွပျော်ရွှင်မှုရှိသည်။ | တန်းကျော်ခုန်ခြင်း၏ နည်းစနစ်များကို အခြားသူများ နားလည်လွယ်အောင် ရှင်းပြတတ်သည်။ |
| ၂ | တန်းကျော်ခုန်ခြင်း၏ နည်းစနစ်များ ပါဝင်လုပ်ဆောင်တတ်ခြင်းဖြင့်တက်ကြွပျော်ရွှင်မှုရှိသည်။ | တန်းကျော်ခုန်ခြင်း၏ နည်းစနစ်များကို ရှင်းလင်းစွာ ရှင်းပြတတ်သည်။ |
| ၁ | တန်းကျော်ခုန်ခြင်း၏ နည်းစနစ်များပါဝင်လုပ်ဆောင်တတ်ခြင်းဖြင့် တက်ကြွပျော်ရွှင်မှုရှိရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ | တန်းကျော်ခုန်ခြင်း၏ နည်းစနစ်များကို ရှင်းလင်းစွာ ရှင်းပြတတ်ရန် ကျောင်းသားများနှင့် ဆရာ၏အားပေးကူညီမှုလိုအပ်သည်။ |

## အားပေးတုံ့ပြန်ချက်များ

- တန်းကျော်ခုန်ခြင်း နည်းစနစ်တွေအတိုင်း လုပ်ဆောင်တတ်ပြီး ပျော်ရွှင်ခဲ့ကြတယ်။
- တန်းကျော်ခုန်ခြင်းရဲ့ နည်းစနစ်တွေကို ရှင်းပြနိုင်ခဲ့ကြတယ်။




## ရုပ်ပုံများနှင့်ပတ်သက်သောရှင်းလင်းချက်များ

၁ ဆရာနှင့်ကလေးများ တန်းကျော်ခုန်ခြင်း၏ နည်းစနစ်များကို ဆွေးနွေးပြီး ပြန်လည်ရှင်းပြရမည်။

၂ သတ်မှတ်နေရာမှ ပြေးကာ ကတော့ချွန်(အနိမ့်) ၃ ခု ကျော်ပြေးခြင်းကို လေ့ကျင့်ရမည်။

၃ သတ်မှတ်နေရာမှ တန်း ၂ တန်း ကျော်ပြေးခြင်းကို အုပ်စုလိုက် လေ့ကျင့်ရမည်။

၄ သတ်မှတ်နေရာမှ တန်း ၃ တန်း ကျော်ပြေးခြင်းကို အုပ်စုလိုက် လေ့ကျင့်ရမည်။

## သတိပြုရမည့်အချက်များ

တန်း၏အလျားသည် ၂ပေခွဲရှိရမည်ဖြစ်ပြီး တန်း၏အမြင့်သည် ၁ပေ ၆လက်မရှိရမည်။ တန်းအမြင့် ၁ပေ၊ ၆လက်မသည် ကလေးများအတွက် သင့်လျော်သော အမြင့်အဖြစ်သတ်မှတ်ထားသော်လည်း ဆရာများသည် တစ်ချို့သောကလေးများ မလုပ်ဆောင်နိုင်ပါက တန်းအမြင့်ကို ပြောင်းလဲလုပ်ဆောင်နိုင်ပါသည်။ တန်းတစ်ခုနှင့်တစ်ခု အကွာအဝေးသည် ၆ပေခန့် ရှိရမည်။ တန်းများကို တပ်ဆင်ရာတွင် ကလေးများအား တာဝန်ပေးပြီး ဆရာက ကူညီလမ်းညွှန်ပေးရမည်။

၁။ ဘယ် ခြေ ညာလက်လွှဲကာ ပြေးရမည်။
၂။ တန်းနှစ်ခုကြားတွင် ခြေလှမ်း သုံးလှမ်းပြေးရမည်။
၃။ သန်သည့်ခြေကို ထောက်ခြေထားကာ ခုန်ရမည်။
၄။ တန်းကျော်ခုန်ရာတွင် နောက်ခြေကို တန်းနှင့် မထိစေရန် ဂရုပြုရမည်။




**မေးခွန်း**

| | | | | |
|---|---|---|---|---|
| ၁ | တန်းကျော်ခုန်ရတာကို နားလည်ပြီး ပျော်ရွှင်မှုရှိခဲ့သလား။ | | | |
| ၂ | တန်းအားလုံးကို ဆက်တိုက် ခုန်နိုင်ခဲ့ကြသလား။ | | | |
| ၃ | တန်းဘယ်လိုခုန်ရမယ်ဆိုတာကို ရှင်းပြနိုင်မလား။ | | | |
| ၄ | သူငယ်ချင်း ခုန်နိုင်အောင် ဘယ်လိုအားပေးခဲ့သလဲ။ | | | |

၁၅

## ရုပ်ပုံများနှင့်ပတ်သက်သောရှင်းလင်းချက်များ

၅ သတ်မှတ်နေရာမှ တန်း ၃ တန်းကို ဆက်တိုက် ခုန်ကျော်နိုင်အောင် အုပ်စုလိုက်လေ့ကျင့်ရမည်။

၆ သရုပ်ပြသရန် တန်းကျော်ခုန်ခြင်း၏ နည်းစနစ်များကို အုပ်စု လိုက် ဆွေးနွေးရမည်။

၇ သတ်မှတ်နေရာမှ တန်း ၄ တန်းကို ဆက်တိုက် ခုန်ကျော်ခြင်းကို အုပ်စုလိုက်သရုပ်ပြရမည်။

## သတိပြုရမည့်အချက်များ

၁။ ဤစာသင်ချိန်တွင် ကလေးများကို လေ့ကျင့်ခြင်းနှင့် သရုပ်ပြခြင်းကို သင်ကြားပေးရမည်ဖြစ်သည်။

၂။ တန်းအမြင့်သည် အဓိကရည်ရွယ်ချက် မဟုတ်ဘဲ တန်းနှစ်ခုကြားတွင် ခြေလှမ်း ၃လှမ်းလှမ်းပြီး တန်းများကို ဆက်တိုက်ခုန်နိုင်ခြင်းသည်သာ အဓိက ရည်ရွယ်ချက်ဖြစ်သည်။ ထို့ကြောင့် ဆရာက တန်းနှစ်ခုကြားတွင် ခြေလှမ်း ၃ လှမ်းလှမ်းပြီးမှ ခုန်ကျော်ခြင်းကို အဓိကထား သင်ကြားပေးရမည်။

# အခန်း (၅) | စာသင်ချိန် ၂/၂

## သင်ယူမှုဦးတည်ချက်များ

- တန်းကျော်ခုန်ရာတွင် တန်းများကိုဆက်တိုက် ခုန်နိုင်ရန်။
- သူငယ်ချင်းများ၏ လုပ်ဆောင်ချက်များအပေါ် အကြံဉာဏ်များပေးတတ်ရန်။

## သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

ခရာ၊ ကတော့ချွန် (အနိမ့်)၊ တန်းကျော် (ကြိုးနှင့်တိုင်)၊ စစ်ဆေးအကဲဖြတ်မှုမှတ်တမ်း။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ခန်းစာနှင့်မိတ်ဆက်ပြီး ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားခြင်း။ (၂မိနစ်)

၂။ ကစားမည့်နေရာကို သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် မကစားမီလုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများပြုလုပ်ခြင်း။ ( ၃ မိနစ်)

၃။ ဆရာက လှုပ်ရှားမှုများကို ရှင်းပြခြင်းနှင့် သရုပ်ပြခြင်း၊ ကလေးများက လက်တွေ့လုပ်ဆောင်ခြင်း။ (၇ မိနစ်)

၄။ ကလေးများ တန်းကျော်ခုန်ခြင်း၏ နည်းစနစ်များကို အုပ်စုလိုက် ဆွေးနွေးခြင်း။ ( ၃ မိနစ်)

၅။ အုပ်စုလိုက် တန်း ၅ခုခုန်ကျော်ခြင်းကို သရုပ်ပြခြင်း။ (၁၈ မိနစ်)

၆။ ကစားပြီးလုပ်ဆောင်ရမည့်လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ ချီးမွမ်းခြင်း၊ အားပေးခြင်းနှင့် ကျောင်းသုံးစာအုပ်ပါ မေးခွန်းများဖြေဆိုခြင်း။ (၇ မိနစ်)

## စစ်ဆေးအကဲဖြတ်ရန်လမ်းညွှန်ချက်များ

| နယ်ပယ် / အဆင့် | တန်းများကို ဆက်တိုက်ခုန်ကျော်နိုင်ခြင်း (လှုပ်ရှားမှုဆိုင်ရာ ကျွမ်းကျင်မှု နယ်ပယ်) | သူငယ်ချင်းများ၏ လုပ်ဆောင်ချက်များအပေါ် အကြံဉာဏ်များပေးတတ်ခြင်း (လူမှုရေးဆိုင်ရာ နယ်ပယ်) |
|---|---|---|
| ၃ | တန်းနှစ်ခုကြားတွင် အမြဲတမ်း ခြေလှမ်း ၃ လှမ်း လှမ်းပြီး တန်းအားလုံးကို ဆက်တိုက် ခုန်နိုင်သည်။ | သူငယ်ချင်းများ၏ လုပ်ဆောင်ချက် အပေါ် အကြံဉာဏ်ကောင်းများပေး တတ်သည်။ |
| ၂ | တန်းနှစ်ခုကြားတွင် ခြေလှမ်း ၃ လှမ်း လှမ်းပြီး တန်းအားလုံးကို ဆက်တိုက်ခုန်နိုင်သည်။ | သူငယ်ချင်းများ၏ လုပ်ဆောင်ချက် အပေါ် အကြံဉာဏ်များပေးတတ် သည်။ |
| ၁ | တန်းနှစ်ခုကြားတွင် ခြေလှမ်း ၃ လှမ်း လှမ်းပြီး တန်းအားလုံးကို ဆက်တိုက်ခုန်နိုင်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေး ကူညီမှုလိုအပ်သည်။ | သူငယ်ချင်းများ၏ လုပ်ဆောင်ချက် အပေါ် အကြံဉာဏ်များ အားပေး တတ်ရန် ကျောင်းသားများနှင့် ဆရာ ၏ အားပေးကူညီမှု လိုအပ်သည်။ |

## အားပေးတုံ့ပြန်ချက်များ

- ကလေးတို့အားလုံး တန်းတွေကို ဆက်တိုက်ခုန်ကျော်နိုင်ခဲ့ကြတယ်။
- သူငယ်ချင်းတွေရဲ့ လုပ်ဆောင်ချက်အပေါ် အကြံဉာဏ်တွေပေးနိုင်ခဲ့ကြတယ်။

## အခန်း (၆) | စာသင်ချိန် ၁/၂

### သင်ယူမှုဦးတည်ချက်များ

- ရပ်လျက်တာထွက်ခြင်း၏နည်းစနစ်များကို ရှင်းပြတတ်ရန်။
- အခြားသူများ၏ လုပ်ဆောင်ချက်များအပေါ် အကြံဉာဏ်များပေးတတ်ရန်။

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

ခရာ၊ ကတော့ချွန်၊ အကဲဖြတ်စစ်ဆေးမှုမှတ်တမ်း။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ခန်းစာနှင့်မိတ်ဆက်ပြီး ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားခြင်း။( ၂ မိနစ်)

၂။ ကစားမည့်နေရာကို သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် မကစားမီ လုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများပြုလုပ်ခြင်း။ ( ၄ မိနစ်)

၃။ ရပ်လျက်တာထွက်ခြင်း၏ နည်းစနစ်များကို ရှင်းပြခြင်းနှင့်သရုပ်ပြခြင်း။( ၄ မိနစ်)

၄။ ဆရာနှင့်ကလေးများ လက်တွေ့လုပ်ဆောင်ခြင်း။ ( ၁၀ မိနစ်)

**မှတ်ချက်။** ဆရာက မိမိရပ်လျက်ရှိသောနေရာသည် တာထွက်စည်းဖြစ်ကြောင်း ပြောကြားထားရမည်။ ကလေးများအား နည်းစနစ်များကို တစ်ချက်ချင်း ရှင်းပြ သရုပ်ပြကာ လက်တွေ့လုပ်ဆောင်စေရမည်။

၅။ ဆရာနှင့်ကလေးများ ရပ်လျက်တာထွက်ခြင်း၏နည်းစနစ်များကိုပြန်လည်ဆွေးနွေးခြင်း။ (၅ မိနစ်)

၆။ ရပ်လျက်တာထွက်နည်းစနစ်များကို အသုံးပြု၍ ပြေးခြင်းကို လေ့ကျင့်ခြင်း။ (၁၀ မိနစ်)

၇။ ကစားပြီးလုပ်ဆောင်ရမည့်လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ ချီးမွမ်းခြင်း၊ အားပေးခြင်းနှင့် သင်ခန်းစာကို နိဂုံးချုပ်ခြင်း။ ( ၅မိနစ်)

### စစ်ဆေးအကဲဖြတ်ရန်လမ်းညွှန်ချက်များ

| နယ်ပယ် / အဆင့် | ရပ်လျက်တာထွက်ခြင်း၏ နည်းစနစ်များကို ရှင်းပြတတ်ခြင်း (သိမှုဆိုင်ရာ နားလည်အသုံးချမှုနယ်ပယ်) | အခြားသူများလုပ်ဆောင်ချက်များအပေါ် အကြံဉာဏ်များပေးတတ်ခြင်း (လှုပ်ရှားမှုရေးဆိုင်ရာနယ်ပယ်) |
|---|---|---|
| ၃ | ရပ်လျက်တာထွက်ခြင်း၏ နည်းစနစ်များကို ရှင်းလင်းစွာ ရှင်းပြနိုင်သည်။ | အခြားသူများ၏ လုပ်ဆောင်ချက်အပေါ် အကြံဉာဏ်ကောင်းများ ပေးတတ်သည်။ |
| ၂ | ရပ်လျက်တာထွက်ခြင်း၏ နည်းစနစ်များကို ရှင်းပြနိုင်သည်။ | အခြားသူများ၏ လုပ်ဆောင်ချက်များအပေါ် အကြံဉာဏ်များပေးတတ်သည်။ |
| ၁ | ရပ်လျက်တာထွက်ခြင်း၏ နည်း စနစ်များကို ရှင်းပြနိုင်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ | အခြားသူများ၏ လုပ်ဆောင်ချက်များအပေါ် အကြံဉာဏ်များပေးတတ်ရန်။ |

### အားပေးတုံ့ပြန်ချက်များ

- ကလေးတို့အားလုံး တက်တက်ကြွကြွနဲ့ နည်းစနစ်တွေကို ရှင်းပြနိုင်ခဲ့ကြတယ်။
- အခြားသူတွေရဲ့ လုပ်ဆောင်ချက်တွေအပေါ် အကြံဉာဏ်တွေပေးခဲ့ကြတယ်။




### ရုပ်ပုံများနှင့်ပတ်သက်သောရှင်းလင်းချက်များ

① ကစားကွင်းကို သန့်ရှင်းရေးပြုလုပ်ရမည်။

② ရပ်လျက်တာထွက်ခြင်း၏ နည်းစနစ်များကို တစ်ချက်ချင်း ရှင်းလင်းသရုပ်ပြပေးရမည်။ ဆရာနှင့်ကလေးများရပ်လျက်တာထွက်ခြင်း၏ နည်းစနစ်များကို ပြန်လည်မေးမြန်းဆွေးနွေးရမည်။

③ ကလေးများကို ၅ ယောက်တစ်အုပ်စုဖွဲ့ရမည်။ သတ်မှတ်နေရာတွင် ရှေ့နောက်တန်းစီရမည်။ ပထမလူရှေ့တွင် လက်ဆင့်ကမ်း တုတ်ပေးထားရမည်။ ဆရာက ခရာဖြင့် အချက်ပေးလျှင် ပထမဆုံးလူကပြေးကာ သတ်မှတ်နေရာသို့ရောက်လျှင် ကတော့ချွန်ကို ကွေ့ပြေးကာ မိမိနေရာသို့ ပြန်ပြေးလာပြီး လက်ဝါးချင်းရိုက်ရမည်။

### ရပ်လျက်တာထွက်ခြင်း၏ နည်းစနစ်များ

၁။ တာထွက်စည်းနောက်တွင် နေရာယူရမည်။

၂။ ကန်အားရှိသောခြေ (အားသန်သောခြေ)ကို ရှေ့တွင်ထားရမည်။

၃။ ဒူးအနည်းငယ်ကွေးပြီး ခန္ဓာကိုယ်ကိုရှေ့သို့ အနည်းငယ်ကိုင်းကာ ရှေ့ခြေဖျားပေါ်တွင် ချိန်ဆရပ်ရမည်။

၄။ တံတောင်များကို အလိုက်သင့်ကွေးပြီး လက်သီးဆုပ်ထားရမည်။

၅။ ဦးခေါင်းကိုမတ်မတ်ထားပြီး မိမိပြေးလမ်းတည့်တည့် ကြည့်ရမည်။



DBE




**မေးခွန်း**

| | | |
|---|---|---|
| ၁ | ရပ်လျက်တာထွက်နည်းနဲ့ ပြေးရတာပျော်ရွှင်ခဲ့ကြသလား။ | |
| ၂ | ရပ်လျက်တာထွက်နည်းကို မှန်အောင်လုပ်နိုင်ခဲ့ကြသလား။ | |
| ၃ | ရပ်လျက်တာထွက်ခြင်း နည်းစနစ်တွေကို ရှင်းပြနိုင်မလား။ | |
| ၄ | သူငယ်ချင်းတွေ ပြေးတာကိုအားပေးခဲ့ကြသလား။ | |

၁၇

## ရုပ်ပုံများနှင့်ပတ်သက်သောရှင်းလင်းချက်များ

**၄** ရပ်လျက်တာထွက်ခြင်းနည်းစနစ်များကို အုပ်စုလိုက် ဆွေးနွေးတိုင်ပင်ရမည်။ ဆရာက ကြည့်ရှုလေ့လာရမည်။

**၅** သတ်မှတ်နေရာမှ မီတာ ၅၀ အကွာအဝေးကို သတ်မှတ်အချိန်အတွင်း ရောက်အောင်ပြေးစေရမည်။

**၆** သတ်မှတ်နေရာများတွင် အုပ်စုလိုက် ရှေ့နောက်တန်းစီ နေရာယူရမည်။ ခရာသံကြားလျှင် ပြေးကာ ကတော့ချွန်ကိုတွေ့လျှင် မူလနေရာသို့ပြန်ပြေးလာကာ မိမိအဖွဲ့မှ ဒုတိယကလေးနှင့် လက်ဝါးချင်းရိုက်ကာ အဖွဲ့၏နောက်တွင် ပြန်ထိုင်ရမည်။ ဒုတိယကလေးက လက်ဝါးချင်းရိုက်ပြီးမှသာ စတင်ပြေးရမည် ကျန်ကလေးများက ဤနည်းအတိုင်း ဆက်ကစားရမည်။

### သတိပြုရမည့်အချက်များ

၁။ မီတာ ၅၀ အကွာ အဝေးမရှိလျှင် ကလေးများကို ၂ခေါက်၊ ၃ခေါက် စသည်ဖြင့် အကြိမ်ကြိမ်ပြေးစေရမည်။

၂။ ကလေးဦးရေအပေါ် မူတည်၍ တစ်ကြိမ်လျှင် ၃ ယောက်မှ ၅ ယောက် အထိပြေးစေနိုင်သည်။

## အခန်း (၆) | စာသင်ချိန် ၂/၂

### သင်ယူမှုဦးတည်ချက်များ

- ရပ်လျက်တာထွက်ခြင်းနည်းစနစ်များအတိုင်း ပါဝင်လုပ်ဆောင်ခြင်းဖြင့် တက်ကြွပျော်ရွှင်မှုရှိရန်။
- မီတာ ၅၀ အကွာအဝေးကို သတ်မှတ်ချိန်အတွင်းရောက်အောင် ပြေးနိုင်ရန်။

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

ခရာ၊ ကတော့ချွန်၊ အကဲဖြတ်စစ်ဆေးမှုမှတ်တမ်း။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ခန်းစာနှင့်မိတ်ဆက်ပြီး ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားခြင်း။ (၂မိနစ်)

၂။ ကစားမည့်နေရာကို သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် မကစားမီ လုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများပြုလုပ်ခြင်း။ ( ၃ မိနစ်)

၃။ ရပ်လျက်တာထွက်ခြင်းနည်းစနစ်များကို အုပ်စုလိုက် တိုင်ပင်ဆွေးနွေးခြင်း။ (၃ မိနစ်)

၄။ ရပ်လျက်တာထွက်ခြင်းနည်းစနစ်များအတိုင်း မီတာ ၅၀ အကွာအဝေးကို ပြေးခြင်း။ (၁၀ မိနစ်)

၅။ လက်ဆင့်ကမ်းပြေးခြင်းကို ဆရာကသရုပ်ပြခြင်း။ (၃မိနစ်)

၆။ ကစားနည်းစည်းမျဉ်းများအတိုင်း အုပ်စုလိုက် ကစားခြင်း။ (၁၃ မိနစ်)

၇။ ကစားပြီးလုပ်ဆောင်ရမည့်လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ ချီးမွမ်းခြင်း၊ အားပေးခြင်းနှင့် ကျောင်းသုံးစာအုပ်ပါ မေးခွန်းများ ဖြေဆိုခြင်း။ (၆ မိနစ်)

### စစ်ဆေးအကဲဖြတ်ရန်လမ်းညွှန်ချက်များ

| နယ်ပယ် / အဆင့် | တက်ကြွပျော်ရွှင်မှုရှိခြင်း (ခံစားမှုဆိုင်ရာ အကျိုးသက်ရောက်မှုနယ်ပယ်) | မီတာ ၅၀ အကွာအဝေးကို သတ်မှတ်ချိန်တွင်းပြေးနိုင်ခြင်း (လှုပ်ရှားမှုဆိုင်ရာ ကျွမ်းကျင်မှုနယ်ပယ်) |
|---|---|---|
| ၃ | ရပ်လျက်တာထွက်ခြင်း နည်းစနစ်များအတိုင်း ပါဝင်လုပ်ဆောင်ခြင်းဖြင့် စိတ်ရောကိုယ်ပါ တက်ကြွပျော်ရွှင်မှုရှိသည်။ | မီတာ ၅၀ အကွာအဝေးကို ၈ မိနစ်မှ ၁၂ မိနစ်အတွင်း ရောက်အောင်ပြေးနိုင်သည်။ |
| ၂ | ရပ်လျက်တာထွက်ခြင်း နည်းစနစ်များအတိုင်း ပါဝင်လုပ်ဆောင်ခြင်းဖြင့် တက်ကြွပျော်ရွှင်မှုရှိသည်။ | မီတာ ၅၀ အကွာအဝေးကို ၁၃ မိနစ်မှ ၁၅ မိနစ်အတွင်း ရောက်အောင် ပြေးနိုင်သည်။ |
| ၁ | ရပ်လျက်တာထွက်ခြင်း နည်းစနစ်များအတိုင်း ပါဝင်လုပ်ဆောင်ခြင်းဖြင့် တက်ကြွပျော်ရွှင်မှုရှိရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ | မီတာ ၅၀ အကွာအဝေးကို ၁၅ မိနစ်အတွင်း ရောက်အောင် ပြေးနိုင်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ |

### အားပေးတုံ့ပြန်ချက်များ

- ကလေးတို့အားလုံး ရပ်လျက်တာထွက်နည်းစနစ်တွေအတိုင်း တက်ကြွပျော်ရွှင်စွာ ကစားခဲ့ကြတယ်။
- သတ်မှတ်နေရာကို သတ်မှတ်ချိန်အတွင်းရောက်အောင် ပြေးနိုင်ခဲ့ကြတယ်။

DBE BOX

| **အခန်း (၇)** | **စာသင်ချိန် ၁/၂** |
|---|---|

### သင်ယူမှုဦးတည်ချက်များ

- ဟန်ချက်ညီမျှမှုလေ့ကျင့်ခန်းများကို လုပ်ဆောင်ရာတွင် ပျော်ရွှင်မှုရှိရန်။
- လေ့ကျင့်ခန်းများကို လုပ်ဆောင်ရာတွင် ခန္ဓာကိုယ်ဟန်ချက်ကို ထိန်းနိုင်ရန်။

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

ခရာ၊ စစ်ဆေးအကဲဖြတ်မှုမှတ်တမ်း။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ခန်းစာနှင့်မိတ်ဆက်ပြီး ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခြင်း။ ( ၂ မိနစ်)

၂။ ကစားမည့်နေရာကို သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် မကစားမီ လုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများပြုလုပ်ခြင်း။ ( ၃ မိနစ်)

၃။ ဆရာက လေ့ကျင့်ခန်းများ၏လုပ်ရှားမှုများကို ရှင်းပြခြင်းနှင့်သရုပ်ပြခြင်း၊ ဆရာနှင့်ကလေးများ လက်တွေ့လုပ်ဆောင်ခြင်း၊ ကလေးများ လက်တွေ့ လုပ်ဆောင်ခြင်း၊ အုပ်စုလိုက်၊ အတန်းလိုက်သရုပ်ပြခြင်း။ (၂၀ မိနစ်)
(က) ဒူးတစ်ဖက်ကွေး လက်ဘေးဆန့် လေ့ကျင့်ခန်း။
(ခ) ခြေတစ်ဖက်ကိုင် လက်ရှေ့ဆန့် လေ့ကျင့်ခန်း။

၄။ လေ့ကျင့်ခန်းနှစ်ခုကို အုပ်စုလိုက်သရုပ်ပြခြင်း။ (၁၀ မိနစ်)

၅။ ကစားပြီးလုပ်ဆောင်ရမည့်လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ ချီးမွမ်းခြင်း၊ အားပေး ခြင်းနှင့် သင်ခန်းစာကိုနိဂုံးချုပ်ခြင်း။ (၅ မိနစ်)

### စစ်ဆေးအကဲဖြတ်ရန်လမ်းညွှန်ချက်များ

| နယ်ပယ် / အဆင့် | လေ့ကျင့်ခန်းများ လုပ်ဆောင်ရာတွင်ပျော်ရွှင်မှုရှိခြင်း(ခံစားမှုဆိုင်ရာ အကျိုးသက်ရောက်မှု နယ်ပယ်) | လေ့ကျင့်ခန်းများ လုပ်ဆောင်ရာတွင် ခန္ဓာကိုယ်ဟန်ချက်ကို ထိန်းနိုင်ခြင်း (လုပ်ရှားမှုဆိုင်ရာ ကျွမ်းကျင်မှု နယ်ပယ်) |
|---|---|---|
| ၃ | လေ့ကျင့်ခန်းများလုပ်ဆောင်ရာတွင် အလွန်ပျော်ရွှင်မှုရှိသည်။ | လေ့ကျင့်ခန်းများကို လုပ်ဆောင်ရာတွင် ခန္ဓာကိုယ်ဟန်ချက်ကို ငြိမ်အောင်ထိန်းနိုင်သည်။ |
| ၂ | လေ့ကျင့်ခန်းများ လုပ်ဆောင်ရာတွင် ပျော်ရွှင်မှုရှိသည်။ | လေ့ကျင့်ခန်းများကို လုပ်ဆောင်ရာတွင် ခန္ဓာကိုယ်ဟန်ချက်ကို ထိန်းနိုင်သည်။ |
| ၁ | လေ့ကျင့်ခန်းများ လုပ်ဆောင်ရာတွင် ပျော်ရွှင်မှုရှိရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ | လေ့ကျင့်ခန်းများကို လုပ်ဆောင်ရာတွင် ခန္ဓာကိုယ်ဟန်ချက်ကို ထိန်းနိုင်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ |

### အားပေးတုံ့ပြန်ချက်များ

- ကလေးတို့အားလုံး လေ့ကျင့်ခန်းတွေ လုပ်ဆောင်ရာမှာ ပျော်ရွှင်မှုရှိကြတယ်။
- ကလေးတို့အားလုံး ခန္ဓာကိုယ်ဟန်ချက်ကို ကောင်းကောင်းထိန်းနိုင်ကြတယ်။


အခန်း(၇) ဟန်ချက်ညီမျှမှု(ချိန်ဆမှု) လေ့ကျင့်ခန်းများ

**အခန်း(၇) ဟန်ချက်ညီမျှမှု(ချိန်ဆမှု) လေ့ကျင့်ခန်းများ**

ဒီနေ့ သင်ခန်းစာကတော့ ဟန်ချက်ညီမျှမှု လေ့ကျင့်ခန်းဖြစ်တယ်။ ကလေးတို့ လေ့ကျင့်ခန်းတွေကို ယုံယုံကြည်ကြည်လုပ်ဆောင်နိုင်ကြရမယ်။ သူငယ်ချင်းတွေကို အကူအညီပေးကြရမယ်။ လေ့ကျင့်ခန်းတွေရဲ့ မှန်ကန်တဲ့ခန္ဓာကိုယ် အနေအထားကို ရှင်းပြနိုင်ရမယ်။ မှန်မှန်ကန်ကန်လုပ်ဆောင်နိုင်ရမယ်။



၁၈

### ရုပ်ပုံများနှင့်ပတ်သက်သောရှင်းလင်းချက်များ

**၁** ဒူးတစ်ဖက်ကွေးလက်ဘေးဆန့်။ (၁) ညာလက်ဘေးဆန့် (၂) ညာခြေကိုကွေးတင်ပြီး ဘယ်လက်ဖြင့် ကိုင်ရမည်။

**၂** ကလေးများကို အုပ်စု ၂ စု ခွဲကာ တစ်အုပ်စု လုပ်ဆောင်နေလျှင် ကျန်တစ်ဖွဲ့က ကြည့်ရှုလေ့လာပြီး အားပေးရမည်။

**၃** ကလေးများကို ၂ ယောက်တစ်တွဲ တွဲပေးပြီး တစ်ဦးကို တစ်ဦး အားပေးကူညီကာ အကြံကောင်းများပေးစေရမည်။

**၄** ခြေတစ်ဖက်ကိုင် လက်ရှေ့ဆန့်။ (၁) ဘယ်လက်ရှေ့ဆန့် (၂) ညာခြေကိုနောက်ကွေးပြီး ခြေဖျားကို ညာလက်ဖြင့် ကိုင်ရမည်။

### သတိပြုရမည့်အချက်များ

၁။ လေ့ကျင့်ခန်းကို ပထမဦးစွာ ရှင်းလင်းသရုပ်ပြပေးရမည်။
၂။ ဘယ် ညာ တစ်လှည့်စီ လုပ်ဆောင်ရမည်။
၃။ လေ့ကျင့်ခန်းများလုပ်ဆောင်ရာတွင် မျက်နှာကို ရှေ့တည့်တည့်သို့ ကြည့်ရမည်။

DRAFT




**မေးခွန်း**

| | | | | |
|---|---|---|---|---|
| ၁ | ဟန်ချက်ညီမျှမှုလေ့ကျင့်ခန်းတွေ လုပ်ရတာ ပျော်ရဲ့လား။ | | | |
| ၂ | နှစ်ယောက်တွဲ လေ့ကျင့်ခန်းတွေကို မှန်မှန်ကန်ကန် လုပ်နိုင်ခဲ့ကြသလား။ | | | |
| ၃ | ဟန်ချက်ညီမျှမှုလေ့ကျင့်ခန်းလုပ်ရင် ခန္ဓာကိုယ် ဘယ်လိုထားရမယ်ဆိုတာရှင်းပြနိုင်မလား။ | | | |
| ၄ | နှစ်ယောက်တစ်တွဲ လုပ်ဆောင်ရာမှာ တစ်ဦးကိုတစ်ဦး အကူအညီပေးခဲ့ကြသလား။ | | | |

၁၉

## ရုပ်ပုံများနှင့်ပတ်သက်သောရှင်းလင်းချက်များ

၅ ခြေထောက်ကန်လက်ဘယ်ညာဆွဲ ခါးဘေးကိုင်း(၁) မျက်နှာ ချင်းဆိုင် ခြေခွဲထိုင်ကာ ကန်ရမည်။ (၂) တစ်ဦး၏ ဘယ်လက်ကို တစ်ဦး၏ဘယ်လက်ဖြင့် ကိုင်ရမည်။ (၃) ဘယ်ဘက်သို့ ကိုင်းရမည်။

၆ ကလေးများကို အုပ်စု ၂ စုခွဲကာ တစ်အုပ်စုလုပ်ဆောင်နေလျှင် ကျန်တစ်ဖွဲ့က ကြည့်ရှုလေ့လာပြီး အားပေးရမည်။

၇ ကလေးများကို နှစ်ယောက်တစ်တွဲတွဲပေးပြီး တစ်ဦးကို တစ်ဦး အားပေးကူညီကာ အကြံကောင်းများပေးစေရမည်။

၈ ခြေထောက်ကန်မြှောက် လက်ချင်းဆွဲ (၁) နှစ်ဦးသား ခြေဖဝါးချင်းထိကာကန်ရမည်။ (၂) ဒူးကွေးကာ လက်ချင်းဆွဲရမည်။ (၃) နှစ်ဦးသား ခြေထောက်ကို အပေါ်သို့ မြှောက် ရမည်။

## သတိပြုရမည့်အချက်များ

၁။ လေ့ကျင့်ခန်းများကို ဘယ် ညာ တစ်လှည့်စီ လုပ်ဆောင်ရမည်။

၂။ ခါးဘေးကိုင်းခြင်းနှင့် ခြေထောက်မြှောက်ခြင်းတို့ လုပ်ဆောင်ရာတွင် ဒူးကို ဖြောင့်ထားရမည်။

၃။ ခြေထောက်ကန်မြှောက်လက်ချင်းဆွဲလေ့ကျင့်ခန်း လုပ်ဆောင်ရာတွင် ကလေးများ လက်ကိုမြဲမြဲစွာ ကိုင်ထားရမည်ဖြစ်ကြောင်း ဆရာကသတိပေးရမည်။

# အခန်း (၇) | စာသင်ချိန် ၂/ ၂

## သင်ယူမှုဦးတည်ချက်များ

- လေ့ကျင့်ခန်းများ၏ လုပ်ရှားမှုအဆင့်ဆင့်ကို ရှင်းပြတတ်ရန်။
- တစ်ဦးကိုတစ်ဦးကူညီကာ ပူးပေါင်းဆောင်ရွက်တတ်ရန်။

## သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

ခရာ၊ အကဲဖြတ်စစ်ဆေးမှုမှတ်တမ်း။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ခန်းစာနှင့်မိတ်ဆက်ပြီး ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခြင်း။ (၂မိနစ်)

၂။ ကစားမည့်နေရာကို သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် မကစားမီလုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများပြုလုပ်ခြင်း။ ( ၃ မိနစ်)

၃။ ဆရာက လေ့ကျင့်ခန်းများ၏လှုပ်ရှားမှုများကို ရှင်းပြခြင်းနှင့်သရုပ်ပြခြင်း၊ ဆရာနှင့်ကလေးများ လက်တွေ့လုပ်ဆောင်ခြင်း၊ ကလေးများ လက်တွေ့လုပ်ဆောင်ခြင်း၊ အုပ်စုလိုက်၊ အတန်းလိုက်သရုပ်ပြခြင်း။ (၂၀ မိနစ်)
(က) ခြေထောက်ကန် လက်ဘယ်ညာဆွဲ ခါးဘေးကိုင်း လေ့ကျင့်ခန်း။
(ခ) ခြေထောက်ကန်မြှောက် လက်ချင်းဆွဲ လေ့ကျင့်ခန်း။

၄။ လေ့ကျင့်ခန်းနှစ်ခုကို အုပ်စုလိုက်သရုပ်ပြခြင်း။ (၁၀ မိနစ်)

၅။ ကစားပြီးလုပ်ဆောင်ရမည့်လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ ချီးမွမ်းခြင်း၊ အားပေးခြင်းနှင့် ကျောင်းသုံးစာအုပ်ပါ မေးခွန်းများကိုဖြေဆိုခြင်း။ (၅ မိနစ်)

## စစ်ဆေးအကဲဖြတ်ရန်လမ်းညွှန်ချက်များ

| နယ်ပယ် / အဆင့် | လှုပ်ရှားမှုအဆင့်ဆင့်ကို ရှင်းပြတတ်ခြင်း (သိမှုဆိုင်ရာ နားလည်အသုံးချမှုနယ်ပယ်) | တစ်ဦးကို တစ်ဦးကူညီကာ ပူးပေါင်းဆောင်ရွက်တတ်ခြင်း (လူမှုရေးဆိုင်ရာ နယ်ပယ်) |
|---|---|---|
| ၃ | လေ့ကျင့်ခန်းများ၏ လှုပ်ရှားမှုအဆင့်ဆင့်ကို ရှင်းလင်းစွာ ရှင်းပြနိုင်သည်။ | တစ်ဦးကိုတစ်ဦး အမြဲတမ်းကူညီကာ ပူးပေါင်းဆောင်ရွက်သည်။ |
| ၂ | လေ့ကျင့်ခန်းများ၏ လှုပ်ရှားမှုအဆင့်ဆင့်ကို ရှင်းပြနိုင်သည်။ | တစ်ဦးကိုတစ်ဦးကူညီကာ ပူးပေါင်းဆောင်ရွက်သည်။ |
| ၁ | လေ့ကျင့်ခန်းများ၏ လှုပ်ရှားမှုအဆင့်ဆင့်ကို ရှင်းပြနိုင်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ | တစ်ဦးကိုတစ်ဦးကူညီကာ ပူးပေါင်းဆောင်ရွက်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှုလိုအပ်သည်။ |

## အားပေးတုံ့ပြန်ချက်များ

- လှုပ်ရှားမှုအဆင့်ဆင့်ကို ရှင်းပြနိုင်ခဲ့ကြတယ်။
- တစ်ဦးကို တစ်ဦးကူညီကာ အကောင်းဆုံး ပူးပေါင်းဆောင်ရွက်ခဲ့ကြတယ်။

## အခန်း (၈)　စာသင်ချိန် ၁/၈

### သင်ယူမှုဦးတည်ချက်များ

- ဘောလုံးလိမ့်ပေးခြင်း၊ ဖမ်းခြင်းတို့တွင် ပါဝင်လုပ်ဆောင်ခြင်းဖြင့် တက်ကြွပျော်ရွှင်မှုရှိရန်။
- ဘောလုံးကို မြေလိမ့်၍ သတ်မှတ်နေရာများဆီသို့ ပေးပို့နိုင်ရန်နှင့် ပြန်ဖမ်းနိုင်ရန်။

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

ဘောလုံး၊ ခရာ၊ စစ်ဆေးအကဲဖြတ်မှုမှတ်တမ်း။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ခန်းစာနှင့်မိတ်ဆက်ပြီး ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားခြင်း။ (၂ မိနစ်)

၂။ ကစားမည့်နေရာကို သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် မကစားမီလုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများပြုလုပ်ခြင်း။ (၃ မိနစ်)

၃။ ဆရာနှင့်ကလေးများ တတိယတန်း အခန်း (၇) စာသင်ချိန် (၁)ကို ပြန်လည်ဆွေးနွေးခြင်း။ (၅ မိနစ်)

၄။ ဘောလုံးမြေတွင်လိမ့်ပေးခြင်း၊ ဖမ်းခြင်းကို ဆရာနှင့် ကလေးအချို့ သရုပ်ပြခြင်း၊ ကလေးများလက်တွေ့လုပ်ဆောင်ခြင်းနှင့် ကလေးများ၏လုပ်ဆောင်မှုကို ကြည့်ရှုလေ့လာစေခြင်း။ (၂၅ မိနစ်)
   (က) အတန်းလိုက်လေ့ကျင့်ခြင်း။
   (ခ) စက်ဝိုင်းပုံလေ့ကျင့်ခြင်း။

၅။ ကစားပြီးလုပ်ဆောင်ရမည့်လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ ချီးမွမ်းခြင်း၊ အားပေးခြင်းနှင့် သင်ခန်းစာကို နိဂုံးချုပ်ခြင်း။ (၅ မိနစ်)

### စစ်ဆေးအကဲဖြတ်ရန်လမ်းညွှန်ချက်များ

| နယ်ပယ် / အဆင့် | တက်ကြွပျော်ရွှင်မှုရှိခြင်း(ခံစားမှုဆိုင်ရာ အကျိုးသက်ရောက်မှုနယ်ပယ်) | ဘောလုံးကို မြေပြင်တွင်လိမ့်၍ ပေးပို့ခြင်းနှင့် ဖမ်းခြင်း စွမ်းရည်တိုးတက်လာခြင်း (လှုပ်ရှားမှုဆိုင်ရာကျွမ်းကျင် မှုနယ်ပယ်) |
|---|---|---|
| ၃ | ဘောလုံးလိမ့်ပေးခြင်းနှင့် ဖမ်းခြင်းတို့တွင် ပါဝင်လုပ်ဆောင်ခြင်းဖြင့် စိတ်ရောကိုယ်ပါ တက်ကြွပျော်ရွှင်မှုရှိသည်။ | ဘောလုံးကို မြေပြင်တွင်လိမ့်၍ ပေးပို့ခြင်းနှင့် ဖမ်းခြင်း စွမ်းရည်တိုးတက်လာပြီး ကောင်းစွာ လုပ်ဆောင်နိုင်သည်။ |
| ၂ | ဘောလုံးလိမ့်ပေးခြင်းနှင့် ဖမ်းခြင်းတို့တွင် ပါဝင်လုပ်ဆောင်ခြင်းဖြင့် တက်ကြွပျော်ရွှင်မှုရှိသည်။ | ဘောလုံးကို မြေပြင်တွင်လိမ့်၍ ပေးပို့ခြင်းနှင့် ဖမ်းခြင်း စွမ်းရည်တိုးတက်လာပြီး လုပ်ဆောင်နိုင်သည်။ |
| ၁ | ဘောလုံးလိမ့်ပေးခြင်းနှင့် ဖမ်းခြင်းတို့တွင် ပါဝင်လုပ်ဆောင်ခြင်းဖြင့် တက်ကြွပျော်ရွှင်မှုရှိရန်။ | ဘောလုံးကို မြေပြင်တွင်လိမ့်၍ ပေးပို့ခြင်းနှင့် ဖမ်းခြင်း စွမ်းရည်တိုးတက်လာပြီး လုပ်ဆောင်နိုင်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ |

### အားပေးတုံ့ပြန်ချက်များ

- ကလေးတို့အားလုံး ဘောလုံးလိမ့်ပေးတာနဲ့ ဖမ်းတာကို တက်ကြွပျော်ရွှင်စွာ ကစားခဲ့ကြတယ်။
- ဘောလုံးကို သတ်မှတ်နေရာရောက်အောင် လိမ့်ပေးနိုင်၊ ဖမ်းနိုင်ခဲ့ကြတယ်။




### ရုပ်ပုံများနှင့်ပတ်သက်သောရှင်းလင်းချက်များ

၁ ဆရာနှင့်ကလေးအချို့ သရုပ်ပြရမည်။ ကျန်ကလေးများက ကြည့်ရှုလေ့လာရမည်။ ကလေးများအား ၆ ယောက်တစ်ဖွဲ့ ဖွဲ့ပြီး ဘောလုံးပေးသူ ၁ ယောက် ရွေးချယ်ကာ ကျန်ကလေးများအား မြေပြင်တွင် ဘောလုံးကို လိမ့်၍ပေးခြင်းနှင့် ပြန်ဖမ်းခြင်းကို လေ့ကျင့်ရမည်။

၂ ကလေးများအား ၆ ယောက်တစ်ဖွဲ့ဖွဲ့ပြီး ကလေး ၅ ယောက်ကို စက်ဝိုင်းပုံ ထိုင်လျက်နေရာယူစေပြီး ကလေး ၁ ယောက်ကို စက်ဝိုင်းအလယ်တွင် နေရာယူစေကာ မြေပြင်တွင် ဘောလုံးကို လိမ့်၍ပေးခြင်းနှင့် ပြန်ဖမ်းခြင်းတို့ကို လေ့ကျင့်ရမည်။

### သတိပြုရမည့်အချက်များ

ဘောလုံးကို မြေပြင်တွင်လိမ့်၍ ပေးခြင်းနှင့် ဖမ်းခြင်းတို့၏ အောက်ပါနည်းစနစ်များကို ဆရာက ရှင်းပြရမည်။

၁။ ဘောလုံးကို မြေပြင်တွင် လိမ့်ပေးရန်အတွက် သင့်လျော်သော အကွာအဝေးတွင် နေရာယူရမည်။

၂။ လက်နှစ်ဖက်ဖြင့် ဘောလုံးအလယ်ကိုကိုင်ရမည်။

၃။ ဦးတည်ရာဘက်ကို လှည့်ပြီး သတ်မှတ်နေရာသို့ ချိန်ဆကာ လိမ့်ပေးရမည်။

၄။ လက်ကို ခန္ဓာကိုယ်ရှေ့ချလျက် ဘောလုံးရွေ့လျားမှုနှင့် အရှိန်ကိုမှန်းပြီးဖမ်းရမည်။




## ရုပ်ပုံများနှင့်ပတ်သက်သောရှင်းလင်းချက်များ

၃ ဆရာက ကစားနည်းအဆင့်ဆင့်ကို ရှင်းပြပြီး ကလေးအချို့နှင့် သရုပ်ပြရမည်။ ကလေး ၆ ယောက်ကို တစ်ဖွဲ့ဖွဲ့ပြီး ဘောလုံးပေးသူ ၁ ယောက် ရွေးချယ်ကာ ပခုံးအထက်မှ ပစ်ပေးခြင်းနှင့် ပြန်ဖမ်းခြင်းကို လေ့ကျင့်ရမည်။

၄ ကလေး ၆ ယောက် တစ်ဖွဲ့ဖွဲ့ကာ ကလေး ၁ ယောက်ကို နေရာယူစေကာ ကျန်ကလေး ၅ ယောက်က ၎င်းကလေးကို ဗဟိုပြုကာ စက်ဝိုင်းပုံ လက်တစ်ဆန့်အကွာ မတ်တတ်ရပ်လျက် နေရာယူစေရမည်။ စက်ဝိုင်းအလယ်ရှိ ကလေးက ပခုံးအထက်မှ ဘောလုံးပေးခြင်းနှင့် ပြန်ဖမ်းခြင်းကို စက်ဝိုင်းပုံ နေရာယူထားသော ကလေးများနှင့်အတူ လေ့ကျင့်ရမည်။ တစ်ပတ်ပြည့်လျှင် စက်ဝိုင်းအလယ်သို့ နောက်ကလေး တစ်ယောက် ပြောင်းပေးရမည်။

## သတိပြုရမည့်အချက်များ

၁။ တံတောင်ကို ပခုံးနှင့်တစ်ပြေးညီ ကွေးထားပြီး ဘောလုံးကို ကိုင်ပြီး ဦးခေါင်းအပေါ် ရှေ့တွင် ထားရမည်။
၂။ ခြေထောက်ကို ရှေ့နောက် အနေအထား ထားရမည်။
၃။ ဘောလုံးပစ်မည့်နေရာကို ချိန်ရွယ်မှတ်သားရမည်။
၄။ ပေးလိုသည့်လမ်းကြောင်းအတိုင်း တံတောင်ကိုဆန့်ထုတ်၍ ဘောလုံးကို ပစ်ပေးရမည်။
၅။ ဖမ်းမည့်သူသည် ဘောလုံးလာရာလမ်းကြောင်းကို ကြည့်ရမည်။

## အခန်း (၈) | စာသင်ချိန် ၂/၈

## သင်ယူမှုဦးတည်ချက်များ

- ဘောလုံးကိုလက်ဖြင့် ပခုံးအထက်မှ ပစ်နိုင်ဖမ်းနိုင်ရန်။
- ပခုံးအထက်မှ ဘောလုံးပစ်ပေးခြင်းနှင့် ဖမ်းခြင်းတို့၏ နည်းစနစ်များကို ရှင်းပြတတ်ရန်။

## သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

ဘောလုံး၊ ခရာ၊ စစ်ဆေးအကဲဖြတ်မှုမှတ်တမ်း။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ခန်းစာနှင့်မိတ်ဆက်ပြီး ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားခြင်း။ (၂ မိနစ်)
၂။ ကစားမည့်နေရာကို သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် မကစားမီလုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများ ပြုလုပ်ခြင်း။(၃ မိနစ် )
၃။ ပခုံးအထက်မှ ဘောလုံးပစ်ပေးခြင်းနှင့် ဖမ်းခြင်း နည်းစနစ်များကို ဆရာနှင့် ကလေးများ ပြန်လည်ဆွေးနွေးခြင်း။ (၅ မိနစ်)
၄။ ဘောလုံးကို ပခုံးအထက်မှပစ်ခြင်းနှင့် ဖမ်းခြင်းတို့ကို ရှင်းပြပြီး ဆရာနှင့် ကလေးအချို့ သရုပ်ပြခြင်း၊ ကလေးများအုပ်စုလိုက် လေ့ကျင့်ခြင်း။ (၂၅ မိနစ်)
(က) အတန်းလိုက် လေ့ကျင့်ခြင်း။
(ခ) စက်ဝိုင်းပုံလေ့ကျင့်ခြင်း။
၅။ ကစားပြီးလုပ်ဆောင်ရမည့်လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ ချီးမွမ်းခြင်း၊ အားပေးခြင်းနှင့် သင်ခန်းစာကို နိဂုံးချုပ်ခြင်း။ (၅ မိနစ်)

## စစ်ဆေးအကဲဖြတ်ရန်လမ်းညွှန်ချက်များ

| နယ်ပယ် / အဆင့် | လက်ဖြင့်ဘောလုံးပစ်ပေးနိုင်၊ ဖမ်းနိုင်ခြင်း (လှုပ်ရှားမှုဆိုင်ရာ ကျွမ်းကျင်မှုနယ်ပယ်) | နည်းစနစ်များကိုရှင်းပြတတ်ခြင်း (သိမှုဆိုင်ရာ နားလည်အသုံးချမှု နယ်ပယ်) |
|---|---|---|
| ၃ | ဘောလုံးကိုလက်ဖြင့်ပခုံးအထက်မှ ကောင်းစွာ ပစ်နိုင်၊ ဖမ်းနိုင်သည်။ | ပခုံးအထက်မှ ဘောလုံးပစ်ပေးခြင်းနှင့် ဖမ်းခြင်းတို့၏ နည်းစနစ်များကို ရှင်းလင်းစွာ ရှင်းပြတတ်သည်။ |
| ၂ | ဘောလုံးကိုလက်ဖြင့်ပခုံးအထက်မှ ပစ်နိုင်၊ ဖမ်းနိုင်သည်။ | ပခုံးအထက်မှ ဘောလုံးပစ်ပေးခြင်းနှင့် ဖမ်းခြင်းတို့၏ နည်းစနစ်များကို ရှင်းပြတတ်သည်။ |
| ၁ | ဘောလုံးကိုလက်ဖြင့်ပခုံးအထက်မှ ပစ်နိုင်၊ ဖမ်းနိုင်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ | ပခုံးအထက်မှ ဘောလုံးပစ်ပေးခြင်းနှင့် ဖမ်းခြင်းတို့ နည်းစနစ်များကိုရှင်းပြနိုင်ရန် ကျောင်းသားများနှင့် ဆရာ၏အားပေးကူညီမှု လိုအပ်သည်။ |

## အားပေးတုံ့ပြန်ချက်များ

- ကလေးတို့အားလုံး ဘောလုံးပစ်တာ၊ ဖမ်းတာကို ကောင်းကောင်း လုပ်နိုင်ခဲ့ကြတယ်။
- ဘောလုံးပစ်ခြင်း၊ ဖမ်းခြင်းနည်းစနစ်တွေကို ရှင်းပြနိုင်ကြတယ်။

DRAFT

| အခန်း (၈) | စာသင်ချိန် ၃/၈ |
|---|---|

## သင်ယူမှုဦးတည်ချက်များ

- ဘောလုံးကို ခြေခွင်ဖြင့်ကန်ခြင်းနှင့် ဖမ်းခြင်းတို့ကို လုပ်ဆောင်တတ်ရန်။
- ဘောလုံးကို ခြေခွင်ဖြင့် ကန်ခြင်း ဖမ်းခြင်းတို့၏ နည်းစနစ်များကို ရှင်းပြတတ်ရန်။

## သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

ဘောလုံး၊ ကတော့ချွန်၊ ခရာ၊ စစ်ဆေးအကဲဖြတ်မှုမှတ်တမ်း။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ခန်းစာနှင့်မိတ်ဆက်ပြီး ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားခြင်း။ (၂ မိနစ်)
၂။ ကစားမည့်နေရာကို သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် မကစားမီလုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများပြုလုပ်ခြင်း။ (၃ မိနစ်)
၃။ ဘောလုံးကို ခြေခွင်ဖြင့်ကန်ခြင်း၊ ဖမ်းခြင်းတို့၏ နည်းစနစ်များကို ရှင်းလင်းပြောကြားခြင်း။ (၅ မိနစ်)
၄။ ဆရာက ခြေခွင်ဖြင့်ကန်ခြင်း၊ ခြေဦးဖြင့်ဖမ်းခြင်းတို့ ရှင်းပြပြီး ဆရာနှင့် ကလေးတစ်ချို့က သရုပ်ပြခြင်းနှင့် ကလေးများ အုပ်စုလိုက် လေ့ကျင့်ခြင်း။ (၂၅ မိနစ်)
(က) အတန်းလိုက် လေ့ကျင့်ခြင်း။
(ခ) စတုရန်းပုံလေ့ကျင့်ခြင်း။
၅။ ကစားပြီးလုပ်ဆောင်ရမည့်လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ ချီးမွမ်းခြင်း၊ အားပေးခြင်းနှင့် သင်ခန်းစာကို နိဂုံးချုပ်ခြင်း။ (၅ မိနစ်)

## စစ်ဆေးအကဲဖြတ်ရန်လမ်းညွှန်ချက်များ

| နယ်ပယ် / အဆင့် | ဘောလုံးကိုခြေခွင်ဖြင့် ကန်ခြင်းနှင့်ဖမ်းခြင်းတို့ကို လုပ်ဆောင်တတ်ခြင်း (လှုပ်ရှားမှုဆိုင်ရာကျွမ်းကျင်မှုနယ်ပယ်) | ဘောလုံးကို ခြေခွင်ဖြင့် ကန်ခြင်း ဖမ်းခြင်း နည်းစနစ်များကို ရှင်းပြတတ်ခြင်း (သိမှုဆိုင်ရာနားလည်အသုံးချမှု နယ်ပယ်) |
|---|---|---|
| ၃ | ဘောလုံးကို ခြေခွင်ဖြင့်ကန်ခြင်းနှင့် ခြေဦးဖြင့်ဖမ်းခြင်းတို့ကို ကောင်းစွာ လုပ်ဆောင်နိုင်သည်။ | ဘောလုံးကို ခြေခွင်ဖြင့် ကန်ခြင်း ဖမ်းခြင်းနည်းစနစ်များကို ရှင်းလင်းစွာရှင်းပြတတ်သည်။ |
| ၂ | ဘောလုံးကို ခြေခွင်ဖြင့်ကန်ခြင်းနှင့် ခြေဦးဖြင့်ဖမ်းခြင်းတို့ကို လုပ်ဆောင်နိုင်သည်။ | ဘောလုံးကို ခြေခွင်ဖြင့် ကန်ခြင်း ဖမ်းခြင်း နည်းစနစ်များကို ရှင်းပြတတ်သည်။ |
| ၁ | ဘောလုံးကို ခြေခွင်ဖြင့်ကန်ခြင်းနှင့် ခြေဦးဖြင့်ဖမ်းခြင်းတို့ကို လုပ်ဆောင်တတ်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှုလိုအပ်သည်။ | ဘောလုံးကို ခြေခွင်ဖြင့် ကန်ခြင်း ဖမ်းခြင်း နည်းစနစ်များကို ရှင်းပြတတ်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ |

## အားပေးတုံ့ပြန်ချက်များ

- ကလေးတို့အားလုံး ဘောလုံးကိုခြေခွင်နဲ့ ကန်တာနဲ့ ခြေဦးနဲ့ဖမ်းတာတို့ကို ကောင်းကောင်း လုပ်ဆောင်နိုင်ကြတယ်။
- ခြေခွင်နဲ့ကန်ခြင်း၊ ဖမ်းခြင်းနည်းစနစ်များကို ရှင်းပြနိုင်ကြတယ်။




## ရုပ်ပုံများနှင့်ပတ်သက်သောရှင်းလင်းချက်များ

၇ ဆရာက ကစားနည်းအဆင့်ဆင့်ကို ရှင်းပြပြီး ကလေးအချို့နှင့် သရုပ်ပြရမည်။ ကလေး ၆ ယောက်ကို တစ်ဖွဲ့ ဖွဲ့ပြီး ဘောလုံးပေးသူ ၁ ယောက် ရွေးချယ်ကာ ဘောလုံးကို ခြေခွင်ဖြင့်ကန်ခြင်းနှင့် ခြေဦးထိပ်ဖြင့် ဖမ်းခြင်းကို လေ့ကျင့်ရမည်။

၆ ဆရာက ကစားနည်းအဆင့်ဆင့်ကို ရှင်းပြပြီး ကလေးအချို့နှင့် သရုပ်ပြရမည်။ ကလေး ၄ ယောက်ကို တစ်ဖွဲ့ ဖွဲ့ပြီး ဘောလုံးကို ခြေခွင်ဖြင့်ကန်ခြင်၊ ဖမ်းခြင်းကို လေ့ကျင့်ရမည်။

## သတိပြုရမည့်အချက်များ

ဘောလုံးကို မြေပြင်တွင်လိမ့်၍ ပေးခြင်းနှင့် ဖမ်းခြင်းတို့၏ အောက်ပါနည်းစနစ်များကို ဆရာက ရှင်းပြရမည်။

၁။ တည်ငြိမ်သည့် ဘောလုံးဘေးတွင်ထားရမည်။
၂။ ဘောလုံးပေးရာတွင် ဒူးကို ခန္ဓာကိုယ်နှင့် အလိုက်သင့်ဖြစ်အောင် ထားရမည်။
၃။ ဘောလုံးကို ခြေခွင်ဖြင့် သတ်မှတ်နေရာရောက်အောင် ကန်ရမည်။
၄။ ဘောလုံးကို ဖမ်းရာတွင် ဘောလုံးလာရာလမ်းကြောင်းကို ကြည့်ကာ ခြေဦးထောင်ဖမ်းရမည်။
၅။ ဘောလုံးကို အလိုက်သင့်နောက်သို့ ဆွဲဖမ်းရမည်။

DRAFT BOX




## အခန်း (၈) စာသင်ချိန် ၄/၈

### သင်ယူမှုဦးတည်ချက်များ

- ဘောလုံးကို သတ်မှတ်နေရာသို့ရောက်အောင် ခြေခွင်ဖြင့်ဆွဲသွားတတ်ရန်။
- အုပ်စုတွင်း ဆွေးနွေးရာတွင် အကောင်းမြင်တုံ့ပြန်ချက်များ ပေးတတ်ရန်။

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

ဘောလုံး၊ ခရာ၊ စစ်ဆေးအကဲဖြတ်မှုမှတ်တမ်း။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ခန်းစာနှင့်မိတ်ဆက်ပြီး ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားခြင်း။ (၃ မိနစ်)

၂။ တတိယတန်း ဆရာလမ်းညွှန် စာမျက်နှာ (၃၃) ပါ ဘောလုံးကို ခြေခွင်ဖြင့် တော့၍ သယ်ဆောင်ခြင်းကို ဆွေးနွေးခြင်း။ ( ၄ မိနစ်)

၃။ ကစားမည့်နေရာကို သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် မကစားမီလုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများပြုလုပ်ခြင်း။ (၃ မိနစ်)

၄။ ဆရာက ကစားနည်းများကို ရှင်းပြပြီး ဆရာနှင့် ကျောင်းသားအချို့ သရုပ်ပြခြင်းနှင့် အုပ်စုလိုက်လေ့ကျင့်ခြင်း။ (၈ မိနစ်)

၅။ ကလေးများ အုပ်စုလိုက်လေ့ကျင့်ခြင်းမှ တွေ့ရှိချက်များကို စုပေါင်းဆွေးနွေးခြင်းနှင့် ဆရာက အကောင်းမြင်တုံ့ပြန်ချက်ပေးခြင်း။ (၄ မိနစ်)

၆။ ဘောလုံးကိုခြေခွင်ဖြင့် ဆွဲသွားခြင်းကို အုပ်စုလိုက် လေ့ကျင့်ခြင်း။ (၁၅ မိနစ်)

၇။ ကစားပြီးလုပ်ဆောင်ရမည့်လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ ချီးမွမ်းခြင်း၊ အားပေးခြင်းနှင့် သင်ခန်းစာကို နိဂုံးချုပ်ခြင်း။ (၃ မိနစ်)

### ရုပ်ပုံများနှင့်ပတ်သက်သောရှင်းလင်းချက်များ

၇ ဆရာက သတ်မှတ်နေရာသို့ရောက်အောင် ဘောလုံးကို ခြေခွင်ဖြင့် ဆွဲသွားပြီး သတ်မှတ်နေရာမှ ခြေခွင်ဖြင့် ပေးပို့ခြင်းနှင့် ဖမ်းခြင်းကို ရှင်းပြပြီး ဆရာနှင့်ကလေးအချို့ သရုပ်ပြရမည်။ ဘောလုံးကို ခြေခွင်ဖြင့် ဆွဲသွားပြီး သတ်မှတ်နေရာမှ ခြေခွင်ဖြင့် ပေးပို့ခြင်းနှင့် ဖမ်းခြင်းကို ကလေးများ အုပ်စုလိုက် လေ့ကျင့်ရမည်။

၈ လက်တွေ့လုပ်ဆောင်ချက်များမှ တွေ့ရှိချက်များကို ကလေးများ အုပ်စုအတွင်း တစ်ယောက်ချင်း စဉ်းစားစေရမည်။ တွေ့ရှိချက်များကို အုပ်စုလိုက် ပြန်လည်ဆွေးနွေးကာ အတန်းသို့ တင်ပြရမည်။

### သတိပြုရမည့်အချက်များ

၁။ ဘောလုံးဆွဲ၍ သယ်ဆောင်ရာတွင် ဘောလုံးကို အလိုက်သင့် ထိန်းရမည်။

၂။ ခန္ဓာကိုယ်ကို ရှေ့သို့အနည်းငယ် ကိုင်းထားရမည်။

၃။ ဦးခေါင်းကို သွားလိုသည့် လမ်းကြောင်းကို ကြည့်ရမည်။

### စစ်ဆေးအကဲဖြတ်ရန်လမ်းညွှန်ချက်များ

| နယ်ပယ် / အဆင့် | သတ်မှတ်နေရာသို့ရောက်အောင် ခြေခွင်ဖြင့်ဆွဲ၍ သယ်ဆောင်တတ်ခြင်း (လှုပ်ရှားမှုဆိုင်ရာ ကျွမ်းကျင်မှု နယ်ပယ်) | အုပ်စုတွင်း ဆွေးနွေးရာတွင် အကောင်းမြင်တုံ့ပြန်ချက်များ ပေးတတ်ခြင်း (လူမှုရေးဆိုင်ရာ နယ်ပယ်) |
|---|---|---|
| ၃ | သတ်မှတ်နေရာသို့ရောက်အောင် ခြေခွင်ဖြင့်ဆွဲ၍ ကျွမ်းကျင်စွာ သယ်ဆောင်တတ်သည်။ | အုပ်စုတွင်းဆွေးနွေးရာတွင် အကောင်းမြင်တုံ့ပြန်ချက်များ ကောင်းစွာ ပေးနိုင်သည်။ |
| ၂ | သတ်မှတ်နေရာသို့ရောက်အောင် ခြေခွင်ဖြင့်ဆွဲ၍ သယ်ဆောင်တတ်သည်။ | အုပ်စုတွင်းဆွေးနွေးရာတွင် အကောင်းမြင်တုံ့ပြန်ချက်များ ပေးနိုင်သည်။ |
| ၁ | သတ်မှတ်နေရာသို့ရောက်အောင် ခြေခွင်ဖြင့်ဆွဲ၍ သယ်ဆောင်တတ်ရန် ကျောင်းသားများနှင့် ဆရာ၏အားပေးကူညီမှုလိုအပ်သည်။ | အုပ်စုတွင်းဆွေးနွေးရာတွင် အကောင်းမြင်တုံ့ပြန်ချက်များ ပေးနိုင်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ |

### အားပေးတုံ့ပြန်ချက်များ

- ကလေးတို့အားလုံး ဘောလုံးကို သတ်မှတ်နေရာရောက်အောင် ခြေခွင်နဲ့ ဆွဲပြီး သယ်ဆောင်နိုင်တယ်။
- ကလေးတို့အားလုံး အုပ်စုတွင်းဆွေးနွေးရာမှာ အကောင်းမြင်တုံ့ပြန်ချက်တွေ ပေးနိုင်ကြတယ်။

DBEBox

## အခန်း (၈) | စာသင်ချိန် ၅/၈

### သင်ယူမှုဦးတည်ချက်များ

- ဘောလုံးခေါင်းပေါ်မှပစ်ပေးခြင်း၊ ဖမ်းခြင်းနှင့် နောက်လှည့်၍ ခြေခွင်ဖြင့်ကန်ခြင်းကို လုပ်ဆောင်တတ်ရန်။
- အုပ်စုတွင်းဆွေးနွေးရာတွင် အကောင်းမြင်တုံ့ပြန်ချက်များ ပေးတတ်ရန်။

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

ဘောလုံး၊ ခရာ၊ ကတော့ချွန်၊ စစ်ဆေးအကဲဖြတ်မှုမှတ်တမ်း။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ခန်းစာနှင့်မိတ်ဆက်ပြီး ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားခြင်း။ (၂ မိနစ်)

၂။ ကစားမည့်နေရာကို သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် မကစားမီလုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများ ပြုလုပ်ခြင်း။ (၃ မိနစ်)

၃။ ဆရာက ကစားနည်းများကို ရှင်းပြပြီး ဆရာနှင့် ကျောင်းသားအချို့ သရုပ်ပြခြင်းနှင့် ကလေးများ အုပ်စုလိုက် လေ့ကျင့်ခြင်း။ (၁၀ မိနစ်)

၄။ ကလေးများ အုပ်စုလိုက်လေ့ကျင့်ခြင်းမှ တွေ့ရှိချက်များကို စုပေါင်းဆွေးနွေးခြင်းနှင့် ဆရာက အကောင်းမြင်တုံ့ပြန်ချက်ပေးခြင်း။ (၅ မိနစ်)

၅။ ဘောလုံးခေါင်းပေါ်မှပစ်ပေးခြင်း၊ ဖမ်းခြင်းနှင့် နောက်လှည့်၍ ခြေခွင်ဖြင့်ကန်ခြင်းကို ကလေးများ အုပ်စုလိုက် ပြန်လည်လေ့ကျင့်ခြင်း။ (၁၅ မိနစ်)

၆။ ကစားပြီးလုပ်ဆောင်ရမည့်လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ ချီးမွမ်းခြင်း၊ အားပေးခြင်းနှင့် သင်ခန်းစာကို နိဂုံးချုပ်ခြင်း။ (၅ မိနစ်)

### စစ်ဆေးအကဲဖြတ်ရန်လမ်းညွှန်ချက်များ

| နယ်ပယ် / အဆင့် | ဘောလုံးပစ်ပေးခြင်း၊ ဖမ်းခြင်းနှင့် နောက်လှည့်၍ ခြေခွင်ဖြင့်ကန်တတ်ခြင်း (လှုပ်ရှားမှုဆိုင်ရာ ကျွမ်းကျင်မှုနယ်ပယ်) | အုပ်စုအတွင်း ဆွေးနွေးရာတွင် အကောင်းမြင် တုံ့ပြန်ချက်များ ပေးတတ်ခြင်း (လူမှုရေးဆိုင်ရာနယ်ပယ်) |
|---|---|---|
| ၃ | ဘောလုံးပစ်ပေးနိုင် ဖမ်းနိုင်ပြီး နောက်သို့ ကောင်းစွာလှည့်၍ ခြေခွင်ဖြင့် ကန်နိုင်သည်။ | အုပ်စုအတွင်းဆွေးနွေးရာတွင် အကောင်းမြင် တုံ့ပြန်ချက်များ အကြိမ်များများပေးနိုင်သည်။ |
| ၂ | ဘောလုံးပစ်ပေးနိုင် ဖမ်းနိုင်ပြီး နောက်သို့လှည့်၍ ခြေခွင်ဖြင့် ကန်နိုင်သည်။ | အုပ်စုအတွင်းဆွေးနွေးရာတွင် အကောင်းမြင် တုံ့ပြန်ချက်များ ပေးနိုင်သည်။ |
| ၁ | ဘောလုံးပစ်ပေးနိုင် ဖမ်းနိုင်ပြီး နောက်သို့လှည့်၍ ခြေခွင်ဖြင့် ကန်နိုင်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ | အုပ်စုအတွင်းဆွေးနွေးရာတွင် အကောင်းမြင် တုံ့ပြန်ချက်များ ပေးနိုင်ရန် ကျောင်းသားများ နှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ |

### အားပေးတုံ့ပြန်ချက်များ

- ကလေးတို့အားလုံး ဘောလုံးခေါင်းပေါ်မှပစ်တာ ဖမ်းတာနဲ့ နောက်လှည့်၍ ခြေခွင်နဲ့ကန်တာကို လုပ်နိုင်ခဲ့ကြတယ်။
- အုပ်စုတွင်းဆွေးနွေးရာမှာ အကောင်းမြင်တုံ့ပြန်ချက်တွေ ပေးတတ်ကြတယ်။




### ရုပ်ပုံများနှင့်ပတ်သက်သောရှင်းလင်းချက်များ

**၉** ဆရာက ဘောလုံးခေါင်းပေါ်မှပစ်ပေးခြင်း၊ ဖမ်းခြင်းနှင့် နောက်လှည့်၍ ခြေခွင်ဖြင့်ကန်ခြင်း စသည့် ကစားနည်းအဆင့်ဆင့်ကိုရှင်းပြပြီး ဆရာနှင့်ကလေးအချို့ သရုပ်ပြရမည်။ ကလေးများ အုပ်စုလိုက် လေ့ကျင့်ရမည်။

**၁၀** ကလေးများအုပ်စုတွင်းလုပ်ဆောင်ခဲ့သည်များကို ဆရာနှင့်ဆွေးနွေးပြီး အကောင်းဆုံးလုပ်ဆောင်နိုင်ခဲ့သည့် ကလေးကို ပြန်လည်သရုပ်ပြစေပြီး အုပ်စုလိုက်ပြန်လည် လေ့ကျင့်ရမည်။

### သတိပြုရမည့်အချက်များ

၁။ ဤစာသင်ချိန်တွင် ကလေးများကို နောက်သို့လှည့်ရာတွင် ခြေထောက်ကို ပွတ်တိုင်ထားပြီး လှည့်ရမည်ဖြစ်ကြောင်း ရှင်းပြရမည်။

၂။ ကလေးများ လက်တွေ့လုပ်ဆောင်ချက်များမှ တွေ့ရှိချက်များကို အခြေခံကာ ပြန်လည်လေ့ကျင့်စေပြီး တိုးတက်လာမှုများကို သတိပြုလေ့လာရမည်။

အခန်း(၈) ဘောလုံးဖြင့်ကစားခြင်း




၂၅

## ရုပ်ပုံများနှင့်ပတ်သက်သောရှင်းလင်းချက်များ

**၁၁** ခြေခွင်ဖြင့် ဂိုးသွင်းခြင်းနှင့် ဂိုးဖမ်းခြင်းကို ဆရာက ရှင်းပြကာ ကလေးအချို့သရုပ်ပြပြီး ကလေးများ အုပ်စုလိုက် လေ့ကျင့်ရမည်။

**၁၂** ကလေးများ အုပ်စုလိုက်လေ့ကျင့်ခြင်းမှ တွေ့ရှိချက်များကို စုပေါင်းဆွေးနွေးပြီး ဆရာက အကောင်းမြင် တုံ့ပြန်ချက်များ ပေးရမည်။

## သတိပြုရမည့်အချက်များ

ကလေးများ ပထမအကြိမ် လေ့ကျင့်ချက်များကို အခြေခံကာ ဒုတိယအကြိမ် ပြန်လည်ကစားရာတွင် ဂိုးသွင်းရမည့် အကွာအဝေး သို့မဟုတ် ဂိုးတိုင်နှစ်ခု အကျယ်ကို ကလေးများအား မေးမြန်းကာ ပြောင်းလဲကစားနိုင်သည်။

## အခန်း (၈) | စာသင်ချိန် ၆/၈

## သင်ယူမှုဦးတည်ချက်များ

- သတ်မှတ်နေရာမှ ခြေခွင်ဖြင့် ဂိုးသွင်းနိုင်၍ တက်ကြွပျော်ရွှင်မှုရှိရန်။
- ဂိုးမဝင်အောင် မည်သို့ကာကွယ်ရမည်ကို နားလည်သဘောပေါက်ရန်။

## သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

ဘောလုံး၊ ဂိုးတိုင် သို့မဟုတ် ကတော့ချွန်၊ ခရာ၊ စစ်ဆေးအကဲဖြတ်မှုမှတ်တမ်း။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ခန်းစာနှင့်မိတ်ဆက်ပြီး ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခြင်း။ (၂ မိနစ်)
၂။ ကစားမည့်နေရာကို သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် မကစားမီလုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများ ပြုလုပ်ခြင်း။ (၃ မိနစ်)
၃။ ခြေခွင်ဖြင့် ဂိုးသွင်းခြင်းနှင့် ဂိုးဖမ်းခြင်းကို ဆရာက ရှင်းပြပြီး ဆရာနှင့် ကလေးအချို့သရုပ်ပြခြင်း၊ ကလေးများ အုပ်စုလိုက် လေ့ကျင့်ခြင်း။ (၁၀ မိနစ်)
၄။ ကလေးများ အုပ်စုလိုက်လေ့ကျင့်ခြင်းမှ တွေ့ရှိချက်များကို စုပေါင်းဆွေးနွေးခြင်းနှင့် ဆရာက အကောင်းမြင်တုံ့ပြန်ချက်ပေးခြင်း။ (၅ မိနစ်)
၅။ ခြေခွင်ဖြင့် ဂိုးသွင်းခြင်းနှင့် ဂိုးဖမ်းခြင်းကို ကလေးများ အုပ်စုလိုက် ပြန်လည်လေ့ကျင့်ခြင်း။ (၁၅ မိနစ်)
၆။ ကစားပြီးလုပ်ဆောင်ရမည့်လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ ချီးမွမ်းခြင်း၊ အားပေးခြင်းနှင့် သင်ခန်းစာကို နိဂုံးချုပ်ခြင်း။ (၅ မိနစ်)

## စစ်ဆေးအကဲဖြတ်ရန်လမ်းညွှန်ချက်များ

| နယ်ပယ် / အဆင့် | တက်ကြွပျော်ရွှင်မှုရှိခြင်း (ခံစားမှုဆိုင်ရာ အကျိုးသက်ရောက်မှုနယ်ပယ်) | ဂိုးမဝင်အောင်ကာကွယ်ခြင်းကို နားလည်သဘောပေါက်ခြင်း (သိမှုဆိုင်ရာနားလည်အသုံးချမှုနယ်ပယ်) |
|---|---|---|
| ၃ | သတ်မှတ်နေရာမှ ခြေခွင်ဖြင့် ဂိုးဝင်အောင်သွင်းရာတွင် အမြဲတမ်း တက်ကြွပျော်ရွှင်သည်။ | ဂိုးမဝင်အောင်မည်သို့ကာကွယ် ရမည်ကို နားလည်သဘောပေါက်ပြီး အခြားသူများကို ရှင်းပြနိုင်သည်။ |
| ၂ | သတ်မှတ်နေရာမှ ခြေခွင်ဖြင့် ဂိုးဝင်အောင်သွင်းရာတွင် တက်ကြွပျော်ရွှင်သည်။ | ဂိုးမဝင်အောင်မည်သို့ကာကွယ် ရမည်ကို နားလည်သဘောပေါက်သည်။ |
| ၁ | သတ်မှတ်နေရာမှခြေခွင်ဖြင့် ဂိုးဝင်အောင်သွင်းရာတွင် တက်ကြွပျော်ရွှင်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ | ဂိုးမဝင်အောင်မည်သို့ကာကွယ် ရမည်ကို နားလည်သဘောပေါက်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ |

## အားပေးတုံ့ပြန်ချက်များ

- ကလေးတို့အားလုံး တက်တက်ကြွကြွ ပျော်ပျော်ရွှင်ရွှင်နဲ့ ကစားခဲ့ကြတယ်။
- ကလေးတို့အားလုံး ဂိုးမဝင်အောင် ကောင်းကောင်းကာကွယ်နိုင်ခဲ့ကြတယ်။



DBE BOX

| **အခန်း (၈)** | **စာသင်ချိန် ၇/၈** |
|---|---|

## သင်ယူမှုဦးတည်ချက်များ

- ဘောလုံးအပေးအယူပြုလုပ်ခြင်း၏ ကစားနည်းစည်းမျဉ်းများကို ရှင်းပြတတ်ရန်။
- ကစားနည်းစည်းမျဉ်းများအတိုင်း လိုက်နာကစားတတ်ရန်။

## သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

ခရာ၊ ဘောလုံး၊ ဂိုးတိုင်၊ ကတော့ချွန်၊ စစ်ဆေးအကဲဖြတ်မှုမှတ်တမ်း။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ခန်းစာနှင့်မိတ်ဆက်ပြီး ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားခြင်း။ (၂ မိနစ်)

၂။ ကစားမည့်နေရာကို သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် မကစားမီလုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများပြုလုပ်ခြင်း။ (၃ မိနစ်)

၃။ ကလေးများကို အုပ်စုများဖွဲ့ကာ ကစားနည်းစည်းမျဉ်းများအတိုင်း ယှဉ်ပြိုင်ကစားစေခြင်းနှင့် အုပ်စုအလိုက် ယှဉ်ပြိုင်မှုများကို ကြည့်ရှုလေ့လာစေခြင်း။ (၁၀ မိနစ်)

၄။ ကလေးများ အုပ်စုလိုက် အကောင်းမြင်တုံ့ပြန်ချက်များပေးခြင်း။ (၂ မိနစ်)

၅။ ကစားပြီးလုပ်ဆောင်ရမည့်လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ ချီးမွမ်းခြင်း၊ အားပေးခြင်းနှင့် သင်ခန်းစာကို နိဂုံးချုပ်ခြင်း။ (၃ မိနစ်)

## စစ်ဆေးအကဲဖြတ်ရန်လမ်းညွှန်ချက်များ

| နယ်ပယ် / အဆင့် | ကစားနည်းစည်းမျဉ်းများကို ရှင်းပြတတ်ခြင်း (သိမှုဆိုင်ရာ နားလည်အသုံးချမှုနယ်ပယ်) | ကစားနည်းစည်းမျဉ်းများအတိုင်း လိုက်နာကစားခြင်း (လူမှုရေး ဆိုင်ရာနယ်ပယ်) |
|---|---|---|
| ၃ | ကစားနည်းစည်းမျဉ်းများ အခြားသူများနားလည်လွယ်အောင် ရှင်းပြတတ်သည်။ | ကစားနည်းစည်းမျဉ်းများအတိုင်း အမြဲတမ်းလိုက်နာကစားတတ်သည်။ |
| ၂ | ကစားနည်းစည်းမျဉ်းများကို ရှင်းပြတတ်သည်။ | ကစားနည်းစည်းမျဉ်းများအတိုင်း လိုက်နာကစားတတ်သည်။ |
| ၁ | ကစားနည်းစည်းမျဉ်းများကို ရှင်းပြနိုင်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ | ကစားနည်းစည်းမျဉ်းများအတိုင်း လိုက်နာကစားနိုင်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ |

## အားပေးတုံ့ပြန်ချက်များ

- ကလေးတို့အားလုံး ကစားနည်းစည်းမျဉ်းတွေကို ရှင်းပြနိုင်ကြတယ်။
- ကလေးတို့အားလုံး ကစားနည်းစည်းမျဉ်းတွေအတိုင်း လိုက်နာကစားကြတယ်။

အခန်း(၈) ဘောလုံးဖြင့်ကစားခြင်း




**ကစားနည်းစည်းမျဉ်းများ**

၁။ ကလေးဦးရေအပေါ် မူတည်ပြီး အုပ်စုများဖွဲ့ရမည်။ (ဥပမာ- ၅ ဦးမှ ၇ ဦးအထိ)
၂။ ဒိုင်လူကြီးနှင့် ယှဉ်ပြိုင်ကစားမည့်အသင်းနှစ်သင်းမှ ကစားသမားများသည် ကွင်းလယ်ဗဟိုစည်းတွင် မျက်နှာချင်းဆိုင်ရပ်ပြီး အရိုအသေပေးရမည်။
၃။ ခေါင်း ပန်းလှန်၍ ဘောလုံးတည်ကန်မည့် အသင်းကို ရွေးချယ်ရမည်။
၄။ ဒိုင်လူကြီး ခရာမှုတ်အချက်ပေးလျှင် ဘောလုံးတည်ကန်မည့်အသင်းက မိမိအသင်းသားတစ်ဦးထံသို့ ကန်ပေးပြီး စတင်ကစားနိုင်သည်။
၅။ သတ်မှတ်ချိန် ၅ မိနစ် အတွင်း ဂိုးအများဆုံးသွင်းနိုင်သောအဖွဲ့က အနိုင်ရမည်။

၂၆

## ရုပ်ပုံများနှင့်ပတ်သက်သောရှင်းလင်းချက်များ

၁၃ ဆရာက ကစားနည်းစည်းမျဉ်းများနှင့် ကစားနေစဉ် တွင် မလုပ်ဆောင်ရမည့် အပြုအမူများကို ရှင်းပြရမည်။

၁၄ မကစားမီ ဒိုင်လူကြီးနှင့် ကစားသမားအချင်းချင်း အရိုအသေ ပေးရမည်။

၁၅ ကလေးများ အုပ်စုလိုက် ကစားနည်းစည်းမျဉ်းများ အတိုင်း လိုက်နာကစားရမည်။

## သတိပြုရမည့်အချက်များ

၁။ တစ်ဖက်လျှင် ဂိုးပေါက်နှစ်ခု ထားထားပြီး အခြားအသင်း၏ ဂိုးပေါက်နှစ်ခုမှ ကြိုက်နှစ်သက်ရာ ဂိုးပေါက်သို့ သွင်းနိုင်သည်။

၂။ ကလေးများကို ကျား မ အညီအမျှဖြစ်အောင် ခွဲရမည်။

DBE BOX

အခန်း(၈) ဘောလုံးဖြင့်ကစားခြင်း




**မေးခွန်း**

| | | | | |
|---|---|---|---|---|
| ၁ | ဘောလုံးပစ်ခြင်း၊ဖမ်းခြင်းနဲ့ကန်ခြင်းတို့ကိုပျော်ပျော်ရွှင်ရွှင်လုပ်ဆောင်ခဲ့ကြသလား။ | ☺ | ☺ | ☹ |
| ၂ | ဘောလုံးကစားခြင်းကို မှန်မှန်ကန်ကန်လုပ်ဆောင်နိုင်ပြီး ဂိုးသွင်းခဲ့ကြသလား။ | ☺ | ☺ | ☹ |
| ၃ | ဘောလုံးပစ်ခြင်း၊ ဖမ်းခြင်းနဲ့ ကန်ခြင်းတို့ရဲ့ နည်းစနစ်တွေကို ရှင်းပြနိုင်မလား။ | ☺ | ☺ | ☹ |
| ၄ | သူငယ်ချင်းတွေနဲ့ အချိတ်အဆက်မိမိ ပူးပေါင်းဆောင်ရွက်ခဲ့ကြသလား။ | ☺ | ☺ | ☹ |

၂၇

## ရုပ်ပုံများနှင့်ပတ်သက်သောရှင်းလင်းချက်များ

**၁၃** ဆရာက ကစားနည်းစည်းမျဉ်းများနှင့် ကစားနေစဉ် တွင် မလုပ်ဆောင်ရမည့် အပြုအမူများကို ရှင်းပြရမည်။

**၁၄** မကစားမီ ဒိုင်လူကြီးနှင့် ကစားသမားအချင်းချင်း အရိုအသေ ပေးရမည်။

**၁၅** ကလေးများ အုပ်စုလိုက် ကစားနည်းစည်းမျဉ်းများ အတိုင်း လိုက်နာကစားရမည်။

## သတိပြုရမည့်အချက်များ

၁။ အုပ်စုငယ်များ ခွဲပေးပြီး အုပ်စု ၁ နှင့် အုပ်စု ၂ ကစားလျှင် အုပ်စု ၃ မှ ဒိုင်လူကြီးနှင့် မှတ်တမ်းတင်သူများအဖြစ် ဆောင်ရွက်စေရမည်။

၂။ ဒိုင်လူကြီး၏ ဆုံးဖြတ်ချက်သည် အတည်ဖြစ်ကြောင်း ဆရာက ရှင်းပြထားရမည်။

၃။ ဘောလုံးဂိုးတိုင် မရှိလျှင် ကတော့ချွန်များကို အစားထိုး အသုံးပြုနိုင်သည်။

## အခန်း (၈) | စာသင်ချိန် ၈/၈

### သင်ယူမှုဦးတည်ချက်များ

- ဘောလုံးအပေးအယူလုပ်ပြီး ယှဉ်ပြိုင်ကစားရာတွင် တက်ကြွပျော်ရွှင်မှုရှိရန်။
- ယှဉ်ပြိုင်ကစားရာတွင် ဘောလုံးကို အပေးအယူပြုလုပ်တတ်ရန်။

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

ဘောလုံး၊ ဂိုးတိုင်၊ ခရာ၊ စစ်ဆေးအကဲဖြတ်မှု မှတ်တမ်း။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ခန်းစာနှင့် မိတ်ဆက်ပြီး ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခြင်း။ (၂ မိနစ်)

၂။ ကစားမည့်နေရာကို သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် မကစားမီလုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများပြုလုပ်ခြင်း။ (၃ မိနစ်)

၃။ ကလေးများကို အုပ်စုများဖွဲ့ကာ ကစားနည်းစည်းမျဉ်းများအတိုင်း ယှဉ်ပြိုင် ကစားခြင်းနှင့် အုပ်စုလိုက် ယှဉ်ပြိုင်မှုများကို ကြည့်ရှုလေ့လာစေခြင်း။ (၃၀ မိနစ်)

၄။ ကစားပြီးလုပ်ဆောင်ရမည့်လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ ချီးမွမ်းခြင်း၊ အားပေး ခြင်းနှင့် ကျောင်းသုံးစာအုပ်ပါ မေးခွန်းများဖြေဆိုခြင်း။ (၅ မိနစ်)

### စစ်ဆေးအကဲဖြတ်ရန်လမ်းညွှန်ချက်များ

| နယ်ပယ် / အဆင့် | တက်ကြွပျော်ရွှင်မှုရှိခြင်း (ခံစားမှုဆိုင်ရာ အကျိုးသက်ရောက်မှု နယ်ပယ်) | အပေးအယူလုပ်ကာ ကစားတတ်ခြင်း (လှုပ်ရှားမှုဆိုင်ရာ ကျွမ်းကျင် မှုနယ်ပယ်) |
|---|---|---|
| ၃ | ဘောလုံးကို အပေးအယူ လုပ်ကာ ယှဉ်ပြိုင်ကစားရာတွင် စိတ်ရော ကိုယ်ပါ တက်ကြွပျော်ရွှင်သည်။ | ယှဉ်ပြိုင်ကစားရာတွင် ဘောလုံး ကို ကောင်းစွာ အပေးအယူပြု လုပ်နိုင်သည်။ |
| ၂ | ဘောလုံးကို အပေးအယူ လုပ်ကာ ယှဉ်ပြိုင်ကစားရာတွင် တက်ကြွ ပျော်ရွှင်သည်။ | ယှဉ်ပြိုင်ကစားရာတွင် ဘောလုံး ကို အပေးအယူပြုလုပ်နိုင်သည်။ |
| ၁ | ဘောလုံးကို အပေးအယူ လုပ်ကာ ယှဉ်ပြိုင်ကစားရာတွင် တက်ကြွ ပျော်ရွှင်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ် သည်။ | ယှဉ်ပြိုင်ကစားရာတွင် ဘောလုံး ကို အပေးအယူပြုလုပ်နိုင်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ |

### အားပေးတုံ့ပြန်ချက်များ

- ဘောလုံးကို အပေးအယူလုပ်ပြီး တက်တက်ကြွကြွနဲ့ ကစားခဲ့ကြတယ်။
- ယှဉ်ပြိုင်ကစားရာမှာ ဘောလုံးကို အပေးအယူလုပ်ပြီး ကစားတတ်တယ်။



DBE BOX

# အခန်း (၉) စာသင်ချိန် ၁/၆

## သင်ယူမှုဦးတည်ချက်များ

- ကြိုးဖြင့် အနေးစုံခုန်ခြင်းနှင့် အမြန်စုံခုန်ခြင်းတို့တွင် ကြိုးစားအားထုတ်မှုရှိရန်။
- ကြိုးဖြင့် အနေးစုံခုန်ခြင်းနှင့် အမြန်စုံခုန်ခြင်းတို့ကို လုပ်ဆောင်တတ်ရန်။

## သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

ခရာ၊ ခုန်ကြိုး၊ စစ်ဆေးအကဲဖြတ်မှုမှတ်တမ်း။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ခန်းစာနှင့် မိတ်ဆက်ပြီး ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားခြင်း။ (၂ မိနစ်)

၂။ ကစားမည့်နေရာကို သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် မကစားမီ လုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများပြုလုပ်ခြင်း။ (၃ မိနစ်)

၃။ ကြိုးခုန်ခြင်းနည်းစနစ်များကို ဆွေးနွေးခြင်း၊ ဆရာက မေးခွန်းများ မေးမြန်းခြင်းနှင့် ရှင်းပြခြင်း။ (၄ မိနစ်)

၄။ လှုပ်ရှားမှုများကို ဆရာကရှင်းပြခြင်းနှင့်သရုပ်ပြခြင်း၊ ကလေးများ ဆရာနှင့် လေ့ကျင့်ခြင်း၊ ကလေးများ လက်တွေ့လုပ်ဆောင်ခြင်း(အတန်းလိုက်၊ အုပ်စုလိုက်)။ (၂၇ မိနစ်)

(က) အနေးစုံခုန်ခြင်းကို လေ့ကျင့်ခြင်း။

(ခ) အမြန်စုံခုန်ခြင်းကို လေ့ကျင့်ခြင်း။

(ဂ) သတ်မှတ်ချိန် စက္ကန့် ၃၀ အတွင်းအမြန်စုံခုန်ခြင်း။

၅။ ကစားပြီးလုပ်ဆောင်ရမည့်လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ ချီးမွမ်းခြင်း၊ အားပေးခြင်းနှင့် သင်ခန်းစာကို နိဂုံးချုပ်ခြင်း။ (၄ မိနစ်)

## စစ်ဆေးအကဲဖြတ်ရန်လမ်းညွှန်ချက်များ

| နယ်ပယ် / အဆင့် | ကြိုးဖြင့်စုံခုန်ရာတွင်ကြိုးစားအားထုတ်မှုရှိခြင်း (ခံစားမှုဆိုင်ရာ အကျိုးသက်ရောက်မှု နယ်ပယ်) | ကြိုးဖြင့် အနေးစုံခုန်ခြင်းနှင့် အမြန်စုံခုန်ခြင်းတို့ကို လုပ်ဆောင်တတ်ခြင်း (လှုပ်ရှားမှုဆိုင်ရာကျွမ်းကျင်မှု နယ်ပယ်) |
|---|---|---|
| ၃ | ကစားနည်း လုပ်ဆောင်ရာတွင် အမြဲတမ်းကြိုးစားအားထုတ်မှုရှိသည်။ | ကြိုးဖြင့် အနေးစုံခုန်ခြင်းနှင့်အမြန်စုံခုန်ခြင်းတို့ကို အမြဲတမ်း မှန်ကန်စွာ လုပ်ဆောင်နိုင်သည်။ |
| ၂ | ကစားနည်းလုပ်ဆောင်ရာတွင် ကြိုးစားအားထုတ်မှုရှိသည်။ | ကြိုးဖြင့် အနေးစုံခုန်ခြင်းနှင့်အမြန်စုံခုန်ခြင်းတို့ကို မှန်ကန်စွာ လုပ်ဆောင်နိုင်သည်။ |
| ၁ | ကစားနည်းလုပ်ဆောင်ရာတွင် ကြိုးစားအားထုတ်မှုရှိရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ | ကြိုးဖြင့် အနေးစုံခုန်ခြင်းနှင့်အမြန်စုံခုန်ခြင်းတို့ကို မှန်ကန်စွာ လုပ်ဆောင်နိုင်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ |

## အားပေးတုံ့ပြန်ချက်များ

- ကြိုးနဲ့ အနေးစုံခုန်တာနဲ့ အမြန်စုံခုန်တာကို ကြိုးစားလုပ်ဆောင်ခဲ့ကြတယ်။
- ကလေးတို့အားလုံး ကြိုးနဲ့စုံခုန်ရာမှာ ဆက်တိုက်ခုန်နိုင်ခဲ့ကြတယ်။




## ရုပ်ပုံများနှင့်ပတ်သက်သောရှင်းလင်းချက်များ

၁ ကြိုးခုန်ခြင်း၏ နည်းစနစ်များကို ဆရာနှင့် ကလေးများ ဆွေးနွေးရမည်။

၂ ကြိုးဖြင့် အနေးစုံခုန်ခြင်းကို ဆရာနှင့်အတူတကွ ၅ ကြိမ်၊ ၁၀ ကြိမ်၊ ၁၅ ကြိမ် အသီးသီး လေ့ကျင့်ရမည်။

၃ ကျောင်းသားများကို အုပ်စုနှစ်စုခွဲကာ အနေးစုံခုန်ခြင်းကို ၁၅ ကြိမ်အထိ သရုပ်ပြရမည်။ အခြားအုပ်စုမှ ကြည့်ရှုလေ့လာပြီး အကြိမ်ရေ ရေတွက်ပေးကာ အကောင်းမြင်တုံ့ပြန်ချက်များပေးရမည်။

၄ ကြိုးဖြင့် အမြန်စုံခုန်ခြင်းကို နံပါတ် ၂ ကဲ့သို့ လုပ်ဆောင်ရမည်။

၅ ကြိုးဖြင့် အမြန်စုံခုန်ခြင်းကို နံပါတ် ၃ ကဲ့သို့ လုပ်ဆောင်ရမည်။

၆ သတ်မှတ်ချိန် စက္ကန့် ၃၀ အတွင်း ကြိုးဖြင့်အမြန်စုံခုန်ခြင်းကို လုပ်ဆောင်ရမည်။ ဆရာက ခုန်နိုင်သော အရေအတွက်ကို မှတ်တမ်းယူထားရမည်။

## သတိပြုရမည့်အချက်များ

ဆရာက တတိယတန်းဆရာလမ်းညွှန် စာမျက်နှာ (၃၆) ပါ ကြိုးခုန်ခြင်း၏ နည်းစနစ်များကို ရှင်းပြပေးရမည်။

| အခန်း (၉) | စာသင်ချိန် ၂/၆ |
|---|---|




## ရုပ်ပုံများနှင့်ပတ်သက်သောရှင်းလင်းချက်များ

- ၇ ဘယ်ခြေတစ်ချောင်းထောက်ခုန်ခြင်းကို ဆရာနှင့် အတူ ၅ ကြိမ်၊ ၁၀ ကြိမ်၊ ၁၅ ကြိမ် အသီးသီး လေ့ကျင့်ရမည်။
- ၈ ဆရာက အုပ်စု ၂ စုခွဲပေးရမည်။ ကလေးများက ဘယ်ခြေတစ်ချောင်းထောက် ခုန်ခြင်းကို ၁၅ ကြိမ်အထိ လုပ်ဆောင်ရမည်။ ကျန်ကလေးများက ကြည့်ရှုလေ့လာ ပြီး ရေတွက်ပေးရမည်။
- ၉ ညာခြေတစ်ချောင်းထောက်ခုန်ခြင်းကို နံပါတ် ၇ ကဲ့သို့ လုပ်ဆောင်ရမည်။
- ၁၀ ညာခြေတစ်ချောင်းထောက်ခုန်ခြင်းကို နံပါတ် ၈ ကဲ့သို့ လုပ်ဆောင်ရမည်။
- ၁၁ ဘယ် ညာ ခြေပြောင်းခုန်ခြင်းကို နံပါတ် ၇ ကဲ့သို့ လုပ်ဆောင်ရမည်။
- ၁၂ ဘယ် ညာ ခြေပြောင်းခုန်ခြင်းကို စက္ကန့် ၃၀ အတွင်း ဆက်တိုက် ခုန်စေရမည်။

## သတိပြုရမည့်အချက်များ

ဆရာက တတိယတန်းဆရာလမ်းညွှန် စာမျက်နှာ (၃၆) ပါကြိုးခုန်ခြင်း၏ နည်းစနစ်များကို ရှင်းပြပေးရမည်။

## သင်ယူမှုဦးတည်ချက်များ

- ကြိုးဖြင့် ခြေပြောင်းခုန်ခြင်းကို မှန်ကန်စွာ လုပ်ဆောင်တတ်ရန်။
- ကြိုးဖြင့် ခြေပြောင်းခုန်ခြင်းလုပ်ဆောင်ရာတွင် အားပေးကူညီတတ်ရန်။

## သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

ခရာ၊ ခုန်ကြိုး၊ စစ်ဆေးအကဲဖြတ်မှုမှတ်တမ်း။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ခန်းစာနှင့် မိတ်ဆက်ပြီး ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားခြင်း။ (၂ မိနစ်)

၂။ ကစားမည့်နေရာကို သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် မကစားမီလုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများပြုလုပ်ခြင်း။ (၃ မိနစ်)

၃။ ကြိုးခုန်ခြင်းနည်းစနစ်များကိုဆွေးနွေးခြင်း၊ ဆရာက မေးခွန်းများ မေးမြန်းခြင်းနှင့် ရှင်းပြခြင်း။ (၄ မိနစ်)

၄။ လုပ်ရှားမှုများကို ဆရာက ရှင်းပြခြင်းနှင့် သရုပ်ပြခြင်း၊ ကလေးများ ဆရာနှင့် လေ့ကျင့်ခြင်း၊ ကလေးများ လက်တွေ့လုပ်ဆောင်ခြင်း (အတန်းလိုက်၊ အုပ်စုလိုက်) (၂၇ မိနစ်)

(က) ဘယ်ခြေတစ်ချောင်းထောက်ခုန်ခြင်းကို လေ့ကျင့်ခြင်း။

(ခ) ညာခြေတစ်ချောင်းထောက်ခုန်ခြင်းကို လေ့ကျင့်ခြင်း။

(ဂ) ခြေပြောင်းခုန်ခြင်းကို လေ့ကျင့်ခြင်း။

၅။ ကစားပြီးလုပ်ဆောင်ရမည့်လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ ချီးမွမ်းခြင်း၊ အားပေးခြင်းနှင့် သင်ခန်းစာကို နိဂုံးချုပ်ခြင်း။ (၄ မိနစ်)

## စစ်ဆေးအကဲဖြတ်ရန်လမ်းညွှန်ချက်များ

| နယ်ပယ် / အဆင့် | ကြိုးဖြင့်ခြေပြောင်းခုန်ခြင်းကို လုပ်ဆောင်တတ်ရန် (လှုပ်ရှားမှုဆိုင်ရာ ကျွမ်းကျင်မှုနယ်ပယ်) | ကြိုးဖြင့်ခြေပြောင်းခုန်ခြင်းကို လုပ်ဆောင်ရာတွင် အားပေးကူညီတတ်ရန် (လူမှုရေးဆိုင်ရာ နယ်ပယ်) |
|---|---|---|
| ၃ | ကြိုးဖြင့် ခြေပြောင်းခုန်ခြင်းကို အမြဲတမ်း မှန်ကန်စွာ လုပ်ဆောင်တတ်သည်။ | ကြိုးဖြင့် ခြေပြောင်းခုန်ခြင်းကို လုပ်ဆောင်ရာတွင် အမြဲတမ်း အားပေးကူညီတတ်သည်။ |
| ၂ | ကြိုးဖြင့်ခြေပြောင်းခုန်ခြင်းကို မှန်ကန်စွာလုပ်ဆောင်တတ်သည်။ | ကြိုးဖြင့်ခြေပြောင်းခုန်ခြင်းကို လုပ်ဆောင်ရာတွင် အားပေးကူညီတတ်သည်။ |
| ၁ | ကြိုးဖြင့် ခြေပြောင်းခုန်ခြင်းကို မှန်ကန်စွာ လုပ်ဆောင်တတ်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ | ကြိုးဖြင့်ခြေပြောင်းခုန်ခြင်းကို လုပ်ဆောင်ရာတွင် အားပေးကူညီတတ်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ |

## အားပေးတုံ့ပြန်ချက်များ

- ကလေးတို့အားလုံး ကြိုးနဲ့ ခြေပြောင်းခုန်ရာ မှန်မှန်ကန်ကန် လုပ်နိုင်ခဲ့ကြတယ်။
- ကြိုးနဲ့ခြေပြောင်းခုန်ရာမှာ အားပေးကူညီခဲ့ကြတယ်။

## အခန်း (၉) စာသင်ချိန် ၃/၆

### သင်ယူမှုဦးတည်ချက်များ

- ရပ်လျက် နှစ်ယောက်တွဲ စုံခုန်ခြင်းကို ဆက်တိုက်ခုန်တတ်ရန်။
- ရပ်လျက်နှစ်ယောက်တွဲ စုံခုန်ခြင်း၏ နည်းစနစ်များကို ရှင်းပြတတ်ရန်။

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

ခရာ၊ ကြိုး၊ စစ်ဆေးအကဲဖြတ်မှုမှတ်တမ်း။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ခန်းစာနှင့်မိတ်ဆက်ပြီး ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားခြင်း။ (၂ မိနစ် )
၂။ ကစားမည့်နေရာကို သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် မကစားမီလုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများပြုလုပ်ခြင်း။ (၃ မိနစ် )
၃။ ရပ်လျက် နှစ်ယောက်တွဲ စုံခုန်ခြင်းကို ဆရာနှင့်ကလေးအချို့ သရုပ်ပြခြင်း။ (၅ မိနစ်)
၄။ ရပ်လျက် နှစ်ယောက်တွဲစုံခုန်ခြင်းကို ကလေးများ အုပ်စုလိုက်လေ့ကျင့်ခြင်း။ (၅ ကြိမ်၊ ၁၀ ကြိမ်၊ ၁၅ ကြိမ်) (၁၅ မိနစ်)
၅။ ရပ်လျက် နှစ်ယောက်တွဲ စုံခုန်ခြင်းကို ကလေးများ အတန်းလိုက် သရုပ်ပြခြင်း၊ ကျန်ကလေးများက ကြည့်ရှုလေ့လာကာ ရေတွက်ပေးခြင်း။(၁၀ မိနစ်)
၆။ ကစားပြီးလုပ်ဆောင်ရမည့်လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ ချီးမွမ်းခြင်း၊ အားပေးခြင်းနှင့် သင်ခန်းစာကို နိဂုံးချုပ်ခြင်း။ (၅ မိနစ်)

### စစ်ဆေးအကဲဖြတ်ရန်လမ်းညွှန်ချက်များ

| နယ်ပယ် / အဆင့် | ရပ်လျက်နှစ်ယောက်တွဲ စုံခုန်ခြင်းကို ဆက်တိုက် ခုန်တတ်ခြင်း (လှုပ်ရှားမှုဆိုင်ရာ ကျွမ်းကျင်မှု နယ်ပယ်) | နှစ်ယောက်တွဲစုံခုန်ခြင်း၏ နည်းစနစ်များကို ရှင်းပြတတ်ခြင်း (လူမှုရေးဆိုင်ရာ နယ်ပယ်) |
|---|---|---|
| ၃ | ရပ်လျက် နှစ်ယောက်တွဲစုံခုန်ခြင်းကို ဆက်တိုက် ကောင်းစွာ ခုန်နိုင်သည်။ | နှစ်ယောက်တွဲ စုံခုန်ခြင်း၏ နည်းစနစ်များကို ရှင်းလင်းစွာ ရှင်းပြတတ်သည်။ |
| ၂ | ရပ်လျက် နှစ်ယောက်တွဲစုံခုန်ခြင်းကို ဆက်တိုက်ခုန်နိုင်သည်။ | နှစ်ယောက်တွဲ စုံခုန်ခြင်း၏ နည်းစနစ်များကို ရှင်းပြတတ်သည်။ |
| ၁ | ရပ်လျက် နှစ်ယောက်တွဲစုံခုန်ခြင်းကို ဆက်တိုက်ခုန်နိုင်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ | နှစ်ယောက်တွဲ စုံခုန်ခြင်းကို ရှင်းပြတတ်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ |

### အားပေးတုံ့ပြန်ချက်များ

- ♦ နှစ်ယောက်တွဲ ရပ်လျက်စုံခုန်တာကို ဆက်တိုက်ခုန်နိုင်ကြတယ်။
- ♦ နှစ်ယောက်တွဲ ရပ်လျက်စုံခုန်တာကို ရှင်းပြနိုင်ကြတယ်။




### ရုပ်ပုံများနှင့်ပတ်သက်သောရှင်းလင်းချက်များ

**၁၃** ဆရာနှင့် ကလေးအချို့ ရပ်လျက်နှစ်ယောက်တွဲ စုံခုန်ခြင်းကို သရုပ်ပြပေးရမည်။

**၁၄** ကလေးနှစ်ယောက်တစ်တွဲရပ်လျက် နှစ်ယောက်တွဲ စုံခုန်ခြင်းကို ပထမအကြိမ်တွင် ၅ ကြိမ်ဆက်တိုက်၊ ဒုတိယအကြိမ်တွင် ၁၀ ကြိမ်ဆက်တိုက်၊ တတိယအကြိမ်တွင် ၁၅ ကြိမ်ဆက်တိုက် အသီးသီးလေ့ကျင့်ပေးရမည်။

**၁၅** အတန်းလိုက် ကလေး နှစ်ယောက်တွဲ ၁၅ ကြိမ် အထက် ဆက်တိုက်ခုန်ရမည်။ ကျန်ကလေးများက ကြည့်ရှုလေ့လာပြီး ရေတွက်ပေးရမည်။

### သတိပြုရမည့်အချက်များ

ကြိုးတစ်ယောက်လွှဲ နှစ်ဦးခုန်ခြင်း၏ အောက်ပါနည်းစနစ်များကို ဆရာက ရှင်းပြပေးရမည်။
၁။ တစ်ဦးနှင့်တစ်ဦး မျက်နှာချင်းဆိုင်ရပ်ကာ တစ်ဦးက ကြိုးကိုင်ရမည်။
၂။ ကြိုးအရှည်သည် တစ်ဦးခုန်ကြိုးထက် အနည်းငယ် ရှည်ရမည်။
၃။ ကြိုးကိုင်သူက လက်အပေါ်မြှောက်ကာ ဘေးသို့ အနည်းငယ် ဆန့်၍ လွှဲရမည်။
၄။ ကြိုးကိုင်သူက ကြိုးလွှဲပြီး ကြိုးမြေသို့ထိသည်နှင့် နှစ်ဦးစလုံး တစ်ပြိုင်နက်ခုန်ရမည်။
၅။ ခုန်သူက ကြိုးထဲသို့ဝင်ရာတွင် ကြိုးလွှဲသူ၏ ခြေအောက် ကြိုးရောက်ချိန်တွင် ဝင်ရမည်။




## ရုပ်ပုံများနှင့်ပတ်သက်သောရှင်းလင်းချက်များ

**၁၆** ကြိုးတစ်ယောက်လွဲ ဘေးမှဝင်ပြီး ခုန်ခြင်းကို ဆရာနှင့် ကလေးအချို့ သရုပ်ပြရမည်။ ကြိုးတစ်ယောက်လွဲ နှစ်ဦးခုန်ခြင်းတွင် ဘေးမှဝင်ပြီး ခုန်ခြင်းကို ကလေး နှစ်ယောက်မှ သရုပ်ပြရမည်။

**၁၇** ကြိုးတစ်ယောက်လွဲ နှစ်ဦးခုန်ခြင်းကို ကလေးများ နှစ်ယောက်တစ်တွဲ လေ့ကျင့်ရမည်။ ဆရာက ကြည့်ရှု လေ့လာပြီး လုပ်ဆောင်ချက်အားနည်းသော ကလေးများ ကို ကလေးအချင်းချင်း အကောင်းမြင်တုံ့ပြန်ချက်များ ပေးပြီး အကြံကောင်းများပေးတတ်ရန် အားပေးကူညီရ မည်။

**၁၈** ကလေးများ နှစ်ယောက်တစ်တွဲ အုပ်စုလိုက် စုပေါင်း သရုပ်ပြရမည်။ ကျန်ကလေးများက ခုန်နိုင်သော အရေအတွက်ကို မှတ်သားထားပေးရမည်။

## သတိပြုရမည့်အချက်များ

၁။ ဆရာက စာသင်ချိန် ၃ ပါ ကြိုးတစ်ယောက်လွဲ နှစ်ဦးခုန် ခြင်း၏ နည်းစနစ်များကို ပြန်လည် မေးမြန်းဆွေးနွေးရ မည်။

၂။ ကြိုးထဲသို့ ဝင်ခုန်ရာတွင် ကြိုးလွှဲသူ၏ ဘေးမှ ဝင်ခုန်ရ မည်ဖြစ်ကြောင်း သတိပေးရမည်။

# အခန်း (၉) စာသင်ချိန် ၄/၆

## သင်ယူမှုဦးတည်ချက်များ

- ကြိုးတစ်ယောက်လွဲ နှစ်ဦးခုန်ရာတွင် ဘေးမှဝင်ပြီး ဆက်တိုက်ခုန်တတ်ရန်။
- ကြိုးတစ်ယောက်လွဲ နှစ်ဦးခုန်ခြင်းတွင် အကောင်းမြင်တုံ့ပြန်ချက် ပေးတတ်ရန်။

## သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

ခရာ၊ ကြိုး၊ စစ်ဆေးအကဲဖြတ်မှုမှတ်တမ်း။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ခန်းစာနှင့်မိတ်ဆက်ပြီး ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခြင်း။ (၂ မိနစ်)

၂။ ကစားမည့်နေရာကို သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် မကစားမီလုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများပြုလုပ်ခြင်း။ (၃ မိနစ်)

၃။ ကြိုးတစ်ယောက်လွဲနှစ်ဦးခုန်ခြင်းကို ဝင်ပြီး ဆက်တိုက်ခုန်ခြင်းကို ဆရာနှင့် ကလေးအချို့ သရုပ်ပြခြင်း။ ( ၅ မိနစ်)

၄။ ကြိုးတစ်ယောက်လွဲနှစ်ဦးခုန်ခြင်းကို ကလေးများ နှစ်ယောက်တစ်တွဲ လေ့ကျင့်ခြင်း။ (၁၅ မိနစ်)

၅။ ကြိုးတစ်ယောက်လွဲ နှစ်ဦးခုန်ခြင်းကို နှစ်ယောက်တစ်တွဲ အတန်းလိုက် သရုပ်ပြခြင်း၊ ကျန်ကလေးများက ကြည့်ရှုလေ့လာခြင်းနှင့် အကြိမ် ရေတွက်ပေး၍ အကောင်းမြင်တုံ့ပြန်ချက်များပေးခြင်း။ (၁၀ မိနစ်)

၆။ ကစားပြီးလုပ်ဆောင်ရမည့်လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ ချီးမွမ်းခြင်း၊ အားပေး ခြင်းနှင့် သင်ခန်းစာကို နိဂုံးချုပ်ခြင်း။ (၅ မိနစ်)

## စစ်ဆေးအကဲဖြတ်ရန်လမ်းညွှန်ချက်များ

| နယ်ပယ် / အဆင့် | ကြိုးတစ်ယောက်လွဲနေစဉ်ဘေးမှ ဝင်ပြီး ဆက်တိုက်ခုန်တတ်ခြင်း (လှုပ်ရှားမှုဆိုင်ရာ ကျွမ်းကျင်မှု နယ်ပယ်) | ကြိုးတစ်ယောက်လွဲနှစ်ဦး ခုန်ရာတွင် အကောင်းမြင် တုံ့ပြန်ချက် ပေးတတ်ခြင်း (လူမှုရေးဆိုင်ရာ နယ်ပယ်) |
|---|---|---|
| ၃ | ကြိုးတစ်ယောက်လွဲနေစဉ် ဘေးမှ ဝင်ပြီး ၁၀ ကြိမ်အထက်ဆက်တိုက် ခုန်နိုင်သည်။ | ကြိုးတစ်ယောက်လွဲ နှစ်ဦးခုန်ရာ တွင် အကောင်းမြင် တုံ့ပြန်ချက် များပေးတတ်သည်။ |
| ၂ | ကြိုးတစ်ယောက်လွဲနေစဉ် ဘေးမှ ဝင်ပြီး ၅ ကြိမ်မှ ၁၀ ကြိမ်အထိ ဆက်တိုက် ခုန်နိုင်သည်။ | ကြိုးတစ်ယောက်လွဲနှစ်ဦး ခုန်ရာ တွင် အကောင်းမြင်တုံ့ပြန်ချက် ပေးတတ်သည်။ |
| ၁ | ကြိုးတစ်ယောက်လွဲနေစဉ်ဘေးမှ ဝင်ပြီး ဆက်တိုက်ခုန်နိုင်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ | ကြိုးတစ်ယောက်လွဲနှစ်ဦး ခုန်ရာ တွင် အကောင်းမြင်တုံ့ပြန်ချက် ပေးတတ်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ် သည်။ |

## အားပေးတုံ့ပြန်ချက်များ

- ကလေးတို့အားလုံး ကြိုးတစ်ယောက်လွဲပြီး ဘေးမှဝင်၍ ဆက်တိုက်ခုန်နိုင် ကြတယ်။
- ကြိုးတစ်ယောက်လွဲ နှစ်ဦးခုန်ရာမှာ အကောင်းမြင်တုံ့ပြန်ချက် ပေးနိုင်ခဲ့ကြ တယ်။

DBE BOX

## အခန်း (၉) | စာသင်ချိန် ၅/၆

### သင်ယူမှုဦးတည်ချက်များ

- လွှဲနေသောကြိုးအတွင်း နှစ်ယောက်တွဲ ရပ်လျက်စုံခုန်ရာမှ နေရာပြောင်း တတ်ရန်။
- ကြိုးနှစ်ယောက်လွှဲနေစဉ် ခုန်၍နေရာပြောင်းခြင်း၏ နည်းစနစ်များကို ရှင်းပြ တတ်ရန်။

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

ခရာ၊ ကြိုး၊ စစ်ဆေးအကဲဖြတ်မှုမှတ်တမ်း။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ခန်းစာနှင့်မိတ်ဆက်ပြီး ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားခြင်း။ (၂ မိနစ်)
၂။ ကစားမည့်နေရာကို သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် မကစားမီနှင့် လုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများ ပြုလုပ်ခြင်း။ (၃ မိနစ်)
၃။ ဆရာက ကြိုးနှစ်ယောက်လွှဲ နှစ်ဦးခုန်ခြင်း၏ နည်းစနစ်များကို ပြန်လည် ဆွေးနွေးခြင်း။ (၅ မိနစ်)
၄။ ကလေးနှစ်ယောက်ကကြိုးလွှဲပြီး ရပ်လျက်စုံခုန်ရာမှ နေရာပြောင်း ခုန်ခြင်းကို ဆရာနှင့် ကလေးအချို့ သရုပ်ပြခြင်း။ (၅ မိနစ်)
၅။ ကလေးများ ကြိုးနှစ်ယောက်လွှဲ နှစ်ဦးခုန်ပြီး နေရာပြောင်းခြင်းကို လေ့ကျင့်ခြင်း၊ ဆရာနှင့် ကလေးများ လုပ်ဆောင်ချက်များအပေါ် ဆွေးနွေး ခြင်း။ (၁၂ မိနစ်)
၆။ ကလေးများ ကြိုးနှစ်ယောက်လွှဲ နှစ်ဦးခုန်ပြီး နေရာပြောင်းခြင်းကို လေ့ကျင့် ခြင်း။ (၁၀ မိနစ်)
၇။ ကစားပြီးလုပ်ဆောင်ရမည့်လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ ချီးမွမ်းခြင်း၊ အားပေး ခြင်းနှင့် သင်ခန်းစာကို နိဂုံးချုပ်ခြင်း။ (၃ မိနစ်)

### စစ်ဆေးအကဲဖြတ်ရန်လမ်းညွှန်ချက်များ

| နယ်ပယ် / အဆင့် | နှစ်ယောက်တွဲရပ်လျက်စုံခုန်ရာမှနေရာပြောင်းတတ်ခြင်း (လှုပ်ရှားမှုဆိုင်ရာ ကျွမ်းကျင်မှု နယ်ပယ်) | ကြိုးနှစ်ယောက်လွှဲနေစဉ် ခုန်၍ နေရာပြောင်းခြင်း၏ နည်းစနစ်များကို ရှင်းပြတတ်ခြင်း (သိမှုဆိုင်ရာ အသုံးချမှုနယ်ပယ်) |
|---|---|---|
| ၃ | နှစ်ယောက်တွဲရပ်လျက်စုံခုန်ရာမှ နေရာပြောင်းခြင်းကို အဆင်ပြေပြေ လုပ်ဆောင်တတ်သည်။ | ကြိုးနှစ်ယောက်လွှဲနေစဉ် ခုန်၍ နေရာပြောင်းခြင်း၏ နည်းစနစ်များကို ရှင်းလင်းစွာ ရှင်းပြတတ်သည်။ |
| ၂ | နှစ်ယောက်တွဲရပ်လျက်စုံခုန်ရာမှ နေရာပြောင်းခြင်းကို လုပ်ဆောင်တတ်သည်။ | ကြိုးနှစ်ယောက်လွှဲနေစဉ် ခုန်၍ နေရာပြောင်းခြင်း၏နည်းစနစ်များကို ရှင်းပြတတ်သည်။ |
| ၁ | နှစ်ယောက်တွဲရပ်လျက်စုံခုန်ရာမှ နေရာပြောင်းခြင်းကို လုပ်ဆောင်တတ်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ | ကြိုးနှစ်ယောက်လွှဲနေစဉ် ခုန်၍ နေရာပြောင်းခြင်း၏ နည်းစနစ်များကို ရှင်းပြတတ်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ |

### အားပေးတုံ့ပြန်ချက်များ

- ကလေးတို့အားလုံး နှစ်ယောက်တွဲရပ်လျက် စုံခုန်ပြီး နေရာပြောင်းတာကို အဆင်ပြေပြေ လုပ်နိုင်ခဲ့ကြတယ်။
- ကြိုးနှစ်ယောက်လွှဲပြီး နေရာပြောင်းခုန်တဲ့နည်းစနစ်တွေကို ရှင်းပြနိုင်ကြတယ်။




### ရုပ်ပုံများနှင့်ပတ်သက်သောရှင်းလင်းချက်များ

(၁၉) နှစ်ယောက်တွဲရပ်လျက်စုံခုန်ပြီး နေရာပြောင်းခြင်းကို ဆရာနှင့် ကျောင်းသားအချို့ သရုပ်ပြရမည်။
(၂၀) နှစ်ယောက်တွဲရပ်လျက်စုံခုန်ပြီး နေရာပြောင်းခြင်းကို ကျောင်းသားအချို့ သရုပ်ပြရမည်။
(၂၁) နှစ်ယောက်တွဲရပ်လျက်စုံခုန်ပြီး နေရာပြောင်းခြင်းကို ကလေးများ အုပ်စုလိုက် လေ့ကျင့်ရမည်။

### သတိပြုရမည့်အချက်များ

ကြိုးနှစ်ယောက်လွှဲနေစဉ် ခုန်၍ နေရာပြောင်း ခြင်း၏ အောက်ပါနည်းစနစ်များကို ဆရာက ရှင်းပြပေးရမည်။

၁။ ကြိုးလွှဲလိုက်သည်နှင့် တစ်ပြိုင်နက် ခုန်မည့်သူများက ခုန်ရန် အသင့်ပြင်ရမည်။
၂။ ဝင်ခုန်ရမည့်သူများသည် ကြိုးလွှဲသူများ၏ ဘေးဘက်မှ ကြိုးအမြင့်ဆုံးရောက်ချိန်တွင် ဝင်ရမည်။
၃။ နှစ်ယောက်စလုံးဝင်ပြီးလျှင် ရှေ့သို့ စုံခုန်ပြီး နေရာရွှေ့သွား ရမည်။
၄။ ကြိုးအပေါ်ရောက်ချိန်၌ မိမိမျက်နှာမူရာဘက်သို့ ထွက်ရ မည်။

အခန်း(၉) ကြိုးခုန်ခြင်း




**မေးခွန်း**

| | | |
|---|---|---|
| ၁ | နှစ်ယောက်တွဲ ကြိုးခုန်ရတာ ပျော်ခဲ့ကြသလား။ | |
| ၂ | ကြိုးခုန်ခြင်း အမျိုးမျိုးကို မှန်မှန်ကန်ကန် လုပ်ဆောင်နိုင်ခဲ့ကြသလား။ | |
| ၃ | နှစ်ယောက်တွဲ ကြိုးခုန်တဲ့အခါ သတိထားရမဲ့အချက်တွေကို ရှင်းပြနိုင်မလား။ | |
| ၄ | သူငယ်ချင်းရဲ့ လုပ်ဆောင်ချက်အပေါ် အကြံဉာဏ်တွေ ပေးခဲ့ကြသလား။ | |

၃၃

## ရုပ်ပုံများနှင့်ပတ်သက်သောရှင်းလင်းချက်များ

(၂၂) ကြိုးနှစ်ယောက်လွှဲ နှစ်ဦးခုန်ခြင်း၏ နည်းစနစ်များကို မေးခွန်းများ မေးမြန်းဆွေးနွေးရမည်။

(၂၃) ကြိုးနှစ်ယောက်လွှဲနှစ်ဦးဝင်ခုန်ခြင်းကို ကလေးများ အုပ်စုလိုက်လေ့ကျင့်ရမည်။ လုပ်ဆောင်ချက်အားနည်းသော ကလေးများကို ဆရာနှင့် ကလေးအချို့မှ အားပေးကူညီရမည်။

## သတိပြုရမည့်အချက်များ

စာသင်ချိန် (၅)ပါ ကြိုးနှစ်ယောက်လွှဲ နှစ်ဦးခုန်ခြင်း၏ နည်းစနစ်များကို ဆရာက ရှင်းပြရမည်။

၁။ ဝင်ခုန်မည့်သူများသည် ကြိုးထဲသို့ဝင်ရန် ကြိုးလာရာလမ်းကြောင်းကို သေချာစွာ ကြည့်ရမည်ဖြစ်ကြောင်း သတိပေးရမည်။

၂။ သင်ကြားသင်ယူမှုလုပ်ငန်းစဉ် (၄)ကို လုပ်ဆောင်ပြီးလျှင် လက်တွေ့လုပ်ဆောင်ချက်များမှ တွေ့ရှိချက်များကို မေးမြန်းပြီး လုပ်ဆောင်ချက်အားနည်းသော ကလေးများကို ဆရာက ကူညီလမ်းညွှန်ပေးရမည်။

၃။ ဆရာနှင့်အတူ ကူညီဆောင်ရွက်ပေးရန် ဆန္ဒရှိသူများကို မေးမြန်းပြီး ကူညီလုပ်ဆောင်စေရမည်။

# အခန်း (၉) | စာသင်ချိန် ၆/၆

## သင်ယူမှုဦးတည်ချက်များ

- ကြိုးနှစ်ယောက်လွှဲနေစဉ် ဝင်ခုန်ရာတွင် တက်ကြွပျော်ရွှင်မှုရှိရန်။
- သူငယ်ချင်းများနှင့် ကောင်းစွာ ပူးပေါင်းပါဝင်ဆောင်ရွက်တတ်ရန်။

## သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

ခရာ၊ ကြိုး၊ စစ်ဆေးအကဲဖြတ်မှုမှတ်တမ်း။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ခန်းစာနှင့် မိတ်ဆက်ပြီး ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားခြင်း။ (၂ မိနစ်)

၂။ ကစားမည့်နေရာကို သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် မကစားမီနှင့် လုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများ ပြုလုပ်ခြင်း။ (၃ မိနစ်)

၃။ ကြိုးနှစ်ယောက်လွှဲ နှစ်ဦးဝင်ခုန်ပြီး နေရာပြောင်းခြင်းကို ဆရာနှင့် ကလေးအချို့ သရုပ်ပြခြင်း။ (၅ မိနစ်)

၄။ ကလေးများ ကြိုးနှစ်ယောက်လွှဲ နှစ်ဦးဝင်ခုန်ပြီး နေရာပြောင်းခြင်းကို လေ့ကျင့်ပြီး ဆရာနှင့်ကလေးများ လက်တွေ့လုပ်ဆောင်ချက်များ အပေါ် ဆွေးနွေးခြင်း။ (၁၂ မိနစ်)

၅။ ကလေးများ ကြိုးနှစ်ယောက်လွှဲ နှစ်ဦးဝင်ခုန်ပြီး နေရာပြောင်းခြင်းကို လေ့ကျင့်ခြင်းနှင့် လုပ်ဆောင်ချက်အားနည်းသောကလေးများကို ဆရာက ကူညီလေ့ကျင့်ပေးခြင်း။ (၁၅ မိနစ်)

၆။ ကစားပြီးလုပ်ဆောင်ရမည့်လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ ချီးမွမ်းခြင်း၊ အားပေးခြင်းနှင့် ကျောင်းသုံးစာအုပ်ပါမေးခွန်းများဖြေဆိုခြင်း။ (၃ မိနစ်)

## စစ်ဆေးအကဲဖြတ်ရန်လမ်းညွှန်ချက်များ

| နယ်ပယ် / အဆင့် | တက်ကြွ ပျော်ရွှင်မှုရှိခြင်း (ခံစားမှုဆိုင်ရာ အကျိုးသက်ရောက်မှု နယ်ပယ်) | အဖွဲ့အတွင်းပူးပေါင်းပါဝင်ဆောင်ရွက်တတ်ခြင်း (လူမှုရေးဆိုင်ရာ နယ်ပယ်) |
|---|---|---|
| ၃ | ကြိုးနှစ်ယောက်လွှဲနေစဉ် ဝင်ခုန်ရာတွင် စိတ်ရောကိုယ်ပါ တက်ကြွပျော်ရွှင်မှုရှိသည်။ | သူငယ်ချင်းများကို အားပေးပြီး အမြဲတမ်း ပူးပေါင်းပါဝင် ဆောင်ရွက်တတ်သည်။ |
| ၂ | ကြိုးနှစ်ယောက်လွှဲနေစဉ် ဝင်ခုန်ရာတွင် တက်ကြွပျော်ရွှင်မှုရှိသည်။ | သူငယ်ချင်းများကို အားပေးပြီး ပူးပေါင်းပါဝင် ဆောင်ရွက်တတ်သည်။ |
| ၁ | ကြိုးနှစ်ယောက်လွှဲနေစဉ် ဝင်ခုန်ရာတွင် တက်ကြွပျော်ရွှင်မှုရှိရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှုလိုအပ်သည်။ | သူငယ်ချင်းများကို အားပေးပြီး ပူးပေါင်းပါဝင် ဆောင်ရွက်တတ်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ |

## အားပေးတုံ့ပြန်ချက်များ

- ကလေးတို့အားလုံး ကြိုးနှစ်ယောက်လွှဲနေစဉ် ဝင်ခုန်ရာမှာ တက်ကြွပျော်ရွှင်ကြတယ်။
- သူငယ်ချင်းတွေကို အားပေးပြီး ပူးပေါင်းပါဝင်ဆောင်ရွက်ကြတယ်။

| အခန်း (၁၀) | စာသင်ချိန် ၁/၂ |
|---|---|

## သင်ယူမှုဦးတည်ချက်များ

- ပေါင်းစပ်ကစားနည်းတွင် ပါဝင်လုပ်ဆောင်ခြင်းဖြင့် တက်ကြွပျော်ရွှင်မှုရှိရန်။
- သူငယ်ချင်းများ၏ မတူညီချက်များကို လက်ခံတတ်ရန်။

## သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

ခရာ၊ တန်းကျော်၊ ပလတ်စတစ်ကွင်း၊ ဘောလုံး၊ တိုင်များ၊ ရေသန့်ဘူးများ၊ စစ်ဆေးအကဲဖြတ်မှုမှတ်တမ်း။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ခန်းစာနှင့်မိတ်ဆက်ပြီး ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခြင်း။ ( ၂ မိနစ်)
၂။ ကစားမည့်နေရာကို သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် မကစားမီလုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများပြုလုပ်ခြင်း။ ( ၃ မိနစ်)
၃။ ကစားနည်းကို ရှင်းပြခြင်းနှင့် ဆရာနှင့် ကလေးအချို့က သရုပ်ပြခြင်း။ ( ၅ မိနစ်)
၄။ ကလေးများ အုပ်စုလိုက် စုပေါင်းကစားခြင်း။ (၁၀ မိနစ်)
၅။ ဆရာနှင့်ကလေးများ အုပ်စုလိုက် အကောင်းမြင်တုံ့ပြန်ချက်ပေးခြင်းနှင့် ကစားနည်းကို ဆွေးနွေးခြင်း။ (၅ မိနစ်)
၆။ ကလေးများ အုပ်စုလိုက်လေ့ကျင့်ခြင်း။ (၁၀ မိနစ်)
၇။ ကစားပြီးလုပ်ဆောင်ရမည့်လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ ချီးမွမ်းခြင်း၊ အားပေးခြင်းနှင့် သင်ခန်းစာကို နိဂုံးချုပ်ခြင်း။ (၅ မိနစ်)

## စစ်ဆေးအကဲဖြတ်ရန်လမ်းညွှန်ချက်များ

| နယ်ပယ် / အဆင့် | ပေါင်းစပ်ကစားနည်းတွင် ပါဝင်လုပ်ဆောင်ခြင်းဖြင့် တက်ကြွပျော်ရွှင်မှုရှိခြင်း (ခံစားမှုဆိုင်ရာ အကျိုးသက် ရောက်မှုနယ်ပယ်) | သူငယ်ချင်းများ၏ မတူညီချက်များကို လက်ခံတတ်ခြင်း (လူမှုရေးဆိုင်ရာ နယ်ပယ်) |
|---|---|---|
| ၃ | ပေါင်းစပ်ကစားနည်းတွင် ပါဝင်လုပ်ဆောင်ခြင်းဖြင့် အမြဲတမ်း တက်ကြွပျော်ရွှင်မှုရှိသည်။ | သူငယ်ချင်းများ၏ မတူညီချက်များကို အမြဲတမ်း လက်ခံတတ်သည်။ |
| ၂ | ပေါင်းစပ်ကစားနည်းတွင် ပါဝင်လုပ်ဆောင်ခြင်းဖြင့် တက်ကြွပျော်ရွှင်မှုရှိသည်။ | သူငယ်ချင်းများ၏ မတူညီချက်များကို လက်ခံတတ်သည်။ |
| ၁ | ပေါင်းစပ်ကစားနည်းတွင် ပါဝင်လုပ်ဆောင်ခြင်းဖြင့် တက်ကြွပျော်ရွှင်မှုရှိရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ | သူငယ်ချင်းများ၏ မတူညီချက်များကို လက်ခံတတ်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ |

## အားပေးတုံ့ပြန်ချက်များ

- ကလေးတို့အားလုံး သူငယ်ချင်းတွေနဲ့ တက်ကြွပျော်ရွှင်စွာ ကစားခဲ့ကြတယ်။
- သူငယ်ချင်းတွေရဲ့ မတူညီချက်တွေကို လက်ခံနိုင်ခဲ့ကြတယ်။




## ရုပ်ပုံများနှင့်ပတ်သက်သောရှင်းလင်းချက်များ

၁ ကလေးများအား အုပ်စုလိုက် သတ်မှတ်နေရာများတွင် တန်းစီနေရာယူရမည်။ ခရာသံကြားလျှင် စတင်ပြေးကာ တန်းများကို ခုန်ကျော်ရမည်။ တိုင်များကို ကွေ့ပြေးရမည်။ ဘောလုံးကိုတွေ့လျှင် ပလတ်စတစ် ကွင်းကို ကျော်ပစ်၍ ကွင်းအတွင်းမှဖြတ်ကာ ဘောလုံးကို သတ်မှတ်နေရာ မရောက်ခင် လိုက်ကောက်ရမည်။ ပြီးလျှင် ဘောလုံးကို မူလနေရာသို့ပြန်ထား၍ တန်းစီထားသော နေရာသို့ ရောက်အောင် ပြန်ပြေးလာကာ လက်ဝါးချင်းရိုက်ပြီး နောက်တွင်ထိုင်လျက် နေရာယူရမည်။

၂ ကလေးများအတွက် ခက်ခဲသောလေ့ကျင့်ခန်းများကို ဆရာက မေးမြန်းပြီး အကောင်းမြင်တုံ့ပြန်ချက်များပေးရမည်။

၃ ကလေးများအတွက် ခက်ခဲသောလေ့ကျင့်ခန်းကို ကျွမ်းကျင်လာသည်အထိ လေ့ကျင့်နိုင်ရန် ဆရာက ကူညီပေးရမည်။

## သတိပြုရမည့်အချက်များ

၁။ သင်ကြားသင်ယူမှုလုပ်ငန်းစဉ် ၆ ကို သင်ကြားရာတွင် ဆရာက ကလေးများကို အုပ်စု ၃ စုခွဲရမည်။
၂။ လေ့ကျင့်ခန်း ၃ မျိုးကို နေရာသုံးမျိုးတွင် တစ်ပြိုင်နက် လေ့ကျင့်နိုင်ရန် စီစဉ်ပေးရမည်။ ပြီးလျှင် လေ့ကျင့်ခန်းများကို ပြောင်းလဲလေ့ကျင့်ရမည်။

အခန်း(၁၀) ပေါင်းစပ်ကစားနည်း




**ကစားနည်းစည်းမျဉ်းများ**

၁။ ကလေးဦးရေပေါ်မူတည်ပြီး အုပ်စုဖွဲ့ရမည်။ (ဥပမာ- ၄ဦး မှ ၇ဦးအထိ)
၂။ အုပ်စုလိုက်သတ်မှတ်နေရာများတွင် နေရာယူရမည်။
၃။ ခရာသံကြားလျှင် ရှေ့ဆုံးလူက စပြေးကာ တန်းများကိုတွေ့လျှင် ခုန်ကျော်ရမည်။ တိုင်များကိုတွေ့လျှင် ကွေ့ပြေးရမည်။ ဘောလုံးနှင့် ကွင်းကိုတွေ့လျှင် ဘောလုံးကို ကွင်းပေါ်ကကျော်ပစ်ကာ ကွင်းအတွင်းမှ ဖြတ်၍ ပြန်ကောက်ပြီး သတ်မှတ်နေရာသို့ ပြန်ထားရမည်။ ပြီးလျှင် ရှေ့သတ်မှတ်စည်းသို့ပြန်ပြေးကာ လက်ဝါးချင်းရိုက်ရမည်။
၄။ လက်ဝါးချင်းရိုက်ပြီးမှသာ နောက်လူကဆက်ပြေးရမည်။
၅။ ဤနည်းအတိုင်း ကျန်ကလေးများက ဆက်လက်လုပ်ဆောင်ရမည်။

**မေးခွန်း**

| | | | | |
|---|---|---|---|---|
| ၁ | ပေါင်းစပ်ကစားနည်းရဲ့ လှုပ်ရှားမှုတွေကို ပါဝင်လုပ်ဆောင်ရာမှာပျော်ရွှင်မှုရှိခဲ့သလား။ | | | |
| ၂ | လှုပ်ရှားမှု ၃ မျိုးစလုံးကို မှန်မှန်ကန်ကန် လုပ်ဆောင်နိုင်ခဲ့ကြသလား။ | | | |
| ၃ | ကစားနည်းစည်းမျဉ်းတွေကို ရှင်းလင်းစွာ ရှင်းပြနိုင်မလား။ | | | |
| ၄ | ကစားနည်းစည်းမျဉ်းတွေအတိုင်း လိုက်နာကစားခဲ့ကြသလား။ | | | |

၃၅

## ရုပ်ပုံများနှင့်ပတ်သက်သောရှင်းလင်းချက်များ

၄ ဆရာက ကလေးများအား ကစားနည်းစည်းမျဉ်းများကို ရှင်းပြရမည်။

၅ ကလေးများ အုပ်စုလိုက် ကစားနည်းစည်းမျဉ်းများကို ဆွေးနွေးရမည်။

၆ အုပ်စုလိုက် ကစားနည်းစည်းမျဉ်းများအတိုင်း စုပေါင်းကစားရမည်။

## သတိပြုရမည့်အချက်များ

ကလေးများအား မေးခွန်းများမေးမြန်းရာတွင် တန်းကျော်ခုန်ခြင်း၏ အောက်ပါနည်းစနစ်များကိုပါ ဆရာက ထည့်သွင်းမေးမြန်းပေးရမည်။

၁။ ဘယ် ခြေ ညာလက်လွှဲကာ ပြေးရမည်။
၂။ တန်းနှစ်ခုကြားတွင် ခြေလှမ်း သုံးလှမ်းပြေးရမည်။
၃။ သန်သည့်ခြေကို ထောက်ခြေထားကာ ခုန်ရမည်။
၄။ တန်းကျော်ခုန်ရာတွင် နောက်ခြေကို တန်းနှင့် မထိစေရန် ဂရုပြုရမည်။
၅။ မြေပြင်ပေါ်သို့ ခြေအကျတွင် ခန္ဓာကိုယ်ကို ရှေ့သို့ အလိုက်သင့်ကိုင်းကာ ဒူးအနည်းငယ်ကွေးရမည်။

## အခန်း (၁၀) စာသင်ချိန် ၂/၂

## သင်ယူမှုဦးတည်ချက်များ

- တန်းကျော်ခုန်ခြင်း၊ ပြေးခြင်းနှင့် ဘောလုံးပစ်ခြင်းတို့ကို လုပ်ဆောင်တတ်ရန်။
- ပေါင်းစပ်ကစားနည်း၏ ကစားနည်းစည်းမျဉ်းများကို ရှင်းပြတတ်ရန်။

## သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

ခရာ၊ တန်းကျော်၊ ပလတ်စတစ်ကွင်း၊ ဘောလုံး၊ တိုင်များ၊ ရေသန့်ဘူးများ၊ စစ်ဆေးအကဲဖြတ်မှုမှတ်တမ်း။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ခန်းစာနှင့်မိတ်ဆက်ပြီး ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခြင်း။ (၂မိနစ်)
၂။ ကစားမည့်နေရာကို သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် မကစားမီလုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများပြုလုပ်ခြင်း။ ( ၃ မိနစ်)
၃။ ကစားနည်းစည်းမျဉ်းများကို ရှင်းပြခြင်း။ ( ၅ မိနစ်)
၄။ ဆရာနှင့်ကလေးများ တန်းကျော်ခုန်ခြင်း၏ နည်းစနစ်များကို ပြန်လည်ဆွေးနွေးခြင်း။ (၅ မိနစ်)
၅။ အုပ်စုလိုက် ကစားနည်းစည်းမျဉ်းအတိုင်း သရုပ်ပြခြင်း။ (၁၅ မိနစ်)
၆။ ကလေးများ အုပ်စုလိုက် အကောင်းမြင်တုံ့ပြန်ချက်များပေးခြင်း။ (၅မိနစ်)
၇။ ကစားပြီးလုပ်ဆောင်ရမည့်လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ ချီးမွမ်းခြင်း၊ အားပေးခြင်းနှင့် ကျောင်းသုံးစာအုပ်ပါ မေးခွန်းများကိုဖြေဆိုခြင်း။ (၅ မိနစ်)

## စစ်ဆေးအကဲဖြတ်ရန်လမ်းညွှန်ချက်များ

| နယ်ပယ် / အဆင့် | လှုပ်ရှားမှုများကို မှန်ကန်စွာ လုပ်ဆောင်တတ်ခြင်း (လှုပ်ရှားမှုဆိုင်ရာ ကျွမ်းကျင်မှု နယ်ပယ်) | ပေါင်းစပ်ကစားနည်း၏ စည်းမျဉ်းများ ကိုရှင်းပြတတ်ခြင်း (သိမှုဆိုင်ရာ နားလည်အသုံးချမှု နယ်ပယ်) |
|---|---|---|
| ၃ | တန်းကျော်ခုန်ခြင်း၊ ပြေးခြင်းနှင့် ဘောလုံးပစ်ခြင်းတို့ကို ကျွမ်းကျင်စွာ လုပ်ဆောင်တတ်သည်။ | ပေါင်းစပ်ကစားနည်း၏ ကစားနည်းစည်းမျဉ်းများကို ရှင်းလင်းစွာ ရှင်းပြတတ်သည်။ |
| ၂ | တန်းကျော်ခုန်ခြင်း၊ ပြေးခြင်းနှင့် ဘောလုံးပစ်ခြင်းတို့ကို လုပ်ဆောင်တတ်သည်။ | ကစားနည်းစည်းမျဉ်းများကို ရှင်းပြတတ်သည်။ |
| ၁ | တန်းကျော်ခုန်ခြင်း၊ ပြေးခြင်းနှင့် ဘောလုံးပစ်ခြင်းတို့ကို လုပ်ဆောင်တတ်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ | ကစားနည်းစည်းမျဉ်းများကို ရှင်းလင်းစွာ ရှင်းပြတတ်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ |

## အားပေးတုံ့ပြန်ချက်များ

- ကလေးတို့အားလုံး တန်းကျော်ခုန်တာ ပြေးတာနဲ့ ဘောလုံးပစ်တာတို့ကို လုပ်နိုင်ခဲ့ကြတယ်။
- ကစားနည်းစည်းမျဉ်းတွေကို ရှင်းပြနိုင်ကြတယ်။

## အခန်း (၁၁) | စာသင်ချိန် ၁/၂

### သင်ယူမှုဦးတည်ချက်များ

- နောက်ဆုံးကျန်လျှင်သင်ဘုရင် ကစားနည်းတွင် တက်ကြွပျော်ရွှင်မှုရှိရန်။
- အခြားသူများတုတ်ကို မိအောင်ဖမ်းနိုင်ရန် ပူးပေါင်းဆောင်ရွက်တတ်ရန်။

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

ခရာ၊ ပလတ်စတစ်ပိုက်များ၊ စစ်ဆေးအကဲဖြတ်မှုမှတ်တမ်း။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ခန်းစာနှင့်မိတ်ဆက်ပြီး ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားခြင်း။ ( ၂ မိနစ်)

၂။ ကစားမည့်နေရာကို သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် မကစားမီလုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများပြုလုပ်ခြင်း။ ( ၃ မိနစ်)

၃။ ကစားနည်းကို ရှင်းပြပြီး ဆရာနှင့် ကလေးအချို့က သရုပ်ပြခြင်း။ ( ၄ မိနစ်)

၄။ ကလေးများ အုပ်စုလိုက် စုပေါင်းကစားခြင်း။ (၁၀ မိနစ်)

၅။ ဆရာနှင့်ကလေးများ အုပ်စုလိုက် အကောင်းမြင်တုံ့ပြန်ချက်ပေးခြင်းနှင့် ကစားနည်းကို ဆွေးနွေးခြင်း။ (၃ မိနစ်)

၆။ ကလေးများ အုပ်စုလိုက်လေ့ကျင့်ခြင်း။ (၁၅ မိနစ်)

၇။ ကစားပြီးလုပ်ဆောင်ရမည့်လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ ချီးမွမ်းခြင်း၊ အားပေးခြင်းနှင့် သင်ခန်းစာကို နိဂုံးချုပ်ခြင်း။ (၃ မိနစ်)

### စစ်ဆေးအကဲဖြတ်ရန်လမ်းညွှန်ချက်များ

| နယ်ပယ် / အဆင့် | ကစားနည်းတွင် တက်ကြွပျော်ရွှင်မှုရှိခြင်း (ခံစားမှုဆိုင်ရာ အကျိုးသက်ရောက်မှုနယ်ပယ်) | ပူးပေါင်းဆောင်ရွက်တတ်ခြင်း (လူမှုရေးဆိုင်ရာ နယ်ပယ်) |
|---|---|---|
| ၃ | နောက်ဆုံးကျန်လျှင်သင်ဘုရင် ကစားနည်းတွင် စိတ်ရောကိုယ်ပါ တက်ကြွပျော်ရွှင်မှုရှိသည်။ | အခြားသူများတုတ်ကိုမိအောင် ဖမ်းနိုင်ရန် အမြဲတမ်း ပူးပေါင်းဆောင်ရွက်သည်။ |
| ၂ | နောက်ဆုံးကျန်လျှင်သင်ဘုရင် ကစားနည်းတွင် တက်ကြွပျော်ရွှင်မှုရှိသည်။ | အခြားသူများတုတ်ကိုမိအောင် ဖမ်းနိုင်ရန် ပူးပေါင်းဆောင်ရွက်သည်။ |
| ၁ | နောက်ဆုံးကျန်လျှင်သင်ဘုရင် ကစားနည်းတွင် တက်ကြွပျော်ရွှင်မှုရှိရန်ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ | အခြားသူများတုတ်ကို ဖမ်းမိနိုင်အောင် ပူးပေါင်းဆောင်ရွက်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ |

### အားပေးတုံ့ပြန်ချက်များ

- ကလေးတို့ အားလုံး သူငယ်ချင်းတွေနဲ့ ကစားရာမှာ တက်ကြွပျော်ရွှင်မှုရှိကြတယ်။
- အခြားသူတွေ တုတ်ကိုမိအောင်ဖမ်းနိုင်ဖို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြတယ်။




### ရုပ်ပုံများနှင့်ပတ်သက်သောရှင်းလင်းချက်များ

**၁** ကလေးများ အုပ်စုလိုက် ပခုံးထိအနေအထားဖြင့် လက်တစ်ဆန့် နေရာယူကာ စက်ဝိုင်းပုံနေရာ ယူစေရမည်။ ကလေးများ အုပ်စုလိုက် သရုပ်ပြနိုင်ရန် ဆရာက ရှင်းပြပြီး သရုပ်ပြစေရမည်။ ကျန်ကလေးများက ကြည့်ရှုလေ့လာရမည်။

**၂** ကလေးများ အုပ်စုလိုက်လေ့ကျင့်ရမည်။ သင်ထောက်ကူ ရရှိသည့်အနေအထားအပေါ် မူတည်ပြီး ကလေးများကို တစ်အုပ်စုလျှင် ၆ ယောက်မှ ၁၀ ယောက်အထိ လေ့ကျင့်နိုင်သည်။ ၆ အုပ်စုရှိလျှင် ၃ အုပ်စု လေ့ကျင့်နေချိန်တွင် ကျန် ၃ အုပ်စုမှ ကလေးများက အားပေးပြီး အကြံဉာဏ်များပေးရမည်။

### သတိပြုရမည့်အချက်များ

ကလေးများ လှုပ်ရှားရန် ဆရာက ဘယ် နှင့် ညာ ကျပန်း အော်ပေးရမည်။ ဤသင်ခန်းစာတွင် ကလေးများသည် ဆရာ၏အသံကို အာရုံစူးစိုက်ရန် လိုအပ်သဖြင့် အားပေးသူများက အသံအကျယ်ကြီးဖြင့် အားမပေးရန် ကြိုတင်ပြောကြားထားရမည်။

အခန်း(၁၁) နောက်ဆုံးကျန်လျှင်သင်ဘုရင်ကစားနည်း




**ကစားနည်းစည်းမျဉ်းများ**

၁။ ကလေးဦးရေပေါ်မူတည်ပြီး အုပ်စုဖွဲ့ရမည်။ (ဥပမာ- ၆ဦး မှ ၁၀ဦးအထိ)
၂။ အုပ်စုလိုက်သတ်မှတ်နေရာများတွင် နေရာယူရမည်။
၃။ ဆရာက **ဘယ်** ဟုပြောလျှင် ကလေးများက ဘယ်ဘက်လူဆီမှ တုတ်ကို မြေပေါ်မကျခင်လွှဲယူရမည်။ **ညာ** ဟုပြောလျှင် ကလေးများက ညာဘက်လူဆီမှ တုတ်ကို မြေပေါ်မကျခင် လွှဲယူရမည်။ တုတ်လွတ်ကျသောကလေးက ထွက်သွားရမည်။ တစ်ဖွဲ့တွင် ၂ ယောက်ကျန်လျှင် ၂ ယောက်ကို ရွေးထားရမည်။ တစ်ဖွဲ့နှစ်ယောက် ၄ ဖွဲ့ရှိလျှင် ၈ယောက် ပြန်ကစားရမည်။
၄။ ဆရာက **ဘယ်** နှင့် **ညာ**ကို ကျပန်းခေါ်ပေးရမည်။
၅။ နောက်ဆုံးကျန်သောကလေးက အနိုင်ရမည်။

**မေးခွန်း**

| | | | | |
|---|---|---|---|---|
| ၁ | နောက်ဆုံးကျန်ရင်သင်ဘုရင်ကစားနည်းမှာ ပါဝင်လုပ်ဆောင်ရတာပျော်ရွှင်မှုရှိခဲ့သလား။ | | | |
| ၂ | တုတ်ကို ၅ ကြိမ်ဆက်တိုက် မကျအောင် လုပ်နိုင်ခဲ့ကြသလား။ | | | |
| ၃ | ကစားနည်းစည်းမျဉ်းတွေကို ရှင်းလင်းစွာ ရှင်းပြနိုင်မလား။ | | | |
| ၄ | ကစားနည်းစည်းမျဉ်းတွေအတိုင်း သူငယ်ချင်းတွေနဲ့ ညီညီညွတ်ညွတ်ကစားခဲ့ကြသလား။ | | | |

၃၃

## ရုပ်ပုံများနှင့်ပတ်သက်သောရှင်းလင်းချက်များ

၃ ဆရာက ကလေးများအား ကစားနည်းစည်းမျဉ်းများကို ရှင်းပြရမည်။

၄ ကလေးများအုပ်စုလိုက် ကစားနည်းစည်းမျဉ်းများနှင့် တုတ်ကို ကောင်းကောင်းမိအောင်ဖမ်းနိုင်ရန် တုတ်ကို အရင်လွှတ်ရမလား၊ အရင်ပြောင်းကိုင်ရမလား ဆွေးနွေးရမည်။

၅ အုပ်စုလိုက် ကစားနည်းစည်းမျဉ်းများအတိုင်း စုပေါင်းကစားရမည်။

## သတိပြုရမည့်အချက်များ

သင်ကြားသင်ယူမှုလုပ်ငန်းစဉ် (၄)၏ ကစားနည်းသည် ကလေးများ တုတ်လွတ်ကျသွားလျှင် ထွက်မသွားစေဘဲ ဆက်ကစားခိုင်းရမည်။ ဆရာက ဘယ် နှင့် ညာကို ၁၀ ကြိမ် ကျပန်း ခေါ်ရမည်။ သတ်မှတ် ၁၀ ကြိမ်အတွင်း အုပ်စုလိုက် မည်သူမျှ တုတ်ပြုတ်မကျသည့် အကြိမ်ရေအများဆုံး လုပ်ဆောင်နိုင်သည့် အဖွဲ့က အနိုင်ရမည်။

တုတ်ကိုင်ခြင်းနှင့် တုတ်လွှတ်ခြင်းဆိုသည်မှာ တုတ်ကို ကောင်းကောင်းမိအောင်ဖမ်းနိုင်ရန် တုတ်ကို အရင်လွှတ်ခြင်း သို့မဟုတ် အခြားသူ လွှတ်လိုက်သော တုတ်ကို အရင်ပြောင်းကိုင်ခြင်းကို ဆိုလိုသည်။

# အခန်း (၁၁) စာသင်ချိန် ၂/၂

## သင်ယူမှုဦးတည်ချက်များ

- တုတ်များကို လွှဲပြောင်းရာတွင် မကျအောင်ဖမ်းနိုင်ရန်။
- နောက်ဆုံးကျန်လျှင်သင်ဘုရင်ကစားနည်း၏ ကစားနည်းစည်းမျဉ်းများကို ရှင်းပြတတ်ရန်။

## သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

ခရာ၊ ပလတ်စတစ်ပိုက်များ၊ စစ်ဆေးအကဲဖြတ်မှုမှတ်တမ်း။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ခန်းစာကိုမိတ်ဆက်ပြီး ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားခြင်း။ (၂မိနစ်)
၂။ ကစားမည့်နေရာကို သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် မကစားမီလုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများပြုလုပ်ခြင်း။ ( ၃ မိနစ်)
၃။ ကစားနည်းစည်းမျဉ်းများကို ရှင်းပြခြင်း။ ( ၃ မိနစ်)
၄။ ကလေးများ အုပ်စုလိုက် တုတ်လွှတ်မကျအောင် မည်သို့ပြုလုပ်ရမည်ကို ဆွေးနွေးပြီး အုပ်စုလိုက်ကစားခြင်း။ (၁၃ မိနစ်)
၅။ အုပ်စုလိုက် ကစားနည်းစည်းမျဉ်းအတိုင်း စုပေါင်းကစားခြင်း။ (၁၅ မိနစ်)
၆။ ကစားပြီးလုပ်ဆောင်ရမည့်လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ ချီးမွမ်းခြင်း၊ အားပေးခြင်းနှင့် ကျောင်းသုံးစာအုပ်ပါ မေးခွန်းများဖြေဆိုခြင်း။ (၄မိနစ်)

## စစ်ဆေးအကဲဖြတ်ရန်လမ်းညွှန်ချက်များ

| နယ်ပယ် / အဆင့် | တုတ်များ အောက်မကျအောင် ဖမ်းနိုင်ခြင်း (လှုပ်ရှားမှုဆိုင်ရာ ကျွမ်းကျင်မှုနယ်ပယ်) | ကစားနည်းစည်းမျဉ်းများကို ရှင်းပြတတ်ခြင်း (သိမှုဆိုင်ရာ နားလည်အသုံးချမှုနယ်ပယ်) |
|---|---|---|
| ၃ | တုတ်များ အောက်မကျအောင် ၅ ကြိမ် အထက်ဖမ်းနိုင်သည်။ | ကစားနည်းစည်းမျဉ်းများကို ရှင်းလင်းစွာ ရှင်းပြနိုင်သည်။ |
| ၂ | တုတ်များ အောက်မကျအောင် ၃ ကြိမ်မှ ၅ ကြိမ်အထိ ဖမ်းနိုင်သည်။ | ကစားနည်းစည်းမျဉ်းများကို ရှင်းပြတတ်သည်။ |
| ၁ | တုတ်များ အောက်မကျအောင် ၅ ကြိမ်အထိဖမ်းနိုင်ရန်ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ | ကစားနည်းစည်းမျဉ်းများကို ရှင်းလင်းစွာ ရှင်းပြတတ်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ |

## အားပေးတုံ့ပြန်ချက်များ

- ကလေးတို့အားလုံး တုတ်တွေကို လွှဲပြောင်းရာမှာ မကျအောင် ဖမ်းနိုင်ကြတယ်။
- နောက်ဆုံးကျန်လျှင်သင်ဘုရင်ကစားနည်းရဲ့ ကစားနည်းစည်းမျဉ်းတွေကို ရှင်းပြနိုင်ကြတယ်။

DBE BOX

## အခန်း (၁၂) | စာသင်ချိန် ၁/၂

### သင်ယူမှုဦးတည်ချက်များ

- နှစ်ယောက်တစ်တွဲ ဘောလုံးသယ်ရာတွင် တက်ကြွပျော်ရွှင်မှုရှိရန်။
- သူငယ်ချင်းများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်တတ်ရန်။

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

ခရာ၊ ဘောလုံး၊ ခြင်းတောင်း၊ ပလတ်စတစ်ပိုက်လုံး၊ စစ်ဆေးအကဲဖြတ်မှုမှတ်တမ်း။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ခန်းစာနှင့်မိတ်ဆက်ပြီး ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားခြင်း။( ၃ မိနစ်)

၂။ ကစားမည့်နေရာကို သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် မကစားမီ လုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများပြုလုပ်ခြင်း။ (၄ မိနစ်)

၃။ ဆရာက ကစားနည်းစည်းမျဉ်းများကို ရှင်းပြပြီး ကလေးအချို့နှင့်သရုပ်ပြခြင်း။ (၅ မိနစ်)

၄။ ကလေးများ အုပ်စုလိုက် လက်တွေ့လုပ်ဆောင်ခြင်း။ (၁၅ မိနစ်)

၅။ ကလေးများ ဘောလုံးသယ်ခြင်းကို မှန်ကန်စွာ လုပ်ဆောင်တတ်ရန် အုပ်စုလိုက် လေ့ကျင့်ခြင်း။ (၁၀ မိနစ်)

၆။ ကစားပြီးလုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ ချီးမွမ်းခြင်း၊ အားပေးခြင်းနှင့် သင်ခန်းစာကို နိဂုံးချုပ်ခြင်း။ ( ၃မိနစ်)

### စစ်ဆေးအကဲဖြတ်ရန်လမ်းညွှန်ချက်များ

| နယ်ပယ် / အဆင့် | ကစားရာတွင် တက်ကြွပျော်ရွှင်မှုရှိခြင်း (ခံစားမှုဆိုင်ရာ အကျိုးသက်ရောက်မှု နယ်ပယ်) | သူငယ်ချင်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်တတ်ခြင်း (လူမှုရေးဆိုင်ရာ နယ်ပယ်) |
|---|---|---|
| ၃ | ကစားရာတွင်စိတ်ရောကိုယ်ပါ တက်ကြွ ပျော်ရွှင်မှုရှိသည်။ | သူငယ်ချင်းများနှင့် အမြဲတမ်း ပူးပေါင်းပါဝင် ဆောင်ရွက်တတ်သည်။ |
| ၂ | ကစားရာတွင် တက်ကြွပျော်ရွှင်မှုရှိသည်။ | သူငယ်ချင်းများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်တတ်သည်။ |
| ၁ | ကစားရာတွင်စိတ်ရောကိုယ်ပါ တက်ကြွ ပျော်ရွှင်မှုရှိရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ | သူငယ်ချင်းများနှင့်ပူးပေါင်းဆောင်ရွက်တတ်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ |

### အားပေးတုံ့ပြန်ချက်များ

- ကလေးတို့အားလုံး နှစ်ယောက်တစ်တွဲ ဘောလုံးသယ်ရာမှာ တက်ကြွပျော်ရွှင်မှုရှိကြတယ်။
- သူငယ်ချင်းတွေနဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြတယ်။




### ရုပ်ပုံများနှင့်ပတ်သက်သောရှင်းလင်းချက်များ

၁ ကစားနည်းစည်းမျဉ်းများကို ဆရာက ရှင်းပြပြီး ကလေးအချို့သရုပ်ပြနိုင်ရန် ဆရာက စီစဉ်ပေးရမည်။

၂ သတ်မှတ်နေရာများတွင် နှစ်ယောက်တစ်တွဲ အတန်းလိုက် နေရာယူရမည်။ ခရာသံကြားလျှင် နောက်ဆုံးအတွဲက ခြင်းထဲမှ ဘောလုံးကို ပိုက်လုံးတန်းပေါ်တင်ကာ မိမိအရှေ့အတွဲကို ဘောလုံးလက်ဆင့်ကမ်းပေးရမည်။ ဤနည်းအတိုင်း ကျန်အတွဲများက ဆက်လက် လုပ်ဆောင်ရမည်။ ရှေ့ဆုံးအတွဲ ထံသို့ရောက်လျှင် ရှေ့ရှိခြင်းထဲသို့ ဘောလုံးကို သွားထည့်ရမည်။

၃ ဘောလုံးကို နှစ်ယောက်တစ်တွဲသယ်ပြီး လက်ဆင့်ကမ်းပေးခြင်းကို အုပ်စုလိုက် လေ့ကျင့်ရမည်။

၄ အတွဲလိုက် ဘောလုံးသယ်ပြီး တန်းပေါ်ကျော်ခြင်းကို အုပ်စုလိုက် လေ့ကျင့်ရမည်။

### သတိပြုရမည့်အချက်များနှင့် ကစားကွင်းအတိုင်းအတာ

၁။ ကစားကွင်းအလျားသည် ပေ ၄၀ ဖြစ်ပြီး ကွင်းအကျယ်သည် ၁၀ ပေရှိရမည်။

၂။ ပထမတွဲနှင့် ခြင်း၏ အကွာအဝေးသည် ၆ ပေဖြစ်သည်။

၃။ အတွဲ တစ်တွဲ နှင့်တစ်တွဲ အကွာအဝေးသည် ၆ ပေဖြစ်သည်။

DRE BOX

အခန်း(၁၂) လူတွဲကစားနည်း




**ကစားနည်းစည်းမျဉ်းများ**

၁။ ကလေးဦးရေပေါ်မူတည်ပြီး အုပ်စုဖွဲ့ရမည်။ (ဥပမာ- ၁၀ ဦးမှ ၁၂ ဦးအထိ)
၂။ ကလေးများကို အတွဲ (၁)၊ အတွဲ (၂)၊ အတွဲ (၃)၊ အတွဲ (၄)၊ အတွဲ (၅) စသည်ဖြင့် နှစ်ယောက်တစ်တွဲ အတွဲငယ်များသတ်မှတ်ပြီး လက်တစ်ကမ်းအကွာတွင် နေရာယူစေမည်။
၃။ နောက်ဆုံး အတွဲ (၅) ထံတွင် ဘောလုံးကိုတင်ထားရမည်။ ခရာသံကြားလျှင် အတွဲ (၅)က ဘောလုံးကို ဟန်ချက်ညီညီသယ်ဆောင်ရမည်။
၄။ ကျန်အတွဲများက ပိုက်လုံးတန်းများကို ဒူးနားအထိနိမ့်ပေးထားကာ အတွဲ (၅)က ပိုက်လုံးတန်းများကိုကျော်ရမည်။
၅။ ရှေ့ဆုံးသို့ရောက်လျှင် အတွဲ (၁)ထံ ဘောလုံးကမ်းပေးပြီး လက်တစ်ကမ်းအကွာတွင် နေရာယူရမည်။ အတွဲ (၁) မှ အတွဲ (၂)၊ အတွဲ (၂) မှ အတွဲ (၃)၊ အတွဲ (၃) မှ အတွဲ (၄) အထိ အဆင့်ဆင့် ကမ်းပေးရမည်။
၆။ အတွဲ (၄) ထံသို့ ဘောလုံးရောက်လျှင် အတွဲ (၅) လုပ်ဆောင်သည့်အတိုင်း လုပ်ဆောင်ရမည်။ ဤနည်းအတိုင်း ကျန်ကလေးများက ဆက်လက်ကစားရမည်။

**မေးခွန်း**

| | | | | |
|---|---|---|---|---|
| ၁ | လူတွဲကစားနည်းကိုတက်တက်ကြွကြွပျော်ပျော်ရွှင်ရွှင် ကစားခဲ့ကြသလား။ | | | |
| ၂ | နှစ်ယောက်တစ်တွဲညှိယူပြီး လက်ဆင့်ကမ်းပေးနိုင်ခဲ့ကြသလား။ | | | |
| ၃ | အုပ်စုတွင်း ကစားနည်းစည်းမျဉ်းတွေကို ရှင်းပြခဲ့ကြသလား။ | | | |
| ၄ | သူငယ်ချင်းတွေနဲ့ ကစားနည်းစည်းမျဉ်းတွေကို လိုက်နာပြီး အသင်းအောင်နိုင်ရေးအတွက် ပူးပေါင်းလုပ်ဆောင်ခဲ့ကြသလား။ | | | |

၃၉

## အခန်း (၁၂) စာသင်ချိန် ၂/၂

### သင်ယူမှုဦးတည်ချက်များ

- ဘောလုံးကိုသယ်ရာတွင် နှစ်ယောက်တစ်တွဲ ညှိယူသယ်ဆောင်ပြီး လက်ဆင့်ကမ်းပေးနိုင်ရန်။
- လူတွဲကစားနည်း၏ ကစားနည်းစည်းမျဉ်းများကို အုပ်စုအတွင်း ရှင်းပြတတ်ရန်။

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

ခရာ၊ ဘောလုံး၊ ခြင်းတောင်း၊ ပလတ်စတစ်ပိုက်လုံး၊ စစ်ဆေးအကဲဖြတ်မှုမှတ်တမ်း။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ခန်းစာနှင့်မိတ်ဆက်ပြီး ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားခြင်း။ (၃ မိနစ်)
၂။ ကစားမည့်နေရာကို သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် မကစားမီ လုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများပြုလုပ်ခြင်း။ (၄ မိနစ်)
၃။ ဆရာက မေးခွန်းများမေးမြန်းပြီး ကလေးများ ကစားနည်းကို နားလည်သဘောပေါက်မှု ရှိ မရှိ ဆွေးနွေးခြင်း။ (၅ မိနစ်)
၄။ ဆရာက ကစားနည်းစည်းမျဉ်းများကို ရှင်းပြခြင်း။ (၅ မိနစ်)
၅။ ကစားနည်းစည်းမျဉ်းများအတိုင်း အုပ်စုလိုက် စုပေါင်းကစားခြင်း။ (၂၀ မိနစ် )
၆။ ကစားပြီးလုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ ချီးမွမ်းခြင်း၊ အားပေးခြင်းနှင့် ကျောင်းသုံးစာအုပ်ပါ မေးခွန်းများ ဖြေဆိုခြင်း။ (၃ မိနစ်)

### ရုပ်ပုံများနှင့်ပတ်သက်သောရှင်းလင်းချက်များ

၅ ဆရာက ကစားနည်းစည်းမျဉ်းများကို ရှင်းပြရမည်။
၆ ကလေးများ ကစားနည်းကို နားလည်သဘောပေါက်မှု ရှိ မရှိ ကို ဆရာက မေးခွန်းများ မေးမြန်းရမည်။
၇ ကစားနည်းစည်းမျဉ်းများအတိုင်း အုပ်စုလိုက် စုပေါင်းကစားရမည်။

### စစ်ဆေးအကဲဖြတ်ရန်လမ်းညွှန်ချက်များ

| နယ်ပယ် / အဆင့် | နှစ်ယောက်တစ်တွဲ ညှိယူသယ်ဆောင်ပြီး လက်ဆင့်ကမ်းပေးနိုင်ခြင်း(လှုပ်ရှားမှုဆိုင်ရာ ကျွမ်းကျင်မှုနယ်ပယ်) | ကစားနည်းစည်းမျဉ်းများကို ရှင်းပြတတ်ခြင်း (သိမှုဆိုင်ရာ နားလည် အသုံးချမှုနယ်ပယ်) |
|---|---|---|
| ၃ | ဘောလုံးကို နှစ်ယောက်တစ်တွဲ လျင်မြန်စွာ ညှိယူသယ်ဆောင်ပြီး လက်ဆင့်ကမ်းပေးနိုင်သည်။ | ကစားနည်းစည်းမျဉ်းများကို ရှင်းလင်းစွာ ရှင်းပြနိုင်သည်။ |
| ၂ | ဘောလုံးကို နှစ်ယောက်တစ်တွဲ ညှိယူသယ်ဆောင်ပြီး လက်ဆင့်ကမ်းပေးနိုင်သည်။ | ကစားနည်းစည်းမျဉ်းများကို ရှင်းပြနိုင်သည်။ |
| ၁ | ဘောလုံးကို နှစ်ယောက်တစ်တွဲ ညှိယူသယ်ဆောင်ပြီး လက်ဆင့်ကမ်းပေးနိုင်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ | ကစားနည်းစည်းမျဉ်းများကို ရှင်းလင်းစွာ ရှင်းပြနိုင်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ |

### သတိပြုရမည့်အချက်များနှင့် ကစားကွင်းအတိုင်းအတာ

၁။ ပိုက်လုံးကို ဒူးနားအထိနိမ့်ရန်သာဖြစ်ပြီး မြေကြီးပေါ် မချရ။
၂။ ကစားကွင်းအလျားသည် ပေ ၄၀ ဖြစ်ပြီး ကွင်းအကျယ်သည် ၁၀ ပေရှိရမည်။
၃။ နေရာယူရာတွင် တစ်တွဲနှင့်တစ်တွဲ လက်တစ်ဆန့်အကွာ နေရာယူရမည်။

### အားပေးတုံ့ပြန်ချက်များ

- ကလေးတို့အားလုံး ဘောလုံးသယ်ရာမှာ နှစ်ယောက်တစ်တွဲ ညှိယူသယ်ဆောင်ပြီး လက်ဆင့်ကမ်းပေးနိုင်ကြတယ်။
- ကစားနည်းစည်းမျဉ်းတွေကိုလည်း ရှင်းပြနိုင်ကြတယ်။




DBE BOX

# အခန်း (၁၃) | စာသင်ချိန် ၁/၂

## သင်ယူမှုဦးတည်ချက်များ

- နေရာလပ်ဝင်ကစားနည်း ကစားရာတွင် တက်ကြွပျော်ရွှင်မှုရှိရန်။
- မြွေလိမ်မြွေကောက်ပြေးရာတွင် ခန္ဓာကိုယ်ဟန်ချက်ကိုထိန်းပြီး ပြေးနိုင်ရန်။

## သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

ခရာ၊ စစ်ဆေးအကဲဖြတ်မှုမှတ်တမ်း။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ခန်းစာနှင့် မိတ်ဆက်ပြီး ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခြင်း။ ( ၂ မိနစ်)

၂။ ကစားမည့်နေရာကို သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် မကစားမီလုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများပြုလုပ်ခြင်း။ ( ၃ မိနစ်)

၃။ ဆရာက ကစားနည်းစည်းမျဉ်းများကို ရှင်းပြခြင်း။ (၅ မိနစ်)

၄။ အုပ်စုတစ်စုကို စက်ဝိုင်းပုံသဏ္ဌာန်မတ်တတ်ရပ်လျက် နေရာယူစေပြီး ဆရာက ကစားနည်းစည်းမျဉ်းများအတိုင်း သရုပ်ပြခြင်း။ (၅ မိနစ်)

၅။ ကလေးများကလက်တွေ့လုပ်ဆောင်ခြင်း။ (၂၀ မိနစ် )

၆။ ကစားပြီးလုပ်ဆောင်ရမည့်လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ ချီးမွမ်းခြင်း၊ အားပေးခြင်းနှင့် သင်ခန်းစာကိုနိဂုံးချုပ်ခြင်း။ (၅ မိနစ်)

## စစ်ဆေးအကဲဖြတ်ရန်လမ်းညွှန်ချက်များ

| အဆင့် \ နယ်ပယ် | တက်ကြွပျော်ရွှင်မှုရှိခြင်း (ခံစားမှုဆိုင်ရာ အကျိုးသက်ရောက်မှုနယ်ပယ်) | ခန္ဓာကိုယ်ဟန်ချက်ထိန်းပြီး ပြေးနိုင်ခြင်း (လှုပ်ရှားမှုဆိုင်ရာ ကျွမ်းကျင်မှု နယ်ပယ်) |
|---|---|---|
| ၃ | ကစားရာတွင်စိတ်ရောကိုယ်ပါ တက်ကြွပျော်ရွှင်မှုရှိသည်။ | မြွေလိမ်မြွေကောက်ပြေးရာတွင် ခန္ဓာကိုယ်ဟန်ချက်ထိန်းပြီး လျင်မြန်စွာ ပြေးနိုင်သည်။ |
| ၂ | ကစားရာတွင်တက်ကြွ ပျော်ရွှင်မှုရှိသည်။ | မြွေလိမ်မြွေကောက်ပြေးရာတွင် ခန္ဓာကိုယ်ဟန်ချက်ထိန်းပြီး ပြေးနိုင်သည်။ |
| ၁ | ကစားရာတွင်စိတ်ရောကိုယ်ပါ တက်ကြွပျော်ရွှင်မှုရှိရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှုလိုအပ်သည်။ | မြွေလိမ်မြွေကောက်ပြေးရာတွင် ခန္ဓာကိုယ်ဟန်ချက်ထိန်းပြီး ပြေးနိုင်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ |

## အားပေးတုံ့ပြန်ချက်များ

- ကလေးတို့အားလုံး ကစားရာမှာ တက်ကြွပျော်ရွှင်ခဲ့ကြတယ်။
- မြွေလိမ်မြွေကောက်ပြေးရာမှာ ခန္ဓာကိုယ်ဟန်ချက်ထိန်းပြီး ပြေးနိုင်ကြတယ်။




## ရုပ်ပုံများနှင့်ပတ်သက်သောရှင်းလင်းချက်များ

၁ ဆရာက စည်းကမ်းတကျနှင့် အန္တရာယ်ကင်းအောင်မည်သို့ကစားရမည်ကို ကလေးများအား ဆွေးနွေးမေးမြန်းရမည်။

၂ ကလေးအချို့ကို စက်ဝိုင်းပုံ လက်ဘေးဆန့်ပြီး မတ်တတ်ရပ်လျက် နေရာယူကာ နေရာလပ်ဝင်ကစားနည်းကို သရုပ်ပြနိုင်ရန် ဆရာက ကူညီလမ်းညွှန်ပေးရမည်။

၃ ကလေးဦးရေအပေါ် မူတည်ပြီး အုပ်စု ၂ စု သို့မဟုတ် ၃ စု ခွဲကာ နေရာလပ်ဝင်ကစားနည်းကို လေ့ကျင့်ရမည်။ တွေ့ရှိချက်များကို ဆရာက မေးမြန်းပြီး ဆရာ၏ အကြံပြုချက်အတိုင်း ဆက်လက်ကစားရမည်။

## သတိပြုရမည့်အချက်များ

၁။ ကလေးများက မိမိအမည်ခေါ်သံကို အာရုံစိုက်နားထောင်ရမည်။

၂။ ပြေးသူရော ဖမ်းသူပါ မြွေလိမ်မြွေကောက်ပြေးရန် သတိပြုရမည်။

၃။ ပြေးသူ၏ ဆန့်ကျင်ဘက်မှ လိုက်မဖမ်းရ။

၄။ ပြေးသူနှင့်ဖမ်းသူများကို ခြေထိုးမခံရ။

၅။ ပြေးသူနှင့်ဖမ်းသူများသည် ရပ်နေသူများကို တွန်းမပစ်ရ။



DBE BOX

အခန်း(၁၃) နေရာလပ်ဝင်ကစားနည်း




**ကစားနည်းစည်းမျဉ်းများ**

၁။ ကလေးဦးရေပေါ်မူတည်ပြီး အုပ်စုဖွဲ့ရမည်။(ဥပမာ- ၁၁ ဦး မှ ၁၅ ဦးအထိ)
၂။ ကလေး ၁၀ ဦး မှ ၁၄ ဦးအထိ စက်ဝိုင်းပုံ လက်ချင်းတွဲကာ နေရာယူစေ၍ ကျန်တစ်ဦးက အလယ်တွင် ရပ်ပြီး နေရာယူရမည်။
၃။ အလယ်လူမှ အမည်တစ်ခုခေါ်ပါက အမည်အခေါ်ခံရသူက ပြေးပြီး ၎င်း၏လက်ယာဘက်ရှိ ကလေးက လိုက်ဖမ်းရမည်။ ပြေးသူရော ဖမ်းသူပါ မြွေလိမ်မြွေကောက် လက်ယာရစ်ပြေးရမည်။
၄။ အလယ်လူက ဖမ်းသူနေရာကို ယူရမည်။
၅။ ပြေးသူနှင့် ဖမ်းသူ နှစ်ဦးက လွတ်နေသော ကျန်နေရာကို နေရာယူရမည်။
၆။ ဖမ်းသူက ပြေးသူကို သတ်မှတ်နေရာလပ် မရောက်မီ မိအောင်ဖမ်းရမည်။ အဖမ်းခံရပါက စက်ဝိုင်း၏ အလယ်တွင် နေရာယူရမည်။ ဖမ်းသူက လွတ်နေသောနေရာတွင် နေရာယူရမည်။ ဤနည်းအတိုင်း ဆက်ကစားရမည်။

**မေးခွန်း**

| | | | | |
|---|---|---|---|---|
| ၁ | နေရာလပ်ဝင်ကစားနည်းကို တက်ကြွပျော်ရွှင်စွာ ကစားခဲ့ပါသလား။ | | | |
| ၂ | ခန္ဓာကိုယ်ဟန်ချက်ညီညီနဲ့ မြွေလိမ်မြွေကောက်ပြေးနိုင်ခဲ့သလား။ | | | |
| ၃ | မိမိအုပ်စုတွင်း ကစားနည်းစည်းမျဉ်းတွေကို မှန်ကန်စွာရှင်းပြနိုင်သလား။ | | | |
| ၄ | သူငယ်ချင်းတွေနဲ့ မျှမျှတတ ကစားခဲ့ကြသလား။ | | | |

၄၁

## ရုပ်ပုံများနှင့်ပတ်သက်သောရှင်းလင်းချက်များ

၄ ကစားနည်းစည်းမျဉ်းများကို ဆရာက ရှင်းပြရမည်။

၅ ဆရာက မေးခွန်းများ မေးမြန်းပြီး ကလေးများက အုပ်စုလိုက် ကစားနည်းစည်းမျဉ်းများကို ဆွေးနွေးရမည်။

၆ စာသင်ချိန် (၂/၂) တွင် ကလေးများကို စက်ဝိုင်းပုံ လက်ဘေး ဆန့်ကာ ထိုင်လျက် နေရာယူရမည်။ ကစားနည်းစည်းမျဉ်းများအတိုင်း အုပ်စုလိုက် ကစားရမည်။

## သတိပြုရမည့်အချက်များ

၁။ မြွေလိမ်မြွေကောက် ပြေးရာတွင် တစ်ဦးနှင့် တစ်ဦးကြားမှ ညာဝင် ဘယ်ထွက် မှန်ကန်စွာ ပြေးရမည်။
၂။ ထိုင်လျက်နေရာယူရာတွင် ခြေကို ဆန့်ထုတ်ထားခြင်း လက်များကို ဘေးချထားခြင်းမပြုရန် သတိပြုရမည်။
၃။ ပြေးသူနှင့်ဖမ်းသူတို့သည် ထိုင်နေသူများကို လက်ဖြင့် မရိုက်မိစေရန် သတိပြုရမည်။

## အခန်း (၁၃) စာသင်ချိန် ၂/၂

### သင်ယူမှုဦးတည်ချက်များ

- ကစားနည်းစည်းမျဉ်းများကို အခြားသူများအား ရှင်းပြတတ်ရန်။
- ကစားနည်းစည်းမျဉ်းများကို လိုက်နာကစားတတ်ရန်။

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

ခရာ၊ စစ်ဆေးအကဲဖြတ်မှုမှတ်တမ်း။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ခန်းစာနှင့်မိတ်ဆက်ပြီး ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားခြင်း။ (၂မိနစ်)
၂။ ကစားမည့်နေရာကို သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် မကစားမီလုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများပြုလုပ်ခြင်း။ ( ၃ မိနစ်)
၃။ ဆရာက ကစားနည်းစည်းမျဉ်းများကို ရှင်းပြခြင်း။ (၅ မိနစ်)
၄။ အုပ်စုလိုက် ကစားနည်းစည်းမျဉ်းများဆွေးနွေးခြင်းနှင့် အုပ်စုအတွင်း စက်ဝိုင်းအလယ်တွင် နေရာယူမည့်သူကို ရွေးချယ်ခြင်း။ (၅ မိနစ်)
၅။ အုပ်စုလိုက် စက်ဝိုင်းပုံသဏ္ဌာန်ထိုင်လျက် နေရာယူစေပြီး ကစားနည်းစည်းမျဉ်းအတိုင်း ကစားခြင်း။ (၁၅ မိနစ်)
၆။ ကစားပြီးနောက်ကလေးများအား အုပ်စုတွင်း အားပေးတုံ့ပြန်ချက်များ ပေးခြင်းကို ဆရာက ကြည့်ရှုလေ့လာခြင်း။ (၅ မိနစ်)
၇။ ကစားပြီးလုပ်ဆောင်ရမည့်လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ ချီးမွမ်းခြင်း၊ အားပေးခြင်းနှင့် ကျောင်းသုံးစာအုပ်ပါ မေးခွန်းများဖြေဆိုခြင်း။ (၅ မိနစ်)

### စစ်ဆေးအကဲဖြတ်ရန်လမ်းညွှန်ချက်များ

| နယ်ပယ် / အဆင့် | ကစားနည်းစည်းမျဉ်းများကို ရှင်းပြတတ်ခြင်း (သိမှုဆိုင်ရာ နားလည်အသုံးချမှုနယ်ပယ်) | ကစားနည်းစည်းမျဉ်းများအတိုင်း လိုက်နာကစားတတ်ခြင်း (သိမှုဆိုင်ရာ နားလည်အသုံးချမှု နယ်ပယ်) |
|---|---|---|
| ၃ | ကစားနည်းစည်းမျဉ်းများကိုအခြားသူများ နားလည်လွယ်အောင် ရှင်းပြနိုင်သည်။ | ကစားနည်းစည်းမျဉ်းများအတိုင်း အမြဲလိုက်နာကစားနိုင်သည်။ |
| ၂ | ကစားနည်းစည်းမျဉ်းများကို အခြားသူများအား ရှင်းပြနိုင်သည်။ | ကစားနည်းစည်းမျဉ်းများအတိုင်း ကစားနိုင်သည်။ |
| ၁ | ကစားနည်းစည်းမျဉ်းများကိုအခြားသူများအား ရှင်းပြနိုင်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ | ကစားနည်းစည်းမျဉ်းများအတိုင်း လိုက်နာကစားနိုင်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေး ကူညီမှု လိုအပ်သည်။ |

### အားပေးတုံ့ပြန်ချက်များ

- ကလေးတို့အားလုံး ကစားနည်းစည်းမျဉ်းတွေကို ရှင်းပြနိုင်ကြတယ်။
- ကစားနည်းစည်းမျဉ်းတွေကိုလည်း လိုက်နာပြီး ကစားခဲ့ကြတယ်။



DBE BOX

## အခန်း (၁၄) | စာသင်ချိန် ၁/၂

**သင်ယူမှုဦးတည်ချက်များ**

- ကွင်းအတွင်းလျှိုပြေးရာတွင် တက်ကြွပျော်ရွှင်မှုရှိရန်။
- ကွင်းများအတွင်းဖြတ်ကာ ဆက်တိုက်လျှိုပြေးနိုင်ရန်။

**သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ**

ခရာ၊ ပလတ်စတစ်ကွင်း၊ စစ်ဆေးအကဲဖြတ်မှုမှတ်တမ်း။

**သင်ကြားသင်ယူမှုလုပ်ငန်းစဉ်**

၁။ သင်ခန်းစာနှင့် မိတ်ဆက်ပြီး ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားခြင်း။ (၂ မိနစ် )

၂။ ကစားမည့်နေရာကို သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် မကစားမီ လုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများပြုလုပ်ခြင်း။ (၃ မိနစ် )

၃။ ဆရာက ကစားနည်းစည်းမျဉ်းများကို ရှင်းပြပြီး ကလေးအချို့သရုပ်ပြခြင်းနှင့် ဆရာက ကူညီလမ်းညွှန်ခြင်း။ (၁၀ မိနစ်)

၄။ ကလေးများက လက်တွေ့လုပ်ဆောင်ခြင်း။ (၁၀ မိနစ် )

၅။ ကလေးများ ကွင်းအတွင်းမှဖြတ်ကာ လျှိုပြေးခြင်းကို လုပ်ဆောင်တတ်ရန် အုပ်စုလိုက် လေ့ကျင့်ခြင်း။ (၁၀ မိနစ်)

၆။ ကစားပြီးလုပ်ဆောင်ရမည့်လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ ချီးမွမ်းခြင်း၊ အားပေးခြင်းနှင့် သင်ခန်းစာကို နိဂုံးချုပ်ခြင်း။ (၅ မိနစ်)

**စစ်ဆေးအကဲဖြတ်ရန်လမ်းညွှန်ချက်များ**

| နယ်ပယ် / အဆင့် | ကစားရာတွင် တက်ကြွပျော်ရွှင်မှုရှိခြင်း(ခံစားမှုဆိုင်ရာနယ်ပယ်) | ကွင်းများအတွင်းဖြတ်ကာ ဆက်တိုက် လျှိုပြေးနိုင်ခြင်း (လှုပ်ရှားမှုဆိုင်ရာ နယ်ပယ်) |
|---|---|---|
| ၃ | ကစားရာတွင်စိတ်ရောကိုယ်ပါ တက်ကြွ ပျော်ရွှင်မှုရှိသည်။ | ကွင်းများအတွင်း ဖြတ်ကာ ဆက်တိုက် လျင်မြန်စွာလျှိုပြေးနိုင်သည်။ |
| ၂ | ကစားရာတွင် တက်ကြွပျော်ရွှင်မှု ရှိသည်။ | ကွင်းများအတွင်း ဖြတ်ကာ ဆက်တိုက် လျှိုပြေးနိုင်သည်။ |
| ၁ | ကစားရာတွင် တက်ကြွပျော်ရွှင်မှု ရှိရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ | ကွင်းများအတွင်း ဖြတ်ကာ ဆက်တိုက်လျှိုပြေးနိုင်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ |

**အားပေးတုံ့ပြန်ချက်များ**

- ♦ ကလေးတို့အားလုံး ကစားရာမှာ တက်ကြွပျော်ရွှင်ခဲ့ကြတယ်။
- ♦ ကလေးတို့အားလုံး ကွင်းတွေကို ဆက်တိုက်လျှိုပြေးနိုင်ကြတယ်။




**ရုပ်ပုံများနှင့်ပတ်သက်သောရှင်းလင်းချက်များ**

၁ ကစားနည်းစည်းမျဉ်းများကို ဆရာက ရှင်းပြပြီး ကလေးများနှင့် ဆွေးနွေးရမည်။

၂ ဆရာက ကလေး ၅ ဦးကိုခေါ်၍ ပထမဆုံးပြေးမည့် ကလေးက သတ်မှတ်နေရာတွင် နေရာယူပြီး ကျန်ကလေး ၄ ဦးက ကွင်းကိုကိုင်ကာ တစ်ဦးနှင့်တစ်ဦး လက်တစ်ဆန့် အကွာတွင် ထိုင်လျက်နေရာယူရမည်။ ခရာသံကြားလျှင် ကွင်းလျှိုပြေးမည့် ကလေးသည် ကွင်းများအတွင်းမှ လျှိုပြေးကာ နောက်ဆုံးကွင်းကို ဖြတ်ကျော်ပြီးလျှင် လက်တစ်ဆန့်အကွာတွင် ထိုင်လျက်နေရာယူရမည်။ ကျန်ကလေးများက ကွင်းကို လက်ဆင့်ကမ်းပေးရမည်။ ကွင်းလွတ်သွားသော ကလေးက ပထမကလေးအတိုင်း ကွင်းများကို လျှိုပြေးရမည်။

၃ ကလေးများ အထက်ပါ နံပါတ် ၂ အချက်များအတိုင်း အုပ်စုလိုက် ကစားရမည်။

၄ ကလေးများကွင်းများကိုဖြတ်ကာဆက်တိုက်လျှိုပြေးနိုင်ရန် အုပ်စုလိုက်လေ့ကျင့်ရမည်။

**သတိပြုရမည့်အချက်များ**

၁။ ဤကစားနည်းသည် မြေပြင်ပေါ်တွင် ကစားရန် အသင့်လျော်ဆုံးသော ကစားနည်းဖြစ်သည်။

၂။ ကလေးများကို ဒူးထောက် မပြေးရန် သတိပေးရမည်။

DBE

# အခန်း (၁၄)　　စာသင်ချိန် ၂/၂

### သင်ယူမှုဦးတည်ချက်များ

- ကစားနည်းစည်းမျဉ်းများကို အခြားသူများအားရှင်းပြတတ်ရန်။
- အုပ်စုလိုက် ကစားရာတွင် ပူးပေါင်းပါဝင် ဆောင်ရွက်တတ်ရန်။

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

ခရာ၊ ပလတ်စတစ်ကွင်း၊ စစ်ဆေးအကဲဖြတ်မှုမှတ်တမ်း။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ခန်းစာနှင့်မိတ်ဆက်ပြီး ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခြင်း။ (၃ မိနစ်)

၂။ ကစားမည့်နေရာကိုသန့်ရှင်းရေးပြုလုပ်ခြင်းနှင့် မကစားမီလုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများ ပြုလုပ်ခြင်း။ (၃ မိနစ် )

၃။ စာသင်ချိန်(၁/၂) တွင် ကစားခဲ့သည့် လိုဏ်ခေါင်းလျှိုပြေးကစားနည်းကို အခြေခံကာ ပြောင်းလဲကစားလိုသည့် ကစားနည်းစည်းမျဉ်းများကို အုပ်စုတွင်း ဆွေးနွေးခြင်း။ (၅ မိနစ်)

၄။ ကလေးများ၏ အုပ်စုလိုက် ဆွေးနွေးချက်များမှ ကစားနည်းစည်းမျဉ်းများနှင့် ကစားကွင်းအတိုင်းအတာများကို ဆရာနှင့် ဆွေးနွေးပြီး အတည်ပြုသတ်မှတ်ခြင်း။ (၅ မိနစ်)

၅။ အုပ်စုလိုက် ကစားနည်းစည်းမျဉ်းများအတိုင်း စုပေါင်းကစားခြင်းနှင့် ကစားပြီး အားပေးတုံ့ပြန်ချက်များပေးခြင်း။ (၂၀ မိနစ်)

၆။ ကစားပြီးလုပ်ဆောင်ရမည့်လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ ချီးမွမ်းခြင်း၊ အားပေးခြင်းနှင့် ကျောင်းသုံးစာအုပ်ပါ မေးခွန်းများဖြေဆိုခြင်း။ (၄ မိနစ်)

### စစ်ဆေးအကဲဖြတ်ရန်လမ်းညွှန်ချက်များ

| နယ်ပယ် / အဆင့် | ကစားနည်းစည်းမျဉ်းများကို အခြားသူများအားရှင်းပြတတ်ခြင်း (သိမှုဆိုင်ရာ နားလည်အသုံးချမှု နယ်ပယ်) | ကစားရာတွင် ပူးပေါင်းပါဝင် ဆောင်ရွက်တတ်ခြင်း (လူမှုရေးဆိုင်ရာနယ်ပယ်) |
|---|---|---|
| ၃ | ကစားနည်းစည်းမျဉ်းများကိုအခြားသူများ နားလည်လွယ်အောင် ရှင်းပြနိုင်သည်။ | ကစားရာတွင် စိတ်ရောကိုယ်ပါ ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်သည်။ |
| ၂ | ကစားနည်းစည်းမျဉ်းများကို အခြားသူများအားရှင်းပြနိုင်သည်။ | ကစားရာတွင် ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်သည်။ |
| ၁ | ကစားနည်းစည်းမျဉ်းများကိုအခြားသူများအား ရှင်းပြနိုင်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ | ကစားရာတွင် ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ရန် ကျောင်းသားနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ |

### အားပေးတုံ့ပြန်ချက်များ

- ကစားနည်းစည်းမျဉ်းတွေကို အခြားသူတွေအား ရှင်းပြနိုင်ခဲ့ကြတယ်။
- အုပ်စုလိုက်ကစားရာမှာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြတယ်။

အခန်း(၁၄) လိုဏ်ခေါင်းလျှိုပြေးကစားနည်း




**ကစားနည်းစည်းမျဉ်းများ**

၁။ ကလေးဦးရေပေါ် မူတည်ပြီး အုပ်စုဖွဲ့ရမည်။ (ဥပမာ- ၄ ဦးမှ ၆ ဦးအထိ)

၂။ ပထမဆုံးကလေးလက်တွင် ဘောလုံးအသေးကိုင်ကာ သတ်မှတ်နေရာတွင် ရှေ့နောက်တန်းစီနေရာယူရမည်။

၃။ ပထမဆုံးကလေးက ကွင်းအတွင်းလျှိုပြေးကာ သတ်မှတ်နေရာသို့ရောက်လျှင် ကတော့ချွန်ကို ကွေ့ကာ မူလနေရာသို့ပြန်ပြေးလာပြီး မိမိအသင်းသားထံသို့ ဘောလုံးအသေးပေးကာ နောက်တွင်ထိုင်လျက်နေရာယူရမည်။ ဒုတိယလူလက်ထဲ ဘောလုံးရောက်လျှင် ပထမကလေးလုပ်ဆောင်သည့်အတိုင်း ဆက်လက်လုပ်ဆောင်ရမည်။ ဤနည်းအတိုင်း ကျန်ကလေးများက ဆက်လက်ကစားရမည်။

၄။ ကစားနည်းစည်းမျဉ်းအတိုင်း ကစား၍ ပထမဆုံးပြီးသောအဖွဲ့က အနိုင်ရမည်။

**မေးခွန်း**

| | | | | |
|---|---|---|---|---|
| ၁ | လိုဏ်ခေါင်းလျှိုပြေးကစားနည်းကို တက်ကြွပျော်ရွှင်စွာ ကစားခဲ့ပါသလား။ | | | |
| ၂ | ကွင်းတွေကို ဆက်တိုက်လျှိုပြီး ပြေးနိုင်ခဲ့ကြသလား။ | | | |
| ၃ | ကစားနည်းစည်းမျဉ်းတွေကို ပြန်လည်ရှင်းပြနိုင်မလား။ | | | |
| ၄ | ကွင်းကို လက်ဆင့်ကမ်းပေးရာတွင် တစ်ဦးနဲ့တစ်ဦး ပူးပေါင်းဆောင်ရွက်ခဲ့ကြသလား။ | | | |

၄၃

### ရုပ်ပုံများနှင့်ပတ်သက်သောရှင်းလင်းချက်များ

**၅** ကလေးများ စာသင်ချိန်(၁/၂)တွင် ကစားခဲ့သည့် လိုဏ်ခေါင်း လျှိုပြေးကစားနည်းကို ပြန်လည် ဆွေးနွေးခြင်းနှင့် ပြောင်းလဲ ကစားလိုသည့် ကစားနည်းစည်းမျဉ်းများကို အုပ်စုတွင်း ဆွေးနွေးရမည်။

**၆** ကလေးများ၏ အုပ်စုလိုက် ဆွေးနွေးချက်များမှ ကစားနည်းစည်းမျဉ်းများနှင့် ကစားကွင်းအတိုင်းအတာများကို ဆရာနှင့် ဆွေးနွေးပြီး အတည်ပြုသတ်မှတ်ပေးရမည်။

**၇** ကစားနည်းစည်းမျဉ်းများအတိုင်း အုပ်စုလိုက် စုပေါင်းကစားရမည်။ ကလေးများ အားပေးတုံ့ပြန်ချက်များပေးနိုင်ရန် ဆရာက ကူညီလမ်းညွှန်ပေးရမည်။

### သတိပြုရမည့်အချက်များ

၁။ ကလေးများသည် ကွင်းကို ငြိမ်အောင် လက်နှစ်ဖက်ဖြင့် သေချာကိုင်ရမည်။

၂။ ကွင်းတစ်ခုနှင့်တစ်ခု အကွာအဝေးသည် ၂ မီတာ ရှိရမည်။

၃။ ကွင်း၏အကျယ်ကို ကလေးအရွယ်အစားအပေါ် မူတည်ပြီး ပြောင်းလဲလုပ်ဆောင်နိုင်သည်။

DBE BOX

| အခန်း (၁၅) | စာသင်ချိန် ၁/၂ |
|---|---|

### သင်ယူမှုဦးတည်ချက်များ

- ဖဲကြိုးဖြုတ်ကစားနည်းတွင် ပါဝင်လုပ်ဆောင်ခြင်းဖြင့် တက်ကြွပျော်ရွှင်မှုရှိရန်။
- ညွှန်ကြားချက်များကိုလိုက်နာပြီး ပူးပေါင်းဆောင်ရွက်တတ်ရန်။

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

ခရာ၊ ဖဲကြိုး၊ စစ်ဆေးအကဲဖြတ်မှုမှတ်တမ်း။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ခန်းစာနှင့် မိတ်ဆက်ပြီး ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားခြင်း။ (၃ မိနစ်)

၂။ ကစားမည့်နေရာကို သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် မကစားမီ လုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများပြုလုပ်ခြင်း။ (၄ မိနစ် )

၃။ ဆရာက ကစားနည်းစည်းမျဉ်းများကို ရှင်းပြပြီး ကလေးအချို့ သရုပ်ပြနိုင်ရန် ကူညီလမ်းညွှန်ခြင်း။ (၅ မိနစ်)

၄။ ကလေးများ အုပ်စုလိုက် ပထမဆုံးဖဲကြိုးဖြုတ်မည့်သူနှင့် ကာကွယ်မည့်သူ အဖြစ် ဆွေးနွေးခြင်း။ (၅ မိနစ်)

၅။ ကလေးများက အုပ်စုလိုက် လက်တွေ့လုပ်ဆောင်ခြင်း။ (၂၀ မိနစ် )

၆။ ကစားပြီးလုပ်ဆောင်ရမည့်လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ ချီးမွမ်းခြင်း၊ အားပေးခြင်းနှင့် သင်ခန်းစာကို နိဂုံးချုပ်ခြင်း။ (၃ မိနစ်)

### စစ်ဆေးအကဲဖြတ်ရန်လမ်းညွှန်ချက်များ

| နယ်ပယ် / အဆင့် | ဖဲကြိုးဖြုတ်ကစားနည်းတွင် တက်ကြွပျော်ရွှင်မှုရှိခြင်း (ခံစားမှုဆိုင်ရာ အကျိုးသက်ရောက်မှုနယ်ပယ်) | ညွှန်ကြားချက်များကို လိုက်နာပြီး ပူးပေါင်းဆောင်ရွက်တတ်ခြင်း (လူမှုရေးဆိုင်ရာနယ်ပယ်) |
|---|---|---|
| ၃ | ကစားရာတွင် စိတ်ရောကိုယ်ပါ တက်ကြွပျော်ရွှင်မှုရှိသည်။ | ဆရာ့ညွှန်ကြားချက်များကို အမြဲတမ်းလိုက်နာပြီး ပူးပေါင်းဆောင်ရွက်တတ်သည်။ |
| ၂ | ကစားရာတွင် တက်ကြွပျော်ရွှင်မှု ရှိသည်။ | ဆရာ့ညွှန်ကြားချက်များကို လိုက်နာပြီးပူးပေါင်း ဆောင်ရွက်တတ်သည်။ |
| ၁ | ကစားရာတွင် တက်ကြွပျော်ရွှင်မှု ရှိရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ | ဆရာ့ညွှန်ကြားချက်များကို လိုက်နာပြီး ပူးပေါင်းဆောင်ရွက်တတ်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ |

### အားပေးတုံ့ပြန်ချက်များ

- ကလေးတို့အားလုံး ကစားရာမှာ တက်ကြွပျော်ရွှင်ခဲ့ကြတယ်။
- ကစားနည်းစည်းမျဉ်းတွေကိုလိုက်နာပြီး ပူးပေါင်းဆောင်ရွက်ခဲ့ကြတယ်။




### ရုပ်ပုံများနှင့်ပတ်သက်သောရှင်းလင်းချက်များ

❶ ကစားနည်းစည်းမျဉ်းများကို ဆရာကရှင်းပြပြီး ကလေးအချို့ သရုပ်ပြနိုင်ရန် ဆရာက ကူညီလမ်းညွှန်ပေးရမည်။

❷ ကလေးများကို ၅ ယောက်တစ်အုပ်စု ဖွဲ့ပေးပြီး ပထမဆုံး ဖဲကြိုးဖြုတ်ရမည့် ကလေးနှင့် ကာကွယ်မည့်သူများအား အုပ်စုတွင်းဆွေးနွေးရမည်။

❸ တစ်ဖွဲ့လျှင် ၅ ယောက်စီပါသော အုပ်စုများဖွဲ့ရမည်။ ပထမဆုံး ဖဲကြိုးဖြုတ်မည့်ကလေးကို ရွေးချယ်ပြီး ကျန်ကလေး ၄ ယောက်ကို အချင်းချင်း လက်ချင်းချိတ်ကာ စက်ဝိုင်းပုံ ချိတ်ရမည်။ ကလေး ၄ ယောက်အနက် တစ်ယောက်၏ အင်္ကျီကုပ်ကြားတွင် ဖဲကြိုးကိုထည့်ထားရမည်။ ဆရာက ခရာဖြင့် အချက်ပေးလျှင် ဖဲကြိုးဖြုတ်ရမည့်ကလေးက ဖဲကြိုးဖြုတ်နိုင်အောင် ကြိုးစားပြီး ကျန်ကလေး ၄ ယောက်က စက်ဝိုင်းပုံ ဘယ် ညာ ရွှေ့ကာ ဖဲကြိုးကို အဖြုတ်မခံရအောင် ကြိုးစားရမည်။

### သတိပြုရမည့်အချက်များ

၁။ ကလေးများအားလုံး ဖမ်းသူအဖြစ် အလှည့်ကျ ကစားနိုင်အောင် ဆရာက စီစဉ်ပေးရမည်။

၂။ ကလေးများကို အရပ် အနိမ့်အမြင့် မကွာအောင် စီစဉ်ပေးရမည်။

DBE Book

အခန်း(၁၅) ဖဲကြိုးဖြုတ်ကစားနည်း




**ကစားနည်းစည်းမျဉ်းများ**

၁။ ကလေးဦးရေပေါ်မူတည်ပြီး အုပ်စုဖွဲ့ရမည်။ (ဥပမာ- ၄ ဦး မှ ၆ ဦးအထိ)
၂။ အုပ်စုလိုက်သတ်မှတ်နေရာများတွင် အတွဲလိုက်နေရာယူရမည်။ နောက်ဆုံးလူ၏ အင်္ကျီကုပ်ကြားတွင် ဖဲကြိုးကို ထည့်ထားရမည်။
၃။ ခရာသံကြားလျှင် အတွဲလိုက် လှုပ်ရှားကာ ရှေ့ဆုံးလူက အခြားအဖွဲ့၏ နောက်ဆုံးလူထံမှ ဖဲကြိုးကို ရအောင် ဖြုတ်ရမည်။
၄။ သတ်မှတ်ချိန် ၁ မိနစ်အတွင်း ဖဲကြိုးဖြုတ်နိုင်သောအဖွဲ့က အနိုင်ရမည်။
၅။ ဤနည်းအတိုင်း ကလေးအားလုံး ရှေ့ဆုံးလူအဖြစ် တာဝန်ယူရသည်အထိ ဆက်လက်ကစားရမည်။
**မှတ်ချက်။** ကလေးများကို ပါဝင်သောဦးရေအလိုက် နေရာပြောင်းကစားရမည်။

**မေးခွန်း**

| | | | | |
|---|---|---|---|---|
| ၁ | ဖဲကြိုးဖြုတ်ကစားရာမှာ ပါဝင်ကစားခဲ့တာ ပျော်ရွှင်မှုရှိခဲ့သလား။ | 😀 | 🙂 | 🙁 |
| ၂ | ဖဲကြိုးကို ရအောင် ဖြုတ်နိုင်ခဲ့ကြသလား။ | 😀 | 🙂 | 🙁 |
| ၃ | ကစားနည်းစည်းမျဉ်းတွေကို ရှင်းလင်းစွာ ရှင်းပြနိုင်မလား။ | 😀 | 🙂 | 🙁 |
| ၄ | အုပ်စုလိုက် စုပေါင်းကစားခဲ့ကြသလား။ | 😀 | 🙂 | 🙁 |

၄၅

## ရုပ်ပုံများနှင့်ပတ်သက်သောရှင်းလင်းချက်များ

④ ဆရာက ကစားနည်းစည်းမျဉ်းများကို ရှင်းပြရမည်။ ကလေးများ နားလည်သဘောပေါက်မှု ရှိ မရှိကို မေးခွန်းများ မေးမြန်းဆွေးနွေးရမည်။

⑤ ကလေးများ အုပ်စုလိုက် ကစားနည်းစည်းမျဉ်းများကို ဆွေးနွေးပြီး ရှေ့ဆုံးမှာနေမည့်ကလေးနှင့် မိမိနေရမည့် အစဉ်လိုက် ယူရမည့်နေရာကို ဆွေးနွေးရမည်။

⑥ ကစားနည်းစည်းမျဉ်းအတိုင်း အုပ်စုလိုက် စုပေါင်းကစားရမည်။

## သတိပြုရမည့်အချက်များ

၁။ ကလေးများအားလုံး ဖမ်းသူအဖြစ် အလှည့်ကျ ကစားနိုင်ရန် ဆရာက စီစဉ်ပေးရမည်။
၂။ ကစားနေစဉ် အန္တရာယ်မရှိစေရန် ဂရုပြုရမည်။

# အခန်း (၁၅) စာသင်ချိန် ၂/၂

## သင်ယူမှုဦးတည်ချက်များ

- အတွဲလိုက်ကစားရာတွင် ဖဲကြိုးမပြုတ်အောင် ကာကွယ်နိုင်ရန်။
- ဖဲကြိုးဖြုတ်ကစားနည်း၏ ကစားနည်းစည်းမျဉ်းများကို ရှင်းပြတတ်ရန်။

## သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

ခရာ၊ ဖဲကြိုး၊ စစ်ဆေးအကဲဖြတ်မှုမှတ်တမ်း။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ခန်းစာနှင့် မိတ်ဆက်ပြီး ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားခြင်း။ (၂ မိနစ်)
၂။ ကစားမည့်နေရာကို သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် မကစားမီ လုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများပြုလုပ်ခြင်း။ (၄ မိနစ် )
၃။ ဆရာက ကစားနည်းစည်းမျဉ်းများကို ရှင်းပြခြင်း။ (၅ မိနစ်)
၄။ ကလေးများ အုပ်စုလိုက် ပထမဆုံးဖဲကြိုးဖြုတ်မည့်သူနှင့် ကာကွယ်မည့်သူ အဖြစ်ဆွေးနွေးခြင်း။ (၅ မိနစ်)
၅။ ကလေးများက ကစားနည်းစည်းမျဉ်းများအတိုင်း စုပေါင်းကစားခြင်း။ (၂၀မိနစ် )
၆။ ကစားပြီးလုပ်ဆောင်ရမည့်လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ ချီးမွမ်းခြင်း၊ အားပေးခြင်းနှင့် ကျောင်းသုံးစာအုပ်ပါ မေးခွန်းများဖြေဆိုခြင်း။ (၅ မိနစ်)

## စစ်ဆေးအကဲဖြတ်ရန်လမ်းညွှန်ချက်များ

| နယ်ပယ် / အဆင့် | ဖဲကြိုးမပြုတ်အောင်ကာကွယ်နိုင်ခြင်း (လှုပ်ရှားမှုဆိုင်ရာကျွမ်းကျင်မှုနယ်ပယ်) | ကစားနည်းစည်းမျဉ်းများကို ရှင်းပြတတ်ခြင်း(သိမှုဆိုင်ရာနားလည်အသုံးချမှုနယ်ပယ်) |
|---|---|---|
| ၃ | ကစားရာတွင် ဖဲကြိုးပြုတ်အောင် အမြဲတမ်း ကာကွယ်နိုင်သည်။ | ကစားနည်းစည်းမျဉ်းများကို အခြားသူများ နားလည်လွယ်အောင် ရှင်းပြတတ်သည်။ |
| ၂ | ဖဲကြိုးပြုတ်အောင် ကာကွယ်နိုင်သည်။ | ကစားနည်းစည်းမျဉ်းများကို အခြားသူများအားရှင်းပြတတ်သည်။ |
| ၁ | ဖဲကြိုးပြုတ်နိုင်အောင် ကာကွယ်နိုင်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ | ကစားနည်းစည်းမျဉ်းများကို အခြားသူများအားရှင်းပြတတ်ရန် ကျောင်းသားများနှင့် ဆရာ၏ ကူညီမှု လိုအပ်သည်။ |

## အားပေးတုံ့ပြန်ချက်များ

- ကလေးတို့အားလုံး အတွဲလိုက်ကစားရာမှာ ဖဲကြိုးမပြုတ်အောင် ကာကွယ်နိုင်ကြတယ်။
- ကစားနည်းစည်းမျဉ်းတွေကို ရှင်းပြနိုင်ကြတယ်။

DBE BOX

| အခန်း (၁၆) | စာသင်ချိန် ၁/ ၂ |
|---|---|

## သင်ယူမှုဦးတည်ချက်များ

- ဘောလုံးသယ်ကစားနည်းကို ကစားခြင်းဖြင့် တက်ကြွပျော်ရွှင်မှုရှိရန်။
- တစ်ဦးနှင့်တစ်ဦးကူညီ၍ ပူးပေါင်းဆောင်ရွက်တတ်ရန်။

## သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

ပူပေါင်း၊ ခရာ၊ ပလတ်စတစ်ခြင်း၊ စစ်ဆေးအကဲဖြတ်မှုမှတ်တမ်း။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ခန်းစာနှင့်မိတ်ဆက်ပြီး ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားခြင်း။ (၂ မိနစ်)

၂။ ကစားမည့်နေရာကို သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် မကစားမီ လုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများပြုလုပ်ခြင်း။ ( ၃ မိနစ်)

၃။ ဆရာက ကစားနည်းအဆင့်ဆင့်ကို ရှင်းလင်းပြောကြားခြင်းနှင့် ကလေးအချို့ သရုပ်ပြနိုင်ရန် ကူညီလမ်းညွှန်ခြင်း၊ ကလေးများ လက်တွေ့လုပ်ဆောင်ခြင်း။ (၁၅ မိနစ်)

၄။ ဘောလုံးကိုကောင်းစွာသယ်ယူနိုင်ရန် သတိပြုရမည့်အချက်များကိုဆွေးနွေးခြင်း။ (၅ မိနစ်)

၅။ ဘောလုံးကိုကောင်းစွာ သယ်ယူနိုင်ရန် အုပ်စုလိုက်လေ့ကျင့်ခြင်း။ (၁၀ မိနစ် )

၆။ ကစားပြီးလုပ်ဆောင်ရမည့်လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ ချီးမွမ်းခြင်း၊ အားပေးခြင်းနှင့် သင်ခန်းစာကို နိဂုံးချုပ်ခြင်း။ ( ၅မိနစ်)

## စစ်ဆေးအကဲဖြတ်ရန်လမ်းညွှန်ချက်များ

| နယ်ပယ် / အဆင့် | တက်ကြွပျော်ရွှင်မှုရှိခြင်း (ခံစားမှုဆိုင်ရာ အကျိုးသက်ရောက်မှု နယ်ပယ်) | တစ်ဦးနှင့်တစ်ဦး ကူညီကာ ပူးပေါင်းဆောင်ရွက်တတ်ခြင်း (လူမှုရေးဆိုင်ရာ နယ်ပယ်) |
|---|---|---|
| ၃ | ကစားရာတွင်စိတ်ရောကိုယ်ပါ တက်ကြွပျော်ရွှင်မှုရှိသည်။ | တစ်ဦးကိုတစ်ဦးအမြဲတမ်း ကူညီ၍ ပူးပေါင်းဆောင် ရွက်တတ်သည်။ |
| ၂ | ကစားရာတွင် တက်ကြွပျော်ရွှင်မှု ရှိသည်။ | တစ်ဦးကိုတစ်ဦး ကူညီကာ ပူးပေါင်းဆောင်ရွက်တတ်သည်။ |
| ၁ | ကစားရာတွင် တက်ကြွပျော်ရွှင်မှု ရှိရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ | တစ်ဦးကိုတစ်ဦး ကူညီကာ ပူးပေါင်းဆောင်ရွက်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှုရှိသည်။ |

## အားပေးတုံ့ပြန်ချက်များ

- ကလေးတို့အားလုံး တက်ကြွပျော်ရွှင်စွာ ကစားခဲ့ကြတယ်။
- တစ်ဦးကိုတစ်ဦး ကူညီကာ ပူးပေါင်းဆောင်ရွက်ခဲ့ကြတယ်။




## ရုပ်ပုံများနှင့်ပတ်သက်သောရှင်းလင်းချက်များ

① နှစ်ယောက်တစ်တွဲ ဘောလုံးအောက်ကျမသွားစေရန် ရှေ့လူနှင့်နောက်လူ ထိန်းပြီး သယ်ခြင်းကို အုပ်စုလိုက် လေ့ကျင့်ရမည်။

② ကလေးများ ကစားရာတွင် သတိပြုရမည့်အချက်များကို ဆွေးနွေးရမည်။

③ နှစ်ယောက်တွဲ၊ သုံးယောက်တွဲ၊ လေးယောက်တွဲ ဘောလုံး သယ်ခြင်းကို အုပ်စုလိုက် လက်တွေ့လုပ်ဆောင်ရမည်။

## သတိပြုရမည့်အချက်များ

၁။ ဘောလုံးကို ရှေ့လူ၏ ကျောနှင့် နောက်လူ၏ ဝမ်းဗိုက်ဖြင့် ထိန်းကာ သယ်ရမည်။

၂။ ကစားနေစဉ်တွင် ဘောလုံးကို လက်ဖြင့် မထိရ မကိုင်ရ။

DBE BOX

အခန်း(၁၆) ဘောလုံးသယ်ကစားနည်း




**ကစားနည်းစည်းမျဉ်းများ**

၁။ ကလေးဦးရေပေါ်မူတည်ပြီး အုပ်စုဖွဲ့ရမည်။ (ဥပမာ- ၅ ဦးမှ ၈ ဦးအထိ)
၂။ တန်းစီရပ်ပြီး ရှေ့လူ၏ကျောနှင့် နောက်လူ၏ ဝမ်းဗိုက်ကြားတွင် ဘောလုံးများကို ထည့်ရမည်။
၃။ ခရာသံကြားလျှင် အတွဲလိုက် ဘောလုံးကို ပြုတ်မကျအောင် သယ်ဆောင်၍ သတ်မှတ်နေရာသို့ ရောက်အောင် သယ်ယူရမည်။
၄။ သတ်မှတ်နေရာသို့ရောက်လျှင် ကတော့ချွန်ကိုကွေ့၍ မူလနေရာသို့ ပြန်လည်သယ်ဆောင်ရမည်။
၅။ မူလသတ်မှတ်နေရာသို့ရောက်လျှင် ကစားပွဲပြီးဆုံးသည်။

**မေးခွန်း**

| | | |
|---|---|---|
| ၁ | ဘောလုံးသယ်ကစားနည်းကိုကစားရာမှာ တက်ကြွပျော်ရွှင်ခဲ့ကြသလား။ | |
| ၂ | ကျော၊ဝမ်းဗိုက်တို့နဲ့ထိန်းပြီး ဘောလုံးတွေကို သယ်နိုင်ခဲ့ကြသလား။ | |
| ၃ | အုပ်စုတွင်း ကစားနည်းစည်းမျဉ်းတွေကို ရှင်းပြခဲ့ကြသလား။ | |
| ၄ | အတွဲလိုက် အပေးအယူမျှတတဲ့စိတ်နဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ကြသလား။ | |

၄၇

## အခန်း (၁၆) စာသင်ချိန် ၂/၂

### သင်ယူမှုဦးတည်ချက်များ

- ဘောလုံးကိုမကျဘဲ သတ်မှတ်နေရာသို့ရောက်အောင် ထိန်းညှိ သယ်ဆောင်တတ်ရန်။
- ကစားနည်းစည်းမျဉ်းများကို အခြားသူများအားရှင်းပြတတ်ရန်။

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

ပူပေါင်း၊ ခရာ၊ ပလတ်စတစ်ခြင်း၊ စစ်ဆေးအကဲဖြတ်မှုမှတ်တမ်း။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ခန်းစာနှင့်မိတ်ဆက်ပြီး ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခြင်း။ (၃ မိနစ်)
၂။ ကစားမည့်နေရာကို သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် မကစားမီ လုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများပြုလုပ်ခြင်း။ ( ၃ မိနစ်)
၃။ ကစားနည်းစည်းမျဉ်းများကို ရှင်းလင်းပြောကြားခြင်း။ (၅ မိနစ်)
၄။ ကလေးများ အုပ်စုလိုက် ကစားနည်းစည်းမျဉ်းများကို ဆွေးနွေးခြင်း။ (၅ မိနစ်)
၅။ အုပ်စုလိုက် ကစားနည်းစည်းမျဉ်းများအတိုင်း စုပေါင်းကစားခြင်း။ (၁၅ မိနစ်)
၆။ ကစားပြီးနောက်ကလေးများအား အုပ်စုတွင်းအားပေးတုံ့ပြန်ချက်များပေးခြင်းကို ဆရာက ကြည့်ရှုလေ့လာခြင်း။ (၅ မိနစ်)
၇။ ကစားပြီးလုပ်ဆောင်ရမည့်လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ ချီးမွမ်းခြင်း၊ အားပေးခြင်းနှင့် ကျောင်းသုံးစာအုပ်ပါ မေးခွန်းများဖြေဆိုခြင်း။ ( ၄ မိနစ်)

### ရုပ်ပုံများနှင့်ပတ်သက်သောရှင်းလင်းချက်များ

(၄) ကစားနည်းစည်းမျဉ်းများကို ရှင်းလင်းပြောကြားရမည်။
(၅) ကလေးများ ကစားနည်းစည်းမျဉ်းများကို အုပ်စုလိုက် ဆွေးနွေး ရမည်။
(၆) ကလေးများ ကစားနည်းစည်းမျဉ်းအတိုင်း အုပ်စုလိုက် စုပေါင်းကစားရမည်။ ကလေးများ အားပေးတုံ့ပြန်ချက်များ ပေးနိုင်ရန် ဆရာက ကူညီလမ်းညွှန်ပေးရမည်။

### စစ်ဆေးအကဲဖြတ်ရန်လမ်းညွှန်ချက်များ

| နယ်ပယ် / အဆင့် | ဘောလုံးကို သတ်မှတ်နေရာ ရောက်အောင် ထိန်းညှိသယ်ဆောင်တတ်ခြင်း (လှုပ်ရှားမှုဆိုင်ရာ ကျွမ်းကျင်မှုနယ်ပယ်) | ကစားနည်းစည်းမျဉ်းများကို ရှင်းပြတတ်ခြင်း(သိမှုဆိုင်ရာ နားလည် အသုံးချမှုနယ်ပယ်) |
|---|---|---|
| ၃ | ဘောလုံးကို မကျဘဲသတ်မှတ်နေရာသို့ ရောက်အောင် လျင်မြန်စွာ ထိန်းညှိ သယ်ဆောင်နိုင်သည်။ | ကစားနည်းစည်းမျဉ်းများကို အခြားသူများ နားလည်လွယ်အောင် ရှင်းပြနိုင်သည်။ |
| ၂ | ဘောလုံးကို မကျဘဲသတ်မှတ်နေရာ ရောက်အောင် ထိန်းညှိသယ်ဆောင်တတ်သည်။ | ကစားနည်းစည်းမျဉ်းများကို အခြားသူများအားရှင်းပြနိုင်သည်။ |
| ၁ | ဘောလုံးကို မကျဘဲသတ်မှတ်နေရာ ရောက်အောင် ထိန်းညှိသယ်ဆောင်နိုင်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ | ကစားနည်းစည်းမျဉ်းများကို အခြားသူများအားရှင်းပြနိုင်ရန် ကျောင်းသားများနှင့် ဆရာ၏အားပေးကူညီမှု လိုအပ်သည်။ |

### သတိပြုရမည့်အချက်များ

၁။ အလျား ၂၀ပေ၊ အနံ ၁၀ ပေရှိသော ကစားကွင်းဆွဲရမည်။
၂။ ကစားနေစဉ် ဘောလုံးပြုတ်ကျသွားလျှင် ပြန်ကောက်ကာ ကျသွားသောနေရာမှ ပြန်ကစားနိုင်သည်။
၃။ မူလနေရာသို့ ကလေးအားလုံးပြန်ရောက်သောအဖွဲ့က အနိုင်ရ မည်။

### အားပေးတုံ့ပြန်ချက်များ

♦ ကလေးတို့အားလုံး ဘောလုံးကိုမကျဘဲ သတ်မှတ်နေရာရောက်အောင် ထိန်းညှိသယ်ဆောင်နိုင်ကြတယ်။
♦ ကစားနည်းစည်းမျဉ်းတွေကို ရှင်းပြနိုင်ကြတယ်။

# အခန်း (၁၇) | စာသင်ချိန် ၁/၂

## သင်ယူမှုဦးတည်ချက်များ

- သနားစရာငါးများကစားနည်းတွင် ပါဝင်ကစားခြင်းဖြင့် တက်ကြွပျော်ရွှင်မှု ရှိရန်။
- အုပ်စုလိုက် ပစ္စည်းများသယ်ရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်တတ်ရန်။

## သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

ခရာ၊ ကြိုး၊ ပလတ်စတစ်ခြင်း၊ ရေသန့်ဘူး၊ စက္ကူဘူး၊ စစ်ဆေးအကဲဖြတ်မှုမှတ်တမ်း။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ခန်းစာနှင့်မိတ်ဆက်ပြီး ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားခြင်း။ (၂ မိနစ်)

၂။ ကစားမည့်နေရာကို သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် မကစားမီ လုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများပြုလုပ်ခြင်း။ ( ၃ မိနစ်)

၃။ ဆရာက ကစားနည်းစည်းမျဉ်းများကို ရှင်းပြပြီး ကလေးအချို့ သရုပ်ပြနိုင်ရန် ကူညီလမ်းညွှန်ပေးခြင်းနှင့် ကလေးများ အုပ်စုလိုက် လက်တွေ့လုပ်ဆောင်ခြင်း။ (၁၅ မိနစ်)

၄။ ကစားရာတွင် တွေ့ရှိရသည့် အခက်အခဲများကို အုပ်စုတွင်းဆွေးနွေးပြီး အဖြေရှာခြင်း။ (၅ မိနစ် )

၅။ ကလေးများ ပလတ်စတစ်ခြင်း၊ ရေဘူးနှင့် စက္ကူဘူး သယ်ဆောင်ခြင်းတို့ကို လေ့ကျင့်ခြင်း။ (၁၀ မိနစ်)

၆။ ကစားပြီးလုပ်ဆောင်ရမည့်လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ ချီးမွမ်းခြင်း၊ အားပေးခြင်းနှင့် သင်ခန်းစာကို နိဂုံးချုပ်ခြင်း။ ( ၅မိနစ်)

## စစ်ဆေးအကဲဖြတ်ရန်လမ်းညွှန်ချက်များ

| အဆင့် \ နယ်ပယ် | ကစားရာတွင် တက်ကြွပျော်ရွှင်မှုရှိခြင်း (ခံစားမှုဆိုင်ရာ အကျိုးသက်ရောက်မှုနယ်ပယ်) | ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ခြင်း (လူမှုရေးဆိုင်ရာနယ်ပယ်) |
|---|---|---|
| ၃ | ကစားရာတွင်စိတ်ရောကိုယ်ပါ တက်ကြွပျော်ရွှင်မှုရှိပြီး စိတ်အား ထက်သန်မှုရှိသည်။ | အုပ်စုလိုက်ပစ္စည်းများသယ်ရာတွင် အကောင်းဆုံး ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်သည်။ |
| ၂ | ကစားရာတွင်စိတ်ရောကိုယ်ပါ တက်ကြွပျော်ရွှင်မှုရှိသည်။ | အုပ်စုလိုက်ပစ္စည်းများသယ်ရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်သည်။ |
| ၁ | ကစားရာတွင်စိတ်ရောကိုယ်ပါ တက်ကြွ ပျော်ရွှင်မှုရှိရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ | အုပ်စုလိုက်ပစ္စည်းများသယ်ရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ |

## အားပေးတုံ့ပြန်ချက်များ

- ကလေးတို့အားလုံး ကစားနည်းမှာ တက်ကြွပျော်ရွှင်စွာ ပါဝင်ကစားခဲ့ကြတယ်။
- ကလေးတို့အားလုံး ပစ္စည်းများကို သယ်ဆောင်ရာမှာ တစ်ဦးနဲ့တစ်ဦး ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ကြတယ်။




## ရုပ်ပုံများနှင့်ပတ်သက်သောရှင်းလင်းချက်များ

၁ ဆရာက ကစားနည်းစည်းမျဉ်းတွေကို ရှင်းပြပြီး ကလေးများ လက်တွေ့လုပ်ဆောင်နိုင်ရန် ကူညီလမ်းညွှန် ပေးရမည်။

၂ ကလေးများအား အုပ်စု ၃ စုခွဲကာ ပလတ်စတစ်ခြင်း၊ ရေသန့်ဘူး၊ စက္ကူဘူးသယ်ခြင်းကို ကလေးများ အုပ်စုလိုက် လေ့ကျင့်ရမည်။

## သတိပြုရမည့်အချက်များ

၁။ ပစ္စည်းများကို လက်ဖြင့်မကိုင်ဘဲ ကြိုးဖြင့်သာ ညှပ်သယ်ရမည်။

၂။ ပစ္စည်းပြုတ်ကျသွားလျှင် ကျသွားသောနေရာမှ ပြန်လည်သယ်ဆောင်ရမည်။

၃။ ကလေးများ ၆ယောက်တစ်တွဲ ထိန်းညှိသယ်ဆောင်ရမည်။

DBE BOX

အခန်း(၁၇) သနားစရာငါးများကစားနည်း




**ကစားနည်းစည်းမျဉ်းများ**

၁။ တစ်အုပ်စုလျှင် ၆ ဦးစီပါဝင်သော အုပ်စုများဖွဲ့ရမည်။
၂။ သတ်မှတ်ထားသောနေရာတွင် ပစ္စည်းသုံးမျိုးစလုံးထားနိုင်အောင် လုပ်ဆောင်ရမည်။
၃။ ကလေးများကို ၂ ယောက်လျှင် ကြိုးတစ်ချောင်းဖြင့် ၃ ချောင်းပေးကာ သတ်မှတ်နေရာရှိ ပစ္စည်းများကို လက်ဖြင့်မကိုင်ဘဲ ကြိုး ၃ ချောင်းဖြင့် ထိန်းကာသယ်ပြီး သတ်မှတ်နေရာတွင်ထားရမည်။
၄။ အမြန်ဆုံးနှင့် အမှန်ကန်ဆုံး လုပ်ဆောင်နိုင်သော အဖွဲ့က အနိုင်ရမည်။

**မေးခွန်း**

| | | | | |
|---|---|---|---|---|
| ၁ | သနားစရာငါးများကစားနည်းကို စိတ်ရောကိုယ်ပါတက်ကြွပျော်ရွှင်စွာ ကစားခဲ့ပါသလား။ | | | |
| ၂ | ပစ္စည်းတွေကို သတ်မှတ်နေရာရောက်အောင် သယ်ဆောင်နိုင်ခဲ့ကြသလား။ | | | |
| ၃ | မိမိအုပ်စုတွင်း ကစားနည်းစည်းမျဉ်းတွေကို မှန်ကန်စွာရှင်းပြနိုင်သလား။ | | | |
| ၄ | ပစ္စည်းတွေကို သယ်ရာတွင် အချင်းချင်းပူးပေါင်းဆောင်ရွက်ခဲ့ကြသလား။ | | | |

၄၉

## ရုပ်ပုံများနှင့်ပတ်သက်သောရှင်းလင်းချက်များ

၃ ဆရာက ကစားနည်းစည်းမျဉ်းများကို ရှင်းပြရမည်။

၄ ကလေးများ၏ အုပ်စုလိုက် ဆွေးနွေးချက်များမှ ကစားနည်းစည်းမျဉ်းများနှင့် ကစားကွင်းအတိုင်းအတာများကို ဆရာနှင့် ဆွေးနွေးပြီး အတည်ပြု သတ်မှတ်ပေးရမည်။

၅ ကစားနည်းစည်းမျဉ်းများအတိုင်း အုပ်စုလိုက် စုပေါင်းကစားရမည်။

**သတိပြုရမည့်အချက်များ**

၁။ သတ်မှတ်ထားသောနေရာတွင် ပစ္စည်းသုံးမျိုးစလုံး ထားနိုင်ရမည်။
- ပလတ်စတစ်ခြင်းကို ပထမဆုံးသယ်ပါက စက္ကူဘူးနှင့် ရေသန့်ဘူးကို ခြင်းအတွင်းထည့်ရမည်။
- စက္ကူဘူးနှင့် ရေသန့်ဘူးကို ဦးစွာသယ်ပါက ပလတ်စတစ်ခြင်းကို အပေါ်မှ မှောက်ထားရမည်။

## အခန်း (၁၇) စာသင်ချိန် ၂/၂

**သင်ယူမှုဦးတည်ချက်များ**

- ပစ္စည်းများကို သတ်မှတ်နေရာရောက်အောင် ထိန်းညှိသယ်ဆောင်တတ်ရန်။
- ကစားနည်းစည်းမျဉ်းများကို အခြားသူများအား ရှင်းပြနိုင်ရန်။

**သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ**

ခရာ၊ ကြိုး၊ ပလတ်စတစ်ခြင်း၊ ရေသန့်ဘူး၊ စက္ကူဘူး၊ စစ်ဆေးအကဲဖြတ်မှုမှတ်တမ်း။

**သင်ကြားသင်ယူမှုလုပ်ငန်းစဉ်**

၁။ သင်ခန်းစာနှင့်မိတ်ဆက်ပြီး ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခြင်း။ (၃ မိနစ်)
၂။ ကစားမည့်နေရာကိုသန့်ရှင်းရေးပြုလုပ်ခြင်းနှင့် မကစားမီလုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများပြုလုပ်ခြင်း။ (၃ မိနစ်)
၃။ ကစားနည်းစည်းမျဉ်းများကို ဆရာကရှင်းပြခြင်း။ ( ၅ မိနစ်)
၄။ ကစားနည်းစည်းမျဉ်းများနှင့် ကစားနည်း နည်းပရိယာယ်များကို အုပ်စုလိုက် ဆွေးနွေးခြင်း။ (၅ မိနစ်)
၅။ ကစားနည်းစည်းမျဉ်းအတိုင်း အုပ်စုလိုက်စုပေါင်းကစားခြင်း။ (၁၅ မိနစ်)
၆။ ကစားပြီးနောက်ကလေးများအား အုပ်စုတွင်း အားပေးတုံ့ပြန်ချက်များ ပေးခြင်းကို ဆရာက ကြည့်ရှုလေ့လာခြင်း။ (၅ မိနစ်)
၇။ ကစားပြီးလုပ်ဆောင်ရမည့်လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ ချီးမွမ်းခြင်း၊ အားပေးခြင်းနှင့် ကျောင်းသုံးစာအုပ်ပါ မေးခွန်းများဖြေဆိုခြင်း။ ( ၄ မိနစ်)

**စစ်ဆေးအကဲဖြတ်ရန်လမ်းညွှန်ချက်များ**

| နယ်ပယ် / အဆင့် | သတ်မှတ်နေရာရောက်အောင် ထိန်းညှိသယ်ဆောင်နိုင်ခြင်း (လှုပ်ရှားမှုဆိုင်ရာ နားလည်အသုံးချမှု နယ်ပယ်) | ကစားနည်းစည်းမျဉ်းကို ရှင်းပြတတ်ခြင်း (သိမှုဆိုင်ရာ နားလည်အသုံးချမှု နယ်ပယ်) |
|---|---|---|
| ၃ | ပစ္စည်းများကို သတ်မှတ်နေရာရောက်အောင် လျင်မြန်စွာ ထိန်းညှိသယ်ဆောင်နိုင်သည်။ | ကစားနည်းစည်းမျဉ်းများကို အခြားသူများ နားလည်လွယ်အောင် ရှင်းပြနိုင်သည်။ |
| ၂ | ပစ္စည်းများကို သတ်မှတ်နေရာရောက်အောင် ထိန်းညှိသယ်ဆောင်နိုင်သည်။ | ကစားနည်းစည်းမျဉ်းများကို ရှင်းပြနိုင်သည်။ |
| ၁ | ပစ္စည်းများကို သတ်မှတ်နေရာရောက်အောင် ထိန်းညှိသယ်ဆောင်နိုင်ရန် ကျောင်းသားများနှင့် ဆရာ၏အားပေးကူညီမှု လိုအပ်သည်။ | ကစားနည်းစည်းမျဉ်းများကို ရှင်းပြနိုင်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ |

**အားပေးတုံ့ပြန်ချက်များ**

♦ ပစ္စည်းတွေကို သတ်မှတ်နေရာရောက်အောင် ထိန်းညှိသယ်ဆောင်နိုင်ခဲ့ကြတယ်။
♦ ကစားနည်းစည်းမျဉ်းတွေကို ရှင်းပြနိုင်ခဲ့ကြတယ်။

DBE BOX

# အခန်း (၁၈) စာသင်ချိန် ၁/၂

## သင်ယူမှုဦးတည်ချက်များ

- ကစားရာတွင် ကြိုးစားအားထုတ်ပြီးပါဝင်လုပ်ဆောင်တတ်ရန်။
- ကစားရာတွင် သူငယ်ချင်းများ၏ပြောကြားချက်များကို လိုက်နာဆောင်ရွက်တတ်ရန်။

## သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

ခရာ၊ တန်းကျော်၊ ဘောလုံး၊ ပလတ်စတစ်ကွင်း၊ စစ်ဆေးအကဲဖြတ်မှုမှတ်တမ်း။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ခန်းစာနှင့်မိတ်ဆက်ပြီး ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားခြင်း။ (၂ မိနစ်)

၂။ ကစားမည့်နေရာကို သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် မကစားမီ လုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများပြုလုပ်ခြင်း။ ( ၃ မိနစ်)

၃။ ဆရာက ကစားနည်းစည်းမျဉ်းများကို ရှင်းပြပြီး ကလေးအချို့ သရုပ်ပြနိုင်ရန် ကူညီလမ်းညွှန်ခြင်း၊ ကလေးများက လက်တွေ့လုပ်ဆောင်ခြင်း။ (၁၅ မိနစ်)

၄။ လက်တွေ့လုပ်ဆောင်ချက်များမှ တွေ့ရှိချက်များကို အုပ်စုတွင်း ဆွေးနွေးခြင်းနှင့် အဖြေရှာခြင်း။ (၅ မိနစ် )

၅။ တန်းကျော်ခြင်း၊ ကတော့ချွန်များကွေ့သွားခြင်း၊ ကွင်းအတွင်းဖြတ်ခြင်းနှင့် ဘောလုံးကန်ပြီး ဂိုးသွင်းခြင်းတို့ကို အုပ်စုလိုက် လေ့ကျင့်ခြင်း။ (၁၀ မိနစ်)

၆။ ကစားပြီးလုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ ချီးမွမ်းခြင်း၊ အားပေးခြင်းနှင့် သင်ခန်းစာကို နိဂုံးချုပ်ခြင်း။ ( ၅မိနစ်)




## ရုပ်ပုံများနှင့်ပတ်သက်သောရှင်းလင်းချက်များ

(၁) ကစားနည်းအဆင့်ဆင့်ကို ရှင်းပြရမည်။ ကလေးများ မျက်လုံးကိုအဝတ်စည်းပြီး အတွဲလိုက်တန်းများကိုကျော်ခြင်း၊ ကွင်းအတွင်းဖြတ်ခြင်းနှင့် ဘောလုံးကန်ပြီး ဂိုးသွင်းခြင်းကို လက်တွေ့လုပ်ဆောင်ရမည်။

(၂) ကလေးများ လက်တွေ့လုပ်ဆောင်ချက်များမှ တွေ့ရှိချက်များကို မေးမြန်းပြီး ခက်ခဲသည့်လေ့ကျင့်ခန်းများကို အုပ်စုလိုက် ပြန်လည်လေ့ကျင့်ရမည်။

## စစ်ဆေးအကဲဖြတ်ရန်လမ်းညွှန်ချက်များ

| အဆင့် \ နယ်ပယ် | စိတ်ဝင်စားပြီး ကြိုးစားအားထုတ်မှုရှိခြင်း (ခံစားမှုဆိုင်ရာအကျိုးသက်ရောက်မှုနယ်ပယ်) | ပြောကြားချက်များကိုလိုက်နာဆောင်ရွက်တတ်ခြင်း (လူမှုရေးဆိုင်ရာနယ်ပယ်) |
|---|---|---|
| ၃ | ကစားရာတွင် အမြဲတမ်းကြိုးစားအားထုတ်ပြီး ပါဝင်လုပ်ဆောင်သည်။ | သူငယ်ချင်းများ၏ ပြောကြားချက်များကို အမြဲတမ်း လိုက်နာဆောင်ရွက်နိုင်သည်။ |
| ၂ | ကစားရာတွင် ကြိုးစားအားထုတ်ပြီး ပါဝင်လုပ်ဆောင်သည်။ | သူငယ်ချင်းများ၏ ပြောကြားချက်များကို လိုက်နာဆောင်ရွက်နိုင်သည်။ |
| ၁ | ကစားရာတွင်ကြိုးစားအားထုတ်ပြီး ပါဝင်လုပ်ဆောင်နိုင်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ | သူငယ်ချင်းများ၏ ပြောကြားချက်များကို လိုက်နာဆောင်ရွက်နိုင်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ |

## သတိပြုရမည့်အချက်များ

၁။ တစ်ဦးနှင့်တစ်ဦး အတွဲမပြုတ်စေရန် ကိုင်ထားရမည်။ အတွဲပြုတ်ပါက ပြန်တွဲရမည်။

၂။ နေရာတိုင်း၏ အလှည့်ကျတာဝန်ကို ကလေးတိုင်း ယူရမည်။

၃။ လမ်းကြောင်း မလွဲချော်စေရန် သတိထားရမည်။

## အားပေးတုံ့ပြန်ချက်များ

- ကစားရာမှာ ကြိုးစားအားထုတ်ပြီး ပါဝင်လုပ်ဆောင်နိုင်ခဲ့ကြတယ်။
- သူငယ်ချင်းတွေရဲ့ ပြောကြားချက်တွေကို လိုက်နာလုပ်ဆောင်နိုင်ခဲ့ကြတယ်။

## အခန်း (၁၈) စာသင်ချိန် ၂/၂

### သင်ယူမှုဦးတည်ချက်များ

- အတွဲလိုက် တန်းကျော်ခြင်း၊ ကွင်းအတွင်းဖြတ်ဝင်ခြင်းနှင့် ဘောလုံးကို ကန်ခြင်းတို့ကို လုပ်ဆောင်တတ်ရန်။
- ကစားနည်းစည်းမျဉ်းများကို အခြားသူများအားရှင်းပြတတ်ရန်။

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

ခရာ၊ တန်းကျော်၊ ဘောလုံး၊ ပလတ်စတစ်ကွင်း၊ စစ်ဆေးအကဲဖြတ်မှုမှတ်တမ်း။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ခန်းစာနှင့်မိတ်ဆက်ပြီး ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခြင်း။ (၂ မိနစ်)
၂။ ကစားမည့်နေရာကိုသန့်ရှင်းရေးပြုလုပ်ခြင်းနှင့် မကစားမီလုပ်ဆောင်ရမည့်လေ့ကျင့်ခန်းများပြုလုပ်ခြင်း။ (၃ မိနစ်)
၃။ ကစားနည်းစည်းမျဉ်းများကို ဆရာကရှင်းပြခြင်း။ (၅ မိနစ်)
၄။ ကလေးများအုပ်စုလိုက် တိုင်ပင်ဆွေးနွေးခြင်း။ (၅ မိနစ်)
၅။ ကစားနည်းစည်းမျဉ်းများအတိုင်း အုပ်စုလိုက် စုပေါင်းကစားခြင်း။ (၂၀ မိနစ်)
၆။ ကစားပြီးလုပ်ဆောင်ရမည့်လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ ချီးမွမ်းခြင်း၊ အားပေးခြင်းနှင့် ကျောင်းသုံးစာအုပ်ပါ မေးခွန်းများဖြေဆိုခြင်း။ (၅ မိနစ်)

### စစ်ဆေးအကဲဖြတ်ရန်လမ်းညွှန်ချက်များ

| နယ်ပယ် / အဆင့် | လုပ်ရှားမှုများကို လုပ်ဆောင်တတ်ခြင်း (လှုပ်ရှားမှုဆိုင်ရာကျွမ်းကျင်မှုနယ်ပယ်) | ကစားနည်းစည်းမျဉ်းများကို ရှင်းပြတတ်ခြင်း (သိမှုဆိုင်ရာနားလည်အသုံးချမှုနယ်ပယ်) |
|---|---|---|
| ၃ | အတွဲလိုက် တန်းကျော်ခြင်းနှင့် ကွင်းအတွင်းဖြတ်ဝင်ခြင်း လုပ်ဆောင်တတ်ပြီး ဂိုးအတွင်း ဝင်အောင်ကန်နိုင်သည်။ | ကစားနည်းစည်းမျဉ်းများကို ရှင်းလင်းစွာ ရှင်းပြနိုင်သည်။ |
| ၂ | အတွဲလိုက် တန်းကျော်ခြင်း၊ ကွင်းအတွင်းဖြတ်ဝင်ခြင်းနှင့် ဘောလုံးကန်ခြင်းတို့ကို လုပ်ဆောင်နိုင်သည်။ | ကစားနည်းစည်းမျဉ်းများကို ရှင်းပြနိုင်သည်။ |
| ၁ | အတွဲလိုက် တန်းကျော်ခြင်း၊ ကွင်းအတွင်းဖြတ်ဝင်ခြင်းနှင့် ဘောလုံးကန်ခြင်းတို့ကို လုပ်ဆောင်နိုင်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ | ကစားနည်းစည်းမျဉ်းများကို ရှင်းပြနိုင်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ |

### အားပေးတုံ့ပြန်ချက်များ

- ကလေးတို့အားလုံး အတွဲလိုက် တန်းကျော်ကာ ကွင်းအတွင်းဖြတ်ဝင်တာနဲ့ ဘောလုံးကန်တာတွေကို လုပ်ဆောင်တတ်ကြတယ်။
- ကစားနည်းစည်းမျဉ်းတွေကို ရှင်းပြနိုင်ကြတယ်။




**ကစားနည်းစည်းမျဉ်းများ**

၁။ ကလေးဦးရေပေါ်မူတည်ပြီး အုပ်စုဖွဲ့ရမည်။ (ဥပမာ- ၅ ဦးမှ ၈ ဦးအထိ)
၂။ နောက်ဆုံးလူမှလွဲ၍ ကျန်ကလေးများကို မျက်လုံးအဝတ်စည်းပြီး တစ်ဦးပခုံးကို တစ်ဦးကိုင်၍ သတ်မှတ်စည်းနောက်တွင် ရှေ့နောက်တန်းစီနေရာယူရမည်။
၃။ ခရာသံကြားလျှင် သတ်မှတ်စည်းမှ စထွက်ပြီး နောက်ဆုံးကလေး၏ ညွှန်ကြားချက်အတိုင်း ပြုလုပ်ရမည်။
၄။ တန်းကိုကျော်ခြင်း၊ ကတော့ချွန်ကို ဘယ်ညာကွေ့ခြင်း၊ ကွင်းအတွင်းဖြတ်ကျော်ခြင်းနှင့် ဘောလုံးကို ဂိုးအတွင်းသို့ ကန်သွင်းခြင်းတို့ကို ပြုလုပ်ရမည်။
၅။ ဘောလုံးကန်ပြီးသောအခါ အတွဲလိုက် သတ်မှတ်စည်းရောက်အောင် ပြန်သွားရမည်။သတ်မှတ်စည်းရောက်လျှင် ရှေ့ဆုံးကလေးက အဝတ်ဖြုတ်ပြီး နောက်ဆုံးကလေးကို မျက်လုံးအဝတ်စည်းပေးကာ နောက်ဆုံးတွင် နေရာယူရမည်။
၆။ ဤနည်းအတိုင်း ကလေးများအားလုံး အလှည့်ကျ နောက်ဆုံးကလေးနေရာတွင် တာဝန်ယူရမည်။

**မေးခွန်း**

| | | | | |
|---|---|---|---|---|
| ၁ | မီးရထားတွဲကစားနည်းကိုစိတ်ရောကိုယ်ပါတက်ကြွပျော်ရွှင်စွာ ကစားခဲ့သလား။ | | | |
| ၂ | အတွဲလိုက် ဟန်ချက်ညီသွားတတ်ပြီး အတားအဆီးတွေကို ဖြတ်ကျော်ကာ ဂိုးသွင်းနိုင်ခဲ့ကြသလား။ | | | |
| ၃ | အုပ်စုတွင်း ကစားနည်းစည်းမျဉ်းတွေကို ရှင်းလင်းစွာ ရှင်းပြနိုင်ခဲ့ကြသလား။ | | | |
| ၄ | အုပ်စုတွင်း ကျရာတာဝန်ကို သိမြင်လက်ခံတတ်ပြီး စိတ်ရောကိုယ်ပါ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသလား။ | | | |

၅၁

### ရုပ်ပုံများနှင့်ပတ်သက်သောရှင်းလင်းချက်များ

③ ကစားနည်းစည်းမျဉ်းများကို ဆရာက ရှင်းပြရမည်။
④ ကလေးများ၏ အုပ်စုလိုက် ကစားနည်းစည်းမျဉ်းများကို ဆွေးနွေးပြီး နေရာသတ်မှတ်ရန် အတည်ပြုဆုံးဖြတ်ရမည်။
⑤ ကစားနည်းစည်းမျဉ်းအတိုင်း အုပ်စုလိုက် စုပေါင်းကစားရမည်။

### သတိပြုရမည့်အချက်များ

၁။ ကစားကွင်းအလျားသည် ၅၅ ပေရှိရမည်။
၂။ သတ်မှတ် စည်းနှင့် တန်းအကွာအဝေး၊ တန်းတစ်ခုနှင့်တစ်ခု အကွာအဝေး၊ ကွင်းတစ်ခုနှင့်တစ်ခု အကွာအဝေးသည် ၁၀ ပေ ရှိရမည်။
၃။ ဘောလုံးနှင့် ဂိုးတိုင်အကွာအဝေးသည် ၅ပေ ရှိရမည်။

DBE Box

| အခန်း (၁၉) | စာသင်ချိန် ၁/၂ |
|---|---|

### သင်ယူမှုဦးတည်ချက်များ

- သုံးယောက်တွဲ ဟန်ချက်ညီလုပ်ဆောင်ခြင်းတွင် ပါဝင်လုပ်ဆောင်ခြင်းဖြင့် တက်ကြွပျော်ရွှင်မှုရှိရန်။
- သုံးယောက်တွဲလုပ်ဆောင်ရာတွင် သူငယ်ချင်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်တတ်ရန်။

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

ခရာ၊ ကတော့ချွန်၊ တန်းကျော်၊ စစ်ဆေးအကဲဖြတ်မှုမှတ်တမ်း။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ခန်းစာနှင့်မိတ်ဆက်ပြီး ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားခြင်း။ (၂ မိနစ်)

၂။ ကစားမည့်နေရာကို သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် မကစားမီ လုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများပြုလုပ်ခြင်း။ (၃ မိနစ်)

၃။ ဆရာက ကစားနည်းအဆင့်ဆင့်ကို ရှင်းပြခြင်းနှင့် ကလေးများ လက်တွေ့ လုပ်ဆောင်ခြင်း။ (၁၅ မိနစ်)

၄။ ကလေးများ လက်တွေ့လုပ်ဆောင်ချက်များမှ တွေ့ရှိချက်များကို အုပ်စုတွင်း ဆွေးနွေးခြင်း။ (၅ မိနစ်)

၅။ တန်းကျော်ခြင်းနှင့် ကတော့ချွန်များအား ကွေ့သွားခြင်းကို အုပ်စုလိုက် လေ့ကျင့်ခြင်း။ (၁၀ မိနစ်)

၆။ ကစားပြီးလုပ်ဆောင်ရမည့်လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ ချီးမွမ်းခြင်း၊ အားပေး ခြင်းနှင့် သင်ခန်းစာကို နိဂုံးချုပ်ခြင်း။ (၅ မိနစ်)

### စစ်ဆေးအကဲဖြတ်ရန်လမ်းညွှန်ချက်များ

| နယ်ပယ် / အဆင့် | ကစားရာတွင်တက်ကြွပျော်ရွှင်မှု ရှိခြင်း(ခံစားမှုဆိုင်ရာအကျိုး သက်ရောက်မှုနယ်ပယ်) | ပူးပေါင်းပါဝင် ဆောင်ရွက် တတ်ခြင်း (လူမှုရေးဆိုင်ရာ နယ်ပယ်) |
|---|---|---|
| ၃ | ကစားရာတွင် စိတ်ရောကိုယ်ပါ တက်ကြွ ပျော်ရွှင်မှုရှိသည်။ | သုံးယောက်တွဲလုပ်ဆောင်ရာတွင် အကောင်းဆုံး ပူးပေါင်းပါဝင် ဆောင်ရွက်တတ်သည်။ |
| ၂ | ကစားရာတွင် တက်ကြွပျော်ရွှင် မှုရှိသည်။ | သုံးယောက်တွဲလုပ်ဆောင် ရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်တတ် သည်။ |
| ၁ | ကစားရာတွင်တက်ကြွပျော်ရွှင် မှုရှိရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ် သည်။ | သုံးယောက်တွဲလုပ်ဆောင်ရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှုလိုအပ်သည်။ |

### အားပေးတုံ့ပြန်ချက်များ

- ကလေးတို့အားလုံး ကစားရာမှာ တက်ကြွပျော်ရွှင်မှုရှိကြတယ်။
- သူငယ်ချင်းတွေနဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြတယ်။




### ရုပ်ပုံများနှင့်ပတ်သက်သောရှင်းလင်းချက်များ

(၁) ဆရာက ကစားနည်းစည်းမျဉ်းများကို ရှင်းပြပြီး ကလေး များက အုပ်စုလိုက် လက်တွေ့လုပ်ဆောင်ရမည်။

(၂) ကလေးများသည် အုပ်စုလိုက် လက်တွေ့လုပ်ဆောင်ချက် များမှ တွေ့ရှိချက်များကို အုပ်စုတွင်းဆွေးနွေးရမည်။

(၃) တန်းများကိုကျော်သွားခြင်းနှင့် ကတော့ချွန်များကို ကွေ့သွား ခြင်းကို အုပ်စုလိုက် လေ့ကျင့်ရမည်။

### သတိပြုရမည့်အချက်များ

၁။ သုံးယောက်တစ်တွဲသွားရာတွင် ချိတ်ထားသော လက်များ မပြုတ်စေရန် သတိပြုရမည်။

၂။ တန်းကိုကျော်ရာတွင် ကလေးနှစ်ယောက်က ပထမဆုံး ကျော်မည့်ကလေးကို မ တင်ပေးရမည်။ ပြီးလျှင် ဒုတိယ ကလေး၊ တတိယကလေး စသည်ဖြင့် မ တင်ပေးရမည်။

၃။ ကတော့ချွန်ကို ကွေ့သွားရာတွင် သုံးယောက်တွဲ ညာ၊ ဘယ်၊ ဘယ်၊ ညာ စသည်ဖြင့် လှည့်သွားရမည်။

DBE BOX

အခန်း(၁၉) ဟန်ချက်ညီကစားနည်း




**ကစားနည်းစည်းမျဉ်းများ**

၁။ ကလေးဦးရေပေါ် မူတည်ပြီး အုပ်စုဖွဲ့ရမည်။ (ဥပမာ- ၆ ဦးမှ ၉ ဦးအထိ)
၂။ ကလေးများကို သုံးယောက်တစ်တွဲ တွဲစေပြီး အတွဲလိုက် သတ်မှတ်နေရာတွင်နေရာယူရမည်။
၃။ ခရာသံကြားလျှင် ပထမဆုံးအတွဲက စထွက်ရမည်။ ကတော့ချွန်များကို ကွေ့သွားရမည်။ တန်းများကို ကျော်သွားရမည်။ တန်းများကိုကျော်သွားရာတွင် သူငယ်ချင်းကျော်နိုင်ရန် ကျန်နှစ်ဦးက မ တင်ပေးရမည်။
၄။ နောက်ဆုံးသတ်မှတ်စည်းရောက်လျှင် မူလနေရာသို့ ပြန်လာရမည်။ မူလနေရာသို့ ပြန်ရောက်မှသာနောက်တစ်တွဲကထွက်ရမည်။
၅။ မူလနေရာသို့ အတွဲအားလုံး ပြန်ရောက်လျှင် ကစားခြင်းပြီးဆုံးသည်။

**မေးခွန်း**

| | | | | |
|---|---|---|---|---|
| ၁ | သုံးယောက်တွဲ ဟန်ချက်ညီကစားနည်းကို ကစားရာမှာ ပျော်ရွှင်ခဲ့ကြသလား။ | 😀 | 🙂 | ☹ |
| ၂ | သုံးယောက်တွဲ ကတော့ချွန်ကို ကွေ့သွားခြင်းနဲ့ တန်းတွေ ကျော်သွားခြင်းကို လုပ်ဆောင်ခဲ့ကြသလား။ | 😀 | 🙂 | ☹ |
| ၃ | ကစားနည်းစည်းမျဉ်းတွေကို နားလည်ပြီး ရှင်းပြနိုင်မလား။ | 😀 | 🙂 | ☹ |
| ၄ | သူငယ်ချင်းတွေနဲ့ အပေးအယူမျှမျှ ပူးပေါင်းဆောင်ရွက်ခဲ့ကြသလား။ | 😀 | 🙂 | ☹ |

၅၃

## ရုပ်ပုံများနှင့်ပတ်သက်သောရှင်းလင်းချက်များ

၄ ဆရာက ကစားနည်းစည်းမျဉ်းများကို ရှင်းပြရမည်။
၅ ကစားနည်းစည်းမျဉ်းများကို အုပ်စုလိုက် ဆွေးနွေးရမည်။
၆ ကစားနည်းစည်းမျဉ်းများအတိုင်း ကလေးများ အုပ်စုလိုက် စုပေါင်း ကစားရမည်။

### သတိပြုရမည့်အချက်များ

၁။ အလျား ၅၀ပေခန့်၊ အကျယ် ၁၅ ပေခန့်ရှိရမည်။
၂။ တန်းအမြင့် ၁ ပေ ရှိပြီး တန်းအကျယ် ၂ ပေ ၆ လက်မ ရှိရမည်။
၃။ ကတော့ချွန် တစ်ခုနှင့်တစ်ခု အကွာအဝေး ၆ ပေခန့် ရှိရမည်။
၄။ တန်း တစ်တန်းနှင့်တစ်တန်း အကွာအဝေး ၁၀ ပေခန့် ရှိရမည်။

## အခန်း (၁၉) စာသင်ချိန် ၂/၂

### သင်ယူမှုဦးတည်ချက်များ

- သုံးယောက်တွဲ ကတော့ချွန်များကို ကွေ့သွားခြင်း၊ တန်းများကို ကျော်ခြင်းတို့ကို လုပ်ဆောင်တတ်ရန်။
- ကစားနည်းစည်းမျဉ်းများကို အခြားသူများအားရှင်းပြတတ်ရန်။

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

ခရာ၊ ကတော့ချွန်၊ တန်းကျော်၊ စစ်ဆေးအကဲဖြတ်မှုမှတ်တမ်း။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ခန်းစာနှင့်မိတ်ဆက်ပြီး ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခြင်း။ (၃ မိနစ်)
၂။ ကစားမည့်နေရာကိုသန့်ရှင်းရေးပြုလုပ်ခြင်းနှင့် မကစားမီလုပ်ဆောင်ရမည့်လေ့ကျင့်ခန်းများပြုလုပ်ခြင်း။ (၃ မိနစ်)
၃။ ကစားနည်းစည်းမျဉ်းများကို ရှင်းလင်းပြောကြားခြင်း။ (၅ မိနစ်)
၄။ ကလေးများ ကစားနည်းစည်းမျဉ်းများကို အုပ်စုလိုက်ဆွေးနွေးခြင်း။ (၅ မိနစ်)
၅။ ကစားနည်းစည်းမျဉ်းများအတိုင်း အုပ်စုလိုက် စုပေါင်းကစားခြင်း။ (၁၅ မိနစ်)
၆။ ကလေးများ အုပ်စုတွင်း အားပေးတုံ့ပြန်ချက်များပေးခြင်းကို ဆရာက ကြည့်ရှုလေ့လာခြင်း။ (၅ မိနစ်)
၇။ ကစားပြီးလုပ်ဆောင်ရမည့်လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ ချီးမွမ်းခြင်း၊ အားပေးခြင်းနှင့် ကျောင်းသုံးစာအုပ်ပါ မေးခွန်းများဖြေဆိုခြင်း။ (၄ မိနစ်)

### စစ်ဆေးအကဲဖြတ်ရန်လမ်းညွှန်ချက်များ

| နယ်ပယ် / အဆင့် | ကတော့ချွန်များကွေ့သွားခြင်း၊ တန်းကျော်ခြင်းတို့ကိုလုပ်ဆောင်တတ်ခြင်း (လှုပ်ရှားမှုဆိုင်ရာ ကျွမ်းကျင်မှု နယ်ပယ်) | ကစားနည်းစည်းမျဉ်းများကို ရှင်းပြတတ်ခြင်း (သိမှုဆိုင်ရာ နားလည်အသုံးချမှုနယ်ပယ်) |
|---|---|---|
| ၃ | သုံးယောက်တွဲ ကတော့ချွန်များ ကွေ့သွားခြင်း၊ တန်းကျော်ခြင်း တို့ကို လျင်မြန်စွာ လုပ်ဆောင် တတ်သည်။ | ကစားနည်းစည်းမျဉ်းများကို ရှင်းလင်းစွာ ရှင်းပြနိုင်သည်။ |
| ၂ | သုံးယောက်တွဲ ကတော့ချွန်များ ကွေ့သွားခြင်း၊ တန်းကျော်ခြင်းတို့ကို လုပ်ဆောင်တတ်သည်။ | ကစားနည်းစည်းမျဉ်းများကို ရှင်းပြနိုင်သည်။ |
| ၁ | သုံးယောက်တွဲ ကတော့ချွန်များ ကွေ့သွားခြင်း၊ တန်းကျော်ခြင်းတို့ကို လုပ်ဆောင်နိုင်ရန် ကျောင်းသားများ နှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ | ကစားနည်းစည်းမျဉ်းများကို ရှင်းပြနိုင်ရန် ကျောင်းသားများ နှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ |

### အားပေးတုံ့ပြန်ချက်များ

- ကလေးတို့အားလုံး သုံးယောက်တွဲ ကတော့ချွန်တွေကို ကွေ့သွားတာ တန်းတွေကို ကျော်တာတို့ကို လုပ်ဆောင်နိုင်ခဲ့ကြတယ်။
- ကစားနည်းစည်းမျဉ်းတွေကို ရှင်းပြနိုင်ခဲ့ကြတယ်။

DBE BOX

| အခန်း (၂၀) | စာသင်ချိန် ၁/၂ |
|---|---|

## သင်ယူမှုဦးတည်ချက်များ

- သုံးကွက်တန်းကစားနည်းတွင် ပါဝင်ကစားခြင်းဖြင့် တက်ကြွပျော်ရွှင်မှုရှိရန်။
- ကစားရာတွင် သူငယ်ချင်းများကိုအလှည့်ပေးပြီး ပါဝင်ဆောင်ရွက်တတ်ရန်။

## သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

ခရာ၊ စာရွက်၊ ကတော့ချွန်၊ သားရေကွင်း၊ စစ်ဆေးအကဲဖြတ်မှု မှတ်တမ်း။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ခန်းစာနှင့်မိတ်ဆက်ပြီး ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခြင်း။ (၂ မိနစ်)

၂။ ကစားမည့်နေရာကို သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် မကစားမီ လုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများပြုလုပ်ခြင်း။ (၃ မိနစ်)

၃။ ကစားနည်းစည်းမျဉ်းများကို ရှင်းပြခြင်း၊ ဆရာက ကလေးအချို့နှင့် သရုပ်ပြခြင်း၊ ကလေးများ လက်တွေ့လုပ်ဆောင်ခြင်း။ (၁၅ မိနစ်)

၄။ ကလေးများ လက်တွေ့လုပ်ဆောင်ချက်များမှ တွေ့ရှိချက်များကို အုပ်စုတွင်း ဆွေးနွေးခြင်း။ (၅ မိနစ်)

၅။ ကလေးများကို အုပ်စုလိုက်ဆွေးနွေးခြင်း၊ ကလေးများလေ့ကျင့်စေခြင်းနှင့် ကလေးများ၏ လုပ်ဆောင်မှုကို ကြည့်ရှုလေ့လာစေခြင်း၊ သတိပြုရမည့် အချက်များကို ပြန်လည်သတိပေးခြင်း။ (၁၀ မိနစ်)

၆။ ကစားပြီးလုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ ချီးမွမ်းခြင်း၊ အားပေးခြင်းနှင့် သင်ခန်းစာကို နိဂုံးချုပ်ခြင်း။ (၅ မိနစ်)

## စစ်ဆေးအကဲဖြတ်ရန်လမ်းညွှန်ချက်များ

| နယ်ပယ် / အဆင့် | စိတ်ရောကိုယ်ပါ တက်ကြွပျော်ရွှင်မှုရှိခြင်း(ခံစားမှုဆိုင်ရာ အကျိုးသက်ရောက်မှုနယ်ပယ်) | သူငယ်ချင်းများကိုအလှည့်ပေးပြီး ပူးပေါင်းပါဝင်ဆောင်ရွက်တတ်ခြင်း(လူမှုရေးဆိုင်ရာ နယ်ပယ်) |
|---|---|---|
| ၃ | ကစားရာတွင် စိတ်ရောကိုယ်ပါ တက်ကြွပျော်ရွှင်မှုရှိသည်။ | သူငယ်ချင်းများကို အမြဲတမ်း အလှည့်ပေးပြီး ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်သည်။ |
| ၂ | ကစားရာတွင် တက်ကြွပျော်ရွှင်မှု ရှိသည်။ | သူငယ်ချင်းများကိုအလှည့်ပေးပြီး ပူးပေါင်းပါဝင်ဆောင်ရွက်နိုင် သည်။ |
| ၁ | ကစားရာတွင် တက်ကြွပျော်ရွှင်မှု ရှိရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ် သည်။ | သူငယ်ချင်းများကိုအလှည့်ပေးပြီး ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ |

## အားပေးတုံ့ပြန်ချက်များ

- ကလေးတို့အားလုံး သုံးကွက်တန်းကစားနည်းကို ပျော်ရွှင်စွာ ကစားခဲ့ကြတယ်။
- သူငယ်ချင်းတွေကို အလှည့်ပေးပြီး ပါဝင်ဆောင်ရွက်နိုင်ခဲ့ကြတယ်။




## ရုပ်ပုံများနှင့်ပတ်သက်သောရှင်းလင်းချက်များ

၁ ဆရာက ကစားနည်းစည်းမျဉ်းများကို ရှင်းပြပြီး ကလေးအချို့နှင့် စာရွက်ပေါ်တွင် သုံးကွက်တန်း ကစားနည်းကို ကစားရမည်။

၂ ကလေးများသည် ကစားနည်းအဆင့်ဆင့်နှင့် မိမိနေရမည့် နံပါတ် နေရာကို ဆွေးနွေးရမည်။

၃ သုံးကွက်တန်းကစားနည်းကို ကလေးများ အုပ်စုလိုက် လေ့ကျင့်ရမည်။

## သတိပြုရမည့်အချက်များ

၁။ ခရာသံကြားလျှင် မြန်မြန်ထွက်ရမည်။

၂။ ကိုယ့်အုပ်စု၏ ကတော့ချွန် သို့မဟုတ် သားရေကွင်းကို သုံးကွက်တန်းအောင်လုပ်ရမည်။

၃။ ပစ္စည်းရှိသောနေရာကိုနောက်တစ်ခုထပ်မချရ။

၄။ မိမိချမည့်အကွက်ကို တိတိကျကျ သေချာစွာချရမည်။

၅။ ပစ္စည်းသုံးကွက်တန်းပြီး တစ်ဖွဲ့လုံးထိုင်မှသာလျှင် အနိုင်ရမည်။

၆။ နံပါတ်စဉ်အလိုက် အလှည့်ကျ ပြောင်းလဲကစားရမည်။

DBE BOX




**ကစားနည်းစည်းမျဉ်းများ**

၁။ ကလေးဦးရေပေါ်မူတည်ပြီး အုပ်စုဖွဲ့ရမည်။ (ဥပမာ- ၃ ဦးမှ ၄ ဦးအထိ)
၂။ သတ်မှတ်စည်းတွင် အတန်းလိုက် မတ်တတ်ရပ်နေရာယူပြီး ရှေ့ဆုံး ၃ ယောက်လက်ထဲတွင် ပစ္စည်းတစ်ခုစီ ပေးထားရမည်။
၃။ ခရာသံကြားလျှင် ပထမဆုံးကလေးက သတ်မှတ်ကစားကွင်းသို့ပြေးသွားကာ မိမိကြိုက်နှစ်သက်ရာ အကွက်တွင်ပစ္စည်းထားပြီး မိမိနေရာသို့ပြန်ပြေးလာကာ ဒုတိယကလေးနှင့် လက်ချင်းရိုက်ပြီး နောက်တွင်ထိုင်ရမည်။
၄။ ဒုတိယကလေးက လက်ချင်းရိုက်ပြီး သတ်မှတ်ကစားကွင်းသို့ပြေးကာ အသင်းအောင်နိုင်ရေးအတွက် စဉ်းစားပြီး ပစ္စည်းကို ထားရမည်။ ဤနည်းအတိုင်း ကျန်ကလေးများက ဆက်ကစားရမည်။
၅။ စတုတ္ထကလေးက ပထမကလေး ၃ ယောက် သုံးကွက်မတန်းလျှင် ကစားကွင်းသို့ပြေးသွားကာ သုံးကွက်တန်းအောင် မိမိအဖွဲ့၏ ပစ္စည်းများထဲမှ တစ်ခုကို နေရာရွှေ့ထားနိုင်သည်။
၆။ သုံးကွက်တန်းသည်အထိ ကစားရမည်။

**မေးခွန်း**

| | | | | |
|---|---|---|---|---|
| ၁ | သုံးကွက်တန်းကစားနည်းမှာ ပါဝင်ကစားခြင်းဖြင့် ပျော်ရွှင်ခဲ့ကြသလား။ | | | |
| ၂ | လျင်လျင်မြန်မြန်ပြေးပြီး သုံးကွက်တန်းအောင် လုပ်ဆောင်နိုင်ခဲ့ကြသလား။ | | | |
| ၃ | ကစားနည်းစည်းမျဉ်းတွေကိုနားလည်ပြီး သူငယ်ချင်းတွေကို ရှင်းပြခဲ့သလား။ | | | |
| ၄ | သူငယ်ချင်းတွေနဲ့ တိုင်ပင်ဆွေးနွေးပြီး အကောင်းဆုံးကစားနိုင်အောင် အကြံပေးခဲ့ကြသလား။ | | | |

၅၅

## ရုပ်ပုံများနှင့်ပတ်သက်သောရှင်းလင်းချက်များ

၄ ဆရာက ကစားနည်းစည်းမျဉ်းများကို ရှင်းပြရမည်။
၅ ကလေးများသည် မည်သို့ကစားရသည်ကို အုပ်စုလိုက် ဆွေးနွေးတိုင်ပင်ပြီး စာရွက်ပေါ်တွင် သုံးကွက်တန်း ကစားနည်းကို ကစားရမည်။
၆ ကစားနည်းစည်းမျဉ်းများအတိုင်း အုပ်စုလိုက် စုပေါင်းကစားရမည်။

## သတိပြုရမည့်အချက်များ

၁။ အလျား ၉ ပေ၊ အနံ ၉ ပေရှိသည့် ကစားကွင်းဆွဲရမည်။
၂။ ၃ ပေပတ်လည် အကွက် ၉ ကွက်ဆွဲရမည်။
၃။ ကလေးများ ပြေးရမည့်အကွာအဝေးသည် ၁၅ ပေ ရှိရမည်။

# အခန်း (၂၀) | စာသင်ချိန် ၂/၂

## သင်ယူမှုဦးတည်ချက်များ

- လျင်လျင်မြန်မြန်ပြေးပြီး သုံးကွက်တန်းအောင် လုပ်ဆောင်တတ်ရန်။
- ကစားနည်းစည်းမျဉ်းများကို ရှင်းပြတတ်ရန်။

## သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

ခရာ၊ စာရွက်၊ ကတော့ချွန်၊ သားရေကွင်း၊ စစ်ဆေးအကဲဖြတ်မှု မှတ်တမ်း။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ခန်းစာနှင့်မိတ်ဆက်ပြီး ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခြင်း။ (၂ မိနစ်)
၂။ ကစားမည့်နေရာကို သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် မကစားမီလုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများပြုလုပ်ခြင်း။(၃ မိနစ်)
၃။ ဆရာက ကစားနည်းစည်းမျဉ်းများကို ရှင်းပြခြင်း။ (၅ မိနစ်)
၄။ ကလေးများ အုပ်စုလိုက် စာရွက်ပေါ်တွင် သုံးကွက်တန်းကစားနည်းကို လက်တွေ့လုပ်ဆောင်ပြီး ဆွေးနွေးတိုင်ပင်ခြင်း။ (၁၀ မိနစ်)
၅။ ကစားနည်းစည်းမျဉ်းများအတိုင်း အုပ်စုလိုက် စုပေါင်းကစားခြင်း။ (၁၅ မိနစ်)
၆။ ကစားပြီးလုပ်ဆောင်ရမည့်လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ ချီးမွမ်းခြင်း၊ အားပေးခြင်းနှင့် ကျောင်းသုံးစာအုပ်ပါ မေးခွန်းများဖြေဆိုခြင်း။ (၅ မိနစ်)

## စစ်ဆေးအကဲဖြတ်ရန်လမ်းညွှန်ချက်များ

| နယ်ပယ် / အဆင့် | သုံးကွက်တန်းအောင် လုပ်ဆောင်တတ်ခြင်း (လှုပ်ရှားမှုဆိုင်ရာ ကျွမ်းကျင်မှု နယ်ပယ်) | ကစားနည်းစည်းမျဉ်းများကို ရှင်းပြတတ်ခြင်း (သိမှုဆိုင်ရာ နားလည်အသုံးချမှု နယ်ပယ်) |
|---|---|---|
| ၃ | သုံးကွက်တန်းခြင်းကို ၃ ကြိမ်နှင့် အထက်လုပ်ဆောင်နိုင်သည်။ | ကစားနည်းစည်းမျဉ်းများကို အခြားသူများ နားလည်လွယ်အောင် ရှင်းပြနိုင်သည်။ |
| ၂ | သုံးကွက်တန်းခြင်းကို ၂ ကြိမ် လုပ်ဆောင်နိုင်သည်။ | ကစားနည်းစည်းမျဉ်းများကို ရှင်းပြနိုင်သည်။ |
| ၁ | သုံးကွက်တန်းခြင်းကို လုပ်ဆောင်နိုင်ရန် ဆရာနှင့် ကျောင်းသားအချင်းချင်း၏ အားပေးကူညီမှု လိုအပ်သည်။ | ကစားနည်းစည်းမျဉ်းများကို ရှင်းပြနိုင်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ |

## အားပေးတုံ့ပြန်ချက်များ

- ကလေးတို့အားလုံး လျင်လျင်မြန်မြန်ပြေးပြီး သုံးကွက်တန်းအောင် လုပ်နိုင်ခဲ့ကြတယ်။
- ကစားနည်းစည်းမျဉ်းတွေကို ရှင်းပြနိုင်ခဲ့ကြတယ်။



DBE BOX

| အခန်း (၂၁) | စာသင်ချိန် ၁/၄ |
|---|---|

## သင်ယူမှုဦးတည်ချက်များ

- ကြက်ဥကောက်ကစားခြင်းတွင် ပါဝင်လုပ်ဆောင်ခြင်းဖြင့် တက်ကြွပျော်ရွှင်မှု ရှိရန်။
- အခြားသူများ၏ မတူညီချက်များကို နားလည်လက်ခံတတ်ရန်။

## သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

ခရာ၊ ပလတ်စတစ်ကွင်း၊ ပလတ်စတစ်ကြက်ဥ၊ ကတော့ချွန်၊ စစ်ဆေးအကဲဖြတ်မှုမှတ်တမ်း။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ခန်းစာနှင့် မိတ်ဆက်ပြီး ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားခြင်း။ (၅ မိနစ်)
၂။ ကစားမည့်နေရာကို သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် မကစားမီ လုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများပြုလုပ်ခြင်း။ ( ၅ မိနစ်)
၃။ ကစားနည်းကို ရှင်းပြခြင်းနှင့် ဆရာနှင့် ကလေးအချို့က သရုပ်ပြခြင်း။ ( ၅ မိနစ်)
၄။ ကလေးများ အုပ်စုလိုက် စုပေါင်းကစားခြင်း။ (၁၅ မိနစ်)
၅။ ဆရာနှင့်ကလေးများ အုပ်စုလိုက် အကောင်းမြင်တုံ့ပြန်ချက်ပေးခြင်းနှင့် ကစားနည်းကို ဆွေးနွေးခြင်း။ (၅ မိနစ်)
၆။ ကစားပြီးလုပ်ဆောင်ရမည့်လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ ချီးမွမ်းခြင်း၊ အားပေးခြင်းနှင့် သင်ခန်းစာကို နိဂုံးချုပ်ခြင်း။ (၅ မိနစ်)

## စစ်ဆေးအကဲဖြတ်ရန်လမ်းညွှန်ချက်များ

| နယ်ပယ် / အဆင့် | ကြက်ဥကောက်ကစားခြင်းတွင် တက်ကြွပျော်ရွှင်မှုရှိခြင်း(ခံစားမှုဆိုင်ရာ အကျိုးသက်ရောက်မှုနယ်ပယ်) | အခြားသူများ၏ မတူညီချက်များကို လက်ခံတတ်ခြင်း (လူမှုရေးဆိုင်ရာ နယ်ပယ်) |
|---|---|---|
| ၃ | ကြက်ဥကောက်ကစားခြင်းတွင် ပါဝင်လုပ်ဆောင်ခြင်းဖြင့် စိတ်ရောကိုယ်ပါ တက်ကြွပျော်ရွှင်မှုရှိသည်။ | အခြားသူများ၏ မတူညီချက်များအပေါ် အပြုသဘောဆောင်လက်ခံတတ်သည်။ |
| ၂ | ကြက်ဥကောက်ကစားခြင်းတွင် ပါဝင်လုပ်ဆောင်ခြင်းဖြင့်တက်ကြွပျော်ရွှင်မှုရှိသည်။ | အခြားသူများ၏ မတူညီချက်များကိုလက်ခံတတ်သည်။ |
| ၁ | ကြက်ဥကောက်ကစားခြင်းတွင် ပါဝင်လုပ်ဆောင်ခြင်းဖြင့်တက်ကြွပျော်ရွှင်မှုရှိရန်ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ | အခြားသူများ၏ မတူညီချက်များကို လက်ခံတတ်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ |

## အားပေးတုံ့ပြန်ချက်များ

- ကလေးတို့အားလုံး ကစားရာမှာ တက်ကြွပျော်ရွှင်ခဲ့ကြတယ်။
- အခြားသူတွေကိုလည်း နားလည်လက်ခံခဲ့ကြတယ်။




## ရုပ်ပုံများနှင့်ပတ်သက်သောရှင်းလင်းချက်များ

၁ ဆရာက ကစားနည်းကို ရှင်းပြပြီး ဆရာနှင့် ကလေးအချို့ ကစားနည်းကို သရုပ်ပြရမည်။ ကျန်ကလေးများက ကြည့်ရှု လေ့လာရမည်။
၂ ကလေးများသည် ကွင်းများကိုသွားယူပြီး ကြက်ဥကောက် ကစားနည်းကို အုပ်စုလိုက် စုပေါင်းကစားရမည်။
၃ ဆရာနှင့်ကလေးများ အုပ်စုလိုက် အကောင်းမြင်တုံ့ပြန်ချက် ပေးရမည်။

## သတိပြုရမည့်အချက်များ

၁။ ကွင်းကို မိမိခုန်နိုင်သော အကွာအဝေးအတိုင်းချပြီး စုံခုန်ရမည်။
၂။ နောက်ကကွင်းကို ယူနိုင်ရန် လက်လှမ်းမီသော အကွာအဝေးသို့သာ ကွင်းကိုချရမည်။

DBE BOX

အခန်း(၂၁) ကြက်ဥကောက်ကစားနည်း




၅၃

## အခန်း (၂၁) စာသင်ချိန် ၂/၄

### သင်ယူမှုဦးတည်ချက်များ

- အုပ်စုလိုက် ကွင်းများကို ရွှေ့ချပြီး ခုန်သွားတတ်ရန်။
- အုပ်စုလိုက်လေ့ကျင့်ရာတွင် အကြံဉာဏ်များ ပေးတတ်ရန်။

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

ခရာ၊ ပလတ်စတစ်ကွင်း၊ ပလတ်စတစ်ကြက်ဥ၊ ကတော့ချွန်၊ စစ်ဆေးအကဲဖြတ်မှုမှတ်တမ်း။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ခန်းစာကို မိတ်ဆက်ပြီး ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားခြင်း။ (၂ မိနစ်)

၂။ ကစားမည့်နေရာကို သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် မကစားမီ လုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများပြုလုပ်ခြင်း။ ( ၃ မိနစ်)

၃။ ကစားနည်းကို ရှင်းပြခြင်းနှင့် ကလေးများ အုပ်စုလိုက် လေ့ကျင့်ခြင်း။ (၂၇ မိနစ်)
(က) တစ်ဦးချင်း ကွင်းနှစ်ကွင်းကိုအသုံးပြုကာသွားခြင်း။
(ခ) နှစ်ယောက်တွဲ ကွင်းသုံးကွင်းကိုအသုံးပြုကာသွားခြင်း။
(ဂ) လေးယောက်တွဲ ကွင်း ၅ ကွင်းကိုအသုံးပြုကာသွားခြင်း။

၄။ ကလေးများ အုပ်စုလိုက် အကောင်းမြင်တုံ့ပြန်ချက်ပေးခြင်းနှင့် ကစားနည်းကို ဆွေးနွေးခြင်း။ (၄ မိနစ်)

၅။ ကစားပြီးလုပ်ဆောင်ရမည့်လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ ချီးမွမ်းခြင်း၊ အားပေးခြင်းနှင့် သင်ခန်းစာကို နိဂုံးချုပ်ခြင်း။ (၄ မိနစ်)

### ရုပ်ပုံများနှင့်ပတ်သက်သောရှင်းလင်းချက်များ

၄ ကလေးများ အတန်းလိုက် သတ်မှတ်နေရာတွင်ရပ်ရမည်။ ပထမဆုံးကလေးသည် ကွင်းတစ်ကွင်းထဲတွင်ရပ်ထားပြီး လက်တွင် ကွင်းတစ်ကွင်းကိုကိုင်ထားရမည်။ ခရာသံကြားလျှင် လက်တွင်ကိုင်ထားသောကွင်းကို ရှေ့သို့ချကာ ခုန်ကျော်သွားရမည်။ ကတော့ချွန်ကိုတွေ့လျှင် ကွေ့ကာ မိမိနေရာသို့ပြန်လာပြီး ဒုတိယကလေးကို ကွင်းများပေးရမည်။ ဒုတိယကလေးက ပထမကလေး လုပ်ဆောင်သည့်အတိုင်း ဆက်လက် လုပ်ဆောင်ရမည်။

၅ ကလေးများ နှစ်ယောက်တစ်တွဲ ကွင်း ၃ ကွင်းကို အသုံးပြုကာ နံပါတ် (၄) အတိုင်း လေ့ကျင့်ရမည်။

၆ ကလေးများ ၄ ယောက်တစ်တွဲ ကွင်း ၅ ကွင်းကို အသုံးပြုကာ နံပါတ် (၄) အတိုင်း လေ့ကျင့်ရမည်။

### သတိပြုရမည့်အချက်များ

၁။ ကလေးများ အုပ်စုများများ လေ့ကျင့်နိုင်အောင် လေ့ကျင့်ရမည်။
၂။ ကွင်းအတွင်း ရောက်အောင် ခုန်ရမည်။
၃။ ခြေစုံကျရာတွင် ဖနောင့်ဖြင့်မကျအောင် ဂရုပြုရမည်။

### စစ်ဆေးအကဲဖြတ်ရန်လမ်းညွှန်ချက်များ

| နယ်ပယ် / အဆင့် | အတွဲလိုက် ကွင်းများကို အသုံးပြုကာသွားတတ်ခြင်း (လှုပ်ရှားမှုဆိုင်ရာ ကျွမ်းကျင်မှုနယ်ပယ်) | အုပ်စုလိုက်လေ့ကျင့်ရာတွင် အကြံဉာဏ်များပေးတတ်ခြင်း (လူမှုရေးဆိုင်ရာနယ်ပယ်) |
|---|---|---|
| ၃ | အတွဲလိုက် ကွင်းများကို အသုံးပြုကာ လျင်မြန်စွာ သွားတတ်သည်။ | အုပ်စုလိုက်လေ့ကျင့်ရာတွင် အကြံဉာဏ်ကောင်းများပေးတတ်သည်။ |
| ၂ | အတွဲလိုက် ကွင်းများကို အသုံးပြုကာ သွားတတ်သည်။ | အုပ်စုလိုက်လေ့ကျင့်ရာတွင် အကြံဉာဏ်များ ပေးတတ်သည်။ |
| ၁ | အတွဲလိုက် ကွင်းများကို အသုံးပြုကာ သွားတတ်ရန်ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ | အုပ်စုလိုက်လေ့ကျင့်ရာတွင် အကြံဉာဏ်များ ပေးတတ်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ |

### အားပေးတုံ့ပြန်ချက်များ

- ကလေးတို့အားလုံး အုပ်စုလိုက် ကွင်းတွေကို ရွှေ့ချပြီး ခုန်သွားတတ်ကြတယ်။
- အုပ်စုလိုက်လေ့ကျင့်ရာမှာ အကြံဉာဏ်တွေ ပေးတတ်ကြတယ်။



DBE BOX

## အခန်း (၂၁) | စာသင်ချိန် ၃/၄

### သင်ယူမှုဦးတည်ချက်များ

- ကစားနည်းစည်းမျဉ်းများကို အခြားသူများအား ရှင်းပြတတ်ရန်။
- သူငယ်ချင်းများ၏ လုပ်ဆောင်ချက်များအပေါ် အားပေးတတ်ရန်။

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

ခရာ၊ ပလတ်စတစ်ကွင်း၊ ပလတ်စတစ်ကြက်ဥ၊ ကတော့ချွန်၊ စစ်ဆေးအကဲဖြတ်မှုမှတ်တမ်း။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ခန်းစာနှင့် မိတ်ဆက်ပြီး ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားခြင်း။ (၂ မိနစ်)
၂။ ကစားမည့်နေရာကိုသန့်ရှင်းရေးပြုလုပ်ခြင်းနှင့် မကစားမီလုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများပြုလုပ်ခြင်း။ ( ၃ မိနစ်)
၃။ ကစားနည်းစည်းမျဉ်းများကို ရှင်းလင်းပြောကြားခြင်း။ ( ၅ မိနစ်)
၄။ ကစားနည်းစည်းမျဉ်းများနှင့် နည်းပရိယာယ်များကို အုပ်စုလိုက် ဆွေးနွေးခြင်း။ (၅ မိနစ်)
၅။ ကစားနည်းစည်းမျဉ်းများအတိုင်း အုပ်စုလိုက် ယှဉ်ပြိုင်ကစားခြင်း။ (၁၅ မိနစ်)
၆။ ကလေးများ အုပ်စုလိုက် အကောင်းမြင်တုံ့ပြန်ချက်များပေးခြင်း။ (၅ မိနစ်)
၇။ ကစားပြီးလုပ်ဆောင်ရမည့်လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ ချီးမွမ်းခြင်း၊ အားပေးခြင်းနှင့် သင်ခန်းစာကို နိဂုံးချုပ်ခြင်း။ (၅ မိနစ်)

### စစ်ဆေးအကဲဖြတ်ရန်လမ်းညွှန်ချက်များ

| နယ်ပယ် / အဆင့် | ကစားနည်းစည်းမျဉ်းများကို ရှင်းပြတတ်ခြင်း (သိမှုဆိုင်ရာနားလည် အသုံးချမှုနယ်ပယ်) | သူငယ်ချင်းများကို အားပေးတတ်ခြင်း (လူမှုရေးဆိုင်ရာနယ်ပယ်) |
|---|---|---|
| ၃ | ကစားနည်းစည်းမျဉ်းများကို အခြားသူများ နားလည်လွယ်အောင် ရှင်းပြနိုင်သည်။ | သူငယ်ချင်းများ၏ လုပ်ဆောင်ချက်များအပေါ် အမြဲတမ်း အားပေးတတ်သည်။ |
| ၂ | ကစားနည်းစည်းမျဉ်းများကို ရှင်းပြနိုင်သည်။ | သူငယ်ချင်းများ၏ လုပ်ဆောင်ချက်များအပေါ် အားပေးတတ်သည်။ |
| ၁ | ကစားနည်းစည်းမျဉ်းများကို ရှင်းပြနိုင်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ | သူငယ်ချင်းများ၏ လုပ်ဆောင်ချက်များအပေါ် အားပေးတတ်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ |

### အားပေးတုံ့ပြန်ချက်များ

- ♦ ကစားနည်းစည်းမျဉ်းတွေကို ရှင်းပြနိုင်ကြတယ်။
- ♦ သူငယ်ချင်းတွေကို အားပေးနိုင်ခဲ့ကြတယ်။




### ရုပ်ပုံများနှင့်ပတ်သက်သောရှင်းလင်းချက်များ

၇ ဆရာက ကစားနည်းစည်းမျဉ်းများကို ရှင်းပြရမည်။ ကလေးများ နားမလည်သည်များကို မေးမြန်းဆွေးနွေးရမည်။
၈ ကလေးများသည် အုပ်စုလိုက် ကစားနည်းစည်းမျဉ်းများနှင့် နည်းပရိယာယ်များကို တိုင်ပင်ဆွေးနွေးရမည်။
၉ ကလေးများ အုပ်စုလိုက် ကစားနည်းစည်းမျဉ်းများအတိုင်း ယှဉ်ပြိုင်ကစားရမည်။

### သတိပြုရမည့်အချက်များ

၁။ ကွင်းများကို တစ်ယောက်ကျော်၍ မပေးရန် ဂရုပြုရမည်။
၂။ ကြက်ဥများကို အစဉ်လိုက် ကောက်သွားရမည်။

DRBOX

အခန်း(၂၁) ကြက်ဥကောက်ကစားနည်း




**ကစားနည်းစည်းမျဉ်းများ**

၁။ ကလေးဦးရေပေါ်မူတည်ပြီး အုပ်စုဖွဲ့ရမည်။ (ဥပမာ- ၄ ဦးမှ ၇ ဦးအထိ)
၂။ သတ်မှတ်နေရာများတွင်ရှေ့နောက်တန်းစီကာ ပထမကလေးလက်ထဲတွင် ကွင်း ၂ ကွင်းကိုင်ထားရမည်။
၃။ ပထမကလေးက လက်ထဲကကွင်းကို ရှေ့တွင်ချကာ ကွင်းအတွင်း ခုန်ကျော်ပြီးသွားရမည်။ ကတော့ချွန်တွင်စွပ်ထားသော ကွင်းများမှ ၁ ကွင်းကိုယူကာ မူလနေရာသို့ပြန်လာပြီး ဒုတိယကလေးကို ကွင်းပေးရမည်။ ပထမကလေးနှင့် ဒုတိယကလေးက ကွင်းများကို အသုံးပြုကာ နောက်ထပ်ကွင်းကိုယူပြီး တတိယကလေးကို ပေးရမည်။ ဤနည်းအတိုင်း ကလေးများအားလုံးကုန်သည်အထိ ကစားရမည်။ ကလေးများ အားလုံးကုန်သွားလျှင် ကြက်ဥများ ဖြန့်ချထားသော နေရာသို့သွားကာ ကြက်ဥများကို ကောက်ယူရမည်။
၄။ ကြက်ဥအများဆုံးကောက်ယူနိုင်သောအဖွဲ့က အနိုင်ရမည်။

**မေးခွန်း**

| | | | | |
|---|---|---|---|---|
| ၁ | ကွင်းတွေကို အသုံးပြုပြီး အတွဲလိုက် ကြက်ဥကောက်တာကို တက်ကြွပျော်ရွှင်စွာ ကစားခဲ့ကြသလား။ | | | |
| ၂ | ကွင်းတွေကို အသုံးပြုပြီး အတွဲလိုက် အဆင်ပြေပြေသွားတတ်ခဲ့ကြသလား။ | | | |
| ၃ | ကစားနည်းစည်းမျဉ်းတွေကို ရှင်းရှင်းလင်းလင်း ရှင်းပြနိုင်မလား။ | | | |
| ၄ | အုပ်စုလိုက်သွားရာမှာ အပေးအယူမျှမျှလုပ်ဆောင်ခဲ့ကြသလား။ | | | |

၅၉

## ရုပ်ပုံများနှင့်ပတ်သက်သောရှင်းလင်းချက်များ

၁၀ ကလေးများသည် ပြောင်းလဲကစားလိုသည့် ကစားနည်းစည်းမျဉ်းများကို အုပ်စုလိုက် ဆွေးနွေးရမည်။

၁၁ ကလေးများသည်ဆွေးနွေးထားသောကစားနည်းစည်းမျဉ်းများကို ဆရာနှင့် ကလေးများ အတည်ပြုချမှတ်ရမည်။

၁၂ ကစားနည်းစည်းမျဉ်းများအတိုင်း အုပ်စုလိုက် ယှဉ်ပြိုင်ကစားရမည်။ ကလေးများအချင်းချင်း ကစားဖော်များ၏ အောင်မြင်မှုအပေါ် ချီးကျူးအားပေးစကား ပြောကြားပေးရမည်။

## သတိပြုရမည့်အချက်များ

ကစားနည်းစည်းမျဉ်းများကို ပြောင်းလဲရာတွင် အောက်ပါတို့ကို ပြောင်းလဲနိုင်သည်။

၁။ လူဦးရေတိုးခြင်း။

၂။ ကြက်ဥများကို ဖြန့်ချခြင်း။

၃။ ကစားကွင်း အကွာအဝေးတိုးခြင်း။

၄။ အချိန်ဖြင့်ကစားခြင်း။

၅။ အလယ်တွင် ကွင်းများမထားဘဲ သတ်မှတ်စည်းမှ တစ်ခါတည်းထွက်ပြီး ကြက်ဥများကို သွားကောက်ခြင်း။

## အခန်း (၂၁) စာသင်ချိန် ၄/၄

### သင်ယူမှုဦးတည်ချက်များ

- ကစားနည်းစည်းမျဉ်းများကို ရှင်းပြတတ်ရန်။
- ကစားဖော်များ၏ အောင်မြင်မှုအပေါ် ချီးကျူးအားပေးတတ်ရန်။

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

ခရာ၊ ပလတ်စတစ်ကွင်း၊ ပလတ်စတစ်ကြက်ဥ၊ ကတော့ချွန်၊ စစ်ဆေးအကဲဖြတ်မှုမှတ်တမ်း။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ခန်းစာနှင့်မိတ်ဆက်ပြီး ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားခြင်း။ (၂ မိနစ်)
၂။ ကစားမည့်နေရာကို သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် မကစားမီလုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများပြုလုပ်ခြင်း။ ( ၃ မိနစ်)
၃။ ကစားနည်းစည်းမျဉ်းများကို ရှင်းပြခြင်း။ ( ၅ မိနစ်)
၄။ ကလေးများ အုပ်စုလိုက် ကစားနည်းစည်းမျဉ်းများနှင့် နည်းပရိယာယ်များကို ဆွေးနွေးခြင်း။ (၅ မိနစ်)
၅။ ကလေးများ အုပ်စုလိုက် ကစားနည်းစည်းမျဉ်းများအတိုင်း ယှဉ်ပြိုင်ကစားခြင်း။ (၁၅ မိနစ်)
၆။ ကလေးအချင်းချင်း အုပ်စုလိုက် အကောင်းမြင်တုံ့ပြန်ချက်များပေးခြင်း။ (၅ မိနစ်)
၇။ ကစားပြီးလုပ်ဆောင်ရမည့်လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ ချီးမွမ်းခြင်း၊ အားပေးခြင်းနှင့် သင်ခန်းစာကို နိဂုံးချုပ်ခြင်း။ (၅ မိနစ်)

### စစ်ဆေးအကဲဖြတ်ရန်လမ်းညွှန်ချက်များ

| နယ်ပယ် / အဆင့် | ကစားနည်းစည်းမျဉ်းများကို နားလည်သဘောပေါက်ခြင်း (သိမှုဆိုင်ရာနားလည် အသုံးချမှု နယ်ပယ်) | ကစားဖော်များ၏ အောင်မြင်မှုအပေါ် ချီးကျူးတတ်ခြင်း (လူမှုရေးဆိုင်ရာနယ်ပယ်) |
|---|---|---|
| ၃ | ကစားနည်းစည်းမျဉ်းများကိုအခြားသူများ နားလည်လွယ်အောင် ရှင်းပြနိုင်သည်။ | ကစားဖော်များ၏ အောင်မြင်မှုအပေါ် အပြုသဘောဆောင် ချီးကျူးအားပေးတတ်သည်။ |
| ၂ | ကစားနည်းစည်းမျဉ်းများကို ရှင်းပြနိုင်သည်။ | ကစားဖော်များ၏ အောင်မြင်မှုအပေါ် ချီးကျူးအားပေးတတ်သည်။ |
| ၁ | ကစားနည်းစည်းမျဉ်းများကို ရှင်းပြနိုင်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ | ကစားဖော်များ၏ အောင်မြင်မှုအပေါ် ချီးကျူးအားပေးတတ်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ |

### အားပေးတုံ့ပြန်ချက်များ

- ကလေးတို့အားလုံး ကစားနည်းစည်းမျဉ်းတွေကို ရှင်းပြနိုင်ခဲ့ကြတယ်။
- ကစားဖော်တွေကို ချီးကျူးအားပေးတတ်ကြတယ်။



DBE BOX

## အခန်း (၂၂) | စာသင်ချိန် ၁/၄

### သင်ယူမှုဦးတည်ချက်များ

- မြွေလိမ်မြွေကောက်ကစားနည်းကို ပါဝင်လုပ်ဆောင်ခြင်းဖြင့် ပျော်ရွှင်မှုရှိရန်။
- ကစားရာတွင် အားပေးပြီး ပူးပေါင်းဆောင်ရွက်တတ်ရန်။

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

ခရာ၊ သားရေကွင်း၊ စစ်ဆေးအကဲဖြတ်မှုမှတ်တမ်း။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ခန်းစာနှင့် မိတ်ဆက်ပြီး ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားခြင်း။ (၃ မိနစ်)

၂။ ကစားမည့်နေရာကို သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် မကစားမီ လုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများပြုလုပ်ခြင်း။ ( ၃ မိနစ်)

၃။ ကစားနည်းကို ရှင်းပြခြင်း၊ ဆရာနှင့်ကလေးအချို့ သရုပ်ပြခြင်း။ (၁၀ မိနစ်)

၄။ ကလေးများ ကစားနည်းအဆင့်ဆင့်အတိုင်း အုပ်စုလိုက် လက်တွေ့လုပ်ဆောင်ခြင်း။ (၁၅ မိနစ်)

၅။ လက်တွေ့လုပ်ဆောင်ချက်များကို အုပ်စုတွင်း ဆွေးနွေးခြင်း။ (၅ မိနစ်)

၆။ ကစားပြီးလုပ်ဆောင်ရမည့်လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ ချီးမွမ်းခြင်း၊ အားပေးခြင်းနှင့် သင်ခန်းစာကို နိဂုံးချုပ်ခြင်း။ (၄ မိနစ်)

### စစ်ဆေးအကဲဖြတ်ရန်လမ်းညွှန်ချက်များ

| နယ်ပယ် / အဆင့် | ကစားရာတွင်ပျော်ရွှင်မှုရှိခြင်း (ခံစားမှုဆိုင်ရာ အကျိုးသက်ရောက်မှု နယ်ပယ်) | ညွှန်ကြားချက်များကိုလိုက်နာပြီး ပူးပေါင်းဆောင်ရွက်တတ်ခြင်း (လူမှုရေးဆိုင်ရာနယ်ပယ်) |
|---|---|---|
| ၃ | ကစားရာတွင် အလွန်ပျော်ရွှင်သည်။ | ကစားရာတွင် အမြဲတမ်း အားပေးပြီး ပူးပေါင်းဆောင်ရွက်တတ်သည်။ |
| ၂ | ကစားရာတွင် ပျော်ရွှင်သည်။ | ကစားရာတွင်အားပေးပြီး ပူးပေါင်းဆောင်ရွက်တတ်သည်။ |
| ၁ | ကစားရာတွင် ပျော်ရွှင်မှုရှိရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ | ကစားရာတွင် အားပေးပြီးပူးပေါင်းဆောင်ရွက်နိုင်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ |

### အားပေးတုံ့ပြန်ချက်များ

- ကလေးတို့အားလုံး ကစားနည်းကို ကစားရာမှာ ပျော်ရွှင်ခဲ့ကြတယ်။
- ကလေးတို့ အားပေးပြီး ပူးပေါင်းဆောင်ရွက်ခဲ့ကြတယ်။




### ရုပ်ပုံများနှင့်ပတ်သက်သောရှင်းလင်းချက်များ

၁ ဆရာက ကစားနည်းစည်းမျဉ်းများကိုရှင်းပြပြီး ဆရာနှင့် ကလေးအချို့သရုပ်ပြရမည်။

၂ မြွေလိမ်မြွေကောက် ကစားနည်းအဆင့်ဆင့်အတိုင်း ကလေးများ အုပ်စုလိုက် လက်တွေ့လုပ်ဆောင်ရမည်။

၃ ကလေးများသည် လက်တွေ့လုပ်ဆောင်ချက်များမှ တွေ့ရှိချက်များကို အုပ်စုလိုက် ပြန်လည်ဆွေးနွေးစေရမည်။

### သတိပြုရမည့်အချက်များ

၁။ မြွေလိမ်မြွေကောက်ပြေးရာတွင် အခြားသူများအား လက်ဖြင့် မရိုက်မိစေရန် ဂရုပြုရမည်။

၂။ ကလေးများ အဆင်ပြေပြေ ပြေးနိုင်ရန် ကလေးတစ်ဦးနှင့် တစ်ဦးအကွာအဝေးကို ၅ ပေခန့် ထားရမည်။

၃။ ပြေးလမ်းအကျယ်သည် ၅ ပေရှိရမည်။




## ရုပ်ပုံများနှင့်ပတ်သက်သောရှင်းလင်းချက်များ

၄ ကလေးများသည် သတ်မှတ်နေရာတွင် မတ်တတ်ရပ်လျက် နေရာယူရမည်။ ခရာသံကြားလျှင် ကတော့ချွန်များကို မြွေလိမ်မြွေကောက် ကွေ့ပြေးကာ နောက်ဆုံးသတ်မှတ်စည်းရောက်လျှင် မိမိနေရာကို အဖြောင့်ပြန်ပြေးလာကာ မိမိအုပ်စုနောက်တွင် နေရာယူခြင်းကို အုပ်စုလိုက် လေ့ကျင့်ရမည်။

၅ ကလေးများသည် သတ်မှတ်နေရာများတွင် မျက်နှာချင်းဆိုင် ထိုင်လျက် နေရာယူရမည်။ ခရာသံကြားလျှင် ထိုင်လျက်မှ လျင်မြန်စွာ မတ်တတ်ရပ်၍ ကတော့ချွန် များကို မြွေလိမ်မြွေကောက် ကွေ့ပြေးကာ မျက်နှာချင်းဆိုင် မိမိအဖွဲ့သား နောက်တွင် ထိုင်လျက် နေရာယူခြင်းကို အုပ်စုလိုက် လေ့ကျင့်ရမည်။

### သတိပြုရမည့်အချက်များ

၁။ အရှိန်မလွန်စေရန် ခန္ဓာကိုယ်၏ အရှိန်ကိုထိန်းပြေးရမည်။

၂။ ကွေ့၍ပြေးတတ်ရမည်။

## အခန်း (၂၂) စာသင်ချိန် ၂/၄

### သင်ယူမှုဦးတည်ချက်များ

- မြွေလိမ်မြွေကောက်ပြေးရာတွင် ခန္ဓာကိုယ်အရှိန်ထိန်း၍ ပြေးနိုင်ရန်။
- သူငယ်ချင်းများ၏ လုပ်ဆောင်ချက်များအပေါ် အကြံဉာဏ်များပေးတတ်ရန်။

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

ခရာ၊ သားရေကွင်း၊ ကတော့ချွန်၊ စစ်ဆေးအကဲဖြတ်မှုမှတ်တမ်း။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ခန်းစာနှင့် မိတ်ဆက်ပြီး ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားခြင်း။ (၅ မိနစ်)

၂။ ကစားမည့်နေရာကို သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် မကစားမီ လုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများပြုလုပ်ခြင်း။ ( ၅ မိနစ်)

၃။ မြွေလိမ်မြွေကောက်ပြေးခြင်းကို ဆရာက ရှင်းပြပြီး သရုပ်ပြခြင်းနှင့် ကလေးများ လက်တွေ့လုပ်ဆောင်ခြင်း။ (၂၅ မိနစ်)
 (က) မတ်တတ်ရပ်လျက် မြွေလိမ်မြွေကောက်ပြေးခြင်းကို လေ့ကျင့်ခြင်း။ (၁၀ မိနစ်)
 (ခ) ထိုင်ရာမှထလျက်မြွေလိမ်မြွေကောက်ပြေးခြင်းကို လေ့ကျင့်ခြင်း။ (၁၅ မိနစ်)

၄။ ကစားပြီးလုပ်ဆောင်ရမည့်လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ ချီးမွမ်းခြင်း၊ အားပေး ခြင်းနှင့် သင်ခန်းစာကို နိဂုံးချုပ်ခြင်း။ (၅ မိနစ်)

### စစ်ဆေးအကဲဖြတ်ရန်လမ်းညွှန်ချက်များ

| နယ်ပယ် / အဆင့် | ခန္ဓာကိုယ်အရှိန်ကိုထိန်း၍ကွေ့ပြေးနိုင်ခြင်း (လှုပ်ရှားမှုဆိုင်ရာကျွမ်းကျင်မှုနယ်ပယ်) | လုပ်ဆောင်ချက်များကို အကြံဉာဏ်များပေးတတ်ခြင်း (လူမှုရေးဆိုင်ရာနယ်ပယ်) |
|---|---|---|
| ၃ | မြွေလိမ်မြွေကောက်ပြေးရာတွင် ခန္ဓာကိုယ် အရှိန်ထိန်း၍ လျင်မြန်စွာ ပြေးနိုင်သည်။ | သူငယ်ချင်းများ၏လုပ်ဆောင်ချက်များအပေါ် အကြံဉာဏ်ကောင်းများ ပေးတတ်သည်။ |
| ၂ | မြွေလိမ်မြွေကောက်ပြေးရာတွင် ခန္ဓာကိုယ် အရှိန်ထိန်း၍ ပြေးနိုင်သည်။ | သူငယ်ချင်းများ၏လုပ်ဆောင်ချက်များအပေါ် အကြံဉာဏ်များ ပေးတတ်သည်။ |
| ၁ | မြွေလိမ်မြွေကောက်ပြေးရာတွင် ခန္ဓာကိုယ်အရှိန်ထိန်း၍ ပြေးနိုင်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ | သူငယ်ချင်းများ၏လုပ်ဆောင်ချက်များကို အကြံဉာဏ်များပေးတတ်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ |

### အားပေးတုံ့ပြန်ချက်များ

- ♦ မြွေလိမ်မြွေကောက်ပြေးရာမှာ ခန္ဓာကိုယ်အရှိန်ထိန်းပြီး ပြေးနိုင်ကြတယ်။
- ♦ သူငယ်ချင်းတွေကို အကြံဉာဏ်တွေ ပေးတတ်ကြတယ်။

## အခန်း (၂၂) | စာသင်ချိန် ၃/၄

### သင်ယူမှုဦးတည်ချက်များ

- ကစားနည်းစည်းမျဉ်းများကို ရှင်းလင်းစွာ ရှင်းပြတတ်ရန်။
- မြွေလိမ်မြွေကောက်ပြေးရာတွင် သူငယ်ချင်းများကို အားပေးတတ်ရန်။

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

ခရာ၊ သားရေကွင်း၊ စစ်ဆေးအကဲဖြတ်မှုမှတ်တမ်း။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ခန်းစာနှင့် မိတ်ဆက်ပြီး ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားခြင်း။ (၂ မိနစ်)
၂။ ကစားမည့်နေရာကို သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် မကစားမီ လုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများပြုလုပ်ခြင်း။ ( ၃ မိနစ်)
၃။ မြွေလိမ်မြွေကောက် ကစားနည်းစည်းမျဉ်းများကိုရှင်းပြခြင်း။ ( ၅ မိနစ်)
၄။ ကလေးများ အုပ်စုလိုက် ယှဉ်ပြိုင်ကစားရာတွင် အကောင်းဆုံးလုပ်ဆောင်နိုင်ရန် ကစားနည်းစည်းမျဉ်းများနှင့်နည်းစနစ်များကို ဆွေးနွေးခြင်း။ (၅ မိနစ်)
၅။ ကစားနည်းစည်းမျဉ်းများအတိုင်း အုပ်စုလိုက် ယှဉ်ပြိုင်ကစားခြင်း။ (၂၀ မိနစ်)
၆။ ကစားပြီးလုပ်ဆောင်ရမည့်လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ ချီးမွမ်းခြင်း၊ အားပေးခြင်းနှင့် သင်ခန်းစာကို နိဂုံးချုပ်ခြင်း။ (၅ မိနစ်)

### စစ်ဆေးအကဲဖြတ်ရန်လမ်းညွှန်ချက်များ

| နယ်ပယ် / အဆင့် | ကစားနည်းစည်းမျဉ်းများကို ရှင်းပြတတ်ခြင်း (သိမှုဆိုင်ရာ နားလည်အသုံးချမှု နယ်ပယ်) | ခန္ဓာကိုယ်အရှိန်ထိန်း၍ ပြေးတတ်ခြင်း (လှုပ်ရှားမှုဆိုင်ရာ ကျွမ်းကျင်မှု နယ်ပယ်) |
|---|---|---|
| ၃ | ကစားနည်းစည်းမျဉ်းများကို ရှင်းလင်းစွာ ရှင်းပြတတ်သည်။ | မြွေလိမ်မြွေကောက်ပြေးရာတွင် ခန္ဓာကိုယ်အရှိန်ထိန်း၍ လျင်မြန်စွာ ပြေးတတ်သည်။ |
| ၂ | ကစားနည်းစည်းမျဉ်းများကို ရှင်းပြတတ်သည်။ | မြွေလိမ်မြွေကောက်ပြေးရာတွင် ခန္ဓာကိုယ်အရှိန်ထိန်း၍ ပြေးတတ်သည်။ |
| ၁ | ကစားနည်းစည်းမျဉ်းများကို ရှင်းပြတတ်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ | မြွေလိမ်မြွေကောက်ပြေးရာတွင် ခန္ဓာကိုယ်အရှိန်ထိန်း၍ ပြေးနိုင်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ |

### အားပေးတုံ့ပြန်ချက်များ

- ကလေးတို့အားလုံး ကစားနည်းစည်းမျဉ်းတွေကို ရှင်းပြတတ်ကြတယ်။
- မြွေလိမ်မြွေကောက်ပြေးရာမှာ သူငယ်ချင်းတွေကို အားပေးတတ်ကြတယ်။

အခန်း(၂၂) မြွေလိမ်မြွေကောက်ကစားနည်း




**ကစားနည်းစည်းမျဉ်းများ**

၁။ ကလေးဦးရေပေါ်မူတည်ပြီး အုပ်စုဖွဲ့ရမည်။ (ဥပမာ - ၈ ဦးမှ ၁၀ ဦးအထိ)
၂။ သတ်မှတ်နေရာများတွင် ရှေ့နောက် မတ်တတ်ရပ်လျက်နေရာယူရမည်။ နောက်ဆုံးလူ၏လက်ထဲတွင် သားရေကွင်းကိုင်ထားရမည်။
၃။ ခရာသံကြားလျှင် နောက်ဆုံးလူက သူ၏ရှေ့ရှိလူများကို ဘယ်၊ ညာ တစ်လှည့်စီ ကွေ့ပတ်၍ ရှေ့ဆုံးသို့ ပြေးရမည်။ ရှေ့ဆုံးလူကိုကွေ့ပြီးလျှင် အဖြောင့်အတိုင်း နောက်သို့ပြန်ပြေးလာရမည်။
၄။ မိမိရှေ့ရှိ လူကို သားရေကွင်းပေးပြီး မိမိနေရာတွင်ပြန်ရပ်ရမည်။
၅။ သားရေကွင်း လက်ထဲရောက်သောသူသည် ရှေ့လူအတိုင်း ဆက်လက်လုပ်ဆောင်ရမည်။
၆။ ရှေ့ဆုံးလူ မူလနေရာသို့ ဦးစွာပြန်ရောက်သောအသင်းက အနိုင်ရမည်။

၆၂

### ရုပ်ပုံများနှင့်ပတ်သက်သောရှင်းလင်းချက်များ

၆ ဆရာက ကစားနည်းစည်းမျဉ်းများကို ရှင်းပြပြီး ကလေးများ၏ နားလည်မှုကို စစ်ဆေးရန် မေးခွန်းများမေးရမည်။
၇ ကလေးများသည် ကစားနည်းစည်းမျဉ်းများနှင့် ဘေးအန္တရာယ်ကင်းရှင်းစေရန် သတိပြုရမည့်အချက်များကို အုပ်စုလိုက် တိုင်ပင်ဆွေးနွေးရမည်။
၈ မကစားမီနှင့် ကစားအပြီးတွင် ဒိုင်လူကြီးများနှင့် ကစားသမားအချင်းချင်း အပြန်အလှန် အရိုအသေပေးရမည်။
၉ ကလေးများကို အုပ်စုများဖွဲ့၍ ကစားနည်းစည်းမျဉ်းအတိုင်း ယှဉ်ပြိုင်ကစားစေရမည်။

### သတိပြုရမည့်အချက်များ

၁။ မိမိအုပ်စုရှိလူများအားလုံးကို ကွေ့ပတ်ရမည်။
၂။ လက်ဆင့်ကမ်းပေးရမည့်ပစ္စည်း အောက်ကျပါက ပြန်ကောက်နိုင်သည်။
၃။ အခြားလူကို ဝင် မတိုက်ရ။
၄။ မိမိလက်ထဲ လက်ဆင့်ကမ်းပစ္စည်းရမှသာ ပြေးရမည်။

အခန်း(၂၂) မြွေလိမ်မြွေကောက်ကစားနည်း




**ကစားနည်းစည်းမျဉ်းများ**
၁။ ကလေးဦးရေပေါ်မူတည်ပြီး အုပ်စုဖွဲ့ရမည်။ (ဥပမာ - ၈ ဦးမှ ၁၀ ဦးအထိ)
၂။ သတ်မှတ်နေရာများတွင် ရှေ့နောက် ထိုင်လျက်နေရာယူရမည်။
၃။ ခရာသံကြားလျှင် နောက်ဆုံးလူက သူ၏ရှေ့ရှိ လူများကို ဘယ်၊ ညာတစ်လှည့်စီ ကွေ့ပတ်၍ ရှေ့ဆုံးလူ၏ ရှေ့သို့ရောက်အောင်ပြေးရမည်။
၄။ ရှေ့ဆုံးလူ၏ ရှေ့သို့ရောက်လျှင် စုံခုန်ပြီးထိုင်ရမည်။
၅။ ကိုယ့်အုပ်စုမှလူထိုင်ပြီးမှသာ နောက်လူက ထ၍ ရှေ့လူကဲ့သို့ ပြေးရမည်။
၆။ ကလေးအားလုံး သတ်မှတ်စည်းသို့ ပထမဆုံးရောက်သော အဖွဲ့က အနိုင်ရမည်။

**မေးခွန်း**

| | | | | |
|---|---|---|---|---|
| ၁ | မြွေလိမ်မြွေကောက်ကစားနည်းကို တက်ကြွပျော်ရွှင်စွာ ကစားခဲ့ကြသလား။ | ☺ | ☺ | ☹ |
| ၂ | ခန္ဓာကိုယ်အရှိန်ကိုထိန်းပြီး မြန်မြန်ကွေ့ပြေးနိုင်ခဲ့ကြသလား။ | ☺ | ☺ | ☹ |
| ၃ | ကစားနည်းကို ဘယ်လိုဘေးကင်းစွာ ကစားရမယ်ဆိုတာ ရှင်းပြနိုင်မလား။ | ☺ | ☺ | ☹ |
| ၄ | အသင်းအောင်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ခဲ့ကြသလား။ | ☺ | ☺ | ☹ |

၆၃

## ရုပ်ပုံများနှင့်ပတ်သက်သောရှင်းလင်းချက်များ

**၁၀** ကလေးများသည် စာသင်ချိန်(၃/၄)တွင် ကစားခဲ့သော ကစားနည်းစည်းမျဉ်းများကို အခြေခံကာ ပြောင်းလဲကစားလိုသည့် စည်းမျဉ်းများကို စဉ်းစားနိုင်ရန် ဆရာက ကူညီလမ်းညွှန်ပေးရမည်။

**၁၁** ဆရာက ကလေးများ၏ ဆွေးနွေးချက်များကို ရယူပြီး ကစားနည်းစည်းမျဉ်းများ အတည်ပြုဆုံးဖြတ်ကာ ရှင်းပြရမည်။

**၁၂** အုပ်စုများဖွဲ့ကာ ဆရာနှင့် ကျောင်းသားများအတည်ပြုဆုံးဖြတ်ထားသော စည်းမျဉ်းများအတိုင်း ယှဉ်ပြိုင်ကစားရမည်။

### သတိပြုရမည့်အချက်များ

၁။ ကစားကွင်းအလျားသည် ပေ ၄၀ ခန့်ရှိပြီး ကွင်းအကျယ်သည် ၈ ပေခန့် ရှိရမည်။
၂။ ကစားနည်းစည်းမျဉ်းများကို ဘယ်လိုပြောင်းကစားမလဲ။
- ကစားသူအဖွဲ့ဝင်တွေအကြား အကွာအဝေးပြောင်းခြင်း။
- ထိုင်လျက် ကစားခြင်း။
- အဖွဲ့ဝင်အရေအတွက်ပြောင်းလဲ ကစားခြင်း။

## အခန်း (၂၂) | စာသင်ချိန် ၄/၄

### သင်ယူမှုဦးတည်ချက်များ

- ထိုင်ရာမှ လျင်မြန်စွာမတ်တတ်ရပ်လျက် ပြေးရာတွင် ကြိုးစားအားထုတ်မှု ရှိရန်။
- ကစားနည်းစည်းမျဉ်းများကို ရှင်းပြတတ်ရန်။

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

ခရာ၊ စစ်ဆေးအကဲဖြတ်မှုမှတ်တမ်း။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ခန်းစာနှင့်မိတ်ဆက်ပြီး ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားခြင်း။ (၂ မိနစ်)
၂။ ကစားမည့်နေရာကို သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် မကစားမီလုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများပြုလုပ်ခြင်း။ ( ၃ မိနစ်)
၃။ စာသင်ချိန်(၃/၄)ရှိ ကစားနည်းစည်းမျဉ်းများကို အခြေခံကာ ပြောင်းလဲကစားလိုသည့် ကစားနည်းစည်းမျဉ်းများ အုပ်စုတွင်းဆွေးနွေးခြင်း။ (၅ မိနစ်)
၄။ ကလေးများ အုပ်စုလိုက် ဆွေးနွေးချက်များကို ရယူကာ ဆရာက ကစားနည်းစည်းမျဉ်းများကို အတည်ပြုသတ်မှတ်ခြင်း။ ( ၅မိနစ်)
၅။ ကစားနည်းစည်းမျဉ်းများအတိုင်း အုပ်စုလိုက် ယှဉ်ပြိုင်ကစားခြင်း။ (၂၀ မိနစ်)
၆။ ကစားပြီးလုပ်ဆောင်ရမည့်လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ ချီးမွမ်းခြင်း၊ အားပေးခြင်းနှင့် ကျောင်းသုံးစာအုပ်ပါ မေးခွန်းများဖြေဆိုခြင်း။ (၅ မိနစ်)

### စစ်ဆေးအကဲဖြတ်ရန်လမ်းညွှန်ချက်များ

| နယ်ပယ် / အဆင့် | ကြိုးစားအားထုတ်မှုရှိခြင်း (ခံစားမှုဆိုင်ရာအကျိုးသက်ရောက်မှု နယ်ပယ်) | ကစားနည်းစည်းမျဉ်းများကို ရှင်းပြနိုင်ခြင်း (သိမှုဆိုင်ရာ နားလည်အသုံးချမှုနယ်ပယ်) |
|---|---|---|
| ၃ | ထိုင်ရာမှ မတ်တတ်ရပ်လျက် မြွေလိမ်မြွေကောက်ပြေးရာတွင် အမြဲတမ်း ကြိုးစားအားထုတ်မှု ရှိသည်။ | ကစားနည်းစည်းမျဉ်းများကို ရှင်းလင်းစွာ ရှင်းပြနိုင်သည်။ |
| ၂ | ထိုင်ရာမှ မတ်တတ်ရပ်လျက် မြွေလိမ်မြွေကောက်ပြေးရာတွင် ကြိုးစားအားထုတ်မှုရှိသည်။ | ကစားနည်းစည်းမျဉ်းများကို ရှင်းပြနိုင်သည်။ |
| ၁ | ထိုင်ရာမှ မတ်တတ်ရပ်လျက် မြွေလိမ်မြွေကောက်ပြေးရာတွင် ကြိုးစားအားထုတ်မှုရှိရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှုလိုအပ်သည်။ | ကစားနည်းစည်းမျဉ်းများကို ရှင်းပြနိုင်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ |

### အားပေးတုံ့ပြန်ချက်များ

- ♦ ကလေးတို့အားလုံး ထိုင်ရာက မတ်တတ်ရပ်ပြီး ကြိုးစားအားထုတ် ပြေးနိုင်ကြတယ်။
- ♦ ကစားနည်းစည်းမျဉ်းတွေကို ရှင်းပြနိုင်ခဲ့ကြတယ်။



DBE-BOX

## အခန်း (၂၃) | စာသင်ချိန် ၁/၄

### သင်ယူမှုဦးတည်ချက်များ

- လက်ဆင့်ကမ်းပြေးခြင်းတွင် စိတ်အားထက်သန်စွာပါဝင်လုပ်ဆောင်တတ်ရန်။
- လက်ဆင့်ကမ်းပြေးခြင်းတွင် ကျရာတာဝန်ကို လုပ်ဆောင်တတ်ရန်။

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

ခရာ၊ ကတော့ချွန်၊ သားရေကွင်း၊ အချိန်မှတ်နာရီ၊ စစ်ဆေးအကဲဖြတ်မှုမှတ်တမ်း။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ခန်းစာနှင့်မိတ်ဆက်ပြီး ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားခြင်း။ (၂ မိနစ်)
၂။ ကစားမည့်နေရာကို သန့်ရှင်းရေးပြုလုပ်ခြင်း၊ ကစားကွင်းပြင်ဆင်ခြင်းနှင့် မကစားမီ လုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများပြုလုပ်ခြင်း။ (၅ မိနစ်)
၃။ ကစားနည်းစည်းမျဉ်းများကို ရှင်းပြခြင်း။ (၅ မိနစ်)
၄။ ကလေးများကို ၄ ယောက် တစ်ဖွဲ့ဖွဲ့ကာ ကစားနည်းအဆင့်ဆင့်နှင့် ပြေးမည့်နံပါတ်စဉ် ဆွေးနွေးခြင်း၊ ဆရာနှင့်ကလေးအချို့သရုပ်ပြခြင်း။ (၈ မိနစ်)
၅။ ကလေးများကိုအုပ်စုလိုက်လက်တွေ့လုပ်ဆောင်စေခြင်းနှင့်ကလေးများ၏ လုပ်ဆောင်မှုကို ကြည့်ရှုလေ့လာခြင်း။ (၁၅ မိနစ်)
၆။ ကစားပြီးလုပ်ဆောင်ရမည့်လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ ချီးမွမ်းခြင်း၊ အားပေးခြင်းနှင့် သင်ခန်းစာကို နိဂုံးချုပ်ခြင်း။ (၅ မိနစ်)

### စစ်ဆေးအကဲဖြတ်ရန်လမ်းညွှန်ချက်များ

| နယ်ပယ် / အဆင့် | စိတ်အားထက်သန်မှုရှိခြင်း (ခံစားမှုဆိုင်ရာအကျိုးသက်ရောက်မှုနယ်ပယ်) | ကျရာတာဝန်ကို အကောင်းဆုံးလုပ်ဆောင်တတ်ခြင်း (လူမှုရေးဆိုင်ရာနယ်ပယ်) |
|---|---|---|
| ၃ | လက်ဆင့်ကမ်းပြေးခြင်းတွင် အမြဲတမ်း စိတ်အားထက်သန်စွာ ပါဝင်လုပ်ဆောင်သည်။ | လက်ဆင့်ကမ်းပြေးခြင်းတွင် ကျရာတာဝန်ကို အကောင်းဆုံး လုပ်ဆောင်နိုင်သည်။ |
| ၂ | လက်ဆင့်ကမ်းပြေးခြင်းတွင် စိတ်အားထက်သန်စွာပါဝင် လုပ်ဆောင်သည်။ | လက်ဆင့်ကမ်းပြေးခြင်းတွင် ကျရာတာဝန်ကို လုပ်ဆောင်နိုင်သည်။ |
| ၁ | လက်ဆင့်ကမ်းပြေးခြင်းတွင် စိတ်အားထက်သန်စွာပါဝင် လုပ်ဆောင်နိုင်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ | လက်ဆင့်ကမ်းပြေးခြင်းတွင် ကျရာတာဝန်ကို လုပ်ဆောင်နိုင်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ |

### အားပေးတုံ့ပြန်ချက်များ

- ကလေးတို့အားလုံး လက်ဆင့်ကမ်းပြေးတာကို စိတ်အားထက်သန်စွာ ပါဝင်လုပ်ဆောင်ခဲ့ကြတယ်။
- လက်ဆင့်ကမ်းပြေးရာမှာ ကျရာတာဝန်ကို လုပ်နိုင်ခဲ့ကြတယ်။




### ရုပ်ပုံများနှင့်ပတ်သက်သောရှင်းလင်းချက်များ

① လက်ဆင့်ကမ်းပြေးနည်းအဆင့်ဆင့်ကို ဆရာက ရှင်းပြရမည်။
② ကလေးများကို ၄ ယောက် တစ်ဖွဲ့ဖွဲ့ကာ ကစားနည်းအဆင့်ဆင့်၊ ပြေးမည့်နံပါတ်စဉ်တို့ကို ဆွေးနွေးပြီး ဆရာနှင့် ကလေးအချို့က သရုပ်ပြရမည်။
③ လက်ဆင့်ကမ်းပြေးခြင်းကို အုပ်စု ၂ စု လေ့ကျင့်ရမည်။

### သတိပြုရမည့်အချက်များ

၁။ မိမိပြေးလမ်းအတိုင်း ပြေးရမည်။
၂။ လက်ဆင့်ကမ်းတုတ်ပြုတ်ကျလျှင် ပြေးသူကသာ ကောက်ယူရမည်။
၃။ လက်ဆင့်ကမ်းတုတ်သည် သတ်မှတ်နေရာ ရောက်သည်အထိ ပါရမည်။
၄။ မီတာ ၅၀ ရှိသော ပြေးကွင်းဆွဲရမည်။

အခန်း(၂၃) လက်ဆင့်ကမ်းပြေးခြင်းကစားနည်း




**ကစားနည်းစည်းမျဉ်းများ**

၁။ ၄ ဦးစီပါသော အဖွဲ့များဖွဲ့ပြီး ၂ ယောက်စီပါသော အဖွဲ့ငယ် **က** နှင့် **ခ** ကို ထပ်ခွဲရမည်။
၂။ အဖွဲ့ငယ် **က** မှ ဖမ်းမည့်သူများသည် တာထွက်စည်းတွင် နေရာယူပြီး ပြေးမည့်သူများသည် ဒုတိယစည်းတွင် နေရာယူရမည်။
၃။ ခရာသံကြားလျှင် ဖမ်းမည့်သူများသည် စတင်ပြေးပြီး ပထမစည်းရောက်လျှင် ပြေးမည့်သူများက သတ်မှတ်စည်းရောက်အောင် ပြေးရမည်။
၄။ ဖမ်းသူများသည် ပြေးသူများကို သတ်မှတ်စည်းမရောက်မီ မိအောင်ဖမ်းရမည်။ ပြီးလျှင် ပြေးသူနှင့် ဖမ်းသူ ပြောင်းလဲ ကစားရမည်။
၅။ အဖွဲ့ငယ် **က** ကစားပြီးလျှင် အဖွဲ့ငယ် **ခ** က အဖွဲ့ငယ် **က** ကစားသည့်အတိုင်း ဆက်လက်လုပ်ဆောင်ရမည်။

**မှတ်ချက်။** အဖွဲ့ငယ် **က** ကစားနေချိန်တွင် အဖွဲ့ငယ် **ခ** မှ ဒိုင်လူကြီးအဖြစ် ဆောင်ရွက်ပြီး အဖွဲ့ငယ် **ခ** ကစားနေချိန်တွင် အဖွဲ့ငယ် **က** မှ ဒိုင်လူကြီးအဖြစ် ဆောင်ရွက်ရမည်။

၆၅

## ရုပ်ပုံများနှင့်ပတ်သက်သောရှင်းလင်းချက်များ

④ ဆရာနှင့်ကလေးများ ရပ်လျက်တာထွက်ခြင်း နည်းစနစ်များကို ပြန်လည်ဆွေးနွေးရမည်။
⑤ ကလေးများသည် ရပ်လျက်တာထွက်နည်းစနစ်များကို အသုံးပြုကာ အဖြောင့်လမ်းကြောင်းအတိုင်းပြေးခြင်းကို အုပ်စုလိုက် လေ့ကျင့်ရမည်။
⑥ ကစားနည်းစည်းမျဉ်းများကိုရှင်းပြပြီး အုပ်စုလိုက် လက်တွေ့လုပ်ဆောင်ရမည်။
⑦ ပြေးသူကိုဖမ်းမိနိုင်ရန် သတ်မှတ်စည်း မည်သို့ပြောင်းလဲမည်ကို အုပ်စုတွင်း ဆွေးနွေးပြီး ကစားနည်းစည်းမျဉ်းများအတိုင်း အုပ်စုလိုက် ပြန်လည်ကစားစေရမည်။

### သတိပြုရမည့်အချက်များ

၁။ မိမိပြေးလမ်းအတိုင်း ပြေးရမည်။
၂။ ပြေးလမ်း အရှည် မီတာ ၅၀ ရှိရမည်။
၃။ ပြေးလမ်း ၄ လမ်း သို့မဟုတ် ၆ လမ်း အသုံးပြုနိုင်သည်။
၄။ ကစားကွင်းအခြေအနေပေါ်မူတည်၍ မီတာ ၅၀ ပြေးနိုင်အောင် ဆရာက အခေါက်ရေတိုးကာ ပြေးစေရမည်။ ဥပမာ - ၂၅မီတာ ဆိုလျှင် ၂ ကြိမ်

## အခန်း (၂၃) | စာသင်ချိန် ၂/၄

### သင်ယူမှုဦးတည်ချက်များ

- ရပ်လျက်တာထွက်ခြင်းနည်းစနစ်များကို ရှင်းပြတတ်ရန်။
- အုပ်စုတွင်း ဆွေးနွေးရာတွင် အကြံဉာဏ်များပေးတတ်ရန်။

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

ခရာ၊ စစ်ဆေးအကဲဖြတ်မှုမှတ်တမ်း။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ခန်းစာနှင့် မိတ်ဆက်ပြီး ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခြင်း။ (၂ မိနစ်)
၂။ ကစားမည့်နေရာကို သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် မကစားမီလုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများပြုလုပ်ခြင်း။ (၃ မိနစ်)
၃။ စတုတ္ထတန်း အခန်း(၆) ပြေးခြင်းသင်ခန်းစာတွင် ပါဝင်သော ရပ်လျက်တာထွက်ခြင်းနည်းစနစ်ကို ဆရာနှင့် ကလေးများပြန်လည်ဆွေးနွေးခြင်း။ (၅ မိနစ်)
၄။ ကလေးများ ရပ်လျက်တာထွက်နည်းဖြင့် လမ်းကြောင်းအဖြောင့်အတိုင်း ပြေးခြင်းကိုလက်တွေ့လုပ်ဆောင်စေခြင်း။ (၁၀ မိနစ်)
၅။ ဆရာက ကစားနည်းစည်းမျဉ်းများကိုရှင်းပြပြီး ကလေးများက အုပ်စုလိုက် လက်တွေ့လုပ်ဆောင်ခြင်း။ (၁၅ မိနစ်)
၆။ ကစားပြီး လုပ်ဆောင်ရမည့်လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ ချီးမွမ်းခြင်း၊ အားပေးခြင်းနှင့် သင်ခန်းစာကို နိဂုံးချုပ်ခြင်း။ (၅ မိနစ်)

### စစ်ဆေးအကဲဖြတ်ရန်လမ်းညွှန်ချက်များ

| နယ်ပယ် / အဆင့် | ရပ်လျက်တာထွက်ခြင်းနည်းစနစ်များကို ရှင်းပြတတ်ခြင်း (သိမှုဆိုင်ရာ နားလည်အသုံးချမှုနယ်ပယ်) | အုပ်စုတွင်းဆွေးနွေးရာတွင် အကြံဉာဏ်များ ပေးတတ်ခြင်း (လူမှုရေးဆိုင်ရာနယ်ပယ်) |
|---|---|---|
| ၃ | ရပ်လျက်တာထွက်နည်း စနစ်များကို အခြားသူများ နားလည်လွယ်အောင် ရှင်းပြနိုင်သည်။ | အုပ်စုတွင်း ဆွေးနွေးရာတွင် အကြံဉာဏ်ကောင်းများ ပေးနိုင်သည်။ |
| ၂ | ရပ်လျက်တာထွက်နည်းစနစ်များကို ရှင်းပြနိုင်သည်။ | အုပ်စုတွင်း ဆွေးနွေးရာတွင် အကြံဉာဏ်များ ပေးနိုင်သည်။ |
| ၁ | ရပ်လျက်တာတွက်နည်းစနစ်များကို ရှင်းပြနိုင်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ | အုပ်စုတွင်း ဆွေးနွေးရာတွင် အကြံဉာဏ်များ ပေးနိုင်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ |

### အားပေးတုံ့ပြန်ချက်များ

- ကလေးတို့အားလုံး ရပ်လျက်တာထွက်ခြင်းနည်းစနစ်တွေကို ရှင်းပြနိုင်ခဲ့ကြတယ်။
- အုပ်စုတွင်းဆွေးနွေးရာမှာ အကြံဉာဏ်တွေ ပေးနိုင်ခဲ့ကြတယ်။



DBE BOX

| အခန်း (၂၃) | စာသင်ချိန် ၃/၄ |
|---|---|

### သင်ယူမှုဦးတည်ချက်များ
- သားရေကွင်း(လက်ဆင့်ကမ်းပစ္စည်း) ပေးခြင်းကို လုပ်ဆောင်တတ်ရန်။
- သားရေကွင်း(လက်ဆင့်ကမ်းပစ္စည်း) ပေးနည်းကို ရှင်းပြတတ်ရန်။

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ
ခရာ၊ သားရေကွင်း (လက်ဆင့်ကမ်းပစ္စည်း)၊ ကတော့ချွန်၊ စစ်ဆေးအကဲဖြတ်မှုမှတ်တမ်း။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်
၁။ သင်ခန်းစာနှင့်မိတ်ဆက်ပြီး ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားခြင်း။ (၂ မိနစ်)
၂။ ကစားမည့်နေရာကို သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် မကစားမီ လုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများပြုလုပ်ခြင်း။ ( ၃ မိနစ်)
၃။ ဆရာက အကွေ့ပြေးလမ်းတွင် သတိပြုရမည့်အချက်များကို ရှင်းပြပြီး မီတာ ၂၀ အကွေ့ပြေးလမ်းကို လက်တွေ့လုပ်ဆောင်စေခြင်း။ (၁၀ မိနစ်)
၄။ လမ်းလျှောက်လျက် လက်ဆင့်ကမ်းပေးနည်းကို သရုပ်ပြခြင်းနှင့် ကလေးများ အုပ်စုလိုက်လေ့ကျင့်ခြင်း။ (၁၀ မိနစ်)
၅။ ပြေးလျက် လက်ဆင့်ကမ်းပေးနည်းကို သရုပ်ပြခြင်းနှင့် ကလေးများ နှစ်ယောက် တစ်တွဲ လေ့ကျင့်ခြင်း။ (၁၀ မိနစ်)
၆။ ကစားပြီးလုပ်ဆောင်ရမည့်လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ ချီးမွမ်းခြင်း၊ အားပေးခြင်းနှင့် သင်ခန်းစာကို နိဂုံးချုပ်ခြင်း။ (၅ မိနစ်)

### စစ်ဆေးအကဲဖြတ်ရန်လမ်းညွှန်ချက်များ

| နယ်ပယ် / အဆင့် | သားရေကွင်းလက်ဆင့်ကမ်းပေးခြင်းကို လုပ်ဆောင်တတ်ခြင်း (လှုပ်ရှားမှုဆိုင်ရာ ကျွမ်းကျင်မှု နယ်ပယ်) | သားရေကွင်းလက်ဆင့်ကမ်းပေးနည်းကို ရှင်းပြတတ်ခြင်း (သိမှုဆိုင်ရာ နားလည်အသုံးချမှုနယ်ပယ်) |
|---|---|---|
| ၃ | သားရေကွင်းလက်ဆင့်ကမ်းပေးခြင်းကိုကျွမ်းကျင်စွာ လုပ်ဆောင်နိုင်သည်။ | သားရေကွင်းလက်ဆင့်ကမ်းပေးနည်းကို ရှင်းလင်းစွာ ရှင်းပြနိုင်သည်။ |
| ၂ | သားရေကွင်းလက်ဆင့်ကမ်းပေးခြင်းကို လုပ်ဆောင်နိုင်သည်။ | သားရေကွင်းလက်ဆင့်ကမ်းပေးနည်းကို ရှင်းပြနိုင်သည်။ |
| ၁ | သားရေကွင်းလက်ဆင့်ကမ်းပေးခြင်းကို လုပ်ဆောင်နိုင်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ | သားရေကွင်းလက်ဆင့်ကမ်းပေးနည်းကို ရှင်းပြနိုင်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ |

### အားပေးတုံ့ပြန်ချက်များ
- ကလေးတို့အားလုံး သားရေကွင်းပေးတာကို ကောင်းကောင်းလုပ်ဆောင်နိုင်ခဲ့ကြတယ်။
- သားရေကွင်းလက်ဆင့်ကမ်းပေးနည်းကို ရှင်းပြနိုင်ခဲ့ကြတယ်။




### ရုပ်ပုံများနှင့်ပတ်သက်သောရှင်းလင်းချက်များ
(၈) ခန္ဓာကိုယ် အရှိန်ထိန်း၍ ပြေးတတ်ရန် ဆွေးနွေးရမည်။
(၉) ကလေးများကို ၄ ယောက် တစ်အုပ်စုဖွဲ့ကာ သတ်မှတ်နေရာတွင် တစ်ဖွဲ့ချင်းစီ ရှေ့နောက်တန်းစီနေရာယူမည်။ ခရာသံကြားလျှင် မီတာ ၂၀ အကွာအဝေးကို အကွေ့ပြေးလမ်းများတွင် ပြေးစေရမည်။
(၁၀) ကလေးများ ၄ ယောက်တစ်ဖွဲ့ ၂ မီတာအကွာစီတွင် နေရာယူပြီး ပထမကလေးလက်ထဲတွင် သားရေကွင်းကို ကိုင်ထားရမည်။ ခရာသံကြားလျှင် ပထမကလေးက လမ်းလျှောက်သွားကာ ဒုတိယကလေးထံသို့သားရေကွင်းကို လက်ဆင့်ကမ်းပေးရမည်။ ကျန်ကလေးများက ဤနည်းအတိုင်း ဆက်ကစားရမည်။ နောက်ဆုံးကလေးထံ သားရေကွင်းရောက်လျှင် ပထမကလေးနေရာသို့သွား၍ နေရာယူပြီး ဆက်ကစားရမည်။
(၁၁) တာထွက်စည်းတွင် ပထမလူနေရာယူပြီး ဒုတိယလူသည် ၁၀ မီတာအကွာတွင် နေရာယူရမည်။ ခရာသံကြားလျှင် ပထမလူသည် ဒုတိယလူထံသို့ပြေး၍ လက်ဆင့်ကမ်းပစ္စည်းကို လက်လွှဲပေးရမည်။ ဒုတိယလူက သတ်မှတ်စည်းအထိ ပြေးရမည်။

### သတိပြုရမည့်အချက်များ
၁။ သားရေကွင်းပေးရာတွင် ပြေးသူက ဘယ်လက်ဖြင့်ပေးပါက လက်ခံသူက ညာလက်ဖြင့် လက်ခံရမည်။
၂။ တစ်ဦးနှင့်တစ်ဦး သားရေကွင်းပေးခြင်း ကို သတ်မှတ်မီတာ ၂၀ အတွင်း လက်လွှဲယူရမည်။

DRE Box

အခန်း(၂၃) လက်ဆင့်ကမ်းပြေးခြင်းကစားနည်း




**ကစားနည်းစည်းမျဉ်းများ**

၁။ ၄ ယောက်တစ်အုပ်စုဖွဲ့ရမည်။
၂။ ပထမပြေးမည့်သူက သားရေကွင်းကိုင်ကာ အသင့်အနေအထားဖြင့်တာထွက်စည်းတွင် နေရာယူရမည်။ ကျန်ကလေးများက ဘေးတွင်နံပါတ်စဉ်အလိုက်နေရာယူမည်။
၃။ ခရာသံကြားလျှင် ပထမပြေးသူသည် မိမိပြေးလမ်းကြောင်းအတိုင်း ဒုတိယလူရှိရာသို့ပြေးပြီး သားရေကွင်းကို လက်ဆင့်ကမ်းပေးရမည်။
၄။ ဒုတိယလူသည် သားရေကွင်းကို သတ်မှတ်စည်းအတွင်း လက်ခံပြီး ပြေးလမ်းကြောင်းအတိုင်း ပြေးကာ ဆက်လက် လက်ဆင့်ကမ်းရမည်။
၅။ ကလေးအားလုံး တာထွက်စည်းကို ပထမဆုံးရောက်သောအဖွဲ့က အနိုင်ရမည်။

**မေးခွန်း**

| | | | | |
|---|---|---|---|---|
| ၁ | လက်ဆင့်ကမ်းပြေးရာတွင် ယုံကြည်မှုရှိခဲ့သလား။ | | | |
| ၂ | ရပ်လျက်တာထွက်ခြင်းနဲ့ သားရေကွင်းပေးခြင်းကို နည်းစနစ်မှန်ကန်စွာ လုပ်ဆောင်နိုင်ခဲ့သလား။ | | | |
| ၃ | ကစားရာမှာ သတိပြုရမဲ့အချက်တွေကို ပြောပြနိုင်မလား။ | | | |
| ၄ | သူငယ်ချင်းတွေကို အားပေးတုံ့ပြန်ချက်တွေ ပေးခဲ့သလား။ | | | |

၆၇

## ရုပ်ပုံများနှင့်ပတ်သက်သောရှင်းလင်းချက်များ

၁၂ ဆရာက ကစားနည်းစည်းမျဉ်းများကို ရှင်းပြရမည်။

၁၃ ကလေးများသည် အုပ်စုလိုက် ကစားနည်းစည်းမျဉ်းများနှင့် ကစားနည်းပရိယာယ်များကို ဆွေးနွေးတိုင်ပင်ရမည်။

၁၄ ကစားနည်းစည်းမျဉ်းအတိုင်း အုပ်စုလိုက်ယှဉ်ပြိုင် ကစားရမည်။

## သတိပြုရမည့်အချက်များ

၁။ စုစုပေါင်းပြေးလမ်းအရှည် မီတာ ၅၀ ရှိရမည်။
၂။ ပြေးလမ်း တစ်ဖက်တစ်ချက်သည် မီတာ ၂၀ ရှိပြီး အချင်းဝက် ၅ မီတာစီရှိသောအကွေ့ပြေးလမ်း တစ်ခုကို ပြေးကွင်းဆွဲရမည်။

## အခန်း (၂၃) | စာသင်ချိန် ၄/၄

## သင်ယူမှုဦးတည်ချက်များ

- လက်ဆင့်ကမ်းပြေးကစားနည်း ကစားရာတွင် အကောင်းမြင်သဘောထား ရှိရန်။
- သူငယ်ချင်းများနှင့် ကစားနည်းစည်းမျဉ်းများအတိုင်း လိုက်နာကစားတတ်ရန်။

## သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

ခရာ၊ သားရေကွင်း(လက်ဆင့်ကမ်းပစ္စည်း)၊ ကတော့ချွန်၊ စစ်ဆေးအကဲဖြတ်မှုမှတ်တမ်း။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ခန်းစာနှင့်မိတ်ဆက်ပြီး ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားခြင်း။ (၅ မိနစ်)
၂။ ကစားမည့်နေရာကို သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် မကစားမီလုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများပြုလုပ်ခြင်း။ (၅ မိနစ်)
၃။ ဆရာက ကစားနည်းစည်းမျဉ်းများကို ရှင်းပြခြင်း။ (၅ မိနစ်)
၄။ ကလေးများကို အုပ်စုများဖွဲ့ကာ ကစားနည်းစည်းမျဉ်းများအတိုင်း ယှဉ်ပြိုင်ကစားစေခြင်းနှင့် အုပ်စုလိုက် ယှဉ်ပြိုင်မှုများကို ကြည့်ရှုလေ့လာစေခြင်း။ (၂၀ မိနစ်)
၅။ ကစားပြီးလုပ်ဆောင်ရမည့်လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ ချီးမွမ်းခြင်း၊ အားပေးခြင်းနှင့် ကျောင်းသုံးစာအုပ်ပါ မေးခွန်းများဖြေဆိုခြင်း။ (၅ မိနစ်)

## စစ်ဆေးအကဲဖြတ်ရန်လမ်းညွှန်ချက်များ

| နယ်ပယ် / အဆင့် | လက်ဆင့်ကမ်းပြေးကစားရာတွင် အကောင်းမြင်သဘောထားရှိခြင်း (ခံစားမှုဆိုင်ရာ အကျိုးသက်ရောက်မှု နယ်ပယ်) | လက်ဆင့်ကမ်းပြေးကစားနည်း စည်းမျဉ်းများအတိုင်း လိုက်နာ ကစားတတ်ခြင်း (လူမှုရေးဆိုင်ရာနယ်ပယ်) |
|---|---|---|
| ၃ | လက်ဆင့်ကမ်းပြေးကစားရာတွင် အမြဲတမ်း အကောင်းမြင်သဘော ထားရှိသည်။ | လက်ဆင့်ကမ်းပြေး ကစားနည်း စည်းမျဉ်းများအတိုင်း အမြဲတမ်း လိုက်နာကစားနိုင်သည်။ |
| ၂ | လက်ဆင့်ကမ်းပြေးကစားရာတွင် အကောင်းမြင်သဘောထားရှိ သည်။ | လက်ဆင့်ကမ်းပြေး ကစားနည်း စည်းမျဉ်းများအတိုင်း လိုက်နာ ကစားနိုင်သည်။ |
| ၁ | လက်ဆင့်ကမ်းပြေးကစားရာတွင် အကောင်းမြင်သဘောထားရှိရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ | လက်ဆင့်ကမ်းပြေး ကစားနည်း စည်းမျဉ်းများအတိုင်း လိုက်နာ ကစားနိုင်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ် သည်။ |

## အားပေးတုံ့ပြန်ချက်များ

- ပြီးခဲ့တဲ့စာသင်ချိန်မှာ လေ့ကျင့်ထားတာထက် ပိုကောင်းအောင် ကြိုးစား လုပ်နိုင်ခဲ့ကြတယ်။
- သူငယ်ချင်းတွေနဲ့ ကစားနည်းစည်းမျဉ်းတွေအတိုင်း လိုက်နာကစားခဲ့ကြ တယ်။

DBE BOX

## အခန်း (၂၄) စာသင်ချိန် ၁/၄

### သင်ယူမှုဦးတည်ချက်များ

- ပိုက်တံဖြင့်ဘောလုံးပေးပို့ကစားရာတွင် တက်ကြွပျော်ရွှင်မှုရှိရန်။
- သူငယ်ချင်းများ၏ မတူညီချက်များကို လက်ခံတတ်ပြီး ပူးပေါင်းပါဝင် ဆောင်ရွက်တတ်ရန်။

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

ခရာ၊ ဘောလုံး၊ ပလတ်စတစ်ပိုက်တံ၊ စစ်ဆေးအကဲဖြတ်မှုမှတ်တမ်း။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ခန်းစာနှင့်မိတ်ဆက်ပြီး ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခြင်း။ (၃ မိနစ်)

၂။ ကစားမည့်နေရာကို သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် မကစားမီလုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများပြုလုပ်ခြင်း။ (၄ မိနစ်)

၃။ ကစားနည်းစည်းမျဉ်းများကို ရှင်းပြခြင်း၊ ဆရာနှင့် ကလေးအချို့ သရုပ်ပြခြင်း။ (၅ မိနစ်)

၄။ ကလေးများကို အုပ်စုလိုက်လက်တွေ့လုပ်ဆောင်စေခြင်းဖြင့် ကလေးများ၏ လုပ်ဆောင်မှုကို ကြည့်ရှုလေ့လာပြီး အကောင်းမြင်တုံ့ပြန်ချက်များပေးခြင်း။ (၂၀ မိနစ်)

၅။ ကစားနည်းကို နားလည်သဘောပေါက်မှု ရှိ မရှိ ဆွေးနွေးမေးမြန်းခြင်း။ (၅ မိနစ်)

၆။ ကစားပြီးလုပ်ဆောင်ရမည့်လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ ချီးမွမ်းခြင်း၊ အားပေးခြင်းနှင့် သင်ခန်းစာကို နိဂုံးချုပ်ခြင်း။ (၃ မိနစ်)

### စစ်ဆေးအကဲဖြတ်ရန်လမ်းညွှန်ချက်များ

| နယ်ပယ် / အဆင့် | ပိုက်တံဖြင့် ဘောလုံးပေးပို့ကစားရာတွင် တက်ကြွပျော်ရွှင်မှုရှိခြင်း (ခံစားမှုဆိုင်ရာ အကျိုးသက်ရောက်မှုနယ်ပယ်) | မတူညီချက်များကိုလက်ခံတတ်ပြီး ပူးပေါင်းပါဝင်ဆောင်ရွက်တတ်ခြင်း (လူမှုရေးဆိုင်ရာ နယ်ပယ်) |
|---|---|---|
| ၃ | ပိုက်တံဖြင့် ဘောလုံးပေးပို့ ကစားရာတွင် လွန်စွာတက်ကြွပျော်ရွှင်မှုရှိသည်။ | မတူညီချက်များကို လက်ခံတတ်ပြီး ကောင်းစွာ ပူးပေါင်းပါဝင် ဆောင်ရွက်တတ်သည်။ |
| ၂ | ပိုက်တံဖြင့် ဘောလုံးပေးပို့ ကစားရာတွင် တက်ကြွပျော်ရွှင်မှုရှိသည်။ | မတူညီချက်များကို လက်ခံတတ်ပြီး ပူးပေါင်းပါဝင်ဆောင်ရွက်တတ်သည်။ |
| ၁ | ပိုက်တံဖြင့် ဘောလုံးပေးပို့ ကစားရာတွင် တက်ကြွပျော်ရွှင်မှုရှိရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ | မတူညီချက်များကို လက်ခံတတ်ပြီး ပူးပေါင်းပါဝင်ဆောင်ရွက်တတ်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ |

### အားပေးတုံ့ပြန်ချက်များ

- ကလေးတို့အားလုံး ပိုက်တံနဲ့ ဘောလုံးပေးပို့ကစားရာမှာ တက်ကြွပျော်ရွှင်မှုရှိခဲ့ကြတယ်။
- သူငယ်ချင်းတွေရဲ့ မတူညီချက်တွေကို လက်ခံတတ်ပြီး ပူးပေါင်းပါဝင် ဆောင်ရွက်တတ်ကြတယ်။



#### အခန်း(၂၄) ပိုက်တံဖြင့်ဘောလုံးသယ်ကစားနည်း



ကလေးတို့ အခုသင်ခန်းစာက ပိုက်တံဖြင့်ဘောလုံးသယ် ကစားနည်းဖြစ်တယ်။ ဒီကစားနည်းကို ကလေးတို့က ပျော်ပျော်ရွှင်ရွှင်နဲ့ အပေးအယူမျှမျှကစားကြရမယ်။ ကစားနည်းစည်းမျဉ်းတွေကို နားလည်သဘောပေါက်ပြီး ရှင်းပြတတ်ရမယ်။ တစ်ဦးနဲ့တစ်ဦး ဘောလုံးကိုပေးရာမှာ သတ်မှတ်နေရာရောက်အောင် ပေးနိုင်ရမယ်။ ဘောလုံးကိုလဲ ထိန်းနိုင်ရမယ်။ အဓိက အရေးကြီးတဲ့အချက်က တစ်ယောက်နဲ့ တစ်ယောက် မထိခိုက်မိဖို့ဖြစ်တယ်။




၆၃

### ရုပ်ပုံများနှင့်ပတ်သက်သောရှင်းလင်းချက်များ

(၁) ကစားနည်းကို နားလည်သဘောပေါက်ရန်ကလေးများ လက်တွေ့လုပ်ဆောင်ရမည်။ ဆရာက ကူညီလမ်းညွှန်ပေးရမည်။

(၂) ကလေးများ ကစားနည်းကို နားလည်သဘောပေါက်မှု ရှိ မရှိ ဆရာက မေးခွန်းများ မေးမြန်းရမည်။ ကလေးများက တစ်ဦးချင်းစဉ်းစားကာ အုပ်စုလိုက် ဆွေးနွေးပြီး အုပ်စုအတွင်းမှ တစ်ဦးက ပြန်လည်ရှင်းပြရမည်။

### သတိပြုရမည့်အချက်များ

၁။ ကစားကွင်း၏ အလျားသည် ပေ ၃၀ ရှိရမည်ဖြစ်ပြီး အကျယ်သည် ၁၀ ပေရှိရမည်။

၂။ ကလေးတစ်ဦးနှင့် တစ်ဦး အကွာအဝေးသည် ၆ ပေ ကွာရမည်။

DRE BOX

## အခန်း (၂၄)　စာသင်ချိန် ၂/၄

### သင်ယူမှုဦးတည်ချက်များ

- မြွေလိမ်မြွေကောက်လမ်းကြောင်းအတိုင်း ပိုက်တံဖြင့် ဘောလုံးသယ်ဆောင်တတ်ပြီး ဂိုးသွင်းတတ်ရန်။
- သူငယ်ချင်းများကို အားပေးပြီး ပူးပေါင်းဆောင်ရွက်တတ်ရန်။

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

ခရာ၊ ဘောလုံး၊ ပလတ်စတစ်ပိုက်တံ၊ ကတော့ချွန်၊ စစ်ဆေးအကဲဖြတ်မှုမှတ်တမ်း။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ခန်းစာနှင့်မိတ်ဆက်ပြီး ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခြင်း။ (၃ မိနစ်)

၂။ ကစားမည့်နေရာကို သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် မကစားမီလုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများပြုလုပ်ခြင်း။ (၄ မိနစ်)

၃။ ကစားနည်းအဆင့်ဆင့်ကို ဆရာကရှင်းပြခြင်း၊ သရုပ်ပြခြင်းနှင့် ကလေးများက လက်တွေ့လုပ်ဆောင်ခြင်း။ (၃၀ မိနစ်)

(က) သတ်မှတ်နေရာမှ ပိုက်တံဖြင့်ဂိုးသွင်းခြင်း။

(ခ) မြွေလိမ်မြွေကောက်လမ်းကြောင်းအတိုင်း ပိုက်တံဖြင့် ဘောလုံးသယ်ဆောင်သွားပြီး သတ်မှတ်နေရာမှ ဂိုးသွင်းခြင်း။

၄။ ကစားပြီးလုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ ချီးမွမ်းခြင်း၊ အားပေးခြင်းနှင့် သင်ခန်းစာကို နိဂုံးချုပ်ခြင်း။ (၃ မိနစ်)

### စစ်ဆေးအကဲဖြတ်ရန်လမ်းညွှန်ချက်များ

| နယ်ပယ် / အဆင့် | ပိုက်တံဖြင့်သယ်ဆောင်နိုင်ပြီး ဂိုးသွင်းနိုင်ခြင်း(လှုပ်ရှားမှုဆိုင်ရာ ကျွမ်းကျင်မှုနယ်ပယ်) | ပူးပေါင်းပါဝင်ဆောင်ရွက်တတ်ခြင်း (လူမှုရေးဆိုင်ရာ နယ်ပယ်) |
|---|---|---|
| ၃ | မြွေလိမ်မြွေကောက်လမ်းကြောင်း အတိုင်း ပိုက်တံဖြင့် ၃ ကြိမ် အထက် ဂိုးသွင်းနိုင်သည်။ | သူငယ်ချင်းများကိုအားပေးပြီး ကောင်းစွာ ပူးပေါင်းဆောင်ရွက် တတ်သည်။ |
| ၂ | မြွေလိမ်မြွေကောက်လမ်းကြောင်း အတိုင်း ပိုက်တံဖြင့်သယ်ဆောင် နိုင်ပြီး ဂိုးသွင်းနိုင်သည်။ | သူငယ်ချင်းများကိုအားပေးပြီး ပူးပေါင်းဆောင်ရွက်တတ်သည်။ |
| ၁ | မြွေလိမ်မြွေကောက်လမ်းကြောင်း အတိုင်း ပိုက်တံဖြင့်သယ်ဆောင် နိုင်ပြီး ဂိုးသွင်းနိုင်ရန်ကျောင်းသား များနှင့်ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ | သူငယ်ချင်းများကိုအားပေးပြီးပူး ပေါင်းဆောင်ရွက်တတ်ရန် ကျောင်းသားများနှင့်ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ |

### အားပေးတုံ့ပြန်ချက်များ

- ကလေးတို့အားလုံး မြွေလိမ်မြွေကောက်လမ်းကြောင်းအတိုင်း ပိုက်တံနဲ့ ဘောလုံးကို သယ်ယူဂိုးသွင်းတတ်ခဲ့ကြတယ်။
- သူငယ်ချင်းတွေကို အားပေးပြီး ပူးပေါင်းဆောင်ရွက်ခဲ့ကြတယ်။








### ရုပ်ပုံများနှင့်ပတ်သက်သောရှင်းလင်းချက်များ

၃ ကလေးများအား ၄ ယောက် တစ်အုပ်စုဖွဲ့ရမည်။ သတ်မှတ်နေရာတွင် ရှေ့နောက်တန်းစီရပ်ရမည်။ ပထမဆုံးကလေးလက်ထဲတွင် ပိုက်တံနှင့် ဘောလုံးကို ကိုင်ထားရမည်။ ခရာ သံကြားလျှင် ဘောလုံးကိုချကာ ပိုက်တံဖြင့် မြွေလိမ်မြွေကောက်လမ်းကြောင်းအတိုင်း ဘောလုံးကို သယ်သွားရမည်။ သတ်မှတ်နေရာရောက်လျှင် ဂိုးသွင်းရမည်။ ပြီးလျှင် ဘောလုံးကိုကောက်ကာ မိမိနေရာသို့ ပြန်သွားပြီး ဒုတိယကလေးထံသို့ ပိုက်တံနှင့် ဘောလုံးကိုပေးရမည်။ ဒုတိယကလေးက ပထမကလေးလုပ်ဆောင်သည့်အတိုင်း လုပ်ဆောင်ရမည်။ ဤနည်းအတိုင်း ကျန်ကလေးများက ဆက်လက်လုပ်ဆောင်ရမည်။

၄ ကလေးများအား ၅ ယောက် တစ်အုပ်စုဖွဲ့ရမည်။ သတ်မှတ်နေရာတွင် ရှေ့နောက်တန်းစီရပ်ရမည်။ ပထမဆုံးကလေးလက်ထဲတွင် ပိုက်တံကို ကိုင်ထားရမည်။ ခရာသံကြားလျှင် ပိုက်တံဖြင့် ဂိုးသွင်းရမည်။ ဤနည်းအတိုင်း ကျန်ကလေးများက ဆက်လက်လုပ်ဆောင်ရမည်။

### သတိပြုရမည့်အချက်များ

၁။ ဘောလုံးကို အားနှင့်မရိုက်မိရန် ဂရုပြုရမည်။

၂။ ပိုက်တံဖြင့်ဘောလုံးကို အချိတ်အဆက်မိမိ သယ်ဆောင်သွားရမည်။



DBE BOX

## အခန်း (၂၄) | စာသင်ချိန် ၃/၄

### သင်ယူမှုဦးတည်ချက်များ

- ကစားနည်းစည်းမျဉ်းများကို ရှင်းပြတတ်ရန်။
- အုပ်စုလိုက်ယှဉ်ပြိုင်ကစားရာတွင် အခြားသူများ၏ အောင်မြင်မှုအပေါ် လက်ခံတတ်ရန်။

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

ခရာ၊ ဘောလုံး၊ ပလတ်စတစ်ပိုက်တံ၊ ကတော့ချွန်၊ စစ်ဆေးအကဲဖြတ်မှု မှတ်တမ်း။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ခန်းစာနှင့်မိတ်ဆက်ပြီး ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားခြင်း။ (၃ မိနစ်)

၂။ ကစားမည့်နေရာကို သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် မကစားမီလုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများပြုလုပ်ခြင်း။ (၃ မိနစ်)

၃။ ကစားနည်းစည်းမျဉ်းများကို ရှင်းပြခြင်း။ (၄ မိနစ်)

၄။ ကလေးများသည် မိမိအသင်းအောင်နိုင်ရေးအတွက် မည်သို့ယှဉ်ပြိုင် ကစားရမည်ကို အုပ်စုအတွင်း အချင်းချင်းတိုင်ပင်ဆွေးနွေးခြင်း။ (၅ မိနစ်)

၅။ ကစားနည်းစည်းမျဉ်းများအတိုင်း အုပ်စုလိုက်ယှဉ်ပြိုင်ကစားခြင်း။ (၂၀ မိနစ်)

၆။ ကစားပြီးလုပ်ဆောင်ရမည့်လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ ချီးမွမ်းခြင်း၊ အားပေးခြင်းနှင့် သင်ခန်းစာကို နိဂုံးချုပ်ခြင်း။ (၅ မိနစ်)

### စစ်ဆေးအကဲဖြတ်ရန်လမ်းညွှန်ချက်များ

| နယ်ပယ် / အဆင့် | ကစားနည်းစည်းမျဉ်းများကို ရှင်းပြနိုင်ခြင်း (သိမှုဆိုင်ရာ နားလည်အသုံးချမှုနယ်ပယ်) | အခြားသူများ၏ အောင်မြင်မှုအပေါ်လက်ခံတတ်ခြင်း (လူမှုရေးဆိုင်ရာနယ်ပယ်) |
|---|---|---|
| ၃ | ကစားနည်းစည်းမျဉ်းများကို ရှင်းလင်းစွာ ရှင်းပြနိုင်သည်။ | အခြားသူများ၏ အောင်မြင်မှု အပေါ် ကောင်းစွာလက်ခံတတ်သည်။ |
| ၂ | ကစားနည်းစည်းမျဉ်းများကို ရှင်းပြနိုင်သည်။ | အခြားသူများ၏ အောင်မြင်မှု အပေါ် လက်ခံအားပေးတတ်သည်။ |
| ၁ | ကစားနည်းစည်းမျဉ်းများကို ရှင်းပြနိုင်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ | အခြားသူများ၏ အောင်မြင်မှု အပေါ် လက်ခံအားပေးတတ်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ |

### အားပေးတုံ့ပြန်ချက်များ

- ကလေးတို့အားလုံး ကစားနည်းစည်းမျဉ်းတွေကို ရှင်းပြနိုင်ခဲ့ကြတယ်။
- ကလေးတို့ အုပ်စုလိုက် ယှဉ်ပြိုင်ကစားရာမှာ အခြားသူတွေရဲ့ အောင်မြင်မှုကို လက်ခံတတ်ကြတယ်။




### ရုပ်ပုံများနှင့်ပတ်သက်သောရှင်းလင်းချက်များ

၅ ဆရာက ကစားနည်းစည်းမျဉ်းများကို ရှင်းပြပြီးကလေးများ၏ နားလည်မှုကို စစ်ဆေးရန် မေးခွန်းများမေးရမည်။

၆ ကစားနည်းစည်းမျဉ်းများနှင့် နေရာယူရမည့် နံပါတ်စဉ်များကို ကလေးများအုပ်စုလိုက် တိုင်ပင်ဆွေးနွေးရမည်။

၇ ကစားနည်းစည်းမျဉ်းများအတိုင်းအုပ်စုလိုက် ယှဉ်ပြိုင်ကစားရမည်။

### သတိပြုရမည့်အချက်များ

၁။ ကလေးတစ်ဦးနှင့်တစ်ဦး အကွာအဝေးသည် ၆ ပေ ရှိရမည်။

၂။ ကလေးတစ်ဦးနှင့်တစ်ဦးသည် ဆန့်ကျင်ဘက် အနေအထားဖြင့် နေရာယူရမည်။

DRBOX




**ကစားနည်းစည်းမျဉ်းများ**

၁။ ကလေးဦးရေပေါ် မူတည်ပြီး အုပ်စုများဖွဲ့ရမည်။ ( ဥပမာ- ၄ ဦးမှ ၇ ဦးအထိ)
၂။ သတ်မှတ်နေရာတွင် တန်းစီနေရာယူရမည်။ ရှေ့ဆုံးကလေးတို့၏ လက်ထဲတွင် ဘောလုံးနှင့် ပိုက်တံကို ကိုင်ထားရမည်။
၃။ ခရာသံကြားလျှင် ကတော့ချွန်များကိုကွေ့ကာ မြွေလိမ်မြွေကောက်သယ်သွားပြီး သတ်မှတ်နေရာရောက်လျှင် ဂိုးသွင်းရမည်။
၄။ ဂိုးသွင်းပြီးလျှင် ဘောလုံးကိုကောက်ယူပြီး နံပါတ် (၂) ထံသို့ ဘောလုံးနှင့် ပိုက်တံပေးကာ အသင်း၏ နောက်တွင် နေရာပြန်ယူရမည်။ ဤနည်းအတိုင်း ကျန်ကလေးများက ဆက်လက်ကစားရမည်။
၅။ သတ်မှတ်ချိန် ၅ မိနစ်အတွင်း ဂိုးအများဆုံးသွင်းနိုင်သောအဖွဲ့က အနိုင်ရမည်။

**မေးခွန်း**

| | | | | |
|---|---|---|---|---|
| ၁ | ပိုက်တံဖြင့် ဘောလုံးသယ်ရာတွင် တက်ကြွပျော်ရွှင်စွာပါဝင်ကစားခဲ့ကြသလား။ | | | |
| ၂ | ဘောလုံးကို သတ်မှတ်နေရာရောက်အောင် ပေးနိုင်၊ ဖမ်းနိုင်ပြီး ဂိုးသွင်းနိုင်ခဲ့ကြသလား။ | | | |
| ၃ | ကစားနည်းစည်းမျဉ်းတွေကို နားလည်သဘောပေါက်ပြီး ရှင်းပြနိုင်မလား။ | | | |
| ၄ | တစ်ဦးနဲ့တစ်ဦး အပေးအယူမျှမျှ ပူးပေါင်းကစားခဲ့ကြသလား။ | | | |

၇၁

## အခန်း (၂၄) စာသင်ချိန် ၄/၄

### သင်ယူမှုဦးတည်ချက်များ

- အုပ်စုလိုက် ယှဉ်ပြိုင်ကစားရာတွင် တက်ကြွပျော်ရွှင်မှုရှိရန်။
- ကစားနည်းစည်းမျဉ်းများကို နားလည်သဘောပေါက်ပြီး ရှင်းပြတတ်ရန်။

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

ခရာ၊ ဘောလုံး၊ ပလတ်စတစ်ပိုက်တံ၊ ကတော့ချွန်၊ စစ်ဆေးအကဲဖြတ်မှုမှတ်တမ်း။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ခန်းစာနှင့်မိတ်ဆက်ပြီး ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခြင်း။ (၃ မိနစ်)
၂။ ကစားမည့်နေရာကို သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် မကစားမီလုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများပြုလုပ်ခြင်း။ (၃ မိနစ်)
၃။ ကစားနည်းစည်းမျဉ်းများကို ရှင်းပြခြင်း။ (၄ မိနစ်)
၄။ ကလေးများသည် မိမိအသင်းအောင်နိုင်ရေးအတွက် မည်သို့ယှဉ်ပြိုင် ကစားရမည်ကို အုပ်စုအတွင်းအချင်းချင်းတိုင်ပင်ဆွေးနွေးခြင်း။ (၅ မိနစ်)
၅။ ကစားနည်းစည်းမျဉ်းများအတိုင်း အုပ်စုလိုက် ယှဉ်ပြိုင်ကစားခြင်း။ (၂၀ မိနစ်)
၆။ ကစားပြီးလုပ်ဆောင်ရမည့်လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ ချီးမွမ်းခြင်း၊ အားပေးခြင်းနှင့် ကျောင်းသုံးစာအုပ်ပါ မေးခွန်းများဖြေဆိုခြင်း။ (၅ မိနစ်)

### ရုပ်ပုံများနှင့်ပတ်သက်သောရှင်းလင်းချက်များ

(၈) ဆရာက ကစားနည်းစည်းမျဉ်းများကို ရှင်းပြပြီး ကလေးများ၏ နားလည်မှုကို စစ်ဆေးရန် မေးခွန်းများမေးရမည်။
(၉) ကစားနည်းစည်းမျဉ်းများနှင့် နေရာယူရမည့် နံပါတ်စဉ်များကို ကလေးများအုပ်စုလိုက် တိုင်ပင်ဆွေးနွေးရမည်။
(၁၀) ကစားနည်းစည်းမျဉ်းများအတိုင်း အုပ်စုလိုက် ယှဉ်ပြိုင်ကစားရမည်။

### စစ်ဆေးအကဲဖြတ်ရန်လမ်းညွှန်ချက်များ

| နယ်ပယ် / အဆင့် | တက်ကြွပျော်ရွှင်မှုရှိခြင်း (ခံစားမှုဆိုင်ရာ အကျိုးသက်ရောက်မှုနယ်ပယ်) | ကစားနည်းစည်းမျဉ်းများကို ရှင်းပြတတ်ခြင်း (လှုပ်ရှားမှုဆိုင်ရာနယ်ပယ်) |
|---|---|---|
| ၃ | ယှဉ်ပြိုင်ကစားရာတွင် စိတ်ရောကိုယ်ပါ လွန်စွာတက်ကြွပျော်ရွှင်မှုရှိသည်။ | ကစားနည်းစည်းမျဉ်းများကို ရှင်းလင်းစွာ ရှင်းပြတတ်သည်။ |
| ၂ | ယှဉ်ပြိုင်ကစားရာတွင် စိတ်ရောကိုယ်ပါ တက်ကြွပျော်ရွှင်မှုရှိသည်။ | ကစားနည်းစည်းမျဉ်းများကို ရှင်းပြတတ်သည်။ |
| ၁ | ယှဉ်ပြိုင်ကစားရာတွင် စိတ်ရောကိုယ်ပါ တက်ကြွပျော်ရွှင်မှုရှိရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ | ကစားနည်းစည်းမျဉ်းများကို ရှင်းပြတတ်ရန် ဆရာနှင့် ကျောင်းသားများ၏ အားပေးကူညီမှု လိုအပ်သည်။ |

### သတိပြုရမည့်အချက်များ

၁။ ကတော့ချွန် တစ်ခုနှင့် တစ်ခု အကွာအဝေးသည် ၅ ပေ ရှိရမည်။
၂။ ဂိုးသွင်းမည့်နေရာနှင့် ဂိုးတိုင်အကွာအဝေးသည် အနည်းဆုံး ၆ ပေ ရှိသင့်သည်။

### အားပေးတုံ့ပြန်ချက်များ

- ကလေးတို့အားလုံး အုပ်စုလိုက် ယှဉ်ပြိုင်ကစားရာမှာ တက်ကြွပျော်ရွှင်ခဲ့ကြတယ်။
- ကလေးတို့အားလုံး ကစားနည်းစည်းမျဉ်းတွေကို နားလည်သဘောပေါက်ပြီး ရှင်းပြနိုင်ခဲ့ကြတယ်။

DBE BOX

## အခန်း (၂၅)　　စာသင်ချိန် ၁/၄

### သင်ယူမှုဦးတည်ချက်များ

- ဘတ်စကတ်ဘောကစားနည်း အခြေခံများကို တက်ကြွစွာပါဝင်လုပ်ဆောင်တတ်ရန်။
- ဘောလုံးအနိမ့်ပုတ်ခြင်း၊ အမြင့်ပုတ်ခြင်းကို မှန်ကန်စွာလုပ်ဆောင်တတ်ရန်။

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

ခရာ၊ ဘောလုံး၊ စစ်ဆေးအကဲဖြတ်မှုမှတ်တမ်း။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ခန်းစာနှင့်ပတ်သက်ပြီး ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားခြင်း။ (၂ မိနစ်)

၂။ ကစားမည့်နေရာကို သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် မကစားမီလုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများပြုလုပ်ခြင်း။ (၃ မိနစ်)

၃။ ကစားနည်းကို ရှင်းပြခြင်း၊ ဆရာက သရုပ်ပြခြင်းနှင့် ကလေးများလက်တွေ့ လုပ်ဆောင်ခြင်း။ (၂၅ မိနစ်)
(က) တစ်ဦးချင်းဒူးညွတ်ပြီး ဘောလုံးအနိမ့်ပုတ်ခြင်း။ (၁၅ မိနစ်)
(ခ) တစ်ဦးချင်းဘောလုံးအမြင့်ပုတ်ခြင်း။ (၁၀ မိနစ်)

၄။ ဘောလုံးအနိမ့်ပုတ် အမြင့်ပုတ်ရာတွင် သတိပြုရမည့်အချက်များကို ဆွေးနွေးခြင်း။ (၅ မိနစ်)

၅။ ကစားပြီးလုပ်ဆောင်ရမည့်လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ ချီးမွမ်းခြင်း၊ အားပေးခြင်းနှင့် သင်ခန်းစာကို နိဂုံးချုပ်ခြင်း။ (၅ မိနစ်)

### စစ်ဆေးအကဲဖြတ်ရန်လမ်းညွှန်ချက်များ

| အဆင့် \ နယ်ပယ် | တက်ကြွပျော်ရွှင်မှုရှိခြင်း (ခံစားမှုဆိုင်ရာ အကျိုးသက်ရောက်မှုနယ်ပယ်) | ဘောလုံးပုတ်ခြင်းကို မှန်ကန်စွာလုပ်ဆောင်တတ်ခြင်း (လှုပ်ရှားမှုဆိုင်ရာ ကျွမ်းကျင်မှု နယ်ပယ်) |
|---|---|---|
| ၃ | ဘောလုံးပုတ်ရာတွင် လွန်စွာ တက်ကြွပျော်ရွှင်မှု ရှိသည်။ | ဘောလုံးအနိမ့်ပုတ်ခြင်းနှင့် အမြင့်ပုတ်ခြင်းကို ကျွမ်းကျင်စွာလုပ်ဆောင်နိုင်သည်။ |
| ၂ | ဘောလုံးပုတ်ရာတွင် တက်ကြွပျော်ရွှင်မှုရှိသည်။ | ဘောလုံးအနိမ့်ပုတ်ခြင်းနှင့် အမြင့်ပုတ်ခြင်းကို မှန်ကန်စွာ လုပ်ဆောင်နိုင်သည်။ |
| ၁ | ဘောလုံးပုတ်ရာတွင် တက်ကြွပျော်ရွှင်မှုရှိရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ | ဘောလုံးအနိမ့်ပုတ်ခြင်းနှင့် အမြင့်ပုတ်ခြင်းကို မှန်ကန်စွာလုပ်ဆောင်နိုင်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ |

### အားပေးတုံ့ပြန်ချက်များ

- ကလေးတို့အားလုံး ဘတ်စကတ်ဘောကစားနည်းရဲ့ အခြေခံတွေကို တက်ကြွစွာ ပါဝင်လုပ်ဆောင်ခဲ့ကြတယ်။
- ကလေးတို့အားလုံး ဘောလုံးအနိမ့်ပုတ်ခြင်းနဲ့ အမြင့်ပုတ်ခြင်းကို မှန်မှန်ကန်ကန် လုပ်နိုင်ခဲ့ကြတယ်။




### ရုပ်ပုံများနှင့်ပတ်သက်သောရှင်းလင်းချက်များ

(၁) ဆရာက ဘောလုံးအနိမ့်ပုတ်ခြင်း၏ လှုပ်ရှားမှုအဆင့်ဆင့်ကို ရှင်းပြပြီး ကလေးများ အုပ်စုလိုက် ရှေ့နောက်တန်းစီကာ တစ်ဦးချင်း လေ့ကျင့်ရမည်။

(၂) ဆရာက ဘောလုံးအမြင့်ပုတ်ခြင်း၏ လှုပ်ရှားမှုအဆင့်ဆင့်ကို ရှင်းပြပြီး ကလေးများ အုပ်စုလိုက် ရှေ့နောက်တန်းစီကာ တစ်ဦးချင်း လေ့ကျင့်ရမည်။

### သတိပြုရမည့်အချက်များ

ဘောလုံးပုတ်ခြင်း၏ အောက်ပါနည်းစနစ်များကို ဆရာက ရှင်းပြရမည်။

၁။ ခြေနှစ်ဖက်ကို ပခုံးအကျယ်ခွဲရမည်။

၂။ ဒူးအနည်းငယ်ညွှတ်ရမည်။

၃။ ဘောလုံးပုတ်ရာတွင် လက်ကို ခန္ဓာကိုယ်အရှေ့ဘေးဘက်တွင် ထားကာ တံတောင်ဆန့်အားကို အသုံးပြုကာ လက်ကောက်ဝတ်ဖြင့် ဖိတွန်းရမည်။ ကျန်လက်တစ်ဖက်ကို တံတောင်ကွေး၍ ခန္ဓာကိုယ်ရှေ့ဘက်တွင် ကာထားရမည်။

**မှတ်ချက်။** အနိမ့်ပုတ်ရာတွင် ခန္ဓာကိုယ်ဒူးအထက်နား အမြင့်ထိသာ ပုတ်ရမည်။ အမြင့်ပုတ်ရာတွင် ခန္ဓာကိုယ် ခါးအမြင့်ခန့်ထိသာ ပုတ်ရမည်။

အခန်း(၂၅) မီနီဘတ်စကက်ဘောကစားနည်း







၃၃

## ရုပ်ပုံများနှင့်ပတ်သက်သောရှင်းလင်းချက်များ

၃ တစ်အုပ်စုလျှင် ၅ဦးစီပါဝင်သောအုပ်စုများဖွဲ့ရမည်။ ကလေးများ အတန်းလိုက် သတ်မှတ်နေရာများတွင် တန်းစီနေရာယူရမည်။ ခရာသံကြားလျှင် နောက်ဆုံး နံပါတ် ၅ ကလေးက ဘောလုံးအမြင့်ပုတ်သယ်ဆောင်ပြီး မိမိရှေ့ရှိ နံပါတ် ၄ ကလေးထံ ပေးရမည်။ နံပါတ် ၄ ကလေးက ပုတ်၍ သယ်သွားပြီး နံပါတ် ၃ ကလေးထံ ပေးရမည်။ ဤနည်းအတိုင်း အဆင့်ဆင့်သယ်သွားပြီး နောက်ဆုံး နံပါတ် ၁ ကလေးထံရောက်လျှင် ဂိုးပေါက်ထဲသို့ ပစ်သွင်းရမည်။ ၎င်းနောက် ဘောလုံးကို ကောက်ယူကာ နောက်ဆုံးရှိ နံပါတ် ၅ နေရာတွင် နေရာယူပြီး ပထမကစားသည့်အတိုင်း ဆက်လက်လုပ်ဆောင်ရမည်။ ကလေးတစ်ဦးလျှင် ၃ကြိမ်စီ ဂိုးသွင်းရသည်အထိ လေ့ကျင့်ရမည်။

၄ ဘောလုံးအမြင့်ပုတ် သယ်ဆောင်ခြင်းနှင့် ရပ်လျက် ဘောလုံးဂိုးသွင်းခြင်း၏ နည်းစနစ်များကို ဆရာနှင့်ကလေးများ ဆွေးနွေးရမည်။

## သတိပြုရမည့်အချက်များ

ကလေးတစ်ဦးနှင့်တစ်ဦး အကွာအဝေးသည် ၆ ပေ ကွာရမည်ဖြစ်ပြီး ဂိုးသွင်းမည့်နေရာနှင့် ဂိုးတိုင်အကွာအဝေးသည် ၄ပေ ကွာရမည်ဖြစ်သည်။ သို့သော် ကစားကွင်း အကွာအဝေးပေါ်မူတည်ပြီး ကလေးဦးရေကိုလျှော့ချ နိုင်သည်။

# အခန်း (၂၅) | စာသင်ချိန် ၂/၄

## သင်ယူမှုဦးတည်ချက်များ

- ဘောလုံးကို အမြင့်ပုတ်၍သယ်ဆောင်ကာ ကွင်းအတွင်းဝင်အောင် ပစ်ရာတွင် တက်ကြွပျော်ရွှင်မှုရှိရန်။
- ဂိုးပေါက်အတွင်း ဘောလုံးပစ်ထည့်ခြင်း၏ လှုပ်ရှားမှုအဆင့်ဆင့်ကို ပါဝင်ဆွေးနွေးတတ်ရန်။

## သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

ခရာ၊ ဘောလုံး၊ ဘတ်စကတ်ဘောဂိုးတိုင်၊ စစ်ဆေးအကဲဖြတ်မှု မှတ်တမ်း။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ခန်းစာနှင့်ပတ်သက်ပြီး ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခြင်း။ (၂ မိနစ်)
၂။ ကစားမည့်နေရာကို သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် မကစားမီလုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများပြုလုပ်ခြင်း။ (၃ မိနစ်)
၃။ ဆရာက ကစားနည်းကိုရှင်းပြပြီး ဆရာနှင့် ကလေးအချို့သရုပ်ပြခြင်း။ (၅ မိနစ်)
၄။ ကလေးများသည် ဘောလုံးအမြင့်ပုတ် သယ်ဆောင်ခြင်းနှင့် ဂိုးသွင်းခြင်းကို အုပ်စုလိုက် လေ့ကျင့်ခြင်း။ (၂၀ မိနစ်)
၅။ ဘောလုံးအမြင့်ပုတ် သယ်ဆောင်ခြင်းနှင့် ရပ်လျက် ဘောလုံးဂိုးသွင်းခြင်း၏ နည်းစနစ်များကို ဆရာနှင့်ကလေးများ ဆွေးနွေးခြင်း။ (၅ မိနစ်)
၆။ ကစားပြီးလုပ်ဆောင်ရမည့်လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ ချီးမွမ်းခြင်း၊ အားပေးခြင်းနှင့် သင်ခန်းစာကို နိဂုံးချုပ်ခြင်း။ (၅ မိနစ်)

## စစ်ဆေးအကဲဖြတ်ရန်လမ်းညွှန်ချက်များ

| အဆင့် \ နယ်ပယ် | တက်ကြွပျော်ရွှင်မှုရှိခြင်း (ခံစားမှုဆိုင်ရာ အကျိုးသက်ရောက်မှုနယ်ပယ်) | လှုပ်ရှားမှုအဆင့်ဆင့်ကို ဆွေးနွေးရာတွင်ပါဝင်ခြင်း (လူမှုရေးဆိုင်ရာနယ်ပယ်) |
|---|---|---|
| ၃ | ဘောလုံးပုတ်ရာတွင် အမြဲတမ်း တက်ကြွပျော်ရွှင်မှုရှိသည်။ | ဂိုးပေါက်အတွင်း ဘောလုံးပစ်ထည့်ခြင်း၏ လှုပ်ရှားမှု အဆင့်ဆင့်ကို ကောင်းစွာပါဝင်ဆွေးနွေးနိုင်သည်။ |
| ၂ | ဘောလုံးပုတ်ရာတွင် တက်ကြွပျော်ရွှင်မှုရှိသည်။ | ဂိုးပေါက်အတွင်း ဘောလုံးပစ်ထည့်ခြင်း၏ လှုပ်ရှားမှု အဆင့်ဆင့်ကို ပါဝင်ဆွေးနွေးနိုင်သည်။ |
| ၁ | ဘောလုံးပုတ်ရာတွင် တက်ကြွပျော်ရွှင်မှုရှိရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ | ဂိုးပေါက်အတွင်း ဘောလုံးပစ်ထည့်ခြင်း၏ လှုပ်ရှားမှု အဆင့်ဆင့်ကို ပါဝင်ဆွေးနွေးနိုင်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ |

## အားပေးတုံ့ပြန်ချက်များ

- ကလေးတို့အားလုံးဘောလုံးကို အမြင့်ပုတ်ပြီးသယ်ကာ ကွင်းအတွင်းဝင်အောင်ပစ်ရာမှာ တက်ကြွပျော်ရွှင်မှု ရှိခဲ့ကြတယ်။
- ဂိုးပေါက်အတွင်း ဘောလုံးပစ်ထည့်ခြင်းရဲ့ လှုပ်ရှားမှုအဆင့်ဆင့်ကို ပါဝင်ဆွေးနွေးတတ်ကြတယ်။



DBE BOX

## အခန်း (၂၅) | စာသင်ချိန် ၃/၄

### သင်ယူမှုဦးတည်ချက်များ

- ဘောလုံးကို အမြင့်ပုတ်၍သယ်ဆောင်ကာ ကွင်းအတွင်းဝင်အောင်ပစ်နိုင်ရန်။
- ဘောလုံးပစ်ထည့်ကစားခြင်း၏ နည်းစနစ်များကို ရှင်းပြတတ်ရန်။

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

ခရာ၊ ဘောလုံး၊ ဘတ်စကတ်ဘောဂိုးတိုင်၊ စစ်ဆေးအကဲဖြတ်မှုမှတ်တမ်း။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ခန်းစာနှင့်ပတ်သက်ပြီး ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခြင်း။ (၂ မိနစ်)

၂။ ကစားမည့်နေရာကို သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် မကစားမီလုပ်ဆောင်ရမည့်လေ့ကျင့်ခန်းများပြုလုပ်ခြင်း။ (၃ မိနစ်)

၃။ ဆရာက ဘောလုံးပစ်ထည့်ခြင်း၏ နည်းစနစ်များကိုရှင်းပြခြင်း။ (၅ မိနစ်)

၄။ ဆရာက ဘောလုံးအမြင့်ပုတ်သယ်ဆောင်ခြင်းနှင့် အမြင့်ပုတ် သယ်ဆောင်ပြီး ဂိုးသွင်းခြင်းကို ရှင်းပြခြင်း၊ သရုပ်ပြခြင်းနှင့် ကလေးများ လက်တွေ့လုပ်ဆောင်ခြင်း။ (၂၅ မိနစ်)
(က) ဘောလုံးအမြင့်ပုတ်သယ်ဆောင်ခြင်း (၁၀ မိနစ်)
(ခ) ဘောလုံးအမြင့်ပုတ်သယ်ဆောင်ပြီး ဂိုးသွင်းခြင်း (၁၅ မိနစ်)

၅။ ကစားပြီးလုပ်ဆောင်ရမည့်လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ ချီးမွမ်းခြင်း၊ အားပေးခြင်းနှင့် သင်ခန်းစာကို နိဂုံးချုပ်ခြင်း။ (၅ မိနစ်)

### စစ်ဆေးအကဲဖြတ်ရန်လမ်းညွှန်ချက်များ

| နယ်ပယ် / အဆင့် | ကွင်းအတွင်းဝင်အောင်ပစ်နိုင်ခြင်း (လှုပ်ရှားမှုဆိုင်ရာ နားလည် အသုံးချမှုနယ်ပယ်) | နည်းစနစ်များကို ရှင်းပြတတ်ခြင်း (သိမှုဆိုင်ရာ နားလည်အသုံးချမှု နယ်ပယ်) |
|---|---|---|
| ၃ | ဘောလုံးအမြင့်ပုတ်သယ်ဆောင်နိုင်ပြီး ကွင်းအတွင်း အောင်မြင်အောင် ပစ်ထည့်နိုင်သည်။ | ဘောလုံးပစ်ထည့်ခြင်း၏ နည်းစနစ်များကို ရှင်းလင်းစွာ ရှင်းပြနိုင်သည်။ |
| ၂ | ဘောလုံးအမြင့်ပုတ်သယ်ဆောင်နိုင်ပြီး ကွင်းအတွင်း ပစ်ထည့်နိုင်သည်။ | ဘောလုံးပစ်ထည့်ခြင်း၏ နည်းစနစ်များကို ရှင်းပြနိုင်သည်။ |
| ၁ | ဘောလုံးအမြင့်ပုတ်သယ်ဆောင်နိုင်ပြီး ကွင်းအတွင်း ပစ်ထည့်နိုင်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ | ဘောလုံးပစ်ထည့်ခြင်း၏ နည်းစနစ်များကို ရှင်းပြနိုင်ရန် ဆရာနှင့် ကျောင်းသား အချင်းချင်း၏အားပေးကူညီမှု လိုအပ်သည်။ |

### အားပေးတုံ့ပြန်ချက်များ

- ကလေးတို့အားလုံး ဘောလုံးကို အမြင့်ပုတ်သယ်ဆောင်ပြီး ကွင်းအတွင်းဝင်အောင် ပစ်နိုင်ခဲ့ကြတယ်။
- ဘောလုံးပစ်ထည့်ကစားခြင်းရဲ့ နည်းစနစ်တွေကို ရှင်းပြတတ်ကြတယ်။




### ရုပ်ပုံများနှင့်ပတ်သက်သောရှင်းလင်းချက်များ

၅ ဆရာက ဘောလုံးပစ်ထည့်ခြင်း၏ နည်းစနစ်များကို ရှင်းပြရမည်။

၆ ကလေးများသည် ရှေ့နောက်တန်းစီပြီး မျက်နှာချင်းဆိုင်နေရာယူရမည်။ ရှေ့ဆုံးကလေးလက်တွင် ဘောလုံးကိုင်ထားရမည်။ ခရာသံကြားလျှင် ရှေ့ဆုံးကလေးက ဘောလုံးကို အမြင့်ပုတ်သယ်ဆောင်ပြီး မျက်နှာချင်းဆိုင် ကလေးထံပေးကာ နောက်တွင်နေရာယူရမည်။

၇ ကလေးများသည် အတန်းလိုက် ရှေ့နောက်တန်းစီနေရာယူရမည်။ ရှေ့ဆုံးကလေးလက်တွင် ဘောလုံးကို ကိုင်ထားရမည်။ ခရာသံကြားလျှင် ဘောလုံးကို အမြင့်ပုတ်သယ်ဆောင်ကာ သတ်မှတ်နေရာရောက်လျှင် ဂိုးပေါက်အတွင်း ပစ်သွင်းရမည်။

### ဘောလုံးပစ်ထည့်ခြင်း၏ နည်းစနစ်များ

၁။ ဘောလုံးပစ်မည့်နေရာကို ကြည့်ရမည်။
၂။ ဘောလုံးကို ခွဲထားသော လက်ချောင်းများဖြင့် မြဲမြံစွာကိုင်ရမည်။
၃။ ဘောလုံးကို ဦးခေါင်းအပေါ်ဘက် ရှေ့အနည်းငယ်တွင်ထားရမည်။
၄။ ဘောလုံးပစ်ရန် ဒူးအနည်းငယ်ကွေးရမည်။
၅။ ဘောလုံးပစ်ရာတွင် ဒူးနှင့်လက်ကို တစ်ပြိုင်နက် ဆန့်ရမည်။



DBE BOX

အခန်း(၂၅) မီနီဘတ်စကက်ဘောကစားနည်း




**ကစားနည်းစည်းမျဉ်းများ**

၁။ တစ်အုပ်စုလျှင် ၅ ဦးစီပါသော အဖွဲ့များ ဖွဲ့ရမည်။
၂။ ကလေးများကို ၁၊ ၂၊ ၃၊ ၄၊ ၅ စသည်ဖြင့် နံပါတ်များသတ်မှတ်ပေးပြီး သတ်မှတ်နေရာတွင် ရှေ့ နောက်တန်းစီနေရာယူပြီး အုပ်စု ၂ ခုရှိ နောက်ဆုံး နံပါတ် (၅) ကလေးတို့က ဘောလုံးကိုင်ထားရမည်။
၃။ ခရာသံကြားလျှင် နံပါတ် (၅) ကလေးက ဘောလုံးကို လက်ဖြင့်ပုတ်သယ်ကာ နံပါတ် (၄) ကလေးထံသို့ပေးပြီး နံပါတ် (၄) ကလေး နေရာသို့ယူရမည်။ နံပါတ် (၄) ကလေးက ဘောလုံးကို လက်ဖြင့်ပုတ်သယ်ကာ နံပါတ် (၃) ကလေးထံသို့ပေးပြီး နံပါတ် (၃) ကလေး နေရာကိုယူရမည်။ ဤနည်းအတိုင်း ကျန်ကလေးများက ဆက်လက်ကစားရမည်။
၄။ နံပါတ် (၁) ကလေးထံသို့ရောက်လျှင် ဘောလုံးကိုပုတ်သယ်သွားပြီး သတ်မှတ်နေရာရောက်လျှင် ကွင်းအတွင်းသို့ ပစ်ထည့်ရမည်။ ပြီးလျှင် ဘောလုံးကို ပြန်ကောက်ယူပြီး နံပါတ် (၅) ကလေးနေရာသို့သွားကာ ပထမအတိုင်း ဆက်လက်လုပ်ဆောင်ရမည်။
၅။ သတ်မှတ်ချိန် ၅ မိနစ်အတွင်း ဘောလုံးအရေအတွက်အများဆုံးပစ်ထည့်နိုင်သောအဖွဲ့က အနိုင်ရမည်။

**မေးခွန်း**

| | | | | |
|---|---|---|---|---|
| ၁ | မီနီဘတ်စကက်ဘောကစားနည်းကို တက်ကြွပျော်ရွှင်စွာ ကစားခဲ့ကြသလား။ | | | |
| ၂ | ဘောလုံးကို သတ်မှတ်နေရာထိရောက်အောင် ပုတ်သွားနိုင်ခဲ့ကြသလား။ | | | |
| ၃ | ဘောလုံးပုတ်ခြင်းရဲ့ နည်းစနစ်တွေကို ရှင်းရှင်းလင်းလင်း ရှင်းပြနိုင်မလား။ | | | |
| ၄ | သူငယ်ချင်းတွေရဲ့လုပ်ဆောင်ချက်အပေါ် အားပေးခဲ့ကြသလား။ | | | |

၉၅

## ရုပ်ပုံများနှင့်ပတ်သက်သောရှင်းလင်းချက်များ

၁ ဆရာက ကစားနည်းစည်းမျဉ်းများကိုရှင်းပြခြင်းနှင့် အုပ်စုလိုက်ကစားနည်းပရိယာယ်များကို ဆွေးနွေးတိုင်ပင်ရမည်။

၂ ကလေးများ အုပ်စုလိုက် ကစားနည်းစည်းမျဉ်းများကို တိုင်ပင်ဆွေးနွေးရမည်။ ကလေးများသည် ကစားနည်းစည်းမျဉ်းများအတိုင်း အုပ်စုလိုက် ယှဉ်ပြိုင်ကစားရမည်။

## သတိပြုရမည့်အချက်များ

ကလေးတစ်ဦးနှင့်တစ်ဦးအကွာအဝေးသည် ၆ ပေ ကွာရမည်ဖြစ်ပြီး ဂိုးသွင်းမည့်နေရာနှင့် ဂိုးတိုင်အကွာအဝေးသည် ၄ ပေ ကွာရမည်ဖြစ်သည်။ သို့သော် ကစားကွင်းအကွာအဝေးအပေါ် မူတည်ပြီး ကလေးဦးရေကိုလျှော့ချနိုင်သည်။

# အခန်း (၂၅) စာသင်ချိန် ၄/၄

## သင်ယူမှုဦးတည်ချက်များ

- ကစားနည်းစည်းမျဉ်းများကို နားလည်သဘောပေါက်ပြီး မှန်ကန်စွာ ရှင်းပြတတ်ရန်။
- မိမိအသင်းအောင်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်တတ်ရန်။

## သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

ခရာ၊ ဘောလုံး၊ ဘတ်စကတ်ဘောဂိုးတိုင်၊ စစ်ဆေးအကဲဖြတ်မှုမှတ်တမ်း။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ခန်းစာနှင့်မိတ်ဆက်ပြီး ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားခြင်း။ (၂ မိနစ်)
၂။ ကစားကွင်းကို သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် မကစားမီလုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများပြုလုပ်ခြင်း။ (၃ မိနစ်)
၃။ ဆရာက ကစားနည်းစည်းမျဉ်းများကိုရှင်းပြခြင်း။ (၅ မိနစ်)
၄။ ကလေးများ အုပ်စုလိုက် ကစားနည်းစည်းမျဉ်းများကို ဆွေးနွေးခြင်း။ (၅ မိနစ်)
၅။ ကလေးများ အုပ်စုလိုက် ယှဉ်ပြိုင်ကစားခြင်း။ (၂၀ မိနစ်)
၆။ ကစားပြီးလုပ်ဆောင်ရမည့်လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ ချီးမွမ်းခြင်း၊ အားပေးခြင်းနှင့် ကျောင်းသုံးစာအုပ်ပါ မေးခွန်းများဖြေဆိုခြင်း။ (၅ မိနစ်)

## စစ်ဆေးအကဲဖြတ်ရန်လမ်းညွှန်ချက်များ

| နယ်ပယ် / အဆင့် | ကစားနည်းစည်းမျဉ်းများကို ရှင်းပြတတ်ခြင်း (သိမှုဆိုင်ရာနားလည်အသုံးချမှုနယ်ပယ်) | ပူးပေါင်းဆောင်ရွက်တတ်ခြင်း (လူမှုရေးဆိုင်ရာနယ်ပယ်) |
|---|---|---|
| ၃ | ကစားနည်းစည်းမျဉ်းများကို မှန်ကန်စွာနှင့် အခြားသူများ နားလည်လွယ်အောင် ရှင်းပြနိုင်သည်။ | မိမိအသင်းအောင်နိုင်ရေးအတွက် အမြဲတမ်း ပူးပေါင်းဆောင်ရွက်နိုင်သည်။ |
| ၂ | ကစားနည်းစည်းမျဉ်းများကို မှန်ကန်စွာ ရှင်းပြနိုင်သည်။ | မိမိအသင်းအောင်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်သည်။ |
| ၁ | ကစားနည်းစည်းမျဉ်းများကို မှန်ကန်စွာ ရှင်းပြနိုင်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ | မိမိအသင်းအောင်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ |

## အားပေးတုံ့ပြန်ချက်များ

- ကလေးတို့အားလုံး ကစားနည်းစည်းမျဉ်းတွေကို ကောင်းကောင်းနားလည်ခဲ့ကြတယ်။
- အသင်းအောင်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ခဲ့ကြတယ်။

## အခန်း (၂၆) | စာသင်ချိန် ၁/၄

### သင်ယူမှုဦးတည်ချက်များ

- ဘော်လီဘောကစားနည်း အခြေခံများကို ပါဝင်လုပ်ဆောင်ရာတွင် တက်ကြွပျော်ရွှင်မှုရှိရန်။
- သူငယ်ချင်းများ၏ မတူညီချက်များကိုလက်ခံပြီး စိတ်ရှည်စွာ ကူညီပေးတတ်ရန်။

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

ခရာ၊ ဘောလုံး၊ ပီဗွီစီပိုက်၊ ပလတ်စတစ်ကြိုး၊ ရေသန့်ဘူး၊ စစ်ဆေးအကဲဖြတ်မှုမှတ်တမ်း။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ခန်းစာနှင့်မိတ်ဆက်ပြီး ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားခြင်း။ (၂ မိနစ်)

၂။ ကစားမည့်နေရာကို သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် မကစားမီလုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများပြုလုပ်ခြင်း။ (၃ မိနစ်)

၃။ ကစားနည်းကို ရှင်းပြခြင်း၊ ဆရာနှင့် ကလေးအချို့ သရုပ်ပြခြင်း။ (၅ မိနစ်)

၄။ ကလေးများ အုပ်စုလိုက်လက်တွေ့လုပ်ဆောင်ခြင်း။ (၂၀ မိနစ်)

၅။ လက်တွေ့လုပ်ဆောင်ရာမှ တွေ့ရှိချက်များကို အုပ်စုလိုက် ဆွေးနွေးခြင်းနှင့် ပြန်လည်တင်ပြခြင်း။ (၅ မိနစ်)

၆။ ကစားပြီးလုပ်ဆောင်ရမည့်လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ ချီးမွမ်းခြင်း၊ အားပေးခြင်းနှင့် သင်ခန်းစာကို နိဂုံးချုပ်ခြင်း။ (၅ မိနစ်)

### စစ်ဆေးအကဲဖြတ်ရန်လမ်းညွှန်ချက်များ

| နယ်ပယ် / အဆင့် | တက်ကြွပျော်ရွှင်မှုရှိခြင်း (ခံစားမှုဆိုင်ရာအကျိုးသက်ရောက်မှုနယ်ပယ်) | စိတ်ရှည်စွာ ကူညီပေးတတ်ခြင်း (လူမှုရေးဆိုင်ရာ နယ်ပယ်) |
|---|---|---|
| ၃ | ဘော်လီဘောကစားနည်း၏ အခြေခံများကို ပါဝင်လုပ်ဆောင်ရာတွင် လွန်စွာတက်ကြွပျော်ရွှင်မှုရှိသည်။ | သူငယ်ချင်းများ၏ မတူညီချက်များကိုလက်ခံပြီး အမြဲတမ်း စိတ်ရှည်စွာကူညီပေးတတ်သည်။ |
| ၂ | ဘော်လီဘောကစားနည်း၏ အခြေခံများကို ပါဝင်လုပ်ဆောင်ရာတွင် တက်ကြွပျော်ရွှင်မှုရှိသည်။ | သူငယ်ချင်းများ၏ မတူညီချက်များကိုလက်ခံပြီး စိတ်ရှည်စွာကူညီပေးတတ်သည်။ |
| ၁ | ဘော်လီဘောကစားနည်း၏ အခြေခံများကို ပါဝင်လုပ်ဆောင်ရာတွင် တက်ကြွပျော်ရွှင်မှုရှိရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ | သူငယ်ချင်းများ၏ မတူညီချက်များကိုလက်ခံပြီး စိတ်ရှည်စွာကူညီပေးတတ်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ |

### အားပေးတုံ့ပြန်ချက်များ

- ♦ ကလေးတို့အားလုံး ဘော်လီဘောကစားနည်း အခြေခံတွေကို တက်တက်ကြွကြွပါဝင် လုပ်ဆောင်ခဲ့ကြတယ်။
- ♦ သူငယ်ချင်းတွေရဲ့ မတူညီချက်တွေကို လက်ခံပြီးစိတ်ရှည်ရှည်နဲ့ ကူညီပေးခဲ့ကြတယ်။



### အခန်း(၂၆) မီနီဘော်လီဘောကစားနည်း



ကလေးတို့အားလုံး မင်္ဂလာပါ။ ဒီနေ့ မီနီဘော်လီဘောကစားနည်းကို ပျော်ပျော်ရွှင်ရွှင် စုပေါင်းကစားကြရမယ်။ ကစားနည်းစည်းမျဉ်းတွေကို နားလည်ပြီး မှန်မှန်ကန်ကန် လုပ်ဆောင်နိုင်ရမယ်။ ဘောလုံးကို တစ်ချက်ထောက်ဖမ်းနိုင်ပြီး တစ်ချက်ထောက် ပေးနိုင်ရမယ်။




၇၆

### ရုပ်ပုံများနှင့်ပတ်သက်သောရှင်းလင်းချက်များ

၁ ဆရာက ကစားနည်းကို ရှင်းပြခြင်း၊ ကလေးအချို့နှင့် သရုပ်ပြခြင်းကို လုပ်ဆောင်ရမည်။ တစ်အုပ်စုလျှင် ၃ ဦးစီပါသော အုပ်စုများဖွဲ့ကာ ကလေးများ လက်တွေ့လုပ်ဆောင်နိုင်အောင် စီစဉ်ပေးရမည်။

၂ ဆရာက မေးခွန်းများမေးမြန်းရမည်။ ကလေးများက လက်တွေ့ လုပ်ဆောင်ရာမှ တွေ့ရှိချက်များကို အုပ်စုလိုက် ဆွေးနွေးရမည်။ အုပ်စုတစ်စုစီမှ ကလေးတစ်ဦးစီက ပြန်လည်ရှင်းပြရမည်။

### သတိပြုရမည့်အချက်များ

၁။ ဤစာသင်ချိန်တွင် ကလေးများ၏ လုပ်ဆောင်ချက်ကျွမ်းကျင်မှုကို အဓိကထားသင်ကြားပေးရန် မဟုတ်ဘဲ ကလေးများ ကစားနည်းကို သိရှိနားလည်ပြီး တစ်ဦးကိုတစ်ဦး နားလည်လက်ခံကာ ပူးပေါင်းဆောင်ရွက်တတ်ရန် အဓိကထား သင်ကြားပေးရမည်ဖြစ်သည်။

၂။ ကစားကွင်းအလျား ၃၀ ပေ၊ ကစားကွင်းအနံ ၁၅ ပေ ရှိရမည်။ ပိုက်အမြင့် ၂ ပေ ၆ လက်မ ရှိရမည်။

DBE BOX




၇၇

## ရုပ်ပုံများနှင့်ပတ်သက်သောရှင်းလင်းချက်များ

(၃) တစ်အုပ်စုလျှင် ၆ ဦးစီပါဝင်သော အုပ်စုများဖွဲ့ကာ ၃ ယောက် ကစားလျှင် ကျန်ကလေး ၃ ယောက်က ကြည့်ရှုလေ့လာကာ အကြံကောင်းများပေးရမည်။

(၄) စည်း၏ တစ်ဖက်တစ်ချက်တွင် မျက်နှာချင်းဆိုင် နေရာယူကာ ပထမစည်း၊ ဒုတိယစည်း ကျော်ပစ်ပြီး မည်သည့်စည်းကို ကျော်ပစ်လျှင် တစ်ဖက်မှ သူငယ်ချင်း ကောင်းကောင်းဖမ်းနိုင်ကြောင်း လက်တွေ့လုပ်ဆောင်ရမည်။

(၅) ပိုက်၏ တစ်ဖက်တစ်ချက်တွင် မျက်နှာချင်းဆိုင်နေရာယူကာ ပိုက်ကိုကျော်ပြီး ဘောလုံးတစ်ချက်ထောက်ပေးခြင်းနှင့် ဖမ်းခြင်းကို လက်တွေ့လုပ်ဆောင်ရမည်။

## သတိပြုရမည့်အချက်များ

၁။ ဤစာသင်ချိန်တွင် ကလေးများ ဘောလုံးပစ်ပေးခြင်း ဖမ်းခြင်းတို့ကို ကျွမ်းကျင်စွာ လုပ်ဆောင်တတ်ရန် အဓိကထား သင်ကြားပေးရမည်ဖြစ်သဖြင့် ကလေးများကို လေ့ကျင့်ချိန် များများရအောင် ဆရာက စီစဉ်ပေးရမည်။

၂။ ကလေးများ တစ်ဦးကိုတစ်ဦး နားလည်ကာ အလုပ်ဆောင်တတ်ရန် ဆရာက စီစဉ်ပေးရမည်။

# အခန်း (၂၆) | စာသင်ချိန် ၂/၄

## သင်ယူမှုဦးတည်ချက်များ

- ဘောလုံးတစ်ချက်ထောက်ပေးခြင်းနှင့် ဖမ်းခြင်းကို မှန်ကန်စွာ လုပ်ဆောင်တတ်ရန်။
- အုပ်စုလိုက်လေ့ကျင့်ရာတွင် သူငယ်ချင်းကို အလုည့်ပေး လုပ်ဆောင်တတ်ရန်။

## သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

ခရာ၊ ဘောလုံး၊ ပိဗ္ဗိစီပိုက်၊ ပလတ်စတစ်ကြိုး၊ ရေသန့်ဘူး၊ စစ်ဆေးအကဲဖြတ်မှုမှတ်တမ်း။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ခန်းစာနှင့်မိတ်ဆက်ပြီး ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခြင်း။ (၂ မိနစ်)

၂။ ကစားမည့်နေရာကို သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် မကစားမီလုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများပြုလုပ်ခြင်း။ (၃ မိနစ်)

၃။ ဆရာက ကစားနည်းကိုရှင်းပြပြီး ဆရာနှင့် ကလေးအချို့သရုပ်ပြခြင်း၊ ကလေးများ အုပ်စုလိုက် လက်တွေ့လုပ်ဆောင်ခြင်း။ (၃၀ မိနစ်)

(က) ၃ ယောက်တွဲ ဘောလုံးတစ်ချက်ထောက်ပေးခြင်း၊ ဖမ်းခြင်းကို လေ့ကျင့်ခြင်း။

(ခ) စည်း ၄ စည်းသားကာ စည်းများကို ကျော်ပစ်ခြင်း၊ ဖမ်းခြင်းကို လေ့ကျင့်ခြင်း။

(ဂ) ပိုက်ကို ကျော်ကာ ဘောလုံးပစ်ပေးခြင်းကို လေ့ကျင့်ခြင်း။

၄။ ကစားပြီးလုပ်ဆောင်ရမည့်လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ ချီးမွမ်းခြင်း၊ အားပေးခြင်းနှင့် သင်ခန်းစာကို နိဂုံးချုပ်ခြင်း။ (၅ မိနစ်)

## စစ်ဆေးအကဲဖြတ်ရန်လမ်းညွှန်ချက်များ

| နယ်ပယ် / အဆင့် | ဘောလုံးတစ်ချက်ထောက်ပေးခြင်း ဖမ်းခြင်းကို လုပ်ဆောင်တတ်ခြင်း (လှုပ်ရှားမှုဆိုင်ရာ ကျွမ်းကျင်မှုနယ်ပယ်) | အလှည့်ပေးလုပ်ဆောင်တတ်ခြင်း (လူမှုရေးဆိုင်ရာနယ်ပယ်) |
|---|---|---|
| ၃ | ဘောလုံးတစ်ချက်ထောက် ပေးခြင်း၊ ဖမ်းခြင်းကို ကျွမ်းကျင်စွာ လုပ်ဆောင်တတ်သည်။ | အုပ်စုလိုက်လေ့ကျင့်ရာတွင် သူငယ်ချင်းကို အမြဲတမ်း အလှည့် ပေးပြီး လုပ်ဆောင်နိုင်သည်။ |
| ၂ | ဘောလုံးတစ်ချက်ထောက် ပေးခြင်း၊ ဖမ်းခြင်းကို မှန်ကန်စွာ လုပ်ဆောင်တတ်သည်။ | အုပ်စုလိုက်လေ့ကျင့်ရာတွင် သူငယ်ချင်းကို အလှည့်ပေး လုပ်ဆောင်တတ်သည်။ |
| ၁ | ဘောလုံးတစ်ချက်ထောက် ပေးခြင်း၊ ဖမ်းခြင်းကိုမှန်ကန်စွာ လုပ်ဆောင်တတ်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ | အုပ်စုလိုက်လေ့ကျင့်ရာတွင် သူငယ်ချင်းကို အလှည့်ပေး လုပ်ဆောင်တတ်ရန် ကျောင်းသား များနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ |

## အားပေးတုံ့ပြန်ချက်များ

- ကလေးတို့အားလုံး ဘောလုံးတစ်ချက်ထောက်ပေးရာနဲ့ ဖမ်းရာမှာ မှန်မှန်ကန်ကန် လုပ်တတ်ခဲ့ကြတယ်။
- အုပ်စုလိုက် လေ့ကျင့်ရာမှာ သူငယ်ချင်းကို အလှည့်ပေးလုပ်ဆောင်ခဲ့ကြတယ်။

| အခန်း (၂၆) | စာသင်ချိန် ၃/၄ |
|---|---|

## သင်ယူမှုဦးတည်ချက်များ

- ကစားနည်းစည်းမျဉ်းများကို ရှင်းပြတတ်ရန်။
- အုပ်စုလိုက် ယှဉ်ပြိုင်ကစားရာတွင် စိတ်ရောကိုယ်ပါ ပါဝင်ဆောင်ရွက်တတ်ရန်။

## သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

ခရာ၊ ဘောလုံး၊ ပီဗွီစီပိုက်၊ ပလတ်စတစ်ကြိုး၊ ရေသန့်ဘူး၊ စစ်ဆေးအကဲဖြတ်မှုမှတ်တမ်း။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ခန်းစာနှင့်မိတ်ဆက်ပြီး ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခြင်း။ (၃ မိနစ်)

၂။ ကစားမည့်နေရာကို သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် မကစားမီလုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများပြုလုပ်ခြင်း။ (၃ မိနစ်)

၃။ ကစားနည်းစည်းမျဉ်းများကို ရှင်းပြခြင်း။ (၄ မိနစ်)

၄။ ကလေးများသည် မိမိအသင်းအောင်နိုင်ရေးအတွက် မည်သို့ယှဉ်ပြိုင်ကစားရမည်ကို အုပ်စုတွင်း အချင်းချင်းတိုင်ပင်ဆွေးနွေးခြင်း။ (၅ မိနစ်)

၅။ ကစားနည်းစည်းမျဉ်းများအတိုင်း အုပ်စုလိုက်ယှဉ်ပြိုင်ကစားခြင်း။ (၂၀ မိနစ်)

၆။ ကစားပြီးလုပ်ဆောင်ရမည့်လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ ချီးမွမ်းခြင်း၊ အားပေးခြင်းနှင့် သင်ခန်းစာကို နိဂုံးချုပ်ခြင်း။ (၅ မိနစ်)

## စစ်ဆေးအကဲဖြတ်ရန်လမ်းညွှန်ချက်များ

| နယ်ပယ် / အဆင့် | ကစားနည်းစည်းမျဉ်းများကို ရှင်းပြတတ်ခြင်း (သိမှုဆိုင်ရာ နားလည်အသုံးချမှုနယ်ပယ်) | စိတ်ရောကိုယ်ပါ ပူးပေါင်းဆောင်ရွက်တတ်ခြင်း (လူမှုရေးဆိုင်ရာနယ်ပယ်) |
|---|---|---|
| ၃ | ကစားနည်းစည်းမျဉ်းများကို ရှင်းလင်းစွာ ရှင်းပြနိုင်သည်။ | ယှဉ်ပြိုင်ကစားရာတွင် အမြဲတမ်း စိတ်ရောကိုယ်ပါ ပါဝင်ဆောင်ရွက်နိုင်သည်။ |
| ၂ | ကစားနည်းစည်းမျဉ်းများကို ရှင်းပြနိုင်သည်။ | ယှဉ်ပြိုင်ကစားရာတွင် စိတ်ရောကိုယ်ပါ ပါဝင်ဆောင်ရွက်နိုင်သည်။ |
| ၁ | ကစားနည်းစည်းမျဉ်းများကို ရှင်းပြနိုင်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှုလိုအပ်သည်။ | ယှဉ်ပြိုင်ကစားရာတွင် စိတ်ရောကိုယ်ပါ ပါဝင်ဆောင်ရွက်နိုင်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ |

## အားပေးတုံ့ပြန်ချက်များ

- ကလေးတို့အားလုံး ကစားနည်းစည်းမျဉ်းတွေကို ရှင်းပြတတ်ကြတယ်။
- အုပ်စုလိုက် ယှဉ်ပြိုင်ကစားရာမှာ စိတ်ရောကိုယ်ပါ ပါဝင်ဆောင်ရွက်ခဲ့ကြတယ်။

အခန်း(၂၆) မီနီဘော်လီဘောကစားနည်း




**ကစားနည်းစည်းမျဉ်းများ**

၁။ တစ်အုပ်စုလျှင် ၃ ဦးစီပါသော အဖွဲ့များ ဖွဲ့ရမည်။ စပေးဘောပေးမည့် အဖွဲ့ကို မဲနှိုက်ရွေးချယ်ရမည်။
၂။ ပိုက်၏တစ်ဖက်တစ်ချက်တွင် ကလေး ၃ ဦးစီ နေရာယူရမည်။
၃။ ခရာသံကြားလျှင် စပေးဘောပေးမည့်ကလေးက ဘောလုံးကို မိမိကစားကွင်းဘက်တွင် တစ်ချက်ထောက်ပေးရမည်။
၄။ တစ်ဖက်အသင်းမှ မိမိကစားကွင်းဘက်တွင် တစ်ချက်ထောက်ပြီးမှသာ ဘောလုံးကိုဖမ်းရမည်။ ဖမ်းမိသောကလေးက မိမိအဖွဲ့ဘက်မှ တစ်ယောက်(ဒုတိယကလေး)ကို ဘောလုံးတစ်ချက်ထောက်ပေးရမည်။ ဒုတိယကလေးက ဘောလုံးကိုဖမ်းပြီး တတိယကလေးထံသို့ တစ်ချက်ထောက်ပေးရမည်။ တတိယကလေးက ဘောလုံးကို ဖမ်းပြီး မိမိကစားကွင်းဘက်တွင် တစ်ချက်ထောက်ပြီး တခြားအသင်းဘက်သို့ ပေးရမည်။ ဤနည်းအတိုင်း ဆက်ကစားရမည်။
၅။ ဘောလုံးကို မဖမ်းနိုင်လျှင် တစ်ဖက်အသင်းမှ တစ်မှတ်ရရှိပြီး စည်းကိုကျော်အောင်ပစ်လိုက်လျှင်လည်း တစ်ဖက်အသင်းမှ တစ်မှတ်ရရှိမည်။
၆။ သတ်မှတ်ချိန် ၅ မိနစ်အတွင်း အမှတ်အများဆုံးရသောအဖွဲ့က အနိုင်ရမည်။

၇၈

## ရုပ်ပုံများနှင့်ပတ်သက်သောရှင်းလင်းချက်များ

(၆) ဆရာက ကစားနည်းစည်းမျဉ်းများကို ရှင်းပြရမည်။

(၇) ဒိုင်လူကြီးနှင့် ကစားမည့်အသင်းနှစ်သင်း အရိုအသေပေးရမည်။

(၈) ကစားနည်းစည်းမျဉ်းများအတိုင်း အုပ်စုလိုက် ယှဉ်ပြိုင်ကစားရမည်။

## သတိပြုရမည့်အချက်များ

၁။ ဤစာသင်ချိန်တွင် ဆရာက ကစားနည်းစည်းမျဉ်းအတိုင်း ကလေးများ ယှဉ်ပြိုင်ကစားမှု ရှိ မရှိကို အဓိကထား သင်ကြားပေးရမည်။

၂။ ဘောလုံးပစ်ပေးပြီး တစ်ဖက်အသင်းမှ မဖမ်းနိုင်လျှင် အမှတ်ရမည်။

၃။ ဘောလုံးကျသည့်ဘက်မှ ပြန်ပေးရမည်။

အခန်း(၂၆) မီနီဘော်လီဘောကစားနည်း




**မေးခွန်း**

| | | | | |
|---|---|---|---|---|
| ၁ | ဘောလုံးတစ်ချက်ထောက်ပေးခြင်းကို တက်တက်ကြွကြွလုပ်ဆောင်ခဲ့သလား။ | ☺ | ☺ | ☹ |
| ၂ | ဘောလုံးတစ်ချက်ထောက်ပေးခြင်း၊ ဖမ်းခြင်းကို လုပ်ဆောင်နိုင်ခဲ့သလား။ | ☺ | ☺ | ☹ |
| ၃ | ကစားနည်းစည်းမျဉ်းတွေကို ရှင်းပြနိုင်ခဲ့ကြသလား။ | ☺ | ☺ | ☹ |
| ၄ | အသင်းအောင်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ခဲ့ကြသလား။ | ☺ | ☺ | ☹ |

၉၆

## ရုပ်ပုံများနှင့်ပတ်သက်သောရှင်းလင်းချက်များ

၆ ဆရာက ကစားနည်းစည်းမျဉ်းများကို ရှင်းပြရမည်။

၇ ဒိုင်လူကြီးနှင့် ကစားမည့်အသင်းနှစ်သင်း အရိုအသေ ပေးရမည်။

၈ ကစားနည်းစည်းမျဉ်းများအတိုင်း အုပ်စုလိုက် ယှဉ်ပြိုင်ကစားရမည်။

## သတိပြုရမည့်အချက်များ

၁။ ဤစာသင်ချိန်တွင် ဆရာက ကလေးများကို အချိန်နှင့် မကစားစေဘဲ ရမှတ်ဖြင့် ကစားစေရမည်။

၂။ ပထမဆုံး ၁၀ မှတ် ရသောအသင်းက အနိုင်ရရှိမည်။

## အခန်း (၂၆) စာသင်ချိန် ၄/၄

### သင်ယူမှုဦးတည်ချက်များ

- ယှဉ်ပြိုင်ကစားရာတွင် စိတ်ရောကိုယ်ပါ တက်ကြွပျော်ရွှင်မှုရှိရန်။
- မိမိအသင်းအောင်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်တတ်ရန်။

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

ခရာ၊ ဘောလုံး၊ ပီဗွီစီပိုက်၊ ပလတ်စတစ်ကြိုး၊ ရေသန့်ဘူး၊ စစ်ဆေးအကဲဖြတ်မှုမှတ်တမ်း။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ခန်းစာနှင့်မိတ်ဆက်ပြီး ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခြင်း။ (၂ မိနစ်)

၂။ ကစားမည့်နေရာကို သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် မကစားမီလုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများပြုလုပ်ခြင်း။ (၃ မိနစ်)

၃။ ဆရာက ကစားနည်းစည်းမျဉ်းများကိုရှင်းပြခြင်း။ (၅ မိနစ်)

၄။ ကလေးများသည် အုပ်စုလိုက် ကစားနည်းစည်းမျဉ်းများကို ဆွေးနွေးခြင်း။ (၅ မိနစ်)

၅။ ကလေးများသည် အုပ်စုလိုက် ယှဉ်ပြိုင်ကစားခြင်း။ (၂၀ မိနစ်)

၆။ ကစားပြီးလုပ်ဆောင်ရမည့်လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ ချီးမွမ်းခြင်း၊ အားပေးခြင်းနှင့် ကျောင်းသုံးစာအုပ်ပါ မေးခွန်းများမေးခြင်း။ (၅ မိနစ်)

### စစ်ဆေးအကဲဖြတ်ရန်လမ်းညွှန်ချက်များ

| နယ်ပယ် / အဆင့် | ကစားနည်းစည်းမျဉ်းများကို ရှင်းပြခြင်း (သိမှုဆိုင်ရာနားလည်အသုံးချမှုနယ်ပယ်) | ပူးပေါင်းဆောင်ရွက်တတ်ခြင်း (လူမှုရေးဆိုင်ရာနယ်ပယ်) |
|---|---|---|
| ၃ | ယှဉ်ပြိုင်ကစားရာတွင် အမြဲတမ်း စိတ်ရောကိုယ်ပါ တက်ကြွပျော်ရွှင်မှုရှိသည်။ | ယှဉ်ပြိုင်ကစားရာတွင် မိမိအသင်းအောင်နိုင်ရေးအတွက် အမြဲတမ်း ပူးပေါင်းဆောင်ရွက်နိုင်သည်။ |
| ၂ | ယှဉ်ပြိုင်ကစားရာတွင် စိတ်ရောကိုယ်ပါ တက်ကြွပျော်ရွှင်မှုရှိသည်။ | ယှဉ်ပြိုင်ကစားရာတွင် မိမိအသင်းအောင်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်သည်။ |
| ၁ | ယှဉ်ပြိုင်ကစားရာတွင် စိတ်ရောကိုယ်ပါ တက်ကြွပျော်ရွှင်မှုရှိရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ | ယှဉ်ပြိုင်ကစားရာတွင် မိမိအသင်းအောင်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ |

### အားပေးတုံ့ပြန်ချက်များ

- ကလေးတို့အားလုံး ကစားရာမှာ စိတ်ရောကိုယ်ပါ တက်ကြွပျော်ရွှင်ခဲ့ကြတယ်။
- ကိုယ့်အသင်းအောင်နိုင်ရေးကို ပူးပေါင်းဆောင်ရွက်ခဲ့ကြတယ်။

## အခန်း (၂၇) | စာသင်ချိန် ၁/၄

### သင်ယူမှုဦးတည်ချက်များ

- ဘောလုံးပစ်ခြင်းနှင့် ဖမ်းခြင်းတို့ကို လုပ်ဆောင်ရာတွင် တက်ကြွပျော်ရွှင်မှု ရှိရန်။
- ဘောလုံးပစ်ခြင်း ဖမ်းခြင်းလုပ်ဆောင်ရာတွင် သူငယ်ချင်းများနှင့် ပူးပေါင်းဆောင်ရွက်တတ်ရန်။

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

ခရာ၊ ဘောလုံး၊ စစ်ဆေးအကဲဖြတ်မှုမှတ်တမ်း။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ခန်းစာနှင့်မိတ်ဆက်ပြီး ရည်ရွယ်ချက်များနှင့် ရှင်းလင်းပြောကြားခြင်း။ (၃ မိနစ်)

၂။ ကစားမည့်နေရာကို သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် မကစားမီလုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများပြုလုပ်ခြင်း။ (၇ မိနစ်)

၃။ ကစားနည်းကို ရှင်းပြခြင်း၊ ဆရာနှင့် ကလေးအချို့ သရုပ်ပြခြင်းနှင့် ကလေးများလက်တွေ့ လုပ်ဆောင်ခြင်း။ (၁၀ မိနစ်)

၄။ ကလေးများသည် အုပ်စုလိုက်လက်တွေ့လုပ်ဆောင်ခြင်းနှင့် ဆရာက ကြည့်ရှုလေ့လာပြီး အကောင်းမြင်တုံ့ပြန်ချက်များပေးခြင်း။ (၁၅ မိနစ်)

၅။ ကစားပြီးလုပ်ဆောင်ရမည့်လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ ချီးမွမ်းခြင်း၊ အားပေးခြင်းနှင့် သင်ခန်းစာကို နိဂုံးချုပ်ခြင်း။ (၅ မိနစ်)

### စစ်ဆေးအကဲဖြတ်ရန်လမ်းညွှန်ချက်များ

| နယ်ပယ် / အဆင့် | တက်ကြွပျော်ရွှင်မှုရှိခြင်း (ခံစားမှုဆိုင်ရာ အကျိုးသက်ရောက်မှုနယ်ပယ်) | ပူးပေါင်းပါဝင်ဆောင်ရွက်တတ်ခြင်း (လူမှုရေးဆိုင်ရာနယ်ပယ်) |
|---|---|---|
| ၃ | ဘောလုံးပစ်ခြင်းနှင့် ဖမ်းခြင်းတို့ လုပ်ဆောင်ရာတွင် လွန်စွာ တက်ကြွပျော်ရွှင်မှုရှိပြီး ယုံကြည်မှုရှိသည်။ | ဘောလုံးပစ်ခြင်းနှင့် ဖမ်းခြင်းတို့ လုပ်ဆောင်ရာတွင် သူငယ်ချင်းများနှင့် ကောင်းစွာ ပူးပေါင်းဆောင်ရွက်တတ်သည်။ |
| ၂ | ဘောလုံးပစ်ခြင်းနှင့် ဖမ်းခြင်းတို့ လုပ်ဆောင်ရာတွင် တက်ကြွပျော်ရွှင်မှုရှိသည်။ | ဘောလုံးပစ်ခြင်းနှင့် ဖမ်းခြင်းတို့ လုပ်ဆောင်ရာတွင် သူငယ်ချင်းများနှင့် ပူးပေါင်းဆောင်ရွက်တတ်သည်။ |
| ၁ | ဘောလုံးပစ်ခြင်းနှင့် ဖမ်းခြင်းတို့ လုပ်ဆောင်ရာတွင် တက်ကြွပျော်ရွှင်မှုရှိရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ | ဘောလုံးပစ်ခြင်းနှင့် ဖမ်းခြင်းတို့ လုပ်ဆောင်ရာတွင် သူငယ်ချင်းများနှင့် ပူးပေါင်းဆောင်ရွက်တတ်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ |

### အားပေးတုံ့ပြန်ချက်များ

- ဘောလုံးပစ်တာနဲ့ ဖမ်းတာတို့ကို တက်တက်ကြွကြွ ပျော်ပျော်ရွှင်ရွှင် လုပ်ဆောင်ခဲ့ကြတယ်။
- သူငယ်ချင်းတွေနဲ့ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ကြတယ်။

အခန်း(၂၇) ဘောလုံးပစ်ပေးကစားနည်း

#### အခန်း(၂၇) ဘောလုံးပစ်ပေးကစားနည်း




၈၀

### ရုပ်ပုံများနှင့်ပတ်သက်သောရှင်းလင်းချက်များ

၁ ဆရာက ကစားနည်းအဆင့်ဆင့်ကိုရှင်းပြရမည်။

၂ ဘောလုံးပစ်ခြင်းနှင့် ဖမ်းခြင်းတို့ကို ဆရာနှင့်ကလေးအချို့ သရုပ်ပြပေးရမည်။

၃ ကလေးများသည် ၄ ယောက်တစ်အုပ်စုဖွဲ့ကာ ဘောလုံးပစ်ခြင်း ဖမ်းခြင်းကို လက်တွေ့လုပ်ဆောင်ရမည်။

### သတိပြုရမည့်အချက်များ

၁။ ဘောလုံးကို လက်နှစ်ဖက်ဖြင့်ပစ်ရမည်။

၂။ ဖမ်းမည့်သူသည် နောက်ပြန်လှည့်ကြည့်နိုင်သော်လည်း နောက်ပြန်မပြေးရ။

၃။ ကစားကွင်းဧရိယာအတွင်း ကလေးများအတွက် အန္တရာယ်ကင်းရှင်းရေးကို အဓိက ဂရုပြုရမည်။

DBE BOX




## ရုပ်ပုံများနှင့်ပတ်သက်သောရှင်းလင်းချက်များ

၄ ဆရာက ဘောလုံးပစ်ခြင်း ဖမ်းခြင်း၏ နည်းစနစ်များကို ဆရာက ရှင်းပြရမည်။

၅ ကလေးများသည် အုပ်စုလိုက် ဘောလုံးပစ်ခြင်း၊ ဖမ်းခြင်း၏ နည်းစနစ်များကို ဆွေးနွေးရမည်။

၆ ဘောလုံးပစ်ခြင်း၊ ဖမ်းခြင်း၏ နည်းစနစ်များအတိုင်း ကလေးများ အုပ်စုလိုက် လေ့ကျင့်ရမည်။

## သတိပြုရမည့်အချက်များ

ဘောလုံးပစ်ခြင်း၊ ဖမ်းခြင်း၏ အောက်ပါနည်းစနစ်များကို ဆရာက ရှင်းပြရမည်။

၁။ ခြေထောက်သည် ရှေ့နောက် အနေအထားရှိရမည်။
၂။ ဘောလုံးကို လက်နှစ်ဖက်ဖြင့် ကိုင်ရမည်။
၃။ ဘောလုံးပစ်ရာတွင် လေးကိုင်းသဏ္ဍာန် အမြင့်မြှောက်ပစ်ရမည်။
၄။ ဖမ်းမည့်သူ၏ ဘေးဘက် ကပ်လျက်ပစ်ပေးရမည်။
၅။ ဖမ်းမည့်သူသည် နောက်လှည့်မကြည့်ဘဲ ပြေးလမ်း တည့်တည့်ပြေးရမည်။ (**မှတ်ချက်။** ဖမ်းမည့်သူသည် နောက်သို့ တစ်ချက် လှည့်ကြည့်နိုင်သည်။)
၆။ ဖမ်းမည့်သူသည် ဘောလုံးကို တစ်ချက်ထောက်ပြီးမှသာ ဖမ်းရမည်။

# အခန်း (၂၇) | စာသင်ချိန် ၂/၄

## သင်ယူမှုဦးတည်ချက်များ

- ဘောလုံးပစ်ခြင်းနှင့် ဖမ်းခြင်းကို လုပ်ဆောင်တတ်ရန်။
- လက်နှစ်ဖက်ဖြင့် ဘောလုံးမြှောက်ပစ်ခြင်းနှင့် ဖမ်းခြင်း၏ နည်းစနစ်များကို ရှင်းပြတတ်ရန်။

## သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

ခရာ၊ ဘောလုံး၊ စစ်ဆေးအကဲဖြတ်မှုမှတ်တမ်း။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ခန်းစာနှင့်ပတ်သက်ပြီး ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခြင်း။ (၂ မိနစ်)
၂။ ကစားမည့်နေရာကို သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် မကစားမီလုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများပြုလုပ်ခြင်း။ (၃ မိနစ်)
၃။ ဆရာက ဘောလုံးပစ်ခြင်း၊ ဖမ်းခြင်း၏နည်းစနစ်များကိုရှင်းပြခြင်း။ (၅ မိနစ်)
၄။ ကလေးများသည် ဘောလုံးပစ်ခြင်း၊ ဖမ်းခြင်း နည်းစနစ်များကို အုပ်စုလိုက် ဆွေးနွေးခြင်း။ ( ၅ မိနစ်)
၅။ ကလေးများသည် ဘောလုံးပစ်ခြင်း၊ ဖမ်းခြင်း နည်းစနစ်များအတိုင်း အုပ်စုလိုက် လေ့ကျင့်ခြင်း။ (၂၀ မိနစ်)
၆။ ကစားပြီးလုပ်ဆောင်ရမည့်လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ ချီးမွမ်းခြင်း၊ အားပေးခြင်းနှင့် သင်ခန်းစာကို နိဂုံးချုပ်ခြင်း။ (၅ မိနစ်)

## စစ်ဆေးအကဲဖြတ်ရန်လမ်းညွှန်ချက်များ

| နယ်ပယ် / အဆင့် | ဘောလုံးပစ်ခြင်းနှင့် ဖမ်းခြင်းတို့ကို လုပ်ဆောင်တတ်ခြင်း (လုပ်ရှားမှုဆိုင်ရာ ကျွမ်းကျင်မှု နယ်ပယ်) | ဘောလုံးပစ်ခြင်းနှင့် ဖမ်းခြင်းတို့၏ နည်းစနစ်များကို ရှင်းပြတတ်ခြင်း (သိမှုဆိုင်ရာ နားလည်အသုံးချမှု နယ်ပယ်) |
|---|---|---|
| ၃ | ဘောလုံးပစ်ခြင်းနှင့် ဖမ်းခြင်းတို့ကို ကျွမ်းကျင်စွာ လုပ်ဆောင်တတ်သည်။ | ဘောလုံးပစ်ခြင်းနှင့် ဖမ်းခြင်း နည်းစနစ်များကို ရှင်းလင်းစွာ ရှင်းပြနိုင်သည်။ |
| ၂ | ဘောလုံးပစ်ခြင်းနှင့် ဖမ်းခြင်းတို့ကို လုပ်ဆောင်နိုင်သည်။ | ဘောလုံးပစ်ခြင်းနှင့် ဖမ်းခြင်း နည်းစနစ်များ ရှင်းပြနိုင်သည်။ |
| ၁ | ဘောလုံးပစ်ခြင်းနှင့် ဖမ်းခြင်းတို့ကို လုပ်ဆောင်နိုင်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ | ဘောလုံးပစ်ခြင်းနှင့် ဖမ်းခြင်း နည်းစနစ်များ ရှင်းပြနိုင်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ |

## အားပေးတုံ့ပြန်ချက်များ

- ♦ ကလေးတို့အားလုံး ဘောလုံးပစ်ခြင်းနဲ့ ဖမ်းခြင်းတွေကို လုပ်ဆောင်နိုင်ခဲ့ကြတယ်။
- ♦ လက်နှစ်ဖက်နဲ့ ဘောလုံးမြှောက်ပစ်ခြင်း၊ ဖမ်းခြင်းတွေကို ရှင်းပြနိုင်ခဲ့ကြတယ်။



DBE BOX

| အခန်း (၂၇) | စာသင်ချိန် ၃/၄ |
|---|---|

## သင်ယူမှုဦးတည်ချက်များ

- ဘောလုံးပစ်ခြင်း ဖမ်းခြင်း ကစားနည်းစည်းမျဉ်းများကို ရှင်းပြတတ်ရန်။
- အုပ်စုလိုက် ယှဉ်ပြိုင်ကစားရာတွင် အလှည့်ပေးလုပ်ဆောင်တတ်ရန်။

## သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

ခရာ၊ ဘောလုံး၊ စစ်ဆေးအကဲဖြတ်မှုမှတ်တမ်း။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ခန်းစာနှင့်မိတ်ဆက်ပြီး ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခြင်း။ (၂ မိနစ် )

၂။ ကစားမည့်နေရာကို သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် မကစားမီလုပ်ဆောင်ရမည့်လေ့ကျင့်ခန်းများပြုလုပ်ခြင်း။ (၃ မိနစ်)

၃။ ဆရာက ဘောလုံးပစ်ခြင်း ဖမ်းခြင်း ကစားနည်းစည်းမျဉ်းများကို ရှင်းပြခြင်း။ (၅ မိနစ်)

၄။ ကလေးများသည် အုပ်စုလိုက် ယှဉ်ပြိုင်ကစားရာတွင် အကောင်းဆုံးလုပ်ဆောင်နိုင်ရန် ဘောလုံးပစ်ခြင်း ဖမ်းခြင်း ကစားနည်းစည်းမျဉ်းများနှင့် နည်းစနစ် များကို ဆွေးနွေးခြင်း။ (၅ မိနစ်)

၅။ ကစားနည်းစည်းမျဉ်းများအတိုင်း ယှဉ်ပြိုင်ကစားခြင်း။ (၂၀ မိနစ်)

၆။ ကစားပြီးလုပ်ဆောင်ရမည့်လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ ချီးမွမ်းခြင်း၊ အားပေးခြင်းနှင့် သင်ခန်းစာကို နိဂုံးချုပ်ခြင်း။ (၅ မိနစ်)

## စစ်ဆေးအကဲဖြတ်ရန်လမ်းညွှန်ချက်များ

| နယ်ပယ် / အဆင့် | ကစားနည်းစည်းမျဉ်းများကို ရှင်းပြတတ်ခြင်း (သိမှုဆိုင်ရာ နားလည်အသုံးချမှု နယ်ပယ်) | အလှည့်ပေးလုပ်ဆောင်တတ်ခြင်း (လူမှုရေးဆိုင်ရာနယ်ပယ်) |
|---|---|---|
| ၃ | ဘောလုံးပစ်ခြင်း ဖမ်းခြင်းကစားနည်းစည်းမျဉ်းများကို အခြားသူများ နားလည်လွယ်အောင် ရှင်းပြနိုင်သည်။ | အုပ်စုလိုက် ယှဉ်ပြိုင်ကစားရာတွင် အမြဲတမ်း အလှည့်ပေး လုပ်ဆောင်နိုင်သည်။ |
| ၂ | ဘောလုံးပစ်ခြင်း ဖမ်းခြင်းကစားနည်းစည်းမျဉ်းများကို ရှင်းပြနိုင်သည်။ | အုပ်စုလိုက် ယှဉ်ပြိုင်ကစားရာတွင် အလှည့်ပေး လုပ်ဆောင်နိုင်သည်။ |
| ၁ | ဘောလုံးပစ်ခြင်း ဖမ်းခြင်းကစားနည်းစည်းမျဉ်းများကို ရှင်းပြနိုင်ရန် ဆရာနှင့် ကျောင်းသားအချင်းချင်း၏ အားပေးကူညီမှု လိုအပ်သည်။ | အုပ်စုလိုက် ယှဉ်ပြိုင်ကစားရာတွင် အလှည့်ပေး လုပ်ဆောင်နိုင်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ |

## အားပေးတုံ့ပြန်ချက်များ

- ဘောလုံးပစ်ခြင်းဖမ်းခြင်း ကစားနည်းစည်းမျဉ်းတွေကို ရှင်းပြနိုင်ခဲ့ကြတယ်။
- သူငယ်ချင်းတွေကို အလှည့်ပေး လုပ်ဆောင်ခဲ့ကြတယ်။

အခန်း(၂၇) ဘောလုံးပစ်ပေးကစားနည်း




**ကစားနည်းစည်းမျဉ်းများ**

၁။ ကလေးဦးရေပေါ်မူတည်ပြီး အုပ်စုများဖွဲ့ရမည်။ ( ဥပမာ- ၃ဦးမှ ၅ ဦးအထိ)

၂။ သတ်မှတ်စည်း၏ နောက်တွင် ၁၊ ၂၊ ၃ ဘေးတိုက်နေရာယူပြီး နံပါတ် (၂)ကလေးက ဘောလုံးကိုင်ထားရမည်။

၃။ ခရာသံကြားလျှင် နံပါတ် (၁) ကလေးက ပြေးရမည်။ နံပါတ် (၂) ကလေးက ဘောလုံးကိုမြှောက်ပစ်ပေးပြီး နံပါတ် (၁) ကလေးက တစ်ချက်ထောက်ပြီးမှ မိအောင်ဖမ်းရမည်။

၄။ နံပါတ် (၁) ကလေးက ဘောလုံးဖမ်းပြီးလျှင် သတ်မှတ်စည်းသို့ပြန်ပြေးလာပြီး ဘောလုံးကို နံပါတ် (၃) ကလေးထံကို ပေးကာ ၎င်း၏ဘေးတွင်နေရာယူရမည်။ ဤနည်းအတိုင်း ကျန်ကလေးများက ဆက်ကစားရမည်။

၅။ ပထမစည်းကို ကျော်အောင်ပစ်နိုင်ပြီး မိအောင်ဖမ်းနိုင်လျှင် ၁ မှတ်၊ ဒုတိယစည်းကို ကျော်အောင်ပစ်နိုင်ပြီး မိအောင်ဖမ်းနိုင်လျှင် ၂ မှတ်၊ တတိယစည်းကိုကျော်အောင်ပစ်နိုင်ပြီး မိအောင်ဖမ်းနိုင်လျှင် ၃ မှတ်ပေးရမည်။

၆။ သတ်မှတ်အကြိမ်အရေအတွက်အတွင်း စုစုပေါင်းအမှတ်အများဆုံးရသောအဖွဲ့က အနိုင်ရမည်။ (ကလေးတစ်ဦးလျှင် ၃ ကြိမ်စီ ပစ်ရ ဖမ်းရမည်။)

၈၂

## ရုပ်ပုံများနှင့်ပတ်သက်သောရှင်းလင်းချက်များ

(၇) ဆရာက ဘောလုံးပစ်ခြင်း ဖမ်းခြင်း ကစားနည်းစည်းမျဉ်းများကို ရှင်းပြရမည်။

(၈) ကလေးများသည် ကစားနည်းစည်းမျဉ်းများနှင့် ဘောလုံးပစ်ခြင်း ဖမ်းခြင်း နည်းစနစ်များကို အုပ်စုလိုက် ဆွေးနွေးရမည်။

(၉) ဒိုင်လူကြီးနှင့် ကစားမည့်အသင်းနှစ်သင်း အရိုအသေပေးရမည်။

(၁၀) ကလေးများသည် ကစားနည်းစည်းမျဉ်းများအတိုင်း အုပ်စုလိုက် အကြိမ်အရေအတွက်နှင့် ယှဉ်ပြိုင်ကစားရမည်။

## သတိပြုရမည့်အချက်များ

၁။ ကလေးများ လက်တွေ့များများလုပ်ဆောင်နိုင်ရန် ဆရာက နေရာအနေအထားအပေါ် မူတည်ပြီး ကစားကွင်း ၂ ကွင်း စီစဉ်နိုင်သည်။

၂။ ဆရာက ကလေးများ ယှဉ်ပြိုင်ကစားနိုင်ရန် ဒိုင်တာဝန်များ ခွဲဝေသတ်မှတ်ပေးရမည်။

၃။ ကလေးများ အမှတ်ပေးနိုင်ရန် စတုတ္ထတန်း စစ်ဆေးအကဲဖြတ်ခြင်း နမူနာစာအုပ်ပါ အခန်း(၂၀)၊ သုံးကွက်တန်းကစားနည်း၏ အမှတ်ပေးဇယားနမူနာကိုကြည့်၍ ဆရာက ကြိုတင်ပြင်ဆင်ထားရမည်။

DBE BOX

## အခန်း (၂၇)　စာသင်ချိန် ၄/၄

အခန်း(၂၇) ဘောလုံးပစ်ပေးကစားနည်း




**မေးခွန်း**

| | | | | |
|---|---|---|---|---|
| ၁ | ဘောလုံးပစ်ပေးကစားရာမှာ ကြိုးစားအားထုတ်ပြီး ပါဝင်ကစားခဲ့ကြသလား။ | | | |
| ၂ | သူငယ်ချင်းဖမ်းနိုင်အောင် ကောင်းကောင်းပစ်ပေးခဲ့ကြသလား။ | | | |
| ၃ | ဘောလုံးပစ်ခြင်း ဖမ်းခြင်းတို့ရဲ့နည်းစနစ်တွေကို ရှင်းပြနိုင်မလား။ | | | |
| ၄ | သူငယ်ချင်းတွေကို အလှည့်ပေး လုပ်ဆောင်ခဲ့ကြသလား။ | | | |

၈၃

### သင်ယူမှုဦးတည်ချက်များ

- အုပ်စုလိုက် ယှဉ်ပြိုင်ကစားရာတွင် ကြိုးစားအားထုတ်ပြီး ပါဝင်လုပ်ဆောင်တတ်ရန်။
- ဘောလုံးပစ်ခြင်း ဖမ်းခြင်းတို့ကို လုပ်ဆောင်တတ်ရန်။

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

ခရာ၊ ဘောလုံး၊ အချိန်မှတ်နာရီ၊ စစ်ဆေးအကဲဖြတ်မှုမှတ်တမ်း။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ခန်းစာနှင့်မိတ်ဆက်ပြီး ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခြင်း။ (၂ မိနစ်)
၂။ ကစားမည့်နေရာကို သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် မကစားမီလုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများပြုလုပ်ခြင်း။ (၃ မိနစ်)
၃။ ဆရာက ဘောလုံးပစ်ခြင်း၊ ဖမ်းခြင်း ကစားနည်းစည်းမျဉ်းများကို ရှင်းပြခြင်း။ (၅ မိနစ်)
၄။ ကလေးများ အုပ်စုလိုက် ယှဉ်ပြိုင်ကစားရာတွင် အကောင်းဆုံး လုပ်ဆောင်နိုင်ရန် ဘောလုံးပစ်ခြင်း၊ ဖမ်းခြင်း ကစားနည်းစည်းမျဉ်းများနှင့် နည်းစနစ်များကို ဆွေးနွေးခြင်း။ (၅ မိနစ်)
၅။ ကစားနည်းစည်းမျဉ်းများအတိုင်း ယှဉ်ပြိုင်ကစားခြင်း။ (၂၀ မိနစ်)
၆။ ကစားပြီးလုပ်ဆောင်ရမည့်လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ ချီးမွမ်းခြင်း၊ အားပေးခြင်းနှင့် သင်ခန်းစာကို နိဂုံးချုပ်ခြင်း။ (၅ မိနစ်)

### ရုပ်ပုံများနှင့်ပတ်သက်သောရှင်းလင်းချက်များ

၁၁ ကလေးများသည် စာသင်ချိန်(၃/၃)ပါ ကစားနည်းစည်းမျဉ်းများကို အခြေခံပြီး ကစားနည်းစည်းမျဉ်းများကို ပြုပြင်ပြောင်းလဲ လိုသည့်အချက်များကို အုပ်စုတွင်း ဆွေးနွေးရမည်။

၁၂ ကလေးများသည် အုပ်စုလိုက် တိုင်ပင်ဆွေးနွေးချက်များကို အခြေခံကာ ဆရာက ကစားနည်းစည်းမျဉ်းများကို အတည်ပြုပေးရမည်။

၁၃ ကလေးများသည် ကစားနည်းစည်းမျဉ်းများအတိုင်း အချိန်ဖြင့် အုပ်စုလိုက် ယှဉ်ပြိုင်ကစားရမည်။

### သတိပြုရမည့်အချက်များ

၁။ ကစားကွင်းအလျားသည် ပေ ၂၀ ခန့်ရှိပြီး၊ အနံ ၁၅ ပေခန့် ရှိရမည်။
၂။ ဘောလုံးပစ်မည့်နေရာနှင့် ပထမစည်းအကွာ အဝေးသည် ၈ ပေ ရှိရမည်။
၃။ ပထမစည်းနှင့် ၂ ပေစီ အကွာတွင် စည်းနှစ်စည်း ထပ်ဆွဲရမည်။
၄။ ကလေးများသည် ဘောလုံးဖမ်းရာတွင် အန္တရာယ်ကင်းရှင်းရန် တတိယစည်း ရှေ့ဘက်တွင် ၈ ပေခန့် အလွတ်ထားရမည်။

### စစ်ဆေးအကဲဖြတ်ရန်လမ်းညွှန်ချက်များ

| နယ်ပယ် / အဆင့် | ကြိုးစားအားထုတ်ပြီး ပါဝင်လုပ်ဆောင်တတ်ခြင်း(လှုပ်ရှားမှုဆိုင်ရာကျွမ်းကျင်မှုနယ်ပယ်) | ဘောလုံးပစ်ခြင်း ဖမ်းခြင်းစွမ်းရည် တိုးတက်လာခြင်း (လှုပ်ရှားမှုဆိုင်ရာ ကျွမ်းကျင်မှုနယ်ပယ်) |
|---|---|---|
| ၃ | အုပ်စုလိုက် ယှဉ်ပြိုင်ကစားရာတွင် ကောင်းစွာ ကြိုးစားအားထုတ်ပြီး ပါဝင်လုပ်ဆောင်သည်။ | ဘောလုံးပစ်ခြင်း ဖမ်းခြင်းစွမ်းရည် တိုးတက်လာပြီး အမြဲတမ်း လုပ်ဆောင်နိုင်သည်။ |
| ၂ | အုပ်စုလိုက် ယှဉ်ပြိုင်ကစားရာတွင် ကြိုးစားအားထုတ်ပြီး ပါဝင်လုပ်ဆောင်သည်။ | ဘောလုံးပစ်ခြင်း ဖမ်းခြင်းကို လုပ်ဆောင်နိုင်သည်။ |
| ၁ | အုပ်စုလိုက် ယှဉ်ပြိုင်ကစားရာတွင် ကြိုးစားအားထုတ်ပြီး ပါဝင် လုပ်ဆောင်နိုင်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ | ဘောလုံးပစ်ခြင်း ဖမ်းခြင်းကို လုပ်ဆောင်နိုင်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ |

### အားပေးတုံ့ပြန်ချက်များ

- ကလေးတို့အားလုံး အုပ်စုလိုက် ကြိုးစားအားထုတ်ပြီး ယှဉ်ပြိုင်ကစားနိုင်ခဲ့ကြတယ်။
- ဘောလုံးပစ်ခြင်း ဖမ်းခြင်းတို့ကို လုပ်ဆောင်နိုင်ခဲ့ကြတယ်။

DBE BOX

# အခန်း (၂၈) စာသင်ချိန် ၁/၆

## သင်ယူမှုဦးတည်ချက်များ

- ဘောလုံးအပေးအယူပြုလုပ်ခြင်းတို့တွင် ပါဝင်လုပ်ဆောင်ခြင်းဖြင့် တက်ကြွပျော်ရွှင်မှုရှိရန်။
- အုပ်စုလိုက် ယှဉ်ပြိုင်ကစားရာတွင် ကျရာတာဝန်ကို သိမြင်လက်ခံတတ်ရန်။

## သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

ခရာ၊ ဘောလုံး၊ ကတော့ချွန်၊ စစ်ဆေးအကဲဖြတ်မှုမှတ်တမ်း။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ခန်းစာနှင့် မိတ်ဆက်ပြီး ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခြင်း။ (၂ မိနစ်)

၂။ ကစားမည့်နေရာကို သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် မကစားမီလုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများပြုလုပ်ခြင်း။ (၃ မိနစ်)

၃။ ကစားနည်းကို ရှင်းပြခြင်း၊ ဆရာက သရုပ်ပြခြင်းနှင့် ကလေးများအုပ်စုလိုက် လုပ်ဆောင်ခြင်း။ (၁၀ မိနစ်)

၄။ လက်တွေ့လုပ်ဆောင်ချက်များမှ တွေ့ရှိချက်များကို အုပ်စုလိုက် ဆွေးနွေးခြင်း။ (၅ မိနစ်)

၅။ ကစားနည်းစည်းမျဉ်းများအတိုင်း အုပ်စုလိုက် ယှဉ်ပြိုင်ကစားခြင်း။ (၁၅ မိနစ်)

၆။ ကစားပြီးလုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများကို ပြုလုပ်စေခြင်း၊ ချီးမွမ်းခြင်း၊ အားပေးခြင်းနှင့် သင်ခန်းစာကို နိဂုံးချုပ်ခြင်း။ (၅ မိနစ်)

## စစ်ဆေးအကဲဖြတ်ရန်လမ်းညွှန်ချက်များ

| နယ်ပယ် / အဆင့် | တက်ကြွပျော်ရွှင်မှုရှိခြင်း (ခံစားမှုဆိုင်ရာ အကျိုးသက်ရောက်မှုနယ်ပယ်) | ကျရာတာဝန်ကို သိမြင်လက်ခံတတ်ခြင်း (လူမှုရေးဆိုင်ရာနယ်ပယ်) |
|---|---|---|
| ၃ | ဘောလုံးအပေးအယူပြုလုပ်ခြင်းတို့တွင်ပါဝင်လုပ်ဆောင်ခြင်းဖြင့် စိတ်ရောကိုယ်ပါ တက်ကြွပျော်ရွှင်မှုရှိသည်။ | အုပ်စုလိုက် ယှဉ်ပြိုင်ကစားရာတွင် ကျရာတာဝန်ကို အမြဲတမ်း သိမြင်လက်ခံနိုင်သည်။ |
| ၂ | ဘောလုံးအပေးအယူပြုလုပ်ခြင်းတို့တွင်ပါဝင်လုပ်ဆောင်ခြင်းဖြင့် တက်ကြွ ပျော်ရွှင်မှုရှိသည်။ | အုပ်စုလိုက် ယှဉ်ပြိုင်ကစားရာတွင် ကျရာတာဝန်ကို သိမြင်လက်ခံနိုင်သည်။ |
| ၁ | ဘောလုံးအပေးအယူပြုလုပ်ခြင်းတို့တွင်ပါဝင်လုပ်ဆောင်ခြင်းဖြင့် တက်ကြွပျော်ရွှင်မှုရှိရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ | အုပ်စုလိုက် ယှဉ်ပြိုင်ကစားရာတွင် ကျရာတာဝန်ကို သိမြင် လက်ခံနိုင်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ |

## အားပေးတုံ့ပြန်ချက်များ

- ♦ ကလေးတို့အားလုံး ဘောလုံးအပေးအယူပြုလုပ်ကစားရာမှာ တက်ကြွပျော်ရွှင်ခဲ့ကြတယ်။
- ♦ အုပ်စုလိုက်ကစားရာမှာ ကျရာတာဝန်ကို သိမြင်လက်ခံတတ်ကြတယ်။


အခန်း(၂၈) ဘောလုံးပွဲငယ်ကစားနည်း

အခန်း(၂၈) ဘောလုံးပွဲငယ်ကစားနည်း

ဘောလုံးကစားခြင်းကို ကလေးတို့ ပျော်ပျော်ရွှင်ရွှင် ကစားကြမယ်။ ကစားနည်းစည်းမျဉ်းတွေကို လိုက်နာကာ သူငယ်ချင်း အချင်းချင်း ရိုင်းပင်းကူညီကာ ကစားရမယ်။ ကစားနည်း နည်းပရိယာယ်တွေကို အုပ်စုလိုက်ဆွေးနွေးကာ ယှဉ်ပြိုင်ကစားရမယ်။ ဘောလုံးကို အပေးအယူပြုလုပ်ကာ တိုက်စစ်ကစားခြင်းနဲ့ ခံစစ်ကစားခြင်းကို လုပ်ဆောင်ရမယ်။ သတ်မှတ်ချိန်အတွင်း ဂိုးဝင်အောင်သွင်းနိုင်ဖို့ကြိုးစားကြရမယ်။



**ကစားနည်းစည်းမျဉ်းများ**

၁။ ၉ ဦးစီပါသော အဖွဲ့များဖွဲ့ပြီး ၃ယောက်စီပါသော အဖွဲ့ငယ် **က** ၊ **ခ** နှင့် **ဂ** များကို ထပ်ခွဲရမည်။

၂။ အဖွဲ့ငယ် **က** များက ဘောလုံးပေးပို့ကစားလျှင် အဖွဲ့ငယ် **ခ** များက မှတ်တမ်းတင်သူလုပ်ဆောင်ရပြီး အဖွဲ့ငယ် **ဂ** များက ကြည့်ရှုအားပေးသူအဖြစ် လုပ်ဆောင်ရမည်။

၃။ ခရာသံကြားလျှင် ကစားမည့်သူများသည် စတင်ကစားရမည်။

၄။ ကစားပြီးလျှင် အဖွဲ့ငယ် **ခ** များက ကစားသူ၊ အဖွဲ့ငယ် **ဂ** များက မှတ်တမ်းတင်သူနှင့် အဖွဲ့ငယ် **က** များက ကြည့်ရှုအားပေးသူအဖြစ် အလှည့်ကျလုပ်ဆောင်ရမည်။

၅။ ဤနည်းအတိုင်း အဖွဲ့အားလုံး ၅ မိနစ်စီ အလှည့်ကျကစားရမည်။

၈၄

## ရုပ်ပုံများနှင့်ပတ်သက်သောရှင်းလင်းချက်များ

(၁) ဆရာက ကစားနည်းစည်းမျဉ်းများကို ရှင်းပြရမည်။

(၂) ကလေးများသည် လက်တွေ့လုပ်ဆောင်ချက်များမှ တွေ့ရှိချက်များကို အုပ်စုလိုက်ဆွေးနွေးရမည်။

(၃) ကစားနည်းစည်းမျဉ်းများအတိုင်း အုပ်စုလိုက် ယှဉ်ပြိုင်ကစားရမည်။

## သတိပြုရမည့်အချက်များ

၁။ ကလေးများကို ကတော့ချွန်နှစ်ခု ကြားတွင်နေရာယူစေရမည်။

၂။ ဘောလုံးကို ကန်ရာတွင် ခြေခွင်ဖြင့်ကန်ပြီး ဖမ်းရာတွင်လည်း ခြေခွင်ဖြင့် ဖမ်းရမည်။

၃။ ကလေးများအား ကစားမည့်အဖွဲ့၊ မှတ်တမ်းတင်မည့်အဖွဲ့နှင့် အားပေးမည့်အဖွဲ့အနေဖြင့် မကစားမီကတည်းက ရှင်းပြပေးထားရမည်။

အခန်း(၂၈) ဘောလုံးပွဲငယ်ကစားနည်း




**ကစားနည်းစည်းမျဉ်းများ**

၁။ ၉ ဦးစီပါသော အဖွဲ့များဖွဲ့ပြီး ၃ယောက်စီပါသော အဖွဲ့ငယ် **က**၊ **ခ** နှင့် **ဂ** များကို ထပ်ခွဲရမည်။
၂။ အဖွဲ့ငယ် **က** များက ဂိုးသွင်းသူ၊ အဖွဲ့ငယ် **ခ** များက ဂိုးဖမ်းသူနှင့် အဖွဲ့ငယ် **ဂ** များက မှတ်တမ်းတင်သူ လုပ်ဆောင်ရမည်။
၃။ ခရာသံကြားမှသာ စတင်ဂိုးသွင်းရမည်။
၄။ ကစားပြီးလျှင် အဖွဲ့ငယ် **ခ** များက ဂိုးသွင်းသူ၊ အဖွဲ့ငယ် **ဂ** များက ဂိုးဖမ်းသူနှင့် အဖွဲ့ငယ် **က** များက မှတ်တမ်းတင်သူ လုပ်ဆောင်ရမည်။
၅။ ဤနည်းအတိုင်း အဖွဲ့အားလုံး အလှည့်ကျကစားရမည်။

**မှတ်ချက်။** အဖွဲ့တွင်ပါဝင်သော ဂိုးဖမ်းသူများသည် နံပါတ် (၁)၊ (၂)၊ (၃) အစဉ်လိုက် ၃ကြိမ်စီ ဂိုးဖမ်းရမည်။

၇၅

## ရုပ်ပုံများနှင့်ပတ်သက်သောရှင်းလင်းချက်များ

၄ ဆရာက ကစားနည်းစည်းမျဉ်းများကို ရှင်းပြရမည်။
၅ ကလေးများသည် လက်တွေ့လုပ်ဆောင်ချက်များမှ တွေ့ရှိချက်များကို အုပ်စုလိုက်ဆွေးနွေးရမည်။
၆ ကစားနည်းစည်းမျဉ်းများအတိုင်း အုပ်စုလိုက် ယှဉ်ပြိုင်ကစားရမည်။

## သတိပြုရမည့်အချက်များ

၁။ ကလေးများအား ကစားမည့်အဖွဲ့၊ မှတ်တမ်းတင်မည့်အဖွဲ့နှင့် အားပေးမည့်အဖွဲ့အနေဖြင့် မကစားမီကတည်းက ရှင်းပြပေးထားရမည်။
၂။ ဂိုးသွင်းရာတွင် မြောက်ဘောမသွင်းဘဲ မြေလိမ့်ဝင် သောဂိုးအရေအတွက်ကိုသာ ရေတွက်ရမည်။
၃။ ဆရာက ရမှတ်မှတ်တမ်းကို ကြိုတင်စီစဉ်ထားရမည်။

# အခန်း (၂၈) စာသင်ချိန် ၂/၆

## သင်ယူမှုဦးတည်ချက်များ

- သတ်မှတ်နေရာမှ ဂိုးဝင်အောင် သွင်းနိုင်ရန်။
- ကျရာတာဝန်ကို သိမြင်လက်ခံတတ်ရန်။

## သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

ခရာ၊ ဘောလုံး၊ ကတော့ချွန်၊ စစ်ဆေးအကဲဖြတ်မှုမှတ်တမ်း။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ခန်းစာနှင့် မိတ်ဆက်ပြီး ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခြင်း။ (၂ မိနစ်)
၂။ ကစားမည့်နေရာကို သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် မကစားမီလုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများပြုလုပ်ခြင်း။ (၃ မိနစ်)
၃။ ကစားနည်းကို ရှင်းပြခြင်း၊ ဆရာက သရုပ်ပြခြင်းနှင့် ကလေးများ အုပ်စုလိုက် လေ့ကျင့်ခြင်း။ (၁၀ မိနစ်)
၄။ လက်တွေ့လုပ်ဆောင်ချက်များမှ တွေ့ရှိချက်များကို အုပ်စုလိုက် ဆွေးနွေးခြင်း။ (၅ မိနစ်)
၅။ ကစားနည်းစည်းမျဉ်းများအတိုင်း အုပ်စုလိုက် ယှဉ်ပြိုင်ကစားခြင်း။ (၁၅ မိနစ်)
၆။ ကစားပြီးလုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများကို ပြုလုပ်စေခြင်း၊ ချီးမွမ်းခြင်း၊ အားပေးခြင်းနှင့် သင်ခန်းစာကို နိဂုံးချုပ်ခြင်း။ (၅ မိနစ်)

## စစ်ဆေးအကဲဖြတ်ရန်လမ်းညွှန်ချက်များ

| နယ်ပယ် / အဆင့် | ဂိုးဝင်အောင်ကန်နိုင်ခြင်း (လှုပ်ရှားမှုဆိုင်ရာ ကျွမ်းကျင်မှု နယ်ပယ်) | ကျရာတာဝန်ကို သိမြင်လက်ခံတတ်ခြင်း (လူမှုရေးဆိုင်ရာ နယ်ပယ်) |
|---|---|---|
| ၃ | သတ်မှတ်နေရာမှ ဂိုးပေါက်အတွင်း ဝင်အောင် ကန်နိုင်သည်။ | ကျရာတာဝန်ကို စိတ်ရောကိုယ်ပါ သိမြင်လက်ခံနိုင်သည်။ |
| ၂ | သတ်မှတ်နေရာမှ ဂိုးတိုင်နှစ်ခုကြား ဝင်အောင် ကန်နိုင်သည်။ | ကျရာတာဝန်ကို သိမြင်လက်ခံ နိုင်သည်။ |
| ၁ | သတ်မှတ်နေရာမှ ဂိုးတိုင်နှစ်ခုကြား ဝင်အောင် ကန်နိုင်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ်သည်။ | ကျရာတာဝန်ကို သိမြင်လက်ခံ နိုင်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှု လိုအပ် သည်။ |

## အားပေးတုံ့ပြန်ချက်များ

- ကလေးတို့အားလုံး သတ်မှတ်နေရာကနေ အကောင်းဆုံးဂိုးဝင်အောင် ကန်နိုင်ခဲ့ကြတယ်။
- ကလေးတို့အားလုံး ကျရာတာဝန်ကို ကောင်းစွာသိမြင်လက်ခံနိုင်ကြတယ်။

DBE BOX

## အခန်း (၂၈) | စာသင်ချိန် ၃/၆ နှင့် ၄/၆

### သင်ယူမှုဦးတည်ချက်များ

- ဘောလုံးကို အပေးအယူလုပ်ကာ ကစားတတ်ရန်။
- ကစားနည်းစည်းမျဉ်းများအတိုင်း လိုက်နာကစားတတ်ရန်။

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

ခရာ၊ ဘောလုံး၊ ဂိုးတိုင်၊ စစ်ဆေးအကဲဖြတ်မှုမှတ်တမ်း။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ခန်းစာနှင့်မိတ်ဆက်ပြီး ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခြင်း။ (၂ မိနစ် )

၂။ ကစားမည့်နေရာကို သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် မကစားမီလုပ်ဆောင်ရမည့်လေ့ကျင့်ခန်းများပြုလုပ်ခြင်း။ (၃ မိနစ်)

၃။ ဆရာက ကစားနည်းစည်းမျဉ်းများကို ရှင်းပြခြင်း။ (၅ မိနစ်)

၄။ ကစားနည်းစည်းမျဉ်းများအတိုင်း အုပ်စုလိုက် ယှဉ်ပြိုင်ကစားခြင်း။ (၆၅ မိနစ်)

၅။ ကစားပြီးလုပ်ဆောင်ရမည့်လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ ချီးမွမ်းခြင်း၊ အားပေးခြင်းနှင့် သင်ခန်းစာကို နိဂုံးချုပ်ခြင်း။ (၅ မိနစ်)




### ရုပ်ပုံများနှင့်ပတ်သက်သောရှင်းလင်းချက်များ

① ဆရာက ကစားနည်းစည်းမျဉ်းများနှင့် မလုပ်ဆောင်သင့်သည့် သတိပြုရမည့်အချက်များကို ရှင်းပြရမည်။

② ဒိုင်လူကြီးနှင့် ကစားမည့်အသင်းနှစ်သင်း အရိုအသေပေးရမည်။

③ ကစားနည်းစည်းမျဉ်းများအတိုင်း ယှဉ်ပြိုင်ကစားရမည်။

### စစ်ဆေးအကဲဖြတ်ရန်လမ်းညွှန်ချက်များ

| နယ်ပယ် / အဆင့် | ဘောလုံးကို အပေးအယူလုပ်ကာ ကစားတတ်ခြင်း (လှုပ်ရှားမှုဆိုင်ရာ ကျွမ်းကျင်မှုနယ်ပယ်) | ကစားနည်းစည်းမျဉ်းများအတိုင်း လိုက်နာကစားခြင်း (လူမှုရေးဆိုင်ရာနယ်ပယ်) |
|---|---|---|
| ၃ | ဘောလုံးကိုအောင်မြင်စွာ အပေးအယူလုပ်ကာ ကစားတတ်ပြီး ဂိုးသွင်းနိုင်သည်။ | ကစားနည်းစည်းမျဉ်းများအတိုင်း အမြဲတမ်း လိုက်နာကစားသည်။ |
| ၂ | ဘောလုံးကို အပေးအယူလုပ်ကာ ကစားတတ်သည်။ | ကစားနည်းစည်းမျဉ်းများအတိုင်း လိုက်နာကစားသည်။ |
| ၁ | ဘောလုံးကို အပေးအယူလုပ်ကာ ကစားတတ်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှုလိုအပ်သည်။ | ကစားနည်းစည်းမျဉ်းများအတိုင်း လိုက်နာကစားရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှုလိုအပ်သည်။ |

### သတိပြုရမည့်အချက်များ

၁။ ဘောလုံးပိုင်ဆိုင်သော ကလေးက ဘောလုံးကို သယ်မသွားဘဲ မိမိအသင်းသားများကို ပေးနိုင်သည်။

၂။ ဘောလုံးဖြတ်ယူမည့်ကလေးက ဘောလုံးပိုင်ဆိုင်သည့်ကလေးဆီမှ ဘောလုံးကိုလုမယူဘဲ အပေးအယူ ပြုလုပ်စဉ် ဖြတ်ယူခွင့်ရှိသည်။

### အားပေးတုံ့ပြန်ချက်များ

- ကလေးတို့အားလုံး ဘောလုံးကို အပေးအယူလုပ်ပြီး ကစားတတ်ကြတယ်။
- ကစားနည်းစည်းမျဉ်းများအတိုင်း လိုက်နာကစားခဲ့ကြတယ်။

## အခန်း (၂၈) စာသင်ချိန် ၅/၆ နှင့် ၆/၆

### သင်ယူမှုဦးတည်ချက်များ

- ကစားနည်းစည်းမျဉ်းများကို ရှင်းပြတတ်ရန်။
- မိမိအသင်းအောင်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်တတ်ရန်။

### သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ

ခရာ၊ ဘောလုံး၊ ဂိုးတိုင်၊ စစ်ဆေးအကဲဖြတ်မှုမှတ်တမ်း။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

၁။ သင်ခန်းစာနှင့်မိတ်ဆက်ပြီး ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခြင်း။ (၂ မိနစ်)

၂။ ကစားမည့်နေရာကို သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် မကစားမီလုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများပြုလုပ်ခြင်း။ (၃ မိနစ်)

၃။ ဆရာက ကစားနည်းစည်းမျဉ်းများကို ရှင်းပြခြင်း။ (၅ မိနစ်)

၄။ ကစားနည်းစည်းမျဉ်းများအတိုင်း အုပ်စုလိုက် ယှဉ်ပြိုင်ကစားခြင်း။ (၆၅ မိနစ်)

၅။ ကစားပြီးလုပ်ဆောင်ရမည့်လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ ချီးမွမ်းခြင်း၊ အားပေးခြင်းနှင့် သင်ခန်းစာကို နိဂုံးချုပ်ခြင်း။ (၅ မိနစ်)






မေးခွန်း

| | | | | |
|---|---|---|---|---|
| ၁ | ဘောလုံးကို အပေးအယူလုပ်ဆောင်ရာမှာ တက်ကြွပျော်ရွှင်ခဲ့ကြသလား။ | | | |
| ၂ | ဘောလုံးကို အပေးအယူလုပ်ဆောင်ရင်း ဂိုးသွင်းခဲ့ကြသလား။ | | | |
| ၃ | စည်းမျဉ်းစည်းကမ်းတွေကို နားလည်ကာ အန္တရာယ်ကင်းကင်း ကစားခဲ့ကြသလား။ | | | |
| ၄ | သူငယ်ချင်းတွေနဲ့ အတူတကွ ပူးပေါင်းလုပ်ဆောင်ခဲ့ကြသလား။ | | | |

၈၇

### ရုပ်ပုံများနှင့်ပတ်သက်သောရှင်းလင်းချက်များ

၇ ဆရာက ကစားနည်းစည်းမျဉ်းများနှင့် မလုပ်ဆောင်သင့်သည့် သတိပြုရမည့်အချက်များကို ရှင်းပြရမည်။

၈ ဒိုင်လူကြီးနှင့် ကစားမည့်အသင်းနှစ်သင်း အရိုအသေပေးရမည်။

၉ ကစားနည်းစည်းမျဉ်းများအတိုင်း ယှဉ်ပြိုင်ကစားရမည်။

### သတိပြုရမည့်အချက်များ

ဆရာက အောက်ပါ ပွဲစဉ်ဇယား နမူနာကို ကြိုတင်ရေးဆွဲကာ အသိပေးကြေညာထားရမည်။

| အုပ်စု (က) | |
|---|---|
| **ကစားမည့်အသင်း** | **ဒိုင်တာဝန်** |
| အဖွဲ့(၁) နှင့် (၂) | အဖွဲ့ (၃) |
| အဖွဲ့ (၂) နှင့် (၃) | အဖွဲ့ (၁) |
| အဖွဲ့ (၃) နှင့် အဖွဲ့ (၁) | အဖွဲ့ (၂) |

**မှတ်ချက်။** ဆရာက မိမိကျောင်းသားဦးရေအပေါ် မူတည်၍ အုပ်စုများဖွဲ့နိုင်သည်။ သုံးဖွဲ့ထက်ပိုလျှင် အုပ်စု(ခ) အဖြစ် သတ်မှတ်ပေးရမည်။ အုပ်စု(က)များ ကစားနေလျှင် အုပ်စု(ခ)များသည် အားပေးသူ၊ အုပ်စု(ခ)များ ကစားနေလျှင် အုပ်စု(က)များက အားပေးသူအဖြစ် လုပ်ဆောင်ရမည်။

### စစ်ဆေးအကဲဖြတ်ရန်လမ်းညွှန်ချက်များ

| နယ်ပယ် / အဆင့် | ကစားနည်းစည်းမျဉ်းများကို ရှင်းပြတတ်ခြင်း(သိမှုဆိုင်ရာ နားလည်အသုံးချမှုနယ်ပယ်) | အသင်းအောင်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်တတ်ခြင်း (လူမှုရေးဆိုင်ရာနယ်ပယ်) |
|---|---|---|
| ၃ | ကစားနည်းစည်းမျဉ်းများကို ရှင်းလင်းစွာ ရှင်းပြနိုင်သည်။ | မိမိအသင်းအောင်နိုင်ရေးအတွက် အမြဲတမ်း ပူးပေါင်းဆောင်ရွက်နိုင်သည်။ |
| ၂ | ကစားနည်းစည်းမျဉ်းများကို ရှင်းပြနိုင်သည်။ | မိမိအသင်းအောင်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်သည်။ |
| ၁ | ကစားနည်းစည်းမျဉ်းများကို ရှင်းပြနိုင်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှုလိုအပ်သည်။ | မိမိအသင်းအောင်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်ရန် ကျောင်းသားများနှင့် ဆရာ၏ အားပေးကူညီမှုလိုအပ်သည်။ |

### အားပေးတုံ့ပြန်ချက်များ

- ကလေးတို့အားလုံး ကစားနည်းစည်းမျဉ်းတွေကို ကောင်းစွာနားလည်သဘောပေါက်ခဲ့ကြတယ်။
- ကလေးတို့အားလုံး အသင်းအောင်နိုင်ရေးအတွက် အုပ်စုတွင်း ပူးပေါင်းဆောင်ရွက်ခဲ့ကြတယ်။



DBE BOX

## သုံးကွက်တန်းကစားနည်း
## စစ်ဆေးခြင်းရမှတ်ဇယား (စာသင်ချိန် ၁)

ကျောင်းအမည်။ ------------------------------------ ရက်စွဲ။ ----------------

အတန်း။ ---------------- အတန်းပိုင်အမည်။ ----------------

| စဉ် | အမည် | ကျား/မ | တက်ကြွပျော်ရွှင်မှုရှိခြင်း | သူငယ်ချင်းများကိုအလှည့်ပေးပြီးပူးပေါင်းပါဝင်ဆောင်ရွက်တတ်ခြင်း |
|---|---|---|---|---|
| | | | အဆင့် | အဆင့် |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |

အဆင့် ၃ = အကောင်းဆုံး။ **အဆင့် ၂ = ကျေနပ်မှုအဆင့်။** အဆင့် ၁ = ကြိုးစားဆဲ။



DBE BOX

နောက်ဆက်တွဲ(က) ၂/၂

## သုံးကွက်တန်းကစားနည်း

## စစ်ဆေးခြင်းရမှတ်ဇယား (စာသင်ချိန် ၂)

ကျောင်းအမည်။ ------------------------------------ ရက်စွဲ။ ----------------

အတန်း။ ---------------- အတန်းပိုင်အမည်။ ----------------

| စဉ် | အမည် | ကျား/မ | တက်ကြွပျော်ရွှင်မှုရှိခြင်း | သူငယ်ချင်းများကိုအလှည့်ပေးပြီး ပူးပေါင်းပါဝင်ဆောင်ရွက်တတ်ခြင်း |
|---|---|---|---|---|
| | | | အဆင့် | အဆင့် |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |

အဆင့် ၃ = အကောင်းဆုံး။ **အဆင့် ၂ = ကျေနပ်မှုအဆင့်။** အဆင့် ၁ = ကြိုးစားဆဲ။

DBE BOX

# မိမိကိုယ်ကိုစစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းအမည်။ ____________________________________

အတန်းပိုင်အမည်။ _______________  ကျောင်းသားအမည်။ _______________

| စဉ် | သင်ခန်းစာခေါင်းစဉ် | ရက်စွဲ | မေးခွန်း(၁) | | | မေးခွန်း(၂) | | | မေးခွန်း(၃) | | | မေးခွန်း(၄) | | | ဆရာ၏ မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | တန်းစီခြင်း | | | | | | | | | | | | | | |
| ၂ | မကစားမီနှင့် ကစားပြီး လုပ်ဆောင်ရမည့် လေ့ကျင့်ခန်းများ | | | | | | | | | | | | | | |
| ၃ | စုပေါင်းကိုယ်လက် ကြံ့ခိုင်ရေးလေ့ကျင့်ခန်း များ(အတွဲ-၁) | | | | | | | | | | | | | | |
| ၄ | အေရိုးဗစ်လေ့ကျင့်ခန်း | | | | | | | | | | | | | | |
| ၅ | ခုန်ခြင်း | | | | | | | | | | | | | | |
| ၆ | ပြေးခြင်း | | | | | | | | | | | | | | |
| ၇ | ဟန်ချက်ညီမျှမှု လေ့ကျင့်ခန်းများ | | | | | | | | | | | | | | |
| ၈ | ဘောလုံးဖြင့်ကစားခြင်း | | | | | | | | | | | | | | |
| ၉ | ကြိုးခုန်ခြင်း | | | | | | | | | | | | | | |
| ၁၀ | ပေါင်းစပ်ကစားနည်း | | | | | | | | | | | | | | |
| ၁၁ | နောက်ဆုံးကျန်လျှင် သင်ဘုရင်ကစားနည်း | | | | | | | | | | | | | | |
| ၁၂ | လူတွဲကစားနည်း | | | | | | | | | | | | | | |
| ၁၃ | နေရာလပ်ဝင် ကစားနည်း | | | | | | | | | | | | | | |
| ၁၄ | လိုဏ်ခေါင်းလျှိုပြေး ကစားနည်း | | | | | | | | | | | | | | |
| ၁၅ | ဖဲကြိုးဖြုတ်ကစားနည်း | | | | | | | | | | | | | | |
| ၁၆ | ဘောလုံးသယ် ကစား နည်း | | | | | | | | | | | | | | |
| ၁၇ | သနားစရာငါးများ ကစားနည်း | | | | | | | | | | | | | | |
| ၁၈ | မီးရထားတွဲကစားနည်း | | | | | | | | | | | | | | |

DBE BOX

# မိမိကိုယ်ကိုစစ်ဆေးအကဲဖြတ်ခြင်း

ကျောင်းအမည်။ ------------------------------------

အတန်းပိုင်အမည်။ ---------------- ကျောင်းသားအမည်။ ----------------

| စဉ် | သင်ခန်းစာခေါင်းစဉ် | ရက်စွဲ | မေးခွန်း(၁) | | | မေးခွန်း(၂) | | | မေးခွန်း(၃) | | | မေးခွန်း(၄) | | | ဆရာ၏ မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | | | | | | | | | |
| ၁၉ | ဟန်ချက်ညီကစားနည်း | | | | | | | | | | | | | | |
| ၂၀ | သုံးကွက်တန်းကစားနည်း | | | | | | | | | | | | | | |
| ၂၁ | ကြက်ဥကောက် ကစားနည်း | | | | | | | | | | | | | | |
| ၂၂ | မြွေလိမ်မြွေကောက်ကစားနည်း | | | | | | | | | | | | | | |
| ၂၃ | လက်ဆင့်ကမ်းပြေးခြင်းကစားနည်း | | | | | | | | | | | | | | |
| ၂၄ | ပိုက်တံဖြင့်ဘောလုံးသယ် ကစားနည်း | | | | | | | | | | | | | | |
| ၂၅ | မီနီဘတ်စကက်ဘောကစားနည်း | | | | | | | | | | | | | | |
| ၂၆ | မီနီဘော်လီဘောကစားနည်း | | | | | | | | | | | | | | |
| ၂၇ | ဘောလုံးပစ်ပေး ကစားနည်း | | | | | | | | | | | | | | |
| ၂၈ | ဘောလုံးပွဲငယ် ကစားနည်း | | | | | | | | | | | | | | |

DBE BOX

# စစ်ဆေးအကဲဖြတ်ခြင်း အနှစ်ချုပ်ပုံစံ

ကျောင်းအမည်။ _____________________________________ ရက်စွဲ။ _______________

အတန်း။ _______________ အတန်းပိုင်အမည်။ _______________

ဆရာအမည်။ _______________

| စဉ် | ကျောင်းသားအမည် | ခံစားမှုဆိုင်ရာ အကျိုးသက်ရောက်မှု နယ်ပယ် | | လှုပ်ရှားမှုဆိုင်ရာ ကျွမ်းကျင်မှုနယ်ပယ် | | သိမှုဆိုင်ရာ နားလည်အသုံးချမှု နယ်ပယ် | | လူမှုရေးဆိုင်ရာ နယ်ပယ် | |
|---|---|---|---|---|---|---|---|---|---|
| | | မိမိကိုယ်ကို စစ်ဆေးအကဲဖြတ်ခြင်း | ဆရာက ကြည့်ရှုလေ့လာခြင်းဖြင့် စစ်ဆေးအကဲဖြတ်ခြင်း | မိမိကိုယ်ကို စစ်ဆေးအကဲဖြတ်ခြင်း | ဆရာက ကြည့်ရှုလေ့လာခြင်းဖြင့် စစ်ဆေးအကဲဖြတ်ခြင်း | မိမိကိုယ်ကို စစ်ဆေးအကဲဖြတ်ခြင်း | ဆရာက ကြည့်ရှုလေ့လာခြင်းဖြင့် စစ်ဆေးအကဲဖြတ်ခြင်း | မိမိကိုယ်ကို စစ်ဆေးအကဲဖြတ်ခြင်း | ဆရာက ကြည့်ရှုလေ့လာခြင်းဖြင့် စစ်ဆေးအကဲဖြတ်ခြင်း |
| ၁ | | ၃ | ၃ | | | | | | |
| ၂ | | ၂ | ၂ | | | | | | |
| ၃ | | ၁ | ၁ | | | | | | |
| ၄ | | | | | | | | | |
| ၅ | | | | | | | | | |
| ၆ | | | | | | | | | |
| ၇ | | | | | | | | | |
| ၈ | | | | | | | | | |
| ၉ | | | | | | | | | |
| ၁၀ | | | | | | | | | |
| ၁၁ | | | | | | | | | |
| ၁၂ | | | | | | | | | |
| ၁၃ | | | | | | | | | |
| ၁၄ | | | | | | | | | |
| ၁၅ | | | | | | | | | |
| ၁၆ | | | | | | | | | |
| ၁၇ | | | | | | | | | |

ဆရာက ကျောင်းသားများ၏ မိမိကိုယ်ကို စစ်ဆေးအကဲဖြတ်ခြင်းနှင့် စစ်ဆေးခြင်းရမှတ်ဇယားမှတ်တမ်းများမှ အချက်အလက်များကိုရယူ၍ ဤနေရာတွင် ဖြည့်စွက်ကာ မှတ်တမ်းပြုလုပ်ရမည်။

**မှတ်ချက်။** ဆရာက ကိန်းဂဏန်းဖြင့်သော်လည်းကောင်း၊ စာဖြင့်သော်လည်းကောင်း ရေးသား နိုင်သည်။

အဆင့် ၃ = အကောင်းဆုံး။ **အဆင့် ၂ = ကျေနပ်မှုအဆင့်။** အဆင့် ၁ = ကြိုးစားဆဲ။

DBE BOX